
ကံ့ကော်ဝတ်ရည်

# ရှေ့နေကြီး ပယ်ရီမေဆင် နှင့် လင်ကွာမ်လေး အမှု

မောင်ဝံသ



THE CASE OF
THE CAUTIOUS COQUETTE.

ERLE STANLEY GARDNER

## ဒို့တာဝန် အရေးသုံးပါး

- ◆ ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- ◆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

. . . . . .

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

. . . . . .

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ❑ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ❑ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ❑ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ❑ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✶ စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✶ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ✶ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✶ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ✡ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✡ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ရှေ့နေကြီးပယ်ရီမေဆင်
နှင့်
# လင်ကွာမလေးအမှု

မောင်ဝံသ

**THE CASE OF**
**THE CAUTIOUS COQUETTE.**
**ERLE STANLEY GARDNER**

ကံ့ကော်ဦး
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၀၀၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၈၂၀၅၀၉

❐

ပုံနှိပ်ခြင်း
ပထမအကြိမ် - ၂၀၀၆ ခုနှစ်၊ မတ်လ
အုပ်ရေ - ၅၀၀

❐

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန်ကော်ယု၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

❐

တန်ဖိုး - ၁၆၀၀ ကျပ်

## (၁)

ပေါလ်ဒရိတ်နှင့် နံနက်စာစားရန် ကိုးနာရီတိတိတွင် ပယ်ရီမေဆင် ရောက်လာသည်။

ဒရိတ် စုံစမ်းထောက်လှမ်းရေး အေဂျင်စီကို ထူထောင်ထားသူ ပေါလ် ဒရိတ်သည် ရှေ့နေကြီး ပယ်ရီမေဆင်နှင့် အဆောက်အအုံတစ်ခုတည်း၊ အထပ် တစ်ထပ်တည်းတွင် ရုံးခန်းဖွင့်ထားသည်။ အမှုပေါင်းများစွာတွင် ပယ်ရီမေဆင် အား စုံထောက်လုပ်ငန်းဖြင့် ကူညီခဲ့သူဖြစ်သည်။

'ဗျို့…ပယ်ရီ၊ ခင်ဗျား စက္ကန့်သုံးဆယ် နောက်ကျတယ်နော်'ဟု ဒရိတ် က လှမ်းပြောသည်။

မေဆင်က ခေါင်းယမ်းပြီး 'မင့်နာရီက စက္ကန့်သုံးဆယ်မြန်နေတာပါ ကွာ၊ စားစရာတွေ မှာပြီးပြီလား'

"မှာပြီးပါပြီတဲ့ဗျာ၊ မကြာခင် ရောက်လာပါလိမ့်မယ်၊ဒါထက် ဒီနေ့ သတင်းစာထဲက ကျွန်တော့်ကြော်ငြာကို တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး၊ ဘာကြော်ငြာလဲ"

"ဟို ဖင့်ချ်လေအမှုကိစ္စအတွက်ပေါ့၊ ဒီနေ့ထုတ်သတင်းစာတွေအပြင် မနေ့က ညနေထုတ် ဘလိတ်(ဓားသွား) သတင်းစာမှာလည်း ထည့်သေးတယ် လေ"

စားပွဲထိုးက အစားအစာများကို ယူလာသည်။ ဒရိတ်က ကြော်ငြာကို ထုတ်၍ ဖတ်ပြလိုက်သည်။

ဆုငွေ ဒေါ်လာတစ်ရာ

သုံးရက်နေ့ ညနေစောင်း ငါးနာရီအချိန်လောက်က ဟစ်ခမန် ရိုပ်သာလမ်းနှင့် တမီဆီလိုလမ်းဆုံတွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားသည်။ တမီဆီလိုလမ်းအတိုင်း အရှေ့ဘက်ဆီသို့ တရကြမ်းမောင်းလာသော ဆီဒင်ကားအနက်ကြီးက ဟစ်ခမန်ရိုပ်သာလမ်းအတိုင်း မြောက်ဘက်သို့ သွားနေသည့် နှစ်ယောက်စီးဖိုဒ်ကားကို တိုက်သွားသည်ဟု သိရသည်။ ထိုလမ်းဆုံနားတွင် တာယာလဲနေသည့်ကားထဲ၌ ထိုင်နေသူအမျိုးသမီး ငယ်တစ်ယောက်က အပြင်းမောင်းနေသည့် ဆီဒင်ကားကြီး၏ နံပါတ်ကို မှတ်စုစာအုပ်တွင် ရေးခြစ်မှတ်သားလိုက်သည်ဟုဆိုသည်။ တိုက်ပြီး ပြေးသည့်ကားနှင့် ယာဉ်မောင်းကို ဖော်ထုတ်နိုင်ရန် သတင်းပေးသူ မည်သူ့ကိုမဆို ဒေါ်လာငွေတစ်ရာ ချက်ချင်းပေးမည်။

ဒရိတ် စုံစမ်းထောက်လှမ်းရေး အေဂျင်စီ၊ စာတိုက်သေတ္တာအမှတ် (၆၂၄) ကို ဆက်သွယ်ပါ။

စာဆုံးသောအခါ 'တစ်ခုခုတော့ အကြောင်းထူးလာသင့်တယ်ကွ၊ ဖင့်ချ်လေ ကောင်လေးဟာ တော်တော်အထိနာသွားတယ်။ ကိုယ်တော့ တိုက်ပြီးပြေးတဲ့ ယာဉ်မောင်းဆိုရင် သိပ်မုန်းတာပဲ'ဟု ပယ်ရီမေဆင်က ပြောသည်။

"သူအရက်သောက်ထားလို့ မရပ်ရဲတာ ဖြစ်မှာပေါ့ဗျာ၊ ဟိုရပ်ထားတဲ့ ကားပေါ်ကလူတွေလည်း တကယ်မြင်ချင်မှမြင်လိုက်မှာပါ"ဟု ဒရိတ်က ပြောသည်။

'သိရသလောက်တော့ သူတို့ တကယ်မြင်လိုက်ရတယ်တဲ့ကွ၊ ကား ထဲမှာ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက် ရှိနေတယ်တဲ့၊ သူတို့ ကားက အရောင်နနဆီဒင်မှန်ကာ ခပ်သစ်သစ်တဲ့၊ အမျိုးသမီးက နံပါတ်ကို မှတ်ထားလိုက်တယ်။ ဖင့်ချ်လေရဲ့ ဖိုဒ်ကားငှာလေး ခေတ်တိုင်ကို ပစ်တိုက်ပြီး တဲ့နောက်မှာ ဆီဒင်ကားနက်ကြီးလည်း အခင်းဖြစ်တဲ့ နေရာကနေ အတင်း မောင်းပြေးတော့တာပဲတဲ့"

"သူတို့ထွက်ဆိုတာနဲ့ ခင်ဗျားအမှုသည် ပြောပြတာနဲ့ ပြောင်းပြန်ဖြစ်



နေရင်ကောဗျာ၊ ဘယ့်နှယ်လုပ်မလဲ"

"သူတို့ကသာ အမှန်ကိုပြောရင် ဒီလိုမဖြစ်နိုင်ပါဘူး၊ ကားထဲက စုံတွဲ ဆိုတာ ဘယ်သူတွေလဲ၊ ကိုယ်သိချင်တယ်၊ အခု လျှိုနေပြီးတော့ နောက်မှ ဖြုန်းခနဲ ထွက်လာပြီး တရားခံဘက်က ပင်းထွက်လိုက်တာနဲ့ တစ်မျိုးဖြစ်မသွား စေချင်ဘူး"

စားပွဲထိုးက ဒရိတ်အတွက် သူ့ရုံးမှ ဖုန်းလာကြောင်း၊ ကြေငြာသည့် အတိုင်း သတင်းပေးစာ ရောက်လာကြောင်းပြောရာ တစ်ယောက်ယောက်ကို အငှားယာဉ်နှင့် အပို့လွှတ်ရန် ပြန်ပြောလိုက်ဖို့ ဒရိတ်က စားပွဲထိုးအား ခိုင်း လိုက်သည်။

'ဖင့်ချ်လေ သူငယ်ကလေးဟာ ခါးကျိုးသွားတယ်ကွ၊ သူဘွဲ့ယူဖို့ ရှိ တယ်။ ကျောင်းမပြီးသေးဘူး။ ဒီယာဉ်မောင်းကိုတော့ မရအရ လိုက်ချင်တာပဲ ကွာ'ဟု မေဆင်က ဆက်၍ပြောသည်။

"ဟိုကားရဲ့ ယာဉ်မောင်းက မူးနေလို့များလားမှ မသိဘဲ၊ တော်တော် ကြာ ဖင့်ချ်လေရဲ့ကားက ဝင်တိုက်တာပါလို့ ပြောချင်ပြောနေမှာ"

"တိုက်ပြီးပြေးတဲ့ စွဲချက်နဲ့ အပြတ်နှာလိုက်မှာပေါ့"

"ခင်ဗျားကသာ ထင်နေတာကိုး၊ သူက နောက်ခံတောင့်တဲ့ မျက်နှာ ကြီး ဖြစ်ချင်ဖြစ်နေမှာ၊ အာမခံကုမ္ပဏီက လူတွေနဲ့ ပေါင်းပြီး ဆေးရုံနဲ့ ဆရာ ဝန်ခကို ပေးပြီး ကျေအေးလိုက်နိုင်တယ်၊ ခင်ဗျားကိုတော့ နည်းနည်းပါးပါးပဲ ပေးမယ်လေ"

"တော်စမ်းပါကွာ၊ ထမင်းစားတောင် ပျက်လာပြီ၊ ဘယ်လိုလုပ်ရမယ် ဆိုတာ ကိုယ်သိပါတယ်၊ ဟို ဆီဒင်ကားနက်ကို ဘယ်သူမောင်းတယ်ဆိုတာ သာ မင်းရှာပေးစမ်းပါ"

စားပွဲထိုးယူလာသော စာအိတ်ကို ဒရိတ်က ကိုင်ကြည့်ပြီး ခပ်လေးလေး တစ်ခုပါသည်ဟု ပြောကာ ဖွင့်၍ လှုပ်ချရာ သော့တစ်ချောင်းထွက်ကျလာသည်။

မနေ့က နေ့စွဲနှင့်ဟု ပြော၍ စာကို ဖတ်လိုက်သည်။

လူကြီးမင်းများ

'ဘလိတ်' သတင်းစာထဲက ကြော်ငြာနဲ့ သက်ဆိုင်သူ ကတော့ သူတို့သဘောအလျောက် လူကြီးမင်းတို့ဆီကို လာမည်

မဟုတ်ပါ။ ကျွန်ုပ်ကမူ တရားမျှတမှုကို လိုလားသူဖြစ်၍ အောက်ပါသတင်းကို ပါးလိုက်ပါသည်။

ထိုယာဉ်တိုက်မှုဖြစ်သည့်အချိန်က လူစီဘာတန်ဆိုသည့် အမျိုးသမီးနှင့် ကျွန်ုပ်တို့ မသိသော အမျိုးသားတစ်ယောက်သည် မစ္စဘာတန်၏ ညိုရောင်မျှော့မျှော့ဆီဒင်ကား၏ တာယာကို လဲပြီးခါစဖြစ်သည်။ လမ်းဆုံ၏ အရှေ့ဘက်နား ခပ်ရောက်ရောက် ဗာမီဆီလိုလမ်း၏ တောင်ဘက်ဘေးမှာ ကားကို ကပ်၍ ရပ်ထားသည်။ မစ္စဘာတန်က ယာဉ်တိုက်သည်ကို မြင်ရ၍ သတိရှိသဖြင့် ကားနံပါတ်ကို ရေးမှတ်ထားလိုက်သည်။

ထို့နောက် သူမ၏အဖော်ကို ပြောပြရာ အဖော်မှာ ကြောက်ဒူးတုန်သွားသည်။ ထိုအချိန်က သူသည် သူမနှင့် အတူရှိနေသည်ကို သိသွားကြလျှင် သူ့ဘဝပျက်လိမ့်မည်ဟု ရှင်းပြသည်။ ကျွန်ုပ်သည် လူစီဘာတန်နှင့် လွန်စွာ ရင်းနှီးသည့် မိတ်ဆွေဖြစ်သည်။ သူမလည်း စိတ်သောကရောက်နေပါသည်။ အခြေအနေအရ လူကြီးမင်းတို့လိုချင်သည့် သတင်းကိုလည်း မပေးနိုင်။ အခင်းဖြစ်သည့် နေရာတွင် သူမ ရှိနေပါသည်ဆိုသည်ကိုလည်း ဖွင့်မပြောနိုင် ဖြစ်နေပါသည်။

တောင်ဗွန်ဒီလာလမ်း၊ အမှတ် (၇၁၉)၊ သူမ၏အခန်းငှား ဂေဟာမှ သူမ၏အခန်းတံခါး သော့ပွားကို ပို့လိုက်ပါသည်။ သူမ၏ အခန်းနံပါတ်မှာ (၂၀၈) ဖြစ်ပါသည်။ အသေးစား အခန်းငှားဂေဟာဖြစ်၍ ခလုတ်ကလေးကို နှိပ်ပြီး ချက်ကလေးကို ဖြုတ်၍ အပြင်တံခါးမကြီးကို ဖွင့်နိုင်ပါသည်။ ၅ ရက်နေ့ ညနေ ၂ နာရီနှင့် ၅ နာရီအကြားတွင် ထိုအခန်းကိုသွားလျှင် မည်သူမျှ ရှိမည် မဟုတ်ပါ။ အခန်းထဲရှိ ဧည့်ဆောင်၏ အရှေ့မြောက်ထောင့်တွင် စာရေးစားပွဲတစ်လုံး ရှိပါသည်။ ထိုစားပွဲအတွင်းရှိ ယာဘက်ခိုအိမ်ခန်းကလေးထဲတွင် သားရေ အနှောင်နှင့် မှတ်စုစာအုပ်ကလေးတစ်ခု ရှိပါသည်။ ဒုတိယ နောက်ဆုံးစာရွက်၏ အတွင်းစာမျက်နှာ၌ လူကြီးမင်းတို့ အလိုရှိ



သော ကားနံပါတ်ကို တွေ့ရပါလိမ့်မည်။ အားလုံးအမှန်တွေ သာဖြစ်ပြီး လူကြီးမင်းတို့ ကျေနပ်သည့်အခါတွင် ဆုငွေဒေါ်လာ တစ်ရာကို ထုတ်ယူရန် စီစဉ်ပါမည်။

သင်တို့၏ စင်မင်လှစွာသော
မိတ်ဆွေတစ်ယောက်

'လက်နဲ့ ရေးထားတာများ ပါသေးသလားဟော့'ဟု မေဆင်က မေးလိုက်သည်။

"တစ်လုံးမှ မပါပါဘူးဗျာ၊ စာကိုယ်အတိုင်း အားလုံး လက်နှိပ်စက်နဲ့ ရိုက်ထားတာချည်းပဲ"

"မှန်း...ကိုယ်ကြည့်စမ်းမယ်၊ လက်နှိပ်စက်ရိုက်ထားတာက မသေသပ် ပါကလား၊ လက်နှိပ်စက်မကျွမ်းကျင်တဲ့လူ ရိုက်တာလို့ ဆိုရမယ်"

"ခင်ဗျား ဘယ်လို တွက်မိသလဲ"

"ကိုယ်သိရင်ပြောတောင့်မနေဘူး၊ ကိုယ့်ကို ထောင်ချောက်တစ်ခုဆင်တာ ဖြစ်ပုံရတယ်၊ ဒါပေမဲ့ တို့အနေနဲ့ ဒါဟာ ပစ်ပယ်ထားလို့ မရနိုင်တဲ့ သဲလွန်စကလေးတစ်ခုပဲ'ဟု မေဆင်က ပြောပြီး၊ သော့ကို အကျႌအိတ်ထဲထည့်လိုက်သည်။

□

# (၂)

ပယ်ရီမေဆောင်၏ အတွင်းရေးမှူးမကလေး ဒယ်လာစထရီသည် ရှေ့နေကြီးစားပွဲပေါ်တွင် စာများကို အစီအစဉ်ဖြင့် တင်၍ 'အရေးကြီး' အပုံကို မင်နှိပ်စက္ကူအခင်းချပ်အလယ်တွင် တိတိရိရိထားသည်။

အလုပ်ခန်းအတွင်းကို မေဆောင်ဝင်လာကာ ဒယ်လာစထရီအား နှုတ်ဆက်ပြီးနောက်–

'ဒီစာကို အရေးကြီးစာ အပုံပေါ်မှာ တင်ထားလိုက်ပါကွယ်'ဟု ပြောလိုက်သည်။

ဘာစာလဲဟု ဒယ်လာက မေး၍ ပေါလ်ဒရိတ်ဆီသို့ လာသည့် စာဖြစ်ကြောင်း မေဆောင်ကပြောပြီး ဒယ်လာအား ဖတ်ကြည့်ခိုင်းလိုက်သည်။

ဒယ်လာက စာကိုဖတ်ပြီး သော့ဘယ်မှာလဲဟု မေးကာ သော့ကို ယူ၍ ကြည့်ရှုစစ်ဆေးကြည့်ပြီးနောက် စာကို တစ်ခေါက်ပြန်ဖတ်သည်။

'ဘယ်လိုသဘောရလဲ'ဟု မေဆောင်က မေးလိုက်သည်။

"မပြောတတ်ဘူး ဆရာ"

"ထောင်ချောက်တစ်ခုများလားကွယ်"

"ဘယ်သူ့ကိုထောင်တာလဲ၊ ဪ...သိပြီ၊ စာကို ဒရိတ်က ဆရာ့လက်ကို လွှဲပေးမယ်၊ ဆရာက ဟိုနေရာကို ကိုယ်တိုင်သွားချင်သွားအောင်၊



ဒါမှမဟုတ် ပေါလ်ဒရိတ်က သူ့လူတစ်ယောက်ကို လွှတ်ချင်လွှတ်အောင်လို့ တစ်ယောက်ယောက်က ကြံစည်တယ်ဆိုရင်တော့ ဒါဟာ ထောင်ချောက်ပဲပေါ့"

မေဆောင် ခေါင်းညိတ်သည်။

"ဒီတော့ ထောင်ချောက်လို့ထင်ရင် ရှောင်လိုက်ရင် ဘာဖြစ်မလဲ ဆရာ"

"အမျိုးသမီး ကိုယ်တိုင်ရေးတာ မဖြစ်နိုင်ဘူးလား"

"ဘာပြုလို့လဲဆရာ"

"လူသိမခံလိုတဲ့ သူ့အဆက်ကို မဖော်ထုတ်ဘဲ ဒေါ်လာတစ်ရာကိုလည်း ထုတ်ယူချင်လို့ဆိုတာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပဲ"

"အမျိုးသမီးတစ်ယောက်ရဲ့ ရှုထောင့်ဘက်က အမြင်ကို ဆရာလိုချင်တယ်"

ဒယ်လာက ရယ်၍ 'အမျိုးသမီးမှာ ထောင့်ဆိုလို့ ဘာမှ မရှိဘူး၊ အားလုံး အကွေးအကောက်ကြီးပဲ ရှိတယ်'

"ဒါဖြင့်ရင် ဒါဟာ ပထမ အကွေးအကောက်ပဲပေါ့၊ မင့်မှန်းချက်က ဘာလဲ"

"မလိုအပ်ဘဲ ကျွန်မက ဝင်မစွက်ချင်ပါဘူး၊ ဒါပေမဲ့ ဆရာ့ယူဆချက် မှန်တယ်လို့တော့ ပြောချင်တယ်၊ ဒေါ်လာတစ်ရာလိုချင်သူဟာ အမျိုးသမီး တစ်ယောက်ဖြစ်ရမယ်။ ကားနံပါတ်ကို ဒရိတ်စုံထောက်အေဂျင်စီက တွေ့ပြီး အလိုရှိတဲ့ ကားကိုလည်း တွေ့သွားစေချင်တယ်၊ နောက်ပြီး သူက ဒေါ်လာတစ်ရာထုတ်ယူမယ်၊ သူသတင်းပေးလိုက်တာကို ကားထဲမှာ သူနဲ့ အတူပါတဲ့ သူ့အဆက်မသိစေဘဲနဲ့ လျှို့လျှို့ဝှက်ဝှက်လည်း သူလုပ်ချင်တယ်၊ ကားကို တစ်ခါမြင်ရင် ဒီကားပါပဲလို့ ဆရာအထောက်အထား ပြနိုင်ပါ့မလား"

"ထင်တာပဲ၊ ကားက အရမ်းမောင်းတာ၊ ဖင့်ချ်လေတို့ရဲ့ ဗို့ဒ်ကားကို ကျော်တက်တယ်၊ မစ္စဖင့်ချ်လေက ရပ်ဖို့ ကြိုးစားတယ်၊ မရဘူး၊ အဲဒီဆီဒင်ကားနက်ကြီးရဲ့ နောက် ဘန်ပါက ဗို့ဒ်ကားရဲ့ ရှေ့ဘန်ပါကို ချိတ်မိပြီး ဗို့ဒ်ကားကို ဆွဲလှည့်လိုက်သလို ဖြစ်သွားပုံရတယ်၊ ဗို့ဒ်ကားကလေးဟာ မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို ဝင်တိုက်တယ်၊ ကားတံခါးပွင့်ထွက်ပြီး သူ့ရဲ့ နှစ်ဆယ့်နှစ်နှစ်အရွယ် သားကလေးဟာ ကားထဲက စဉ်ထွက်ပြီး ဓာတ်တိုင်နဲ့ ကား

ကြားထဲမှာ ဝင်ညပ်တယ်၊ ခါးကျိုးသွားတယ်"

"ဒီ...ထူးထူးဆန်းဆန်း လူစီဘာတန်နဲ့ ပတ်သက်လို့ ဆရာ ဘယ်လို လုပ်မလဲ"

"သူ့ဆီကို သွားပြီး တွေ့ဆုံဆွေးနွေးရမှာပေါ့"

သော့နဲ့ဖွင့်ဝင်မယ်လား၊ သက်သေတော့ ရှိပေစေနော် ဆရာ၊ ဒါနဲ့ သူ အပြင်သွားနေတုန်း ၂ နာရီနဲ့ ၅ နာရီအကြားမှာ သွားမှာလား"

"ဘယ်ဟုတ်ပါ့မလဲ၊ သူရှိတဲ့ ၁၀ နာရီနဲ့ ၁၁ နာရီအကြားမှာ သွားမှာပါ။ စာကို မိတ္တူကူးလိုက်စမ်းကွာ၊ ဆရာ ယူသွားမယ်၊ မူရင်းကို မပြဘဲ မိတ္တူကိုပြဖို့ လိုချင်လိုမယ်၊ မူရင်းစာနဲ့ စာအိတ်ကို မီးခံသေတ္တာထဲထည့်ထားလိုက်နော်၊ နောက်ပိုင်းကျရင် ရဲနဲ့ ရှင်းစရာလိုချင်လိုမယ်၊ ကဲ...ဆရာသွားပြီဟေ့"

□

(၃)

တောင်ဗွန်ဒီလာရိုပ်သာလမ်းရှိ လိပ်စာမှာ အခန်းငှားဂေဟာ အငယ်စားဖြစ်သည်။ တံခါးပေါက်၏ ဝဲဘက်ရှိ အမည်စာရင်းက အခန်းငှားနေသူ သုံးဆယ့်ငါးယောက်ရှိကြောင်း ဖော်ပြနေသည်။

လူစီစတောလားဘာတန်ဆိုသည့် အမည်၊ အခန်းအမှတ် ၂၀၈ ၏ အပြင်နိပ်ခလုတ်နှင့် စကားပြောပိုက်လုံးကိုလည်း မေဆင် အလွယ်နှင့် တွေ့ရသည်။

ခလုတ်ကို နှိပ်ပြီး ခဏအချိန်ဆွဲနေလိုက်သည်။ စမ်းကြည့်လိုစိတ်ပေါ်လာသဖြင့် အသင့်ပါလာသည့် သော့ပွားဖြင့် စမ်းခတ်ရာ အဝင်တံခါးကြီးအလွယ်နှင့် ပွင့်သွားသည်။ ညှိဆောင်ကလေးကို ဖြတ်ပြီး လူစီနေမည်ဟု ထင်ရသည့် အထပ်သို့ ဓာတ်လှေကားဖြင့် တက်သွားလိုက်သည်။

အခန်း ၂၀၈ သည် အဆောက်အအုံ၏ နောက်ဖေးဘက်ကို မျက်နှာမူသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်ကြည့်သည်။ လက်ဖြင့် တံခါးကို ခေါက်ကြည့်သည်။ ပြန်ထူးသံ မကြားရ။

တံခါးကို သော့ဖြင့် အသာအယာ ဖွင့်ကြည့်လိုက်သည်။ တံခါးပွင့်သွားသည်။

ဟသွားသည့် တံခါးကြားမှ မေဆင် ချောင်းကြည့်လိုက်သည်။ အခန်း

မှာ မှောင်နေသည်။ အိပ်ရာပေါ်တွင် မီးတစ်လုံးသာ ထွန်းထားသည်။ အိပ်ရာမှာ ပြန်လည်မပြုပြင်ရသေး၊ ချွတ်ပစ်ထားသည့် အမျိုးသမီးညဝတ်ရုံကို မေဆင်မြင်ရသည်။ ရေချိုးခန်းမှ ရေပန်းသံကို ကြားရသည်။

တံခါးကို အသာပြန်ပိတ်ပြီး နှိပ်ခလုတ်ကို ထပ်၍ နှိပ်ကာ အပြင်တွင် မေဆင်ခဏစောင့်နေလိုက်သည်။

'ဘယ်သူလဲ'ဟု မေးသည့် မိန်းမသံထွက်ပေါ်လာသည်။

'မစ္စဘာတန်လား'ဟု မေဆင်က မေးလိုက်သည်။

"ဟုတ်ပါတယ်"

"မင်းနဲ့ စကားပြောချင်လို့ပါ။ ကျုပ်နာမည်က မေဆင်တဲ့၊ ရှေ့နေတစ်ယောက်ပါ"

တံခါးအနည်းငယ်ပွင့်လာသည်။ ပြုံးရောင်သမ်းနေသည့် မျက်လုံးပြာပြာ၊ ဆံပင်ကောက်ရိုးရောင်နှင့် လည်ပင်းအထိ ဝတ်ရုံကို လက်ဖြင့် ပင့်စေ့ထားသည်ကို မြင်ရသည်။ သွားဖွေးဖွေး ပေါ်လာအောင် ပြုံးလျက် 'ဝမ်းနည်းပါတယ် မစ္စတာမေဆင်၊ ကျွန်မက လူမြင်မတော်ဖြစ်နေလို့ပါ၊ အခုပဲ အိပ်ရာက ထတယ်ရှင့်၊ ခဏစောင့်ပါ၊ ဒါမှမဟုတ် တစ်ခေါက်ပြန်လာချင်လဲလာလေ'ဟု သူမက တောင်းပန်သည်။

"ကျုပ်စောင့်ပါမယ်"

"ကျွန်မ ရှင့်ကို မသိ၊ ဪ...ရှင်က ဟိုပယ်ရီမေဆင်မဟုတ်လား"

"ပယ်ရီမေဆင်ဆိုတဲ့ လူတစ်ယောက်လို့ပြောရင် ပိုကောင်းပါလိမ့်မယ်လေ"

"ဟုတ်ပါပြီ၊ မစ္စတာမေဆင်ကြီးပါပဲ"

ခေတ္တမျှငြိမ်နေပြီးနောက် 'ဒီမှာ မစ္စတာမေဆင်၊ အဝတ်အစားကလေး ဝတ်လိုက်ပါရစေဦး၊ အို...ကျွန်မအခန်းကလည်း ရှုပ်ပွနေတာပဲ၊ ဟိုညှော်ခန်းကလေးထဲကို ကြွပါလားရှင်၊ ပြတင်းပေါက်လိုက်ကာတွေကို မ,ပြီး သက်သောင့်သက်သာနေပါ၊ ကျွန်မ ခဏကလေးနေရင်လာခဲ့ပါမယ်"

"ဒါမှမဟုတ်လဲ ကျုပ်နောက်မှ ပြန်လာမယ်လေ"

"အို...မဟုတ်တာရှင်၊ လာပါ...ဝင်ပါ၊ ထိုင်ပါ၊ ကျွန်မ သိပ်မကြာပါဘူး'ဟု သူမက တံခါးကို ဖွင့်ပေးပြီးနောက် အိပ်ခန်းထဲသို့ ဖျတ်ခနဲ ဝင်



သွားသည်။

အခန်းထဲတွင် အပေါ်စားနှင့် အဖိုးတန်ပစ္စည်းများ ရောနေသည်ကို မေဆင် တွေ့ရသည်။ အရှေ့တိုင်းဖြစ် ကော်ဇောအသေးကလေးတစ်ခုကို အပေါ်စားကော်ဇောကြီးအောက်မှာ တွေ့ရသည်။ ပရိဘောဂအချို့မှာမူ အဖိုးတန်အကောင်းစားဖြစ်သည်။

စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ထဲတွင် စီးကရက်တိုများ ပြည့်နေသည်။ အချို့မှာ နှုတ်ခမ်းနီတွေ ပေနေသည်။ မီးဖိုဆောင်ကလေးထဲတွင် ဝီစကီပုလင်းအလွတ်တစ်လုံး၊ ဆိုဒါပုလင်းအလွတ်နှစ်လုံးနှင့် ဖန်ခွက်လွတ်နှစ်လုံးရှိနေသည်။ အခန်းထောင့်တွင် သစ်ချသားရေးစာရေးစားပွဲကြီးတစ်လုံး ရှိသည်။ မေဆင်သည် ခေတ္တမျှ ဆုပ်ဆိုင်းဆိုင်း ရှိနေပြီးနောက် လျင်မြန်စွာ သွား၍ ဆွဲဖွင့်ကြည့်လိုက်ရာ သော့ခတ်ထားသည်ကို တွေ့ရသည်။

မေဆင်သည် အခန်းအလယ်ရှိ စားပွဲတစ်ခုသို့ သွားထိုင်လိုက်ပြီး ဟင်းစာအုပ်ကို ဖတ်နေလိုက်သည်။

သူမ၏ ကိုယ်ခန္ဓာအချိုးအဆစ်များ ထင်ရှားစွာ ပေါ်ထင်စေသည့် အဝတ်အစားကို ဝတ်ကာ ပြန်ထွက်လာပြီးလျှင်...

"ခုမှပဲ လူနဲ့ သူနဲ့တူသွားတော့တယ်၊ ကျွန်မနဲ့အတူ ကော်ဖီတစ်ခွက်လောက် သောက်ပါဦးလား"

"ကောင်းတာပေါ့ကွယ်၊ ကျေးဇူးပဲ"

ကော်ဖီဖျော်ရန် သူမ စီစဉ်သည်။ မေဆင်က အခန်းတွင်းလှည့်လည်ကြည့်သည်။

"အား...မင့်မှာ ခရီးဆောင် လက်နှိပ်စက်ကလေး ရှိပါလား၊ မင်းက စာရေးဆရာလား"

"တစ်ခါတစ်ခါမှ ပေးစာကလေး ဘာကလေးရိုက်တာပါ"

မေဆင်က လက်နှိပ်စက်ကလေး၏ အဖုံးကို ဖွင့်လိုက်ပြီး...

"ကျုပ် စာကလေးတစ်စောင် ရိုက်ချင်တယ်ကွယ်၊ အဲဒီကိစ္စကလေးတစ်ခုက စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေခဲ့တယ်၊ မကြာပါဘူးနော်၊ မေ့နေတာ ခုမှ ခေါင်းထဲဝင်လာလို့ပါ"

"ရပါတယ်ရှင်၊ ရပါတယ်၊ သုံးပါ...သုံးပါ၊ စားပွဲထဲမှာ စာရွက်တွေ

ရှိပါတယ်၊ ကျွန်မ မကြာပါဘူး၊ ပေါင်မုန့်ကလေးမီးကင်ပြီး ကြက်ဥကလေး မကျက်တကျက်ပြုတ်လိုက်ပါဦးမယ်၊ ရှင့်ဖို့ကော"

"နေပါစေ...နေပါစေ၊ မနက်စာ စားပြီးပါပြီ၊ ကော်ဖီတစ်ခွက်ဆို တော်ပါပြီကွယ်"

ဒရိတ်စုံထောက်အေဂျင်စီသို့ ပို့သည့်စာရွက်မျိုး ဖြစ်ပုံရသော ပန်းရောင် စက္ကူကို အံဆွဲထဲတွင်ရှိသည့် စက္ကူတွေထဲမှ ယူ၍ စက်ထဲသွင်းပြီး စိတ်ကူး ယဉ်အမှုတစ်ခုနှင့် ပတ်သက်သည့် စိတ်ကူးယဉ်သက်သေတစ်ယောက်ဆီသို့ ပေးစာတစ်စောင်ကို ရိုက်နှိပ်ပြီးလျှင် လက်နှိပ်စက်အဖုံးကို ပြန်ဖုံးလိုက်သည်။

မကြာမီ စားစရာများကို ဗန်းကလေးတွင် ထည့်၍ လူစီဘာတန်ထွက် လာသည်။

"သက်သာသလိုသာ နေပါ မစ္စတာမေဆင်၊ ခုလိုလာလည်တဲ့အတွက် ကျွန်မ ဂုဏ်ယူပါတယ်။ ဒါပေမယ့် ကျွန်မ နည်းနည်း ထိတ်မိသလိုရှိတယ်"

"ဘာအတွက် ထိတ်မိတာလဲကွယ့်"

"မပြောတတ်ဘူးရှင့်၊ ရှေ့နေကြီးတစ်ယောက် အထူးသဖြင့်ပေါ့ရှင်၊ ဆရာကြီးတို့လို အလွန်ကျော်ကြားတဲ့ ရှေ့နေကြီးတစ်ယောက် လာတွေ့တယ် ဆိုတော့ တစ်ခုခုပဲလို့ ထင်မိတာပေါ့။ ကဲ...ကျွန်မ ကော်ဖီကလေးသောက် လိုက်ပါရစေဦးနော်၊ နောက်တော့ အကြောင်းစုံ ပြောတာပေါ့"

သူမသည် ကော်ဖီကို တစ်ချက်မြည်းလိုက်ပြီး တစ်ခွက်ကို မေဆင်အား လှမ်းပေးလိုက်သည်။

"ကဲ...သိပ်တော့ ဆိုးရွားပုံမရဘူးလို့ ကျွန်မ ထင်တာပဲ၊ ကျွန်မ ဘာ များ အမှားလုပ်မိလို့ပါလဲ မစ္စတာမေဆင်"

"ကျုပ်သိသလောက်တော့ ဘာမှမရှိပါဘူး"

"ဒီလိုပါ၊ တစ်နေ့ကပေါ့ကွယ်၊ ၃ ရက်နေ့ညနေက မင်း ဘယ်မှာ ရှိ သလဲ"

'အို...ဘုရားရေ'ဟု လူစီဘာတန်က မြည်တမ်းလိုက်သည်။

'မင်း ဘယ်မှာ ရှိနေပါသလဲ'ဟု မေဆင်က ထပ်မေးသည်။

"ဒါ ပြက်လုံးလား၊ ရှင် တကယ်ပဲ အလေးအနက်ထားပြော တာလား"

"ဟုတ်တယ်၊ အလေးအနက်ထား ပြောတာပဲ"



"၃ ရက်နေ့...မှန်း၊ ဟင့်အင်း...ကျွန်မပြောနိုင်ဘူး မစ္စတာမေဆင်"

"မင်း မှတ်တမ်းများ ထားသလား"

"ဒီမှာ မစ္စတာမေဆင်၊ ကျွန်မ ဒီလောက်တောင် အ,ပုံရသလား"

"တစ်မျိုးမေးမယ်ကွာ၊ ဟိုနေ့က ဟစ်ဂမ်နီရိပ်သာနဲ့ ဗာမီဆီလိုလမ်းဆုံ နားမှာ မင်းရှိနေသလား"

သူမ နဖူးတွန့်ပြီး...

"၃ ရက်နေ့ကလား၊ ကျွန်မရှိနေခဲ့တယ် မထင်ဘူး"

"ကဲ...တစ်မျိုးပြောကြဦးစို့၊ မင်းဟာ ဆေးရောင်နုနု ဆီဒင်ကားတစ်စီး နဲ့ အမျိုးသားတစ်ယောက်နဲ့ အတူရှိနေခဲ့တယ်လို့ ပြောလောက်အောင် ခိုင်လုံ တဲ့အကြောင်းရှိတယ်၊ လမ်းဆုံးနားမှာ ကားရပ်ပြီး ကားတာယာအသစ်လဲ နေတယ်၊ မင်းတို့ ကားမောင်းထွက်ခါနီးအချိန် လမ်းဆုံမှာ ကားချင်းတိုက်မှု တစ်ခု ဖြစ်ခဲ့တယ်၊ ကားချင်းတိုက်တဲ့ ကားတစ်စီးကို မင်းမှတ်မိတယ်၊ ဆီဒင် မှန်ကားအနက်ရောင်တစ်စီးလေ၊ နောက်ပြီး"

"ဒီမှာ မစ္စတာမေဆင် တစ်ခုခုတော့ မှားနေပြီ၊ အဲဒီရှင်ပြောတဲ့အချိန် မှာ ကျွန်မ ဘယ်မှာ ရှိနေခဲ့တယ်ဆိုတာ အမှတ်မရတော့ဘူး၊ ဒါပေမဲ့ လွန်ခဲ့ တဲ့ သီတင်းပတ်တွေအတွင်းမှာ ဘယ်ကားတိုက်မှုတစ်ခုကိုမှ ကျွန်မ မတွေ့ ခဲ့ဖူးဆိုတာ သေချာပါတယ်၊ ဘီးပေါက်တဲ့ကားကိုလည်း မစီးခဲ့ဖူးဘူး၊ တွေ့ခဲ့ ရင်တော့ ဒီလိုဟာမျိုးကို ကျွန်မ ဘယ်မေ့ပါ့မလဲရှင်၊ ဒါနဲ့ ရှင်က ဘာလို့ စိတ်ဝင်စားရတာလဲ"

"အတိုက်ခံရတဲ့ကားထဲက လူတွေအတွက် ကျုပ်က အမှုလိုက်တယ် လေ၊ ဘော့ပင်ချိုလေဆိုတဲ့ အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် သူငယ်ကလေး ခါး ကျိုးသွားတယ်၊ မစွမ်းမသန်မဖြစ်ဘဲ ပျောက်ကွယ်ပါစေလို့ မျှော်လင့်ရတာပဲ"

"အမယ်လေး...အဖြစ်က ဆိုးလိုက်လေရှင်၊ လူငယ်ကလေးတစ်ယောက် ဒီအခြေဖြစ်သွားတာ ကျွန်မဖြင့် မတွေးဝံ့သလောက်ပဲ၊ ပျောက်ပါစေလို့ မျှော် လင့်ပါတယ်"

သူမက မေဆင်အား ပွတ်သီးပွတ်သပ်လုပ်ပြီး မြှောက်ပင့်ပြောကာ သူမ ထိုနေ့က ဘယ်မှာရှိသည်ကို စဉ်းစားပါဦးမည်ဟု ပြောရာ မေဆင်က ဆက်သောအခါတွင် အဖြေကို သိရမည်နည်းဟု မေးသဖြင့် ဖုန်းဆက်ပါမည်

ဟု သူမက ပြန်ပြောသည်။

"မင်းဟာ ပုံမှန်အလုပ်တစ်ခု မလုပ်ဘူးလို့ ကျုပ်သဘောရတယ်"

သူမက ပြုံးပြီး…

"ကျွန်မက ထောက်ပံ့ကြေးရနေတယ်လေ"

"မယားစရိတ် ထောက်ပံ့ကြေးလား"

"ဟုတ်ပါတယ်ဆိုရင် ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ"

"သိနိုင်ဘူးလေ၊ ကားတိုက်မှုကို အကြောင်းပြပြီး ကျွန်မအကြောင်းကိုများ စပ်စုနေသလားလို့"

"မဟုတ်ပါဘူးကွယ်၊ ယာဉ်တိုက်မှုနဲ့ ပတ်သက်ပြီး သက်သေလိုက်ရှာနေတာမို့လို့ မင်းအပေါ် ကျုပ် စိတ်ဝင်စားမိတာပါ"

"ဒါဆို ယာဉ်တိုက်မှုကို ကျွန်မ မမြင်တာ သေချာပါတယ်၊ ၃ ရက်နေ့ညနေက ကျွန်မ တစ်နေရာရာမှာ ရောက်ခဲ့ရင်လည်း ဟစ်ခမန်ရိပ်သာလမ်းဆုံမှာ ကျွန်မရှိမနေခဲ့တာတော့ အသေအချာပဲ၊ နောက်လမ်းတစ်ခုနာမည်က ဘာတဲ့…"

"ဗာမီဆီလိုလမ်းတဲ့"

"ဟစ်ခမန်ရိပ်သာလမ်းကိုတော့ ကျွန်မ သိတယ်၊ ဗာမီဆီလိုလမ်းကိုတော့ မသိဘူး"

"မင့်မှာ ကားပိုင်ရှိသလား"

"ဟုတ်ကဲ့ သွားရေးလာရေးအတွက်လေ၊ ကားကတော့ လှလှပပပါပဲ၊ အင်ဂျင်ကတော့ သိပ်မကောင်းဘူးရှင့်"

"ဘာအရောင်လဲ"

"နီညိုရောင်နနဲ့ ဆီဒင်ပါ"

"ဟုတ်ပြီ၊ ကျုပ်ရဲ့ အရင်းခံ စိတ်ဝင်စားမှုကတော့ ဒါပါပဲ၊ ဒါပေမဲ့ ဟိုအချိန်က မင်း ဘယ်မှာ ရှိနေတယ်ဆိုတာ ကျုပ် သိချင်တယ်"

"ဒါနဲ့ နေစမ်းပါဦး၊ ရှင် ဒီကို ဘယ်လိုရောက်လာတယ် ဆိုတာကို ပထမ ပြောစမ်းပါဦး မစ္စတာမေဆင်"

"ဘယ်လိုဘယ်က သတင်းရတယ်ဆိုတာတော့ ကျုပ်မပြောနိုင်ဘူး၊ ဒါပေမယ့် ကျုပ် လိုက်ရှာနေတဲ့လူကတော့ မင်းပဲ ဖြစ်ရမယ်၊ ဘာလို့လဲဆို



တော့ သတင်းပေးတဲ့ပုံပန်းနဲ့ မင်းနဲ့ အံကိုက်နေလို့ပဲ"

"မပြောနိုင်ဘူးဆိုရင်လဲ ထားပါတော့လေ၊ ဒါနဲ့ ကံကြမ္မာကို ရှင် ယုံကြည်သလား"

"ဘာလို့ မယုံရမှာလဲ"

"ဒီလိုလေ၊ ကျွန်မအတွက် တစ်ခုခုလုပ်ပေးဖို့ ရှေ့နေတစ်ယောက် အလိုရှိနေတုန်း ရှင်က ရောက်လာတယ်"

"ကျုပ် တာဝန်ယူနိုင်တဲ့ အခြေအနေ မရှိသေးပါဘူး၊ ကျုပ်မှာ အလုပ်တွေက ပုံလို့"

"ဩ…ဒီယာဉ်တိုက်မှုကိစ္စကိုတော့ ရှင်လိုက်နိုင်တယ်၊ တစ်နေ့ကမှ ဖြစ်တဲ့ ဥစ္စာလေ"

"ဒါကတော့ မတူဘူးလေ၊ အရေးပေါ် အခြေအနေဖြစ်တယ်၊ နောက်ပြီး ကျုပ်က စိတ်လည်းဝင်စားတယ်"

"ဒီမှာ ဆရာကြီး၊ ကျွန်မရဲ့ အကြောင်းကိစ္စကလေးကိုတော့ ပြောစမ်းပါရစေ၊ ဆရာကြီး စိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်"

"ကျုပ် သတိပေးတယ်နော်၊ ကျုပ် လက်ခံပြီး မကိုင်နိုင်သေးဘူး"

"ကောင်းပါပြီ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ပြောတော့ ပြောပြရမှာပဲ၊ ကျွန်မ နှစ်ကြိမ် လက်ထပ်ခဲ့ဖူးတယ်၊ ပထမအိမ်ထောင်ကတော့ အလွမ်းအဆွေးနဲ့ အဆုံးသတ်ရတာပါ၊ နောက်တစ်ကြိမ်ကတော့ ဒီလိုလေ၊ ကျွန်မက မှီသတိထားတယ်"

"ဒီတော့ အဆင်ပြေရောလား"

"မပြေပါဘူးရှင်၊ ကျွန်မယောကျ်ားက ပိုက်ဆံချမ်းသာတယ်၊ အဲဒါလေး တစ်ခုက အထောက်အကူပြုတာပေါ့၊ နောက်ထပ် ကျွန်မ အိမ်ထောင်မပြုတော့ဘူးလို့ အောက်မေ့တာ၊ ဟော…သူက ပေါ်လာတယ်လေ၊ ပိုက်ဆံကလည်း ချမ်းသာတယ်၊ အဲ…ဒါနဲ့ လက်ထပ်ဖြစ်တာပါပဲ"

"အိမ်ထောင်ပျက်ကြပြန်ရောလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သီတင်းတစ်ပတ်ကို ထောက်ပံ့ကြေး ပါလာ နှစ်ရာ ရနေပါတယ်"

မေဆင်က လေချွန်လိုက်သည်။

"များလွန်းတယ်လို့ ရှင် မထင်ဘူးလား၊ သူက သိပ်ဝင်ငွေကောင်းတာရှင့်"

"မင်းတို့အိမ်ထောင်ကျတာ သိပ်မကြာသေးဘူးပေါ့နော်"

"ငါးနှစ်ပါ၊ အဲဒီကာလ အတောအတွင်းမှာ သူ သိပ်ငွေဝင်တော့ အခုတော့ သူက ရုံးတက်ပြီး ထောက်ပံ့ငွေကို လျှော့ဖို့ လုပ်နေတယ်၊ ဒါကြောင့် ဆရာကြီးများ၊ သူနဲ့တွေ့ပြီး စေ့စပ်ဆွေးနွေးပေးနိုင်မလားလို့"

"ပထမအချက်အနေနဲ့က သူနဲ့ ဆွေးနွေးဖို့ဆိုတာ လူမှုရေးအရ မတော်ဘူး၊ နောက်ပြီး သူ့မှာလည်း ရှေ့နေငှားထားပြီးသား ရှိနေမှာပေါ့"

"ဟင့်အင်... မရှိပါဘူး မစ္စတာမေဆင်၊ ဒါပေမယ့် ဒီလိုရှေ့နေတစ်ယောက်ကို ကျွန်မယောကျ်ား ဝီလ်အဲလီဆန်ဘာတန်က လျှောက်လွှာရေးခိုင်းပြီး ရုံးတော်ကို ဦးတိုက်လျှောက်မှာပါ၊ ကျွန်မက သူနဲ့အတူ လက်ရည်တစ်ပြင်တည်း အလုပ်လုပ်ခဲ့တာဆိုတော့ တစ်ခါတည်း အမွေခွဲပေးလိုက်လိမ့်မယ်လို့ တရားသူကြီးက သဘောရတယ်"

"အိမ်ထောင်ရေးကိစ္စနဲ့ ပတ်သက်တာတွေကို ကျုပ် သိပ်မကိုင်ဘူးကွယ့်"

"မစ္စတာမေဆင်ရယ်၊ တစ်ဆိတ်လောက် နားထောင်စမ်းပါဦး"

"ကောင်းပါပြီလေ"

"ကျွန်မ နောက်ထပ် အိမ်ထောင်ပြုမလို့ရှင့်၊ ဒီတစ်ခါတော့ အဆင်ပြေလိမ့်မယ်ဆိုတာ ကျွန်မ အတတ်သိတယ်၊ အမျိုးသားက အသက်အရွယ်လည်း ကြီးတယ်၊ ပိုပြီးလည်း အမြော်အမြင်ရှိတယ်၊ လူတစ်ဖက်သားအပေါ် နားလည်မှုရှိတယ်"

"ဒီလိုဆို မင်းရတဲ့ ထောက်ပံ့ကြေး ရပ်သွားမှာပေါ့"

"ဟာ... ဘာဒီလို အဖြစ်ခံမလဲ၊ သူနဲ့ ကျွန်မ သွားတွေ့ပြီး ဒေါ်လာနှစ်သောင်းငါးထောင် ငွေသားလက်ငင်းပေးပါဆိုပြီး အပြတ်လုပ်ခိုင်းမှာပေါ့။ သူတစ်ခါတည်း လက်ခံမှာပဲ"

"ကျုပ်က မင်းအတွက် ဝင်လုပ်ပေးစေချင်တယ်ပေါ့၊ ဟုတ်လား"

ကျွန်မက မတော်တဲ့အကြံအစည်တွေကို လုပ်နေတယ်လို့ ထင်လို့လား၊ ကျွန်မက သတိကလေး ထားရုံထားတာပါ။ သတိရှိတယ်ပေါ့ရှင်၊ ကျွန်မရဲ့



အကျိုးစီးပွားကိုတော့ ကျွန်မ ကာကွယ်ချင်တယ်၊ ဒီမှာ မစ္စတာမေဆင် အလုပ်သဘောရှုထောင့်က ကြည့်စမ်းပါ၊ ယောကျ်ားအတွက် အို... ဘယ်ယောကျ်ားတစ်ယောက်အတွက်ဖြစ်ဖြစ် တစ်ပတ် ဒေါ်လာနှစ်ရာရနေတာကို ကျွန်မက စွန့်လွှတ်ရင် သိပ်မိုက်မဲရာကျမယ်ဆိုတာ စဉ်းစားကြည့်စမ်းပါ"

"ဒါကတော့ ထောက်ပံ့ကြေးဆက်ပြီး ရနေဖို့ မင်းသေချာသွားတယ်ဆိုရင်တော့ ဟုတ်တာပေါ့"

"မစ္စတာဟိုလစ္စတာက သူ့ကို ကျွန်မ လက်ထပ်ရတဲ့အတွက် ကျွန်မမှာ ငွေရေးကြေးရေး မထိခိုက်စေရအောင် ကိစ္စတွေကို အပြတ်လုပ်စေချင်တယ်၊ ကျွန်မဟာ သိုက်တူးသမားတစ်ယောက်လို့ မထင်ဘူးလား မစ္စတာမေဆင်"

"မင်းတို့ အရှုံးအမှုး ချစ်ကြိုက်နေကြတယ်ပေါ့၊ ဟုတ်လား"

"ဒီလိုပါ မစ္စတာမေဆင်ရယ်၊ ထင်သလောက်လည်း မဆိုးသေးပါဘူး၊ တကယ်တော့ ရော့စ်ဟိုလစ္စတာရဲ့ ကိုယ်ပိုင်အကြံအစည်တွေပါရှင်၊ အိမ်ထောင်ရက်သားလည်း နောက်ထပ်မပြုတော့ဘူး၊ ဒုက္ခလည်း မရှာတော့ဘူးလို့ ကျွန်မက သူ့ကို ပြောပါတယ်"

"သူက ဘာကြောင့်လဲလို့ မေးပြီး အစ်တော့ အောက်တော့တာပဲ၊ သူဘယ်လိုလူလည်းဆိုတာ ရှင်သဘောပေါက်စေချင်တယ်၊ သူဟာ သဘောထားကြီးတယ်၊ ဉာဏ်တာထောက်ထားတတ်တယ်၊ ဒါပေမယ့် အဖြစ်မှန်ကိုတော့ မပေါ် ပေါ်အောင် လုပ်တတ်တယ်"

"ဒီတော့ တစ်ပတ် ဒေါ်လာနှစ်ရာကို မင်းစွန့်လွှတ်ရမှာကို မင်းစိုးရိမ်ပူပန်နေတယ်ဆိုတာကို သူသိသွားတယ်ဆိုပါတော့"

"ဟုတ်ပါ့ရှင်၊ နောက်ပြီး ဒီမယ် မစ္စတာမေဆင်၊ သူ့သဘောအလျှောက် သူလုပ်တာကို ကျွန်မပြောဦးမယ်၊ သူ့ကို ကျွန်မ လက်ထပ်တယ်ဆိုတာနဲ့ ကျွန်မဖြစ်လာရမယ်ဆိုပြီး သူပိုင်အိမ်နဲ့ မြေတချို့ကို စောင့်ထိန်းရေးအဖွဲ့တစ်ဖွဲ့ ခွဲပြီး သူအပ်တယ်"

"ဒေါ်လာနှစ်သောင်းနဲ့ ကျွန်မအတွက် အသက်အာမခံထားပြီးပြီ၊ အိမ်အသုံးစရိတ်နဲ့ တခြားအဝတ်အစားဝယ်ချင်တာဝယ်၊ ဘာပဲလုပ်လုပ် ကျွန်မကိုယ်ပိုင်သုံးဖို့အတွက် လစဉ် ဒေါ်လာ ခုနစ်ရာ့ငါးဆယ် ထောက်ပံ့ကြေးကိုလည်း သဘောတူပြီးပြီ၊ နောက်ပြီး ခန်းဝင်ပစ္စည်းအနေနဲ့ ကျွန်မကို ပေးဖို့

ကားကြီးတစ်စီးကိုလည်း မှာထားပြီးပြီ”

“ဒါဖြင့် နောက်ထပ် မင်းဘာလိုသေးသလဲ”

“သူ့ရဲ့အချစ်နဲ့ လေးစားမှုကို လိုချင်သေးတယ်လေ၊ သူ့အားလုံး အစီအစဉ် လုပ်ပြီးပြီ၊ စာရွက်စာတမ်းတွေလည်း လက်မှတ်ထိုးပြီးပြီ၊ အသက် အာမခံကိစ္စလည်းပြီးပြီ၊ ကျွန်မရဲ့ အရင်ယောကျ်ားက ရုံးတက်ပြီး ထောက်ပံ့ ကြေးလျှော့ဖို့လုပ်ရင် ရောစ်ပီဟိုလစ္စတာက တစ်လုံးတစ်ပါဒမျှ ပြောမှာမဟုတ် ဘူး”

“ကျွန်မရဲ့ ဘဏ္ဍာရေးလှေကြီးဟာ ကွဲပျက်သွားလို့ နီကိုးရာကို ရှာ တယ်လို့ ထင်စရာဖြစ်လာမယ်၊ ကျွန်မဘက်ကနေကြည့်ပြီး ရှင်သဘောမပေါက် နိုင်ဘူးလား”

“မင်းတို့ ဘယ်တော့ လက်ထပ်မလဲ၊ နည်းနည်းတက်သုတ်ရိုက်လို့ မရဘူးလား”

“ဒီလိုလေ၊ အခက်အခဲကလေးတစ်ခု ရှိတယ်၊ မစ္စတာဟိုလစ္စတာမှာ အရင်အိမ်ထောင်ရှိတယ်၊ ဥပဒေကြောင်းနဲ့ လုပ်ထုံးလုပ်နည်းကလေးတွေအရ ခေတ္တ ကြန့်ကြာနေသေးတယ်”

“ဒီလိုကိုး”

“မစ္စတာမေဆင်၊ ကျေးဇူးပြုပြီး ဝိလ်ဘာတန်နဲ့ ရှင်သွားပြီး မဆွေး နွေးနိုင်ဘူးလား၊ ဘရော့ဒ်ဝေး အားကစားကလပ်မှာ ရှိတယ်၊ သူဟိုမှာနေတယ်၊ ဒါပေမဲ့ ကျွန်မနဲ့ ယူမယ့်လူရဲ့ နာမည်ကိုတော့ သူတစ်ဆိတ်ကလေးမှ မရိပ်မိ ပါစေနဲ့နော်”

“သူက ဟိုလစ္စတာကို သိလို့လား”

“သိပ်သိပေါ့ရှင်၊ 'မစ္စတာဟိုလစ္စတာဟာ ဆန့်တာဒါလ်ဘားရာမှာ နေပေမဲ့ အဲဒီကလပ်မှာ အဖွဲ့ဝင်တစ်ယောက်ရှင့်၊ အောင်မယ်လေးမှလေး မစ္စတာမေဆင်ရယ်၊ သူတို့ဟာ ဖဲတောင် အတူကစားပြီး အတူအရက်သောက် ဖူးတာကလား”

“ဝိလ်သာသိရင် သူလည်း သေမှာရှင့်၊ လဲသေမှာ ကျွန်မနဲ့ ပတ်သက် လာရင် သူဟာ တကယ်သဝန်ကြောင်တယ်၊ ကျွန်မတို့ အိမ်ထောင်ရေး မသာ ယာခဲ့တာလည်း အဲဒီဒုက္ခက အကြောင်းတစ်ခုလို့ ကျွန်မ ထင်တယ်၊ စကား



ပြောကြတိုင်း ကျွန်မရဲ့ အရင်ယောကျ်ားကို မမေ့သေးဘူးလား၊ မမေ့သေး ဘူးလားလို့ဆိုတာ ပါပါလာတယ်”

“မကြာခင်က မင်းသူနဲ့ တွေ့သေးသလား”

“မစ္စတာမေဆင်၊ ရှင် ဒါတွေကို ဘာလို့ မေးနေတာလဲ”

“မသိပါဘူးကွာ၊ သိရုံကလေး သိချင်တာပါ၊ ဒီမှာ လူစီ…မင်းဟာလေ သိပ်ပါးနပ်တဲ့ မိန်းကလေးပဲ၊ ဆုပေးဖို့တောင် ကောင်းတယ်၊ မင်းအတွင်းရေး ကို ကျုပ် စိတ်မဝင်စားပါဘူး”

“ဒါပေမဲ့ သမားရိုးကျမဟုတ်တဲ့ ချဉ်းကပ်နည်းနဲ့ လုပ်မိတာက ကျုပ် ကို စနောင့်စနင်းဖြစ်စေတယ်ဆိုတာကိုတော့ ဝန်ခံရလိမ့်မယ်”

“သမားရိုးကျ ချဉ်းကပ်နည်းဆိုတာက ဘယ်လိုပါလိမ့်”

“မင်းဟာ သတင်းစာထဲမှာ ကြော်ငြာကို တွေ့တယ်၊ ကျုပ်ဟာ ဖင့်ချ်လေ သားအမိဘက်က အမှုလိုက်နေတယ်ဆိုတာကို တစ်နည်းတစ်လမ်း နဲ့ မင်းသိတယ်၊ ကျုပ် ဒီကို ရောက်လာပြီး အခြေအနေတစ်မျိုးဖြစ်အောင် လုပ်နိုင်ရင် မင်း…”

ကုလားထိုင်ကို နောက်ဘက်သို့ တွန်းပစ်ပြီး သူမ၏ မျက်လုံးများသည် တောက်ပြောင်လာသည်။

“မစ္စတာမေဆင်၊ ဒါကို လုံးဝလက်မခံနိုင်ဘူး၊ မှန်လည်းမမှန်ဘူး၊ ရှင် ဘာတွေပြောနေတယ်ဆိုတာတောင် ကျွန်မ နားမလည်တော့ဘူး၊ ရှင် အကျုပ်တွေ အောင် ကျွန်မက မလုပ်ပါဘူး၊ ကျွန်မ ဘယ်လိုအစားထဲကလို့ ထင်သလဲ၊ ပြောစမ်းပါဦး”ဟု ရန်တွေ့လေသည်။

“ဒီလိုဆို မင်းက ဘာလဲ”

“ကျွန်မ မိန်းမသားတစ်ယောက်ရှင့်၊ ကျွန်မဟာ လူသားတစ်ယောက်ဖြစ် ပြီး အချစ်ရေးမလှတဲ့သူပါ။ နောက်ပြီး ကျွန်မရဲ့ ထောက်ပံ့ကြေးကိုလည်း အလျှော့မခံနိုင်ဘူး၊ ကျွန်မယောကျ်ားကို ရှင်ခြောက်လှန့်ပြီး အကျပ်ကိုင်နိုင် တယ်ဆိုတာကို ကျွန်မ သိတယ်၊ ကျွန်မအပေါ် ရှင်က စိတ်ဝင်စားတယ်၊ အဲ… ကျွန်မရဲ့အမှုကိစ္စအပေါ်လို့ဆိုလို့”

မေဆင်ကလည်း နောက်သို့ ကုလားထိုင်ကို တွန်းလိုက်ပြီး ထရပ်ကာ ဦးညွှတ်၍ ပြောလိုက်သည်။

"ဝမ်းနည်းပါတယ်ကွယ်၊ ဒါပေမဲ့ မင်းကို ကျုပ်ယုံကို မယုံကြည်ဘူး၊ နောက်ပြီး အချိန်လည်း နောက်ထပ် ကျုပ်မဖြုန်းနိုင်ဘူး၊ မင်းရဲ့ ကြိုးစားမှုကတော့ ကောင်းပါတယ်၊ ကျုပ်က မလိုက်လျောနိုင်တာက ခက်တယ်"

"မွန်းလွဲ ၂ နာရီနဲ့ ၅ နာရီအကြားမှာသာ မင့်အခန်းထဲမှာ ကျုပ်ကို တွေ့ရင် အမှုကို ကျုပ် လက်ခံရမလို ဖြစ်ကောင်းဖြစ်မှာ၊ ကော်ဖီအတွက် ကျေးဇူးတင်ပါတယ်ကွယ်"

မေဆင်က ဦးထုပ်ကို ကောက်ယူလိုက်ပြီး တံခါးဆီသို့ လျှောက်သွားကာ–

"နောက်ပြီး တစ်နေ့က မင်း ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ မမှတ်မိဘူးလို့ မင်း ဟန်ဆောင်တာကတော့ ရီးလွန်းလှပါတယ်ကွယ်၊ ထောင်ချောက် တစ်မျိုးဆင်ပြီးတော့ အခြားရှေ့နေတစ်ယောက်ကို ရအောင်သာ ကြိုးစားပေဦးတော့ မစ္စဘာတန်ရေ"ဟုပြော၍ အပြင်သို့ ထွက်ကာ တံခါးကို ဆွဲပိတ်လိုက်သည်။

❐

(၄)

ပယ်ရီမေဆင် သူ၏ အလုပ်ရုံးသို့ ပြန်ရောက်သောအခါ ဒယ်လာစထရီနှင့် ပေါလ်ဒရိတ်တို့ မေးသဖြင့် လူစီဘာတန်ချော့ပုံလုပ်ပုံနှင့် မည်သို့ တွေ့ခဲ့၊ ပြောခဲ့ရသည်ကို ပြောပြပြီးနောက် လူစီ၏ အခန်းမှ သူလက်နှိပ်စက်ဖြင့် ရိုက်ယူလာခဲ့သော စာရွက်ကို အိတ်ထဲမှ ထုတ်ပြလိုက်သည်။

ပေါလ်ဒရိတ်ဆီသို့ လာထားသော ပထမစာကို မီးခံသေတ္တာထဲမှ ထုတ်ယူပြီး တိုက်ကြည့်ရာ စက္ကူမှာ တစ်မျိုးတစ်စားတည်း ဖြစ်နေပြီး လက်နှိပ်စက်မှာလည်း တစ်ခုတည်းဖြစ်နေသည်ကို တွေ့ရှိကြရသည်။

ထိုအချိန်တွင် ဧည့်ကြိုစာရေးနှင့် တယ်လီဖုန်းအော်ပရေတာမလေး ဗေတီသည် ပယ်ရီမေဆင်ထံသို့ လိပ်မူထားသည့် စာအိတ်တစ်ခုကို ယူလာပေးသည်။ လူတစ်ယောက်လာ၍ ပေးသွားသည်ဟု ဆိုသည်။

ဒယ်လာက စာအိတ်ကို ဖောက်လိုက်ရာ စက္ကူမှာ ယခင်စာ၏ စက္ကူအမျိုးအစားပင်ဖြစ်ပြီး သော့တစ်ချောင်းလည်း ထွက်ကျလာသည်။ သော့မှာ ပရိဘောဂပစ္စည်းတစ်ခုခုကို ဖွင့်သော သော့မျိုးဖြစ်သည်။ စာကို အောက်ပါအတိုင်းရေးထားသည်။

ခင်မင်ပါသော မစ္စတာမေဆင်

စားပွဲသော့ခတ်ထား၍ အလိုရှိသည့်အကြောင်းအရာကို ဒီနေ့နံနက် သင်ရမသွားသည့်အတွက် ဝမ်းနည်းပါသည်။ စားပွဲသော့ကို ပို့လိုက်ပါသည်။ သင်အလိုရှိသည့်အကြောင်းအရာသည် ယာဘက်အပေါ်ခိုအိမ်ခန်းကလေးထဲရှိ သားရေဖုံးမှတ်စုစာအုပ်ကလေးထဲမှာ ရှိသည်။ နောက်ဆုံးစာမျက်နှာကို မရောက်ခင် အတွင်းစာမျက်နှာ၌ ရေးမှတ်ထားသည်။ ဖင့်ချ်လေတို့ကားကို တိုက်သည့် ကားနံပါတ်ဖြစ်သည်။

စုံစမ်းကြည့်၍ သင်အလိုရှိသော ကားနံပါတ်ဖြစ်သည်ဟု ယုံကြည်ကျေနပ်သည့်အခါတွင် ဆုငွေ ဒေါ်လာတစ်ရာနှင့် ပတ်သက်၍ ကျွန်ုပ် ဆက်လုပ်ပါမည်။

လွန်စွာသစ္စာရှိစွာဖြင့်
သင်၏ မိတ်ဆွေတစ်ယောက်

စာမှာ ယခင်ကစာများကို ရိုက်နှိပ်သည့် လက်နှိပ်စက်ဖြင့်ပင် ရိုက်နှိပ်ထားခြင်းဖြစ်ပြီး စက္ကူမှာလည်း အမျိုးတူဖြစ်သည်ကို တွေ့ရှိရသည်။

"ဆရာ... ဘယ်လိုလုပ်မလဲ ပြောပါဦး'ဟု ဒယ်လာက မေးသည်။

'ဆရာသာသိရင် ဒီလိုတောင်မနေဘူး၊ ဆရာ့ကို လူပျော့လူညံ့လို့ သဘောထားပြီး လိမ့်နေတာကို ခံနေရသလိုပဲကွ'ဟု မေဆင်က ပြန်ပြောသည်။

"ဒါပေမဲ့ ဆရာရယ်၊ မအတ္တာက လည်ပါတယ်၊ ထောင်ချောက်ဆင်တာကို ဆရာ သိသွားပြီးပြီ ဆိုတာကို သိလျက်နဲ့တော့ နောက်တစ်ခါ ဆရာ ဝင်တိုးမယ်လို့ သူ မျှော်လင့်မှာ မဟုတ်ပါဘူး၊ ဆရာ သိပြီးသား လက်နှိပ်စက်နဲ့ သူ ထပ်ရိုက်ဖို့ကလည်း သူ ဒီလောက် အ,မှာ န,မှာ မဟုတ်ပါဘူး"

ဂါတီက တံခါးကို ခေါက်၍ တံခါးပေါက်မှ ခေါင်းပြူပြီး 'လူစီဘာတန်ဆိုတဲ့ အမျိုးသမီးတစ်ယောက် ရောက်နေပါတယ်၊ ဆရာနဲ့ စကားပြောဖို့ ခဏပဲ ကြာမှာပါတဲ့၊ ဆရာကလည်း သူ့ကို တွေ့ချင်မှာပါလို့ ပြောနေပါတယ်"

ဟု ပြောလိုက်သည်။

စာကို အံဆွဲထဲသို့ ထိုးထည့်၊ သော့ကို အင်္ကျီအိတ်ထဲသို့ ထည့်ပြီး–



'အေး... လွှတ်လိုက်ပါ ဂါတီ'ဟု မေဆင်က ပြောလိုက်သည်။

"သူနဲ့အတူ အမျိုးသားတစ်ယောက်လည်း ပါတယ်ဆရာ"

"နာမည်က ဘယ်သူတဲ့လဲ"

"မစ္စတာအာသာကိုးလ်ဆန်ပါတဲ့"

"လွှတ်လိုက်ပါ ဂါတီ"

ဂါတီက ခေါင်းညိတ်ပြီး တံခါးကို ပိတ်သွားသောအခါ မေဆင်က ဒယ်လာစထရီဘက်သို့ လှည့်ပြီး ပြောသည်။

"ဒယ်လာ သူတို့ လက်မှတ်ထိုးဖို့ ဆရာက တစ်ခုခု လက်နှိပ်စက်ရိုက်ခိုင်းရင် အကြောင်းအမျိုးမျိုးပြပြီး သူတို့ကို ဆွဲထားပါ၊ ထွက်မသွားစေနဲ့နော်၊ ဆရာတစ်နေရာသွားမလို့"

တံခါးပွင့်သွားသည်။

"မစ္စလူစီဘာတန်နှင့် မစ္စတာအာသာကိုးလ်ဆန်တို့ပါ' ဟု ရုံးထုံးစံလေသံဖြင့် ဂါတီက ကြေညာလိုက်သည်။

လူစီဘာတန်သည် ရုံးခန်းထဲသို့ ကိုယ်ကို လှုပ်ကာ ဝင်လာသည်။ အဝတ်အစားကျပ်ကျပ်ကို ဝတ်ဆင်ထားသည်။

"မစ္စတာမေဆင်၊ ဒီနေ့မနက် ကျွန်မကို ရှင်စောင်းပါးရိပ်ခြည် စကားနိုတ်သွားတာကို ကျွန်မ နားမလည်နိုင်အောင် ဖြစ်နေတယ်၊ ၃ ရက်နေ့ညနေပိုင်းက ကျွန်မ ဘယ်မှာရှိနေတယ်ဆိုတဲ့ အကြောင်းကို ညာပြောနေတယ်၊ တစ်ခုခု ထိမ်ချန်ထားတယ်လို့ ရှင် ထင်တယ်"

"နောက်ပြီး သတင်းစာထဲက ကြော်ငြာအကြောင်းကိုလည်း ရှင်ပြောသေးတယ်၊ ဒါနဲ့ ကြော်ငြာတွေကို ကျွန်မ လိုက်ဖတ်ကြည့်တယ်၊ ရှင် ရည်ညွှန်းလိုတာတစ်ခုကို ကျွန်မ တွေ့တယ်၊ ရှင်ဘယ်လောက် မှားတယ်ဆိုတာကို အသေအချာပြချင်လို့ ကျွန်မ လာခဲ့တာပဲ၊ မစ္စတာမေဆင်... မစ္စတာကိုးလ်ဆန်နဲ့ မိတ်ဆက်ပေးပါရစေ"

ပိန်ပိန်ပါးပါး ခပ်ကိုင်းကိုင်း ခန္ဓာကိုယ်ရှိသည့် အာသာကိုးလ်ဆန်က...

"ကျွန်တော် ဒီကို ဘာလို့ လာရသလဲလို့ ဆရာကြီး တွေးမှာပဲ၊ လူစီက သက်သေအဖြစ် ခေါ်သာလို့ လိုက်ခဲ့ရတာပါ"

'ဟော်ဒါက ကျူပ်ရဲ့ အတွင်းရေးမှူး မစ္စစထရီပါ'ဟု မေဆင်က

ဒယ်လာနှင့် မိတ်ဆက်ပေးသည်။

လူစီဘာတန်က ဒရောသောပါး ပြောလိုက်သည်။

“ရှင့်အတွက်ကိုရော၊ ကျွန်မကိုယ်တိုင်အတွက်ပါ၊ ကျွန်မ တာဝန်မကင်းဖြစ်နေတယ်လို့ ခံစားမိတယ်၊ ဒီလိုပါ မစ္စတာမေဆင်၊ တစ်နေ့ တစ်နေ့ ဘာတွေဖြစ်တယ်ဆိုတာ သတိမထားမိခဲ့ဘူးလို့ ကျွန်မ ပြောခဲ့ပါတယ်၊ မုသားကလေးနည်းနည်းပါသွားသလိုဖြစ်သွားတယ်...”

“တကယ်တော့ ၃ ရက်နေ့က ကျွန်မဟာ အာသာနဲ့အတူ ရှိနေခဲ့ပါတယ်၊ ဒါပေမဲ့ သူ့နာမည်ကို ဖော်စေလိုသလား၊ မဖော်စေချင်ဘူးလားလို့ ကျွန်မ မသေချာခဲ့ပါဘူး၊ ဒါကြောင့် သူနဲ့ အဆက်အသွယ်ရပြီးမှ ရှင့်ကို ပြောဖို့ သူ့ရဲ့ခွင့်ပြုချက်ကို စောင့်ခဲ့ရပါတယ်...

“ကျွန်မဟာ အာသာနဲ့ အတူတူ အလုပ်လုပ်ပါတယ်၊ အချိန်ပိုင်းအလုပ်ပါ၊ မွန်းလွဲ ၂ နာရီက ညနေ ၅ နာရီအထိ ဖြစ်ပါတယ်။ ဒါပေမဲ့ ၃ ရက်နေ့က သူ့ရဲ့အလုပ်အားရက်နေ့ပါ၊ ဒါကြောင့် ကျွန်မတို့ ‘ရွှင်ပျော်ပျော်မင်းသားကလေးကို သွားကြည့်ပါတယ်”

“ပြဇာတ်လား”

“မဟုတ်ပါဘူး၊ ရုပ်ရှင်ပါ၊ သိပ်ကောင်းတဲ့ ဇာတ်ကားပဲ မစ္စတာမေဆင်၊ ရင်ထဲမှာ လှုပ်ရှားသွားအောင် ခံစားရတဲ့ဟာမျိုးပဲ”

အာသာကိုးလ်ဆန်က ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

‘ဘယ်မှာ ပြနေတာလဲ’ဟု မေဆင်က မေးသည်။

“အလမ်ဘရာမှာလေ၊ ဒုတိယအကြိမ်ပြဇာတ်ကားပါ၊ ဒါပေမဲ့ ပထမပြတုန်းက ကျွန်တော်တို့ နှစ်ယောက်လုံး လွတ်သွားကြတယ်၊ ကျွန်မက သိပ်ကြည့်ချင်နေတာရှင့်၊ အာသာ အလွန်ကို အလုပ်များနေတဲ့ကြားက တစ်နေ့လောက်တော့ ရက်အားယူပါလို့ တောင်းပန်ရတယ်”

“ရုပ်ရှင်ပြီးတော့ ဟာစ်ခမန်ရိပ်သာလမ်းနဲ့ ဗာမီဆီလိုလမ်းတစ်ဝိုက်ကို မင်းတို့ သွားကြသေးသလား”

“အလိုရှင် မသွားရပါကလား၊ အလမ်ဘရာရုံက မြို့ရဲ့တခြားတစ်ဖက်စွန်းမှာရှိတဲ့ဥစ္စာပဲဟာ၊ မစ္စတာမေဆင်ကလဲ၊ ဇာတ်ကားကလည်း ၅ နာရီထိုးခါနီးလောက်မှ ပြီးလို့ ကျွန်မတို့ရုံက ထွက်တော့ ကျွန်မတို့”



‘ရုံနားက ဟိုတယ်တစ်ခုက ရသာစုံ အရက်ခန်းကို သွားကြတယ်၊ နောက် တခြားတစ်ဆိုင်မှာ ညစာစားတယ်’ဟု အာသာကိုးလ်ဆန်က ဖြည့်ပြောလိုက်သည်။

‘နောက်ပြီးတော့ကော’ဟု မေဆင်က ဆက်၍ မေးသည်။

“ပြီးတော့လား၊ ကျွန်မတို့ အိမ်ပြန်ကြတယ်၊ နောက်ပြီး ဟိုသင်း...အဲ ကျွန်မအခန်းထဲကို အာသာဝင်လိုက်ပြီး အရက်ကလေးတစ်ခွက်နှစ်ခွက်သောက်တယ်၊ ပြီးတော့ ကျွန်မတို့ ထိုင်ပြီး စကားထပ်ပြောကြတယ်”

“ဘယ်လောက်ကြာကြာ အထိလဲ”

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ညည်သူကမျှ အဖြေမပေး။

ထပ်မေးသည့် သဘောနှင့် မေဆင်က မျက်ခုံးပင့်ပြလိုက်သည်။

နှစ်ယောက်လုံးက ရတ်တရက် ပြိုင်တူဖြေလိုက်ကြသည်။

“ဆယ့်တစ်နာရီပါရှင်”

“ဆယ့်နှစ်နာရီခွဲပါဗျာ”

လူစီက ချက်ချင်း မျက်နှာပိုး သတ်လိုက်ပြီး သူမှားသွားကြောင်း၊ ဆောင်က အဖြစ်နှင့် မှားပြီး ပြောမိကြောင်း ပြောပြသည်။

“မင်းတို့စိတ်တော့ မရှိကောင်းပါဘူးနော်၊ ကျုပ်မှာ သိပ်ကို အရေးကြီးလို့ပါ၊ အခုပြောတဲ့အကြောင်းတွေ ကျုပ်ရဲ့ အတွင်းရေးမှူးကို ထပ်ပြောပြပါလား၊ လက်နှိပ်စက်နဲ့ ရိုက်ပြီးနောက် မင်းတို့ လက်မှတ်ထိုးပေးကြနော်၊ ငြင်းစရာများ ရှိသေးသလား”

“မရှိပါဘူးခင်ဗျာ၊ ဆရာကြီးရဲ့ စာကြည့်ခန်းထဲမှာ ဝဲလန်မန်ရေးတဲ့ မြန်လှန်စစ်မေးနည်း ဆိုတဲ့ ဥပဒေစာအုပ်ကလေးများ ရှိရင် စာဖတ်ရင်းနဲ့ လက်နှိပ်စက်ရိုက်တာကို ကျွန်တော် စောင့်ပါမယ်”

“ကျွန်မကလည်း မဂ္ဂဇင်းဖတ်ရင်း စောင့်ပါမယ်၊ ဘယ်လောက်ကြာမှာလဲ”

“အို... နာရီဝက်လောက်ပဲ ကြာမှာပါ၊ ကဲ... ကျုပ်အပြင်သွားလိုက်ဦးမယ်၊ ဒယ်လာရေ မြန်မြန်လုပ်ပါကွယ်”

“ဟုတ်ကဲ့ပါဆရာ”

□

## (၇)

မေဆင်သည် တောင်ပွန်ဒီလာရိပ်သာလမ်းရှိ အခန်းငှားဂေဟာရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။ အနီးရှိ ဆေးလိပ်ဆိုင်မှ အများသုံး တယ်လီဖုန်းဖြင့် သူ၏ အလုပ်ရုံးကို ပြန်ပြီး ဖုန်းဆက်ကာ ဒယ်လာအား သူခိုင်းခဲ့သည့် ကိစ္စအကြောင်းကို မေးလိုက်ရာ ဒယ်လာက ပြန်ပြော၍ ဆယ့်ငါးမိနစ်လောက် ကြာဦးမည် ဖြစ်သည်ကို သူသိရသည်။

ထို့နောက် အခန်းငှားဂေဟာဆီသို့ လမ်းကို ဖြတ်ကူးကာ ဂေဟာအဝင် တံခါးကို စောစောကရထားသည့် သော့ဖြင့် ဖွင့်၍ ဝင်သွားသည်။ ဤတစ်ခေါက်တွင် ဓာတ်လှေကားကို အသုံးမပြုဘဲ ရိုးရိုးလှေကားမှနေ၍ အခန်းအမှတ် (၂၀၈) သို့ အမြန်လျှောက်သွားလိုက်သည်။

လူခေါ်ခေါင်းလောင်းကို နှစ်ကြိမ် သုံးကြိမ် နှိပ်ကြည့်သည်။ ပြန်ထူးသူ မရှိ၍ သော့ဖြင့် ဖွင့်ကြည့်ရာ ပွင့်သွားသည်။

မေဆင်သည် အခန်းထဲသို့ လှမ်းဝင်လိုက်ပြီးလျှင် တံခါးကို ပိတ်လိုက်သည်။

အခန်းသေသေသပ်သပ်ဖြစ်နေသည်၊ ဆေးလိပ်တိုများကို ရှင်းပစ်ပြီး ပြာခွက်ကို ပွတ်တိုက်ထားပြီး ဖြစ်သည်။ အိပ်ရာလည်း ပြင်ထားပြီး၍ မီးဖိုထဲမှ ပန်းကန်များဆေးပြီး ဖြစ်ကာ သန့်ရှင်းနေသည်။



'ဘယ်သူမှ မရှိကြဘူးလားဗျို့'ဟု မေဆင်က အော်မေးသည်၊

သူ၏ အသံသာလျှင် ပဲ့တင်ခတ်၍ ပြန်ထွက်လာသည်။

အခန်းထောင့်ရှိ စာရေးစားပွဲဆီသို့ သွား၍ သော့ဖြင့် ဖွင့်သည်။ စားပွဲ ပွင့်သွားသည်။ အထဲတွင် ရှုပ်ပွနေသည်။ ယာဘက် အထက်ထောင့်ရှိ နိုအိမ် အကန့်ကလေးထဲတွင် သားရေဖုံး မှတ်စုစာအုပ်ကလေးနှင့် ခြောက်လုံးပြူး တစ်လက်။

မှတ်စုစာအုပ်ကလေးထဲမှ ကားနံပါတ်ကို ကူးမှတ်ယူပြီးနောက် သေနတ်ကိုကိုင်ကြည့်ချင်စိတ် ပေါ်လာသဖြင့် လက်တွင် လက်ကိုင်ပဝါပတ်ကာ ကိုင်ကြည့်လိုက်ရာ ပွိုင့် ၃၈ ကယ်လီဘာဆာမစ်အင်ဝက်ဆင်ဖြစ်ပြီး လက်ကိုင်ရိုးပေါ်ပါ နံပါတ်မှာ 'အက်စ် ၆၅၀၈၈' ဖြစ်သည်ကို တွေ့ရသည်။

စားပွဲကို ပြန်ပိတ်ပြီးနောက် အခန်းတံခါးဘုကို လက်ကိုင်ပဝါဖြင့် အုပ်၍ ကိုင်လှည့်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် လှေကားထစ်ကို တစ်ထစ်စီ ကျော်ဆင်းပြီး အပြင်သို့ ထွက်ခဲ့သည်။

ကားထဲသို့ ခုန်ဝင်ပြီး အမြန်မောင်းထွက်ကာ အတော်ကလေး ဝေးရာတွင် ကားကို ရပ်၍ ဆေးဆိုင်တစ်ခုထဲမှ အများသုံးဖုန်းဖြင့် သူ၏ရုံးခန်းသို့ ဆက်လိုက်သည်။ ဂါတီကထူးသောအခါ ဒယ်လာကို အခေါ်ခိုင်းလိုက်သည်။

ဒယ်လာက ဖုန်းကို ယူပြီး 'ဟဲလို...ဆရာ'ဟု ထူးလိုက်သည်။

'အားလုံး အဆင်ပြေတယ်နော်'ဟု မေဆင်က မေးလိုက်သည်။

"ပြေပါတယ် ဆရာ၊ ငါးမိနစ်လောက် ဆက်လုပ်ဖို့ ကျန်သေးတယ်"

"ကောင်းပါပြီ ဒယ်လာ၊ သူတို့သွားပေစေတော့၊ ဆရာ့ဘက်ကလည်း အဆင်ပြေပါတယ်၊ ဘာမှ မပူပါနဲ့'ဟု မေဆင်က ပြောပြီးလျှင် ဖုန်းကို ဖြတ်လိုက်ပြီးနောက် ပြန်၍ ကိုင်ကာ ပေါလ်ဒရိတ်ထံသို့ ဆက်ပြန်သည်။

"ပေါလ်လားဟေ့၊ ကားနံပါတ်ကို ကိုယ်ရပြီကွ၊ ပိုင်ရှင်ကို ရှာပေးစမ်းဟေ့၊ မြန်မြန်နော်၊ မြန်မြန်၊ နံပါတ်က ၉ ပိုင် ၆၃၇၀ ကွ"

"ခင်ဗျား အခု ဘယ်က ဆက်နေတာလဲ"

"ဟီးလ်စရက်စ် ၆၇၄၉၂ အများသုံးဖုန်းကပဲ စောင့်နေမယ်၊ ပြန်ခေါ်ကွာ၊ ဟုတ်လား"

မဆောင်သည် အချိုရည်မှာသောက်ပြီး ဆေးလိပ်သောက်ကာ စောင့်နေစဉ် ဖုန်းမြည်လာသည်။ မဆောင်က ဖုန်းကို ကောက်ကိုင်လိုက်ရာ ဒရိတ်က…

“ဒီအနီးတစ်ဝိုက် ကာဆီနိုလမ်းမကြီးက အမှတ် ၉၃၈ မှာနေတဲ့ စတက်ဖင် အာဂျိုင်းရဲ့ကားပဲ ပယ်ရီရှူဆီဒင်ကားပဲ၊ အရောင်ကိုတော့ မသိရသေးဘူး”

မဆောင်သည် ဖုန်းကိုချပြီးနောက် ဆိုင်မှ ထွက်၍ ကာဆီနိုလမ်းဆီ သို့ ကားမောင်းသွားသည်။

အိမ်ကြီးမှာ ခြံဝင်းထဲတွင် ဖြစ်ပြီး ကားရုံဆီသို့ သွားသော လမ်းပေါ်တွင် ရပ်ထားသည့် ဆီဒင်ကားနက်ကြီးကို တွေ့ရသည်။

မဆောင်သည် ကားကို ရပ်ပြီး ဆီဒင်ကြီးဆီကို သွား၍ စစ်ဆေးကြည့်ရှုလိုက်သည်။ ကားကြီး၏ နောက်ပိုင်းတွင် မှုရင်းအရောင်နှင့် တူအောင် ဆေးအသစ်သုတ်ထားသည်။ ယာဘက်နောက်ဘီး၏ တာယာမှာ အသစ်စက်စက်ဖြစ်သည်။

ကား၏ နောက်ဘန်ပါကို မဆောင်ကြည့်နေစဉ် ကားထဲမှ လူထွားကြီးတစ်ယောက် ထွက်လာပြီး ‘ဒါက ဘာသဘောလဲ’ဟု ခပ်ကြမ်းကြမ်းမေးလိုက်သည်။

မဆောင်က မပြုံးမရယ်နှင့် ‘မစ္စတာ အာဂျိုင်းပါလား’ဟု မေးသည်။

“မဟုတ်ဘူး”

“သူအိမ်ထဲမှာ ရှိသလား”

“ကားကို ခင်ဗျား ဒီလိုလိုက်ပြီး စပ်စုနေတာနဲ့ သူနဲ့ ဘာဆိုင်လို့လဲ”

“စပ်စုနေတာ မဟုတ်ဘူး၊ စစ်ဆေးကြည့်နေတာ၊ မစ္စတာ အာဂျိုင်းနဲ့ ဘယ်လိုတော်စပ်သလဲ”

“ဘာမှ မတော်ဘူး၊ ကျုပ်က ဒီမှာ အလုပ်လုပ်တာ”

“ဟုတ်လား၊ ဘာအလုပ်နဲ့လဲ”

“ယာဉ်မောင်းနဲ့ ဘဏ္ဍာစိုး”

‘ဒီလိုဆိုရင် ခင်ဗျား နည်းနည်း လေးလေးစားစားကလေးတော့ ဆက်ဆံသင့်တယ်၊ ဒီမှာ ကျုပ်ရဲ့ ကတ်ပြားကလေးတစ်ခု ယူသွား၊ ခင်ဗျားဆရာကို ပြပြီး သူ့အတွက် သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ကျုပ် သူနဲ့ တွေ့ချင်တယ်လို့ ပြောလိုက်’ဟု မဆောင်က ပြောပြောဆိုဆို ကတ်ပြားကလေးကို **ကမ်း**ပေးလိုက်သည်။



ခဏကြာသောအခါ…

‘ဟုတ်ကဲ့ခင်ဗျာ၊ အထဲကို ကြွပါ’ဟု ထိုလူက လာခေါ်သည်။

အိမ်ကြီး၏ အတွင်းပိုင်းမှာ ခမ်းနားလှသည်။ အဖိုးတန်ဆေးပြင်းလိပ်အနံ့များ သင်းနေသည်။ ယာဉ်မောင်းက တံခါးတစ်ခုကို ညွှန်ပြပြီး…

‘ဟိုအထဲမှာပါ၊ မစ္စတာအာဂျိုင်းက ဆရာကြီးကို လက်ခံတွေ့ဆုံပါလိမ့်မယ်’ဟု လေးစားစွာ ပြောလိုက်သည်။

အခန်းမှာ အလုပ်ခန်းနှင့် စာကြည့်ခန်း တွဲထားသည့်အခန်းဖြစ်သည်။ သေနတ်များ၊ စာအုပ်များ၊ ဖိမ်ခံကုလားထိုင်များ၊ အမဲလိုက်သည့်ပုံများ၊ အခြားဓာတ်ပုံများတို့နှင့် ဆင်ပြင်ထားသည်။ ထောင့်တစ်ခုထဲတွင် ရွှေ့ပြောင်း၍ရသည့် ဘားကလေးတစ်ခုရှိပြီး အရက်ပုလင်းများ စီရရီ ရှိနေကြသည်။ ဘေးနားတွင် ဝီစကီနှင့် ဖန်ခွက်တစ်ခုကို ချထားပြီး သားရေဖုံးကုလားထိုင်ကြီးတစ်ခုတွင် အသက်ငါးဆယ်ကျော်မျှလောက်ရှိသည့် လူကြီးတစ်ယောက် ထိုင်နေသည်။

အခန်းထဲသို့ မဆောင် ဝင်လာသောအခါ သူက ထ၍ ရပ်ပြီး…

‘ဥပဒေအကျိုးဆောင်ရှေ့နေကြီး မစ္စတာမဆောင်ပါလား ခင်ဗျား’ဟု ခရီးဦးကြိုဆို နှုတ်ဆက်လိုက်သည်။

“မှန်ပါတယ်”

ထိုလူက လက်ဆန့်ပေးပြီး…

“စတက်ဖင်အာဂျိုင်းဟာ ကျွန်တော်ပါပဲ၊ ရှေ့နေကြီးနဲ့ တွေ့ရတာ အင်မတန်ပဲ ဝမ်းသာပါတယ်၊ ဆရာကြီးနာမည်ကိုတော့ ကြားဖူးနေပါတယ်။ ထိုင်ပြီး ကျွန်တော်တို့နဲ့အတူ ယမကာလေး သုံးဆောင်ပါဦးလားခင်ဗျာ’ဟု ကြိုဆို ဖိတ်ခေါ်လိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ ဝီစကီနဲ့ ဆိုဒါပဲပေးပါ”

အာဂျိုင်းက ဘဏ္ဍာစိုးအား ခေါင်းညိတ်ပြလိုက်ရာ ဖန်ခွက်ထဲသို့ **ရေခဲ**တုံးကလေးများ ထည့်ပြီး ယမကာကို မဆောင်လက်သို့ လှမ်းပေးသည်။

‘တယ်ကောင်းတဲ့ အခန်းပဲဗျာ၊ သက်သောင့်သက်သာရှိလိုက်တာ’ဟု

မေဆင်က ပြောလိုက်သည်။

'ဒီအခန်းထဲမှာ နေရင်းပဲ အချိန်ကုန်တာ များပါတယ်၊ ဆေးပြင်းလိပ် ဖွာပါဦးလား"

'စိတ်မရှိပါနဲ့ဗျာနော်၊ ကျုပ်စီးကရက်ကိုပဲ ကျုပ်သောက်ပါမယ်'ဟု မေဆင် အစရှိလိုက်ပြီး ဘဏ္ဍာစိုး ယာဉ်မောင်းသမား ထွက်သွားမည့်ပုံမရ သဖြင့် ဆက်၍…

"ကျုပ်လာတွေ့တာ မြန်းစားကြီးကျလွန်းရင် တောင်းပန်ပါတယ်၊ ကျုပ်မှာ အချိန်များများ မရှိလို့ပါနော်"

"အလိုရှိတာကိုသာ အမိန့်ရှိပါဗျာ"

ဘဏ္ဍာစိုးသည် ဘားကလေးနားတွင် ရပ်နေသည်။ ရောင်သွားရန် အာကျိုင်းကလည်း မပြောချေ။

မေဆင်က ပြောလိုက်သည်။

"ဒီလဆန်း ၃ ရက်နေ့ ညနေစောင်း ၅ နာရီလောက်က ဟစ်ခမန်ရိပ်သာ လမ်းနဲ့ ဘာမီဆီလိုလမ်းဆုံမှာ ဖြစ်ပွားတဲ့ ယာဉ်တိုက်မှုမှာ ဟိုအပြင်မှာ ရပ် ထားတဲ့ ခင်ဗျားရဲ့ ဗွကားဟာ ပါဝင် ပတ်သက်နေတယ်၊ ကားကို ဘယ်သူ မောင်းသလဲ၊ ခင်ဗျားလား၊ ခင်ဗျားယာဉ်မောင်းလား"

"ကျွန်တော်တော့ သိပ်အံ့အားသင့်သွားတာပဲ မစ္စတာမေဆင်၊ တကယ် ပါပဲ ကျွန်တော် အလွန်စိုးရိမ်တကြီး ဖြစ်နေရတာကို ခင်ဗျားလာပြောတာက အတည်ပြုတဲ့သဘောရောက်သွားတယ်၊ ယာဉ်တိုက်တာက တော်တော်ဆိုး သလား"

"ဆိုးပါသော်ကောဗျာ၊ ဒါနဲ့ ခင်ဗျား စိုးရိမ်ကြောင့်ကြနေရတယ်ဆို တာက ဘာလဲဗျ"

"သြော်… ဒါလား၊ ၃ ရက်နေ့ မွန်းလွဲပိုင်းက ကျွန်တော့်ကား လူခိုး ခံရတယ်၊ ညနေစောင်းမှ မြို့လယ်မှာ ရဲတွေက ပြန်တွေ့တယ်၊ ဓာတ်ဆီတိုင်ကီ ထဲမှာ ဆီတစ်ဝက်ကျန်သေးတယ်၊ ကားကို မိုင်တစ်ရာကျော်လောက် မောင်း ထားတာကို တွေ့ရတယ်"

"ကျုပ်ကတော့ ဗင့်ချ်လေရဲ့ အကျိုးဆောင်ရှေ့နေပါ။ သူ့အမေက ကားကို မောင်းတယ်၊ သူဟာ တော်တော် စိတ်ထိခိုက်သွားတယ်၊ ကားလည်း



တော်တော်ပျက်စီးသွားတယ်"

"ဘော့ဗင့်ချ်လေ ခါးကျိုးသွားတယ်၊ ဘယ်လိုရှုပ်ထွေးမှုတွေ ပေါ်လာ ဦးမယ်ဆိုတာတော့ အခုပြောဖို့ စောလွန်းသေးတယ်"

"ဟုတ်ပေသပေါ့ဗျာ၊ သိပ်ဆိုးတာပေါ့၊ ကျွန်တော် ရှေ့နေတွေနဲ့ တိုင်ပင်ရမယ်၊ ကျွန်တော် နားလည်သဘောပေါက်သလောက်တော့ မစ္စတာ မေဆင်၊ ဒီလိုလေ ကျွန်တော့်ရဲ့ ခွင့်ပြုချက်နဲ့ တစ်ယောက်ယောက်က မောင်း တာဆိုရင် နစ်နာဆုံးရှုံးမှုအတွက် ကျွန်တော် တာဝန်ရှိတာပေါ့ဗျာ၊ အခိုးခံရ တဲ့ကိစ္စဆိုတော့…

'ကျုပ်တို့ ဝေလည်ကြောင်ပတ်လုပ်တာတွေ ရပ်ကြစို့ဗျာ၊ ကားအခိုးခံ ရပါတယ်တို့ ဘာတို့ ပြောတာတွေကတော့ ရိုးလွန်း ဟောင်းလွန်းနေပါပြီ ဗျာ၊ နောက်ပြီး ရွံဖို့လည်းကောင်းတယ်'ဟု မေဆင်က ထေ့လိုက်သည်။

ဘဏ္ဍာစိုးယာဉ်မောင်းက ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်သဖြင့် အာကျိုင်း က လက်ပြပြီး တားလိုက်သည်။

'ဘယ်တုန်းက ကားအခိုးခံရတာလဲ'ဟု မေဆင်က မေးလိုက်ပြန်သည်။

"မွန်းလွဲပိုင်း ၃ နာရီလောက်ကပါ"

"ဘယ်အချိန်ကျမှ ကားအခိုးခံရမှန်း သိသလဲ"

"ည ခုနစ်နာရီလောက်အထိ မသိသေးပါဘူး၊ ကားကို ကျွန်တော်တို့ ကလပ်ရှေ့မှာ ရပ်ထားတာ၊ ကားဆီကို ကျွန်တော် ထွက်သွားတော့ ကားမရှိ တော့ဘူးလေ"

"ရဲကို ချက်ချင်းတိုင်သလား"

"တိုင်ပါတယ်ခင်ဗျာ"

"ကားပျောက်တဲ့နေရာနဲ့ ပြန်တွေ့တဲ့နေရာဟာ ဘယ်လောက်ဝေး သလဲ"

"အိမ်စုတန်းရှစ်ကွက်–ဆယ်ကွက်သာသာလောက်တောင် မရှိဘူးလို့ ပြောရပါမယ်"

"သူငယ်လေးရဲ့ ဒဏ်ရာက တော်တော်ပြင်းထန်တယ်၊ ဆေးရုံမှာ တော်တော်ကြာကြာ နေရဦးမယ်၊ သူ့အမေလည်း စိတ်ထိခိုက်သွားတယ်၊ နောက်ပြီး ကားပျက်စီးသွားတဲ့ကိစ္စကလည်း ရှိသေးတယ်"

"ဟုတ်ပြီလေ မစ္စတာမေဆင်၊ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့တော့ ခင်ဗျား မထင်ဘူးပေါ့"

"ဘာလို့မထင်ရမှာလဲ"

"ကားအနိုးခံရပါတယ်လို့ ကျွန်တော် ပြောပြီးပြီပဲ"

"ခင်ဗျားက ဒီလိုပဲ လှည့်ပတ်ပြောမယ်ဆိုရင် ကျုပ်ကလည်း ရှေ့နေ တစ်ယောက်အနေနဲ့ ရုံးတင်ပြီး သက်သေတွေ ရှေ့မှာ စွဲချက်တင်ရလိမ့်မယ်၊ ဒီတော့ ဂျူရီလူကြီးတွေရှေ့မှာ ခင်ဗျား ဘယ်လိုရှိမလဲ"

"အမယ်လေး…လေး…မစ္စတာမေဆင်ရယ်၊ ကျွန်တော်က တာဝန် သိတတ်တဲ့ ပြည်သူတစ်ယောက်ပါဗျ၊ ကားအာမခံရှိတယ်၊ ကျွန်တော်က ပေးလျော်စရာဖြစ်လာရင် ပြေငြိမ်းအောင်လုပ်ဖို့ ကျွန်တော် ဝန်မလေးပါဘူး၊ ကျွန်တော့် အာမခံကုမ္ပဏီက ကြည့်စီမံကြပါလိမ့်မယ်"

"ကောင်းပါပြီ၊ ခင်ဗျားဆန္ဒက ဒီလိုဆိုရင် ကျုပ်ကလည်း ခင်ဗျား အာမခံကုမ္ပဏီနဲ့ ဆက်သွယ်ပြီး ကြည့်လုပ်ရတော့မှာပေါ့"

"ဒါကတော့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ဆိုမှနော်"

"အင်းလေ… ဒါတော့ ဟုတ်သပေါ့၊ ဒါနဲ့ မွန်းလွဲပိုင်းမှာ ခင်ဗျားရှိနေ တယ်ဆိုတဲ့ ကလပ်ရဲ့နာမည်က ဘာတဲ့"

"ဘရော့ဒ်ဝေးအားကာကလပ်ပါ"

မေဆင် ထ၍ ရပ်ပြီး 'ခင်ဗျားနဲ့ တွေ့ဆုံပြောဆိုရတာ တယ်ကောင်း ဗျာ'ဟု အိမ်ထဲမှ ထွက်ခဲ့သည်။

□

(၆)

ဒရိတ်စုံထောက် အေဂျင်စီရုံးခန်းသည် ပယ်ရီမေဆင်၏ ရုံးခန်းများ ရှိသည့် အထပ်မှာပင် ရှိသည်။ မေဆင်က ရပ်ပြီး ပေါလ်ဒရိတ်အား စကား တစ်ခွန်းနှစ်ခွန်း ကမန်းကတန်း ပြောပြလိုက်သည်။

"ဟုတ်လိုက်လေ ပယ်ရီ၊ ကြက်ကန်းဆန်အိုးတိုးမိပြီပေါ့၊ ဘယ်လိုဖြစ် တယ်တော့ မပြောတတ်ဘူး၊ ဆန်အိုးတော့ ဆန်အိုးပဲ"

"တော်တော်လည်လည်ဝယ်ဝယ် အလုပ်လုပ်တတ်တဲ့ လူတွေကို ကိုယ်လိုချင်တယ် ပေါလ်၊ ၃ ရက် မွန်းလွဲပိုင်းက ဘရော့ဒ်ဝေး အားကာ ကလပ်မှာ စတက်ဖင်အာဂျိုင်း ရှိနေနိုင်တယ်၊ အဲဒါ ဟုတ်မဟုတ် စစ်ဆေး ကြည့်စေချင်တယ်…

"နောက်ပြီး သူဘယ်လောက် အရက်သောက်ထားတယ်၊ ဟိုမှာ ဘယ် လောက်ကြာကြာနေတယ်၊ သူတို့က ပျောက်သွားတဲ့အခါများ ရှိမရှိ၊ အဲဟို ရောက်ရှိတဲ့လူတွေ သတိများထားလိုက်မိသလား သိချင်တယ်၊ တံခါးစောင့်ကို ညွှန်းကပ်မေးပေါ့…

"အေး… တို့ကသူ့လောက် ငွေမပေါလေတော့ တံခါးစောင့်ကို သူ့ အတော် ပိုပြီး လာဘ်ထိုးနိုင်မှာတော့ မဟုတ်ဘူးလေ၊ ဒီတော့ ခြိမ်းခြောက် ညှစ်အောက်ယူရမှာပဲ၊ ကြောက်အောင် တကယ်ခြောက်တတ်တဲ့လူကို လိုချင်

တယ်...

"ပြီးတော့ အာဂျိုင်းရဲ့ကားနဲ့ ပတ်သက်ပြီးတော့လည်း သိချင်တယ်၊ ၃ ရက်နေ့မှာ ဘယ်အချိန်က အခိုးခံရတယ်လို့ ရဲကို တိုင်သလဲ၊ ဘယ်အချိန်က ပြန်တွေ့သလဲဆိုတာ အစုံပေါ့ကွာ၊ ၅ နာရီနဲ့ ၆ နာရီကြားမှာ ကလပ်ကို အာဂျိုင်း အငှားကားနဲ့ ပြန်လာမလာကို အထူးသိချင်တယ်...

"ကလပ်မှာ လူကျတဲ့အချိန်ဆိုတော့ မင်းဘားတစ်ယောက်ယောက်က တော့ သူအငှားကားနဲ့ ပြန်လာတာကို တွေ့လိုက်နိုင်ကောင်းတယ်၊ ခပ်မြန်မြန် လုပ်ရမှာပော့ နော်၊ သုံးနိုင်သမျှ လူကို သုံးကွာ၊ ကုန်ကျစရိတ်ကို အာဂျိုင်းက ခံစေရမှာပေါ့ကွ၊ ခံလည်းခံမှာပါ"

"သူဆိုတာ သေချာလို့လား"

"သူကားကတော့ သေချာတယ်၊ ဒီတော့ သူပဲဖြစ်ရမယ်၊ သူနဲ့ပတ်သက် ပြီး ရသမျှသတင်းကို လိုချင်တယ်ကွာ၊ အင်း...သူ့မိန်းမဟာ သေပဲသေသလား၊ ဒါမှမဟုတ် မကြာခင်ကမှ ကွဲခဲ့တာလားဆိုတာ မသဲမကွဲ ကိုယ့်စိတ်ထဲမှာ ရေးရေးတွေးမိတယ်...

"ဘာကြောင့်လဲဆိုတော့ သူ့မိန်းမသာရှိနေရင် ငါးမိနစ်တောင် သူနဲ့ တည့်မှာ မဟုတ်တဲ့ ဘဏ္ဍာစိုးယာဉ်မောင်းတစ်ယောက် ဒီအိမ်မှာရှိနေလို့ပဲ၊ အိမ်ကြီးက အကျယ်ကြီး အာဂျိုင်းကတော့ တစ်ခန်းတည်းမှာပဲ စွဲစွဲမြဲမြဲနေ သလိုပဲ၊ ဆေးပြင်းလိပ်စော်ကို မွှန်နေတာပဲကွ"

"ကောင်းပါပြီ ပယ်ရီ၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်၊ ဪ...ဒါနဲ့ ခင်ဗျားရဲ့ ဟိုဆတ်စလူးမကလေးဟာ ဆုငွေထုတ်ဖို့ မကြာခင်က ရောက်လာ တယ်၊ ခင်ဗျားအတွင်းရေးမှူး ဒယ်လာစထရီကို လွှတ်လိုက်တယ်"

"သူက ဘယ်သူတဲ့လဲ"

"ကာလော့တာဘွန်းဆိုတဲ့ အပျိုစားမကလေးဗျ၊ လူစီဘာတန်ကို သူသိ ကြောင်း လေသံတောင်မဟဘဲ သူဟာ ဆုငွေတစ်ရာထုတ်ဖို့ လာတယ်လို့ ပြောတယ်"

"ကောင်းပြီလေ၊ ကိုယ်သွားတွေ့လိုက်ပါမယ်၊ အာဂျိုင်းအကြောင်းကို သာ မင့်လူတွေ စုံစုံစေ့စေ့ရအောင် လုပ်ပါစေ၊ ဖင့်ချ်လေ ခါးကျိုးသွားတဲ့အတွက် သူငယ်လေးဘွဲ့ရတဲ့အထိ ကောလိပ်ကျောင်းစရိတ် ပေးစေရအောင်တော့ လုပ်



ရမှာပဲ"

"အာဂျိုင်းကိုတော့ မိမိရရကိုင်နော်၊ တော်တော်ကြာ သူ့နောက်ပိုင်းက နိုင်ငံရေးသမားတွေ ဆွဲထုတ်လို့ လွတ်ထွက်သွားဦးမယ်နော် ဆရာကြီး"

"မလွှတ်စေရပါဘူးကွာ၊ ကဲ...ကိုယ်သွားမယ်"

မေဆင် ရုံးခန်းသို့ အရောက်တွင် ဒယ်လာကို လှမ်းပြောလိုက်သည်။

"ဘယ့်နှယ် ဒယ်လာရေ၊ ဆုငွေယူဖို့ လူစီက ကိုယ်စားလွှတ်လိုက်တယ် ဆို ဟုတ်လား"

"လောမကြီးစမ်းပါနဲ့ ဆရာရယ်၊ သူပြောမယ့်အကြောင်းအရာကိုလည်း နားထောင်ပါဦး"

"သူ့နာမည်က ဘာတဲ့လဲ"

"ကာလော့တာဘွန်းတဲ့ ဆရာ၊ ဘနဖူး သိုက်တူးမယ့်ပုံမျိုးပဲ၊ ကျွန်မ နဲ့ စကားပြောချင်ပါတယ်တဲ့"

"ကောင်းပြီ၊ လာပါစေလေ ဒယ်လာ၊ သူပြောတာ နားထောင်ပြီး ငွေ တစ်ရာလည်းပေး၊ လူစီရဲ့ သော့တွေကိုလည်း ပြန်ပေးလိုက်ပေါ့။ လူစီနဲ့ တစ်ခန်းတည်း အတူနေတဲ့ အဖော်လားမှ မသိတာ"

'ဟုတ်မယ် မထင်ဘူးဆရာ၊ ဆရာကလည်း ရှေ့လောမကြီးစမ်းပါနဲ့၊ နည်းနည်းပါးပါး တီးခေါက်ကြည့်ရတာတော့ သူက တခြားသတ်သတ်ထစ် ယောက် ဖြစ်ပုံရတယ်'ဟု ပြောပြီး ကာလော့တာဘွန်းအား ရုံးခန်းသို့ လွှတ် ဆေးရန် ဂါတီအား ဖုန်းဆက်လိုက်သည်။

အမျိုးသမီးဝင်လာသောအခါ မေဆင်က...

'အား... မစ္စဘွန်းဆိုတာလား၊ ဆုငွေ တစ်ရာ လာထုတ်တယ်ဆိုပါ တော့' ဟု စကားစလိုက်သည်။

"ဟုတ်ကဲ့ရှင့်"

"မင်းက ဒီအကြောင်းတွေကို ဘယ်ကသိလာသလဲ၊ ကားနံပါတ်ကို ဘယ်မှာ ရေးမှတ်ထားလိုက်တယ်ဆိုတာ မင်းဘယ်လိုလုပ် သိသလဲ"

"ရေးချတာက ကျွန်မကိုယ်တိုင် ဖြစ်နေလို့ပေါ့ရှင့်"

"ဩ...ဒီလိုလား၊ နောက်က စာရေးစားပွဲထဲမှာ မင်းထည့်ထားလိုက် တယ်ပေါ့လေ ဟုတ်စ"

"ဘယ်ကဟုတ်ရမှာလဲ၊ ကျွန်မရဲ့လက်ကိုင်အိတ်ထဲမှာ ထည့်ထားလိုက်တာပါ။ ဆုငွေပေးဖို့ကို ကျွန်မတို့ ဘယ်လိုစီစဉ်ကြမလဲ၊ အင်းလေ…မိန်းကလေးတစ်ယောက် ဒီကိုလာပြီး ကားနံပါတ်ကလေးပေးရုံနဲ့တော့ ငွေကို ဘယ်လွယ်လွယ်ပေးပါ့မလဲ"

"ဟုတ်တာပေါ့၊ ဘယ်ပေးပါ့မလဲကွယ့်၊ ဒါပေမဲ့ အချက်အလက်က ရှင်းလင်းထင်ရှားနေပြီးသား မဟုတ်လားလို့"

သတိပေးသည့်အနေနှင့် ဒယ်လာက ချောင်းဟန့်လိုက်သည်။

ကာလော့တာဘွန်းက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး လက်ကိုင်အိတ်ထဲမှ စာရွက်တစ်ခုကို ထုတ်ကာ…

'ဆရာကြီးကို ကျွန်မ ယုံကြည်စိတ်ချရပါတယ်နော်၊ ကျွန်မကိုတော့ တစ်ဝက်ရိုက်မှာ မဟုတ်ပါဘူး'ဟု ပြောလိုက်သည်။

"ဟာ… မိန်းကလေးရာ၊ ကျုပ်က အလုပ်ကြီး အကိုင်ကြီးနဲ့ပါ၊ ဒါနဲ့ ငွေကို မပေးခင် စာတ်အကြောင်းကိုတော့ အသေးစိတ် ပြောရလိမ့်မနော်"

'ကောင်းပါပြီရှင်၊ ဟောဒီမှာ ကားနံပါတ်'ဟု ပြောပြီး စာရွက်ကလေးတစ်ခုကို မေဆင်အား လှမ်းပေးလိုက်သည်။

ကားနံပါတ်ကို မေဆင် ဖတ်ကြည့်လိုက်သည်။

'ဒီမှာ မစ္စဘွန်း၊ ဒီနံပါတ်မဟုတ်ဘူးဆိုတာ ကျုပ်ကြိုတင်ပြောထားပါရစေ'ဟု မေဆင်က ဝမ်းနည်းစကား ပြောလိုက်သည်။

"ဆရာကြီးက ဘယ်လိုသိသလဲ"

"ကျုပ်လိုချင်တဲ့အကြောင်းအချက်ကို ကျုပ် ရထားပြီးပြီကွယ်၊ ကားနံပါတ်တင် ဘယ်ဟုတ်မလဲ၊ ကားကိုတောင် သွားပြီး စစ်ဆေးကြည့်ပြီးလို့ ပိုင်ရှင်နဲ့တောင် ဆွေးနွေးပြောဆိုပြီးပြီ၊ ဒီတော့ အခုဟာက နံပါတ်အမှားကြီးပဲပေါ့"

"မမှားပါဘူးရှင်၊ ဆရာကြီးက ဘယ်လိုလုပ်ချင်တာလဲ၊ ငွေတစ်ရာမပေးရအောင်လား၊ ကျွန်မက ဒီလောက်လွယ်လွယ်နဲ့တော့ လုပ်ရမယ့်သူမဟုတ်ဘူး ရှင့်၊ ကျွန်မရဲ့ယောကျ်ားကလေး မိတ်ဆွေနဲ့အတူ အဲဒီတုန်းက ကျွန်မ ရှိနေတာ…"

"ရှသာစုံယမကာဆိုင်တစ်ဆိုင်မှာ ချိန်းတွေ့ကြတယ်၊ ကျွန်မတို့နည်း



နည်းက,ကြတယ်၊ သူက ကားမောင်းပြီး ပြန်လာတာမှာ ကားဘီးပေါက်ပါလေရော၊ ကျွန်မက ကားထဲကထွက်ပြီး ဟိုဟာဒီဟာဝိုင်းကူလုပ်ပေးနေတယ်…"

"တာယာအသစ်လဲပြီးလို့ သူကားကိုလဲ စက်နှိုးရော လမ်းဆုံမှာ ကားတိုက်သံကြီးလည်း ကြားလိုက်ရတာပဲ၊ ဆီဒင်ကားနက်ကြီးက ဟိုကွေ့ဒီကောက်နဲ့ ဗာမီဆီလို လမ်းအတိုင်း တရကြမ်း မောင်းလာနေတယ်…"

"နောက်က နှစ်ယောက်စီး ဖို့ဒ်ကားကလေးတစ်စီးဟာ လမ်းလုံးပြည့်ဟိုထိုးဒီထိုးနဲ့ ပါလာပြီး ကျွန်မ မော့ကြည့်လိုက်တဲ့အချိန်မှာ ကားကလေးဟာ တယ်လီဖုန်းတိုင်ကို ဝင်တိုက်တော့တာပဲ…"

"အထဲမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက်ပါတယ်၊ ယောကျ်ားက ကားတံခါးနဲ့ ဖုန်းတိုင်အကြားမှာ ညပ်ပြီး ကားမောင်းတဲ့မိန်းမကြီးကတော့ ခေါင်းဆောင့်မိတယ်…

"ဒီမှာတင် မစ္စတာမေဆင်ရယ်၊ ဘွင်းဘွင်းပြောရရင် ငွေရပေါက်ပဲလို့ ကျွန်မက တွက်လိုက်တယ်၊ ဆီဒင်ကားနက်ကြီးက မောင်းပြေးဖို့ လုပ်တာကို မြင်ရတော့ ကျွန်မက မှတ်စုစာအုပ်ကလေးကို ဆွဲထုတ်ပြီး ကားနံပါတ်ကို ကပျာကယာ ရေးချလိုက်တာပေါ့…

"ရဲကို အကြောင်းမကြားဘူးလေ၊ ဆုငွေကြော်ငြာထုတ်မှာကို စောင့်တယ်၊ နောက်ကြော်ငြာတွေကို စောင့်ဖတ်ခဲ့တယ်လေ…

"ဒီမယ် မစ္စတာပယ်ရီမေဆင်၊ ဒီအမှုမှာ ဆရာကြီးကတော့ ပိုက်ဆံအများကြီးရမှာ သေချာတယ်၊ ကျွန်မလည်း ဘာလို့ မရရမှာလဲရှင့်၊ ဆရာကြီးထက် ကျွန်မက ငွေပိုလိုတာပေါ့ ဆရာကြီးရယ်"

မေဆင်က စကားကို ခဏဖြတ်ပြီး ဒယ်လာအား ပေါလ်ဒရိတ်ဖုန်းလှည့်နိုင်း၍ ဆက်မိသောအခါ…

'ပေါလ်ရေဒီမှာ ကားနံပါတ်နောက်တစ်ခု ရနေပြန်ပြီကွ၊ ၄၉ အက္ခ(စ်)ဘု၆ တဲ့၊ အဲဒီကားကို ဘယ်သူပိုင်တယ်၊ ဘယ်လိုအမျိုးအစားဆိုတာ စုံစမ်းပေးစမ်းကွာ'ဟု ပြောလိုက်ပြီး ဖုန်းကို ပြန်တင်လိုက်ကာ မစ္စဘွန်းအား…

"အခုဟာက နောက်တစ်မျိုး တိုးလာတာပဲကွယ့်၊ တို့က တို့လိုချင်တဲ့ကားနံပါတ်ကို ရထားပြီးပြီလို့ ထင်နေခဲ့တာ'ဟု ပြောလိုက်သည်။

"ဒီတော့ ကားနံပါတ်ကို ဆရာကြီးလိုချင်သလား၊ မလိုချင်ဘူးလားဆို

တာသာ ပြောပါ၊ ဒီလူဟာ ကားတိုက်ပြီး မောင်းပြေးတဲ့လူဆိုတော့ အကျဉ်းအကျပ်တော့ တွေ့နေပြီပေါ့၊ ကျွန်မ လုပ်ချင်တယ်ဆိုရင် သူ့ဆီသွားပြီး ညှစ်ထုတ်လိုက်ရင် ဆရာကြီးဆီက ရမည့် ဆုငွေထက် ဆယ်ဆတောင် ရနိုင်ပါသေးတယ်”

“ဒီလိုဆို ဘာလို့ အဲဒီလို မလုပ်တာလဲ”

“အန္တရာယ်မကင်းဘူးရှင့်၊ ငွေညှစ်မှု ဖြစ်နိုင်တယ်၊ ဆရာကြီးကတော့ ရှေ့နေကြီးဆိုတော့ ငွေရဖို့ လုပ်နိုင်တာပေါ့၊ ကျွန်မကတော့ မလုပ်နိုင်ဘူးလေ”

“ဒါဖြင့် ဘယ်လိုလုပ်ချင်သလဲ”

“ဒီလိုလုပ်ပါလေ၊ ဆရာကြီးလက်ထဲမှာ ပုံအပ်ပါမယ်၊ စုံစမ်းကြည့်လို့ ကျေနပ်တဲ့အခါကျတော့မှ ငွေတစ်ရာကို ပေးတာပေါ့၊ မကောင်းဘူးလား”

“ကောင်းပြီလေ၊ မင်းနဲ့ ဆက်သွယ်ဖို့ မင်းလိပ်စာကိုသာ ပေးခဲ့ပါ”

“ဟာ…မဖြစ်ဘူး…မဖြစ်ဘူး၊ ဆရာကြီးဆီကို ကျွန်မက ဆက်သွယ်ပါမယ်၊ ကျွန်မ အတွက် အိမ်ထောင်ရှိတယ်ရှင့်၊ ဆရာကြီးဆီကို ကျွန်မလာတာ သူသိရင်တောင် သူစိတ်ဆိုးမှာ၊ ဩော်… မိန်းကလေးဆိုတာ ဒီလိုပဲ လုပ်ကိုင်စားရတာပဲလေ”

“ဒီလိုဆိုရင် မင်း ဘယ်တော့ ကျုပ်နဲ့ ဆက်သွယ်မလဲ”

“နက်ဖြန် မွန်းမတည့်မီ အဲဒီအချိန်လောက်ဆိုရင် ဆရာကြီးလည်း အကြောင်းစုံကို သိပြီးရောပေါ့၊ ကဲ… ကျွန်မ ပြန်ပါဦးမယ်”

မစွဘွန်း ထွက်သွားပြီးနောက် တယ်လီဖုန်းမြည်လာသည်။ ဖုန်းထဲမှ ဒရိတ်၏ အသံထွက်လာသည်။

“ဒုတိယကားနံပါတ်ရဲ့ ကားပိုင်ရှင်ဟာ ဒန်နီယယ်ကက်ဖီးတဲ့၊ ကားက ပက်ကတ်ဆီဒင်ပဲ၊ လိပ်စာက ဘီချ်နတ်လမ်း၊ အမှတ် ၁၀၁၇၊ သူက ဘယ်လို ပတ်သက်လဲ”

“အာဂျိုင်းကို လေ့လာဖို့ မင့်လူတွေကို လွှတ်ပြီးပြီလား ပေါလ်”

“လေးယောက် လွှတ်ထားပြီးပြီ၊ နောက်ထပ်နှစ်ယောက်ထပ်သွားတယ်၊ ကလပ်မှာ သွားစုံစမ်းလို့ သူ့လူတစ်ယောက်ယောက်က သိသွားပြီး သူ့ကို အကြောင်းကြားရင် ဘယ့်နှယ်လုပ်မလဲ”

‘ကိစ္စမရှိပါဘူး၊ အဲဒီလိုပဲ ဖြစ်စေချင်တာပဲ၊ ကက်ဖီးကို တို့သွားတွေ့



လိုက်ဦးမယ်’ဟု မေဆင်က ပြောပြီး ဖုန်းကို ချကာ ဒယ်လာဘက်သို့ လှည့်၍…

“ကဲ… ဒယ်လာရေ၊ မင်းဦးထုပ်နဲ့ မှတ်စုစာအုပ်ကို ယူကွယ်၊ ပေါလ်က ဒီမှာ သူလုပ်သင့်တာတွေကို ဆက်လုပ်လိမ့်မယ်၊ တို့က ဟိုလူဆီကို သွားလိုက်ကြရအောင်၊ ကဲ…လာ”

▢

## (၇)

ဘိချ်နတ်လမ်းအတိုင်း ကားမောင်းသွားရင်း ဒယ်လာစထရိုက ပြောလိုက်သည်။

"ကလေးမက ဘာလို့ ဒီကိုလာလိုမ့်ရတယ်လို့ ဆရာ ထင်သလဲ"

"ငွေလိုချင်လို့ ဖြစ်မှာပေါ့ကွာ၊ ကားနံပါတ်ကို မှတ်ယူထားလိုက်ပြီး ပထမတော့ ငွေညှစ်ဖို့ သူလုပ်တာပဲ၊ နောက်တော့ အကြောင်းကြောင်းကြောင့် မလုပ်ဖြစ်ဘဲ ဖြစ်သွားတယ်...

"ပြီးတော့ ဆုငွေတစ်ရာ ကြော်ငြာကိုလည်း တွေ့ရပြန်တော့ ဆုငွေကို လက်မလွှတ်ချင်တဲ့စိတ်က ဖြစ်လာတယ်၊ နောက်ပြီး ဒါကလဲ တရားဥပဒေဘောင်အတွင်းက ရမယ့်ငွေ မဟုတ်လား၊ ဒါပေမဲ့လည်းကွယ်၊ ဘယ်လိုပဲ ပြောပြော ကလေးမက အမှန်ကို ပြောတယ်လို့ ဆရာသဘောရမိတယ်..."

"အင်း... ဒါနဲ့ နေဦး ဒယ်လာ၊ အာဂျိုင်းရဲ့ကားကို ဆရာက မျက်မြင် တွေ့ထားရတာကွ၊ ကားနောက်ပိုင်းမှာ တိုက်ရာတွေနဲ့ ပြီးတော့ တာယာအသစ်လည်း တပ်ထားလိုက်တယ်လေ၊ နောက်ပြီး"

'ကားအခိုးခံရတယ်ဆိုတာ ဖြစ်နိုင်တာပေါ့နော် ဆရာ'ဟု ဒယ်လာက ဖြတ်ပြောလိုက်သည်။

"ဒါကတော့ အမှန်ကို သိဖို့ ခဲယဉ်းသားကလား ဒယ်လာ၊ အေးလေ



မကြာခင် အဖြစ်မှန်ပေါ်လာမှာပေါ့၊ ဟော...ဟိုမှာ အိမ်နံပါတ် ၁၀၁၇"

အထက်တန်းလွှာများနေသည့် သပ်ရပ်ကောင်းမွန်သော အခန်းငှား ဂေဟာရှေ့တွင် မေဆင်က ကားကို ရပ်လိုက်သည်။

"အိမ်ထဲကို တောက်လျှောက်ဝင်မလို့လား ဆရာ"

'ဘယ်ဟုတ်ပါ့မလဲ၊ ပထမတော့ လှည့်ပတ်ကြည့်ဦးမယ်လေ၊ မြေညီထပ်မှာ သီးသန့်ကားရုံတွေ ရှိတယ်၊ အစောင့်တော့ ရှိမှာပဲ၊ ဒီမှာ ကားရပ်ပြီး လျှောက်ကြည့်ကြရအောင်'ဟု မေဆင်က ပြောပြီး ဆင်းကြည့်ကြသည်။ လူတစ်ယောက် ကားများကို နေရာချနေသည်။

မေဆင်က နေရာကို လှည့်ပတ်ကြည့်ရင်း 'ဒယ်လာရေ ပက်ကတ် ကားနက်ကြီးကို ရှာကြည့်စမ်း၊ မင်းက ဘယ်ဘက်ကို ကြည့်၊ ဆရာက ညာဘက်ကို ကြည့်မယ်"

ကားရုံစောင့်က 'ဟေး...ဟိုလူတွေ'ဟု လှမ်းအော်လိုက်သည်။

"ဒီမှာဆရာ၊ ဟောဒီ ဘယ်ဘက်မှာ ကားကြီးတစ်စီး"

မေဆင်က ကားနံပါတ်ကို လှမ်းကြည့်လိုက်ပြီး...

"ကဲ... သွားကြည့်ရအောင်၊ ဟိုလူလာရင် ကားကိုရောင်းမယ် ကြားလို့ လာကြည့်တာပါလို့ မင်းကပြော၊ ဆရာက ကားကို စစ်ဆေးကြည့်မယ်"

မေဆင် ကားကို ကြည့်ရင်း ဒယ်လာက သူမှာသည့်အတိုင်း ပြောနေသံကို ကြားနေရသည်။ ကားရုံစောင့် သူ့အနားသို့ ရောက်လာသောအခါ ဒေါ်လာတစ်ဆယ်တန်ကို သူ့လက်ထဲသို့ ထည့်လိုက်ပြီး...

'ဒီမှာ မစ္စတာကက်ဖီးက ကျုပ်မိတ်ဆွေတစ်ယောက်ကို သူ့ကားရောင်းဖို့ ကမ်းလှမ်းတယ်၊ ကျုပ်က အတွင်းကျကျ အသေးစိတ်ကို သိချင်သေးတယ်လေ'ဟု မေဆင်က ပြောလိုက်သည်။

'ဟုတ်တာပေါ့ခင်ဗျာ'ဟု ကားရုံစောင့်၏ လေသံချက်ချင်းပြောင်းသွားပြီး ပြန်၍ပြောသည်။

"ဒါနဲ့ နေပါဦး၊ ကားက စုတ်ပြတ်နေပြီလို့ သိရတယ်'ဟု မေဆင်က သွေးတိုးစမ်းလိုက်သည်။

"ဟာ...မဟုတ်တာဗျာ၊ ကားက သိပ်ကောင်းတာဗျ၊ ကားချင်း နည်းနည်း ပွတ်တိုက်မိလို့ နောက်ရှုံ့ကာ မတ်ကတ်တစ်ဖက် အသစ်လဲရတာပဲ ရှိ

တယ်၊ ဒါတောင် ပြင်လိုက်ရင် ရသားပဲ ဥစ္စာ၊ မစ္စတာကက်ဖီးက အသစ်လဲချင်တယ်ဆိုလို့သာ အသစ်လဲတပ်ရတာပါ၊ သူက ကားကို သိပ်ယုယတာ၊ အမြဲကောင်းနေမှ ကြိုက်တာဗျ"

"ဒီလိုလား၊ ကားတိုက်မှုက ဘယ်တုန်းကဖြစ်တာလဲ"

"အို... မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပါ။ ကားပြန်ရတာလည်း မကြာသေးပါဘူး၊ အာမခံက လူတွေနဲ့တောင် ပြောရဆိုရသေးတယ်၊ ဆေးရှုပ်ထိတာပါ။ အဲ... နောက်ဘက် ဘန်ပါကတော့ ပျက်စီးသွားတယ်၊ အခုတော့ အသစ်လဲတပ်ပြီးပါပြီ"

"နားလည်ပြီ၊ ကျေးဇူးပဲ၊ ကက်ဖီး အခုအိမ်ထဲမှာ ရှိတယ်လို့ ထင်တယ်"

"အို...ဟုတ်ကဲ့၊ ရှိပါတယ်ခင်ဗျား၊ သူ့ကား ဒီမှာရှိရင် သူဒီအိမ်မှာ ရှိတာပဲ၊ သူအပြင်သွားတဲ့အခါ ကားကို သူကိုယ်တိုင် အမြဲမောင်းတယ်"

"အိမ်ထောင်ရှိသလား"

"ဟုတ်ကဲ့၊ သူ့မိန်းမမှာ သူ့ကိုယ်ပိုင် နှစ်ယောက်စီးကားကလေး ရှိတယ်၊ သူက ကားကြီးကို မကြိုက်ဘူး၊ မစ္စတာကက်ဖီးကတော့ ကားကြီးကြီး၊ အားကောင်းကောင်း၊ အပြေးမြန်မြန်၊ အဲဒါမျိုးကိုမှ သူကြိုက်တာ"

"ဟုတ်ပြီ၊ သူ့အခန်းနံပါတ်က ဘယ်လောက်လဲ"

"၂၂ ဘီပါ"

"သူဘယ်လိုလူလဲဆိုတာ ပြောပြနိုင်မလား၊ လူတစ်ယောက်နဲ့ ဆက်ဆံပြီး လုပ်ငန်းလုပ်တဲ့အခါမှာ သူဘယ်လိုလူဆိုတာကို ကျုပ်က သိထားချင်တဲ့ ဝါသနာရှိတယ်လေ"

"အို... ဟုတ်ကဲ့၊ သူက အသက်ငါးဆယ့်ငါးနှစ်လောက်၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ဆေးပြင်းလိပ်ကောင်းကောင်းကို သောက်တယ်၊ ရင်ဖုံးနှစ်ဖက်ပါတဲ့ မွဲပြာရောင် ဝတ်စုံကို အမြဲလိုပဲ ဝတ်တယ်"

မေဆင်သည် ဒယ်လာကို ခေါ်၍ အစောင့်ညွှန်လိုက်သည့် ခြောက်ထပ်တွင်ရှိသည့် အခန်းသို့ ဓာတ်လှေကားဖြင့် တက်သွားသည်။ အခန်းတံခါးဘေးရှိ ကနုကမာဘုကလေးကို နှိပ်ကာ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။ ရင်ဖုံးနှစ်ဖက်ပါ မွဲပြာရောင်ဝတ်စုံနှင့် အသက်ငါးဆယ်ကျော်လောက် လူကြီးတစ်ယောက် ဆေးပြင်းလိပ်ကို ခဲရင်း တံခါးကို လာဖွင့်ပေးသည်။



"မစ္စတာကက်ဖီးပါလား" ဟု မေဆင်က မေးလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျား"

မေဆင်က သူ၏ ကတ်ပြားကလေးကို ထုတ်ပေးလိုက်ပြီး...

"ကျုပ်က ပယ်ရီမေဆင်ပါ၊ ဥပဒေအကျိုးဆောင်ရှေ့နေတစ်ယောက်ပဲ၊ မော်တော်ကားကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ နည်းနည်း ဆွေးနွေးချင်လို့ပါ"

"မော်တော်ကားအကြောင်းဆိုတာက ဘယ်လိုအကြောင်းလဲဗျ"

"ဪ...ဒီလိုပါ၊ လွန်ခဲ့တဲ့ ၃ ရက်နေ့က ခင်ဗျား ကားတိုက်မှုဖြစ်ခဲ့တဲ့အကြောင်းကို နည်းနည်းသိချင်လို့ပါ"

ကက်ဖီး၏ကိုယ်ကြီးမှာ ခဏမျှ တောင့်သွားသည်။ ထို့နောက် နှုတ်ခမ်းများ တုန်လာပြီး ဆေးပြင်းလိပ်ကြီး ပါးစပ်မှ ကျွတ်ကျမတတ် ဖြစ်လာ၍ လက်ဖြင့် ဖမ်းဆွဲထားလိုက်ရပြီးနောက် လည်ချောင်းရှင်းကာ...

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'ဟု မေးလိုက်သည်။

"ကျုပ်ဆိုလိုတာကို ခင်ဗျား သိပါတယ်လေ၊ ဟာစ်ခမန်ရိုပ်သာလမ်းနဲ့ ဗာမီဆီလိုလမ်းဆုံမှာ ခင်ဗျားကားကြီးက နှစ်ယောက်စီး ဖို့ဒ်ကားကလေးကို ဝင်တိုက်ခဲ့တာလေ၊ ခင်ဗျား အရက်နည်းနည်းသောက်ထားတယ်ထင်တယ်..."

"ဒါကြောင့်မို့လို့ အလွတ်ရုန်းပြီး ထွက်ပြေးခဲ့တယ်၊ ဓာတ်တိုင်နဲ့ ရှောင်တဲ့ကားကို လူတွေက အာရုံစိုက်နေတာကို ခင်ဗျားရဲ့ကား နောက်ကြည့်မှန်ထဲက မြင်ရတော့ တရကြမ်းမောင်းပြေးတာလေ"

'အို...ဘုရားရေ၊ ခင်ဗျားမှန်ပါတယ်၊ ဘာလို့များ ကျွန်တော် ဒီလိုလုပ်ခဲ့မိပါလိမ့်'ဟု နှုတ်ခမ်းတုန်တုန်ဖြင့် ညည်းတွားရင်း မျက်နှာပျက်ကာ ကုလားထိုင်ပေါ်သို့ ကက်ဖီးပုံကျသွားသည်။

ဒယ်လာစထရိက လက်ရေးတို မှတ်စုစာအုပ်ကို ထုတ်ပြီး ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဒူးများပေါ်တွင် စာအုပ်ကို တင်၍ ထွက်ဆိုချက်ကို လိုက်၍ ရေးမှတ်ရန် အသင့်ပြင်လိုက်သည်။

'ဒါဖြင့် ခင်ဗျားဖြောင့်ချက်ပေးတယ်ပေါ့'ဟု မေဆင်က မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဖြောင့်ချက်ပေးပါတယ်၊ ခင်ဗျားက ခိုင်ခိုင်မာမာမိသွားပြီကိုးဗျ၊ ကားပျက်စီးသွားရုံပဲလို့ ဟိုတုန်းက ထင်ခဲ့တာ၊ ဒါနဲ့ ပြောစမ်းပါဦး မစ္စတာမေဆင်၊ တစ်ယောက်ယောက်များ ထိခိုက်သွားသေးသလား"

"နှစ်ယောက်တောင် ထိခိုက်သွားတယ်၊ ကားမောင်းတဲ့ အဘွားကြီးက စိတ်ချောက်ချားသွားတယ်၊ သူ့သားက ခါးကျိုးသွားတယ်၊ ကားတံခါးပွင့်ထွက်ပြီး ဓာတ်တိုင်နဲ့ ကားကြားမှာ သူက ညပ်သွားတယ်၊ ခေါင်းကြေပြီး မသေတာ ကံကောင်းပဲ"

"ခင်ဗျားက အမှန်ကို သိသွားပြီဆိုတော့ ဒီဒဏ်ကို ကျွန်တော်ခံဖို့ ကတိပြုပါတယ်။ တစ်ယောက်ယောက် ထိခိုက်သွားတယ်လို့ ဟိုတုန်းက ကျွန်တော် မထင်မိဘူး၊ ပစ္စည်းသာ ပျက်စီးခဲ့တယ်၊ လျော်ပေးမယ်လို့ ကြိုးစားခဲ့တယ်... ကျွန်တော်ဟာ သတ္တိကြောင်တဲ့လူပါပဲဗျာ၊ တော်တော်များများကလေး ကျွန်တော် သောက်မိခဲ့တယ်လေ၊ အိမ်ပြန်နောက်ကျနေလို့ မိန်းမ မျှော်နေမှာမို့ အလောသုံးဆယ်မောင်းလာနေတုန်း ရှေ့ကားကို လွတ်မယ်ထင်တာနဲ့ ကျော်တက်လိုက်တာ မလွတ်ဘဲ သူ့ရဲ့ရှေ့ဘန်ပါနဲ့ ကျွန်တော်ရဲ့ကားနောက်ဘန်ပါ ချိတ်မိပြီး ဟိုကားကလေးဟာ ဓာတ်တိုင်နဲ့ ပြေးတိုက်တော့တာပဲ..."

"ပထမတော့ ရပ်ဖို့ စဉ်းစားပါသေးတယ်၊ နောက်တော့ ခင်ဗျားပြောသလိုပဲ လူတွေဟာ အတိုက်ခံရတဲ့ကားဆီကို အားလုံးပြေးကြတာကိုလည်း ကျွန်တော့်ကားမှန်ထဲကနေပြီး မြင်ရတာရော၊ ရှေ့မှာ လမ်းကလည်း ရှင်းရှင်းနဲ့ မီးပွိုင့်ကလည်း တော်တော် ခပ်ဝေးဝေးရောက်အောင် မရှိသေးတာကိုလည်း သိတာနဲ့ ဆက်ပြီး မောင်းလိုက်တာပဲ မစ္စတာမေဆင်ရေ..."

"ကျွန်တော့်ကားကို ဘယ်သူမှ မမှတ်မိလိုက်ဘူးလို့လည်း ထင်တယ်လေ၊ ပြီးတော့ ကားက ထိခိုက်မိတာကလည်း နည်းနည်းပါးပါးပဲဆိုပါတော့၊ ကျွန်တော်သာ ဒီလောက်များများသောက်မထားမိခဲ့ရင်လည်း ဒီလိုစဉ်းစားမိမှာ မဟုတ်ပါဘူး"

"အဲဒါက ဘယ်အချိန်လဲ"

၅ နာရီကျော်ကျော်ကလေးလောက်လို့ ကျွန်တော်မှန်းတယ် မစ္စတာမေဆင်"

"ဘယ်နေရာမှာလဲ"

"ဟစ်ခမန်ရိပ်သာလမ်းနဲ့ ဗာမီဆီလိုလမ်းဆုံတည့်တည့်မှာလေ၊ ကျွန်တော်က ဗာမီဆီလိုလမ်းမကြီးအတိုင်း အရှေ့ဘက်ဆီကို အပြင်းမောင်းနေတယ်"

လက်ရေးတိုနှင့် အမြန်လိုက်ရေးနေသည့် ဒယ်လာအား မေဆင်က



လှမ်းကြည့်ပြီး...

'နေ့ကတော့ ဘယ်နေ့လဲ'ဟု မစ္စတာကက်ဖီးအား မေးလိုက်သည်။

"ဒီလဆန်း ၃ ရက်နေ့ကပါ မစ္စတာမေဆင်၊ ကျွန်တော့်အခြေဟာ မလှဘူးဆိုတာကို ကျွန်တော် သိပါတယ်...

"ဒါပေမဲ့ ပြေလည်အောင် လုပ်ကြရအောင်ဗျာ၊ အာမခံထားတာ ရှိပါတယ်၊ ကျေနပ်လောက်အောင် သူတို့လျော်ကြေးပေးကြပါလိမ့်မယ်၊ အဲဒီအပေါ်မှာ ထပ်ဆင့်ပြီး ကျွန်တော်ပိုင် ငွေထဲကနေ ခင်ဗျား အမှုသည်တွေအတွက် ဒေါ်လာတစ်သောင်း ချက်လက်မှတ်ရေးပေးပါမယ်..."

"ဥပဒေအရ ပြောရမယ်ဆိုရင် ကျွန်တော်ဟာ တိုက်ပြီး ပြေးတဲ့လူဖြစ်နေတော့ ကျသမျှဒဏ်ကို ခံရမှာပါပဲ၊ ကျွန်တော့်မိန်းမ မသိစေရအောင် ကျွန်တော်တို့လုပ်ကြရအောင်ဗျာ"

"ခင်ဗျားမိန်းမ အခု အိမ်မှာရှိသလား"

"မရှိဘူးဗျ၊ နောက် နာရီဝက်လောက်ကြာမှ ရောက်လာလိမ့်မယ်ထင်တယ်"

"ခင်ဗျား အခုပြောပြခဲ့တဲ့အကြောင်းကို ခပ်တိုတို ရေးချဗျာ၊ နောက်ပြီး လက်မှတ်ထိုး၊ ရောဘတ်အယ်လ်ဖင့်ချ်လေကို ပေးရန်လို့ ဖော်ပြပြီး ဒေါ်လာတစ်သောင်းတန် ချက်လက်မှတ်တစ်ခု ရေးဗျာ"

"ဟိုတိုက်ပြီးပြေးတဲ့ အမှုကိစ္စအတွက်ကတော့ ရဲနဲ့ပဲ ရှင်းရလိမ့်မယ်၊ အခြေအနေ အရပ်ရပ်အရရယ်၊ နစ်နာကြေးပေးတာရယ်ကို ထောက်ထားပြီး အပြစ်ဒဏ်က ဆိုင်းငံ့ပြစ်ဒဏ်လောက်ပဲ ခင်ဗျားရမယ်လို့ မှန်းတယ်၊ ခင်ဗျားတို့နေနေတုန်း ကျုပ် ဖုန်းပြောလို့ရမလား"

"ရပါတယ်ခင်ဗျာ၊ ဟောဟိုစားပွဲပေါ်မှာ ရှိပါတယ်"

မေဆင်က ဒရိတ်၏ ရုံးခန်းသို့ ဖုန်းဆက်လိုက်သည်။

"ပေါလ်ရေ၊ ဟိုအာဂျိုင်းကိစ္စက အများကြီးပဲကွ၊ မင်းလူတွေကို ပြန်သိမ်းလိုက်တော့"

"ဘယ်က အများကြီးလဲဗျ၊ အားကားကလပ်တံခါးစောင့်ဆီက စာနဲ့ရေးထက်မှတ်ထိုးတဲ့ ဝန်ခံချက်ကို ကျွန်တော့်လူတွေ ရထားတယ်ဗျ၊ တံခါးစောင့်က ပြောတယ်၊ အာဂျိုင်းဟာ ညခုနစ်နာရီလောက်မှာ အငှားယာဉ်နဲ့ ရောက်

လာတယ်တဲ့၊ သူ တုန်တုန်ယင်ယင်ဖြစ်နေပုံလည်း ရတယ်တဲ့…

"သူရဲ့ကား အခိုးခံရတဲ့အကြောင်း ရဲကိုတိုင်မယ်ဆိုတဲ့အကြောင်း နောက်ပြီး နေ့လယ်မွန်းတည့်လောက်ကတည်းက ကလပ်မှာ သူရှိနေပါတယ် ဆိုတဲ့အကြောင်း ပြောဖို့ တံခါးစောင့်ကို အာဂျိုင်းက ဒေါ်လာတစ်ရာပေးတယ်တဲ့…"

"အမှုကို ထိမ်ချန်ထားရင် အချုပ်ခန်းထဲ ရောက်လိမ့်မယ်လို့သာ မခြောက်ရင် ဟိုငနဲက ဖွင့်ပြောမှာ မဟုတ်ဘူးတဲ့ဗျ"

မေဆင်က ငြိမ်နေသည်။

နားထောင်နေသေးသလားဟု မေးပြီး ဒရိတ်က ဆက်၍ပြောသည်။

"အာဂျိုင်းရဲ့ မိန်းမဟာ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက သူ့ကို ပစ်သွားတယ်တဲ့၊ သူ့မှာ စီးပွားဖက်အပေါင်းအသင်းနှစ်ယောက် ရှိတယ်၊ ဒဝ်ဒလီဂိတ်ဆိုတဲ့ လူနဲ့ ရှော့စ်ပီဟိုလစ္စတာဆိုတဲ့လူပဲ…

"သူ့မိန်းမထွက်သွားကတည်းက သူ့အိမ်ကြီးထဲမှာ တစ်ယောက်တည် နေခဲ့တာ၊ ယာဉ်မောင်းတစ်ယောက်နဲ့ နေ့ခင်းပိုင်းမှာ အလုပ်လာလုပ်တဲ့ အစေ မိန်းမကြီးတစ်ယောက် အဖော်ရှိတယ်…

"ကလပ်မှာတော့ အာဂျိုင်းကို တော်တော်အထင်ကြီးကြတယ်၊ မြော ပိုင်းမှာ ရေနံရှာရာမှာ အောင်မြင်နေတယ်လို့ ယူဆကြတယ်၊ သူဟာ အရ ပဲ သောက်နေတာပဲတဲ့၊ တံခါးစောင့်ကို ငွေတစ်ရာပေးတုန်းကလည်း သူ နေတယ်တဲ့၊ ကဲ… ဒီပြင် ဘာလိုသေးသလဲ ပယ်ရီ၊ သူဟာ ခင်ဗျားအလိုရှိ လူပဲဗျ"

"သူမဟုတ်နိုင်ဘူး"

"ဩော်… သူ့ရှေ့မှာ ဖွင့်မပြောကောင်းတဲ့ လူတစ်ယောက်ယော ခင်ဗျားအနားမှာ ရှိနေတယ်ထင်တယ်။ ဟုတ်တယ် အဲဒီလူဟာ ဘယ်သူပဲဖြစ်ဖြ ပေါ့ဗျာ၊ သူက ခင်ဗျားဦးနှောက် လည်သွားအောင်တော့ မလုပ်စေနဲ့ဗျာ–နော အာဂျိုင်းသာ ခင်ဗျားအလိုရှိတဲ့ လူပဲဗျ"

'ယောဒီမှာလဲ စာနဲ့ ရေးပြီး ဖြောင့်ချက်ပေးတဲ့အပြင် ဒေါ်လာတစ်သော တန် ချက်လည်း ရေးပေးပြီးပြီကွ'ဟု မေဆင်က အသံခပ်အုပ်အုပ်ဖြင့် ပြော လျှင် ဖုန်းကို ချိတ်လိုက်သည်။

❑

(၈)

ဘိချ်နတ်လမ်းအတိုင်း ကားကို မောင်းလာရင်း မေဆင်က ဒယ်လာအား ပြောလိုက်သည်။

"ဒယ်လာရေ၊ မင့်ကို ကက်တာလိန်းဟိုတယ်အထိ ပို့ပေးမယ်၊ အဲဒီက နေပြီး အငှားယာဉ်နဲ့ မင်း ရုံးကို သွားပြီး ဆရာ့ကို စောင့်နေ၊ အဖြစ်အပျက် ကို ဒရိတ်ကို ပြောပြ၊ ဆရာ အာဂျိုင်းနဲ့ သွားပြီး စကားပြောလိုက်ဦးမယ်၊ နောက်ပြီး တောင်ပွန်ဒိုလာရိပ်သာလမ်း လူစီဆီကို သွားမယ်"

"သတိထားပါ ဆရာ၊ အားလုံးဟာ ထောင်ကွက်ဆင်ကွက်တွေလို့ င်တယ်"

"အေး… တစ်ယောက်ယောက်ကတော့ လှည့်ပတ်ကစားနေပြီ၊ ဘယ် ဆိုတာကို ဆရာ သိချင်တယ်"

မေဆင်က စကားမပြောဘဲ ကက်တာလိန်းဟိုတယ်သို့ ကားကို မြန်မောင်းသည်။

'ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပေါလ်ကို ကျွန်မ ပြောပြရမယ်၊ နောက်ပြီး န်းကို ပြန်ရမယ်ပေါ့နော်'ဟု ဒယ်လာက မေးသည်။

"မှန်တယ်"

"ကျွန်မ ဟိုက စောင့်နေမယ်၊ အောင်မြင်ပါစေ' ဟု ပြောပြီး ဒယ်လာ

စထရီကားထဲမှ ခုန်ဆင်းလိုက်သည်။

"ခက်တာပဲ၊ တို့ဘက်က ကံကို မလိုက်ပါဘူး၊ ယာဉ်တိုက်မှုက တစ်မှုတည်း။ တိုက်ပြေးတဲ့ ယာဉ်မောင်းက နှစ်ယောက်ဖြစ်နေပြီ'ဟု မေဆင်က ပြုံးပြီး ညည်းတွားလိုက်သည်။

အာကျိုင်း၏အိမ်သို့ မေဆင် ရောက်သွားသောအခါ ဖြူကားကြီးလည်း မရှိတော့ချေ။

လူခေါ်ခေါင်းလောင်းကို တီးတော့လည်း ထူးမည့်သူ မရှိတော့ချေ။

မေဆင်သည် ကားပေါ် ပြန်တက်ပြီး တောင်ဂွန်ဒိုလာလမ်းရှိ လူစီဘာတန်၏ အိမ်သို့ မောင်းသွားပြီး အိမ်၏ နောက်ဘက်သို့ လှည့်၍ စစ်ဆေးကြည့်ရာ နံပါတ် ၂၀၈ နှင့် ကားရုံကို တွေ့ရသည်။

လမ်းကို ဖြတ်ကူးပြီး ဆေးဆိုင်မှနေ၍ သူ၏ ရုံးသို့ ဖုန်းဆက်ကာ သူ ဘယ်မှာ ရောက်နေကြောင်း ဒယ်လာအား ပြောပြလိုက်ရာ၊ ဒယ်လာက ရုံးမှာ အာကျိုင်း လာစောင့်နေကြောင်း၊ နေမထိ ထိုင်မသာ ဖြစ်နေပုံရကြောင်း ပြန်ပြော၍ သူသိရသဖြင့်...

'ဘယ်လိုဖြစ်နေတာလဲ'ဟု မေဆင်က မေးလိုက်သည်။

"နေမထိ ထိုင်မသာ ဖြစ်နေပုံရတယ် ဆရာ"

"သူရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ဆရာနဲ့ သူ စကားပြောပြီးနောက် ချက်ချင်းထွက်လာခဲ့တာပဲလို့ ပြောတယ်၊ တစ်ခုခုအတွက် သိပ်စိုးရိမ်နေပုံရတယ်၊ ဆရာလာတုန်းက လွတ်လွတ်လပ်လပ် ပြောခွင့်မရလို့ ဆရာနဲ့တွေ့ဖို့ သူ သိပ်စိတ်စောနေတယ်လို့ ပြောတယ်ဆရာ"

"ဟိုတုန်းက သူ့ယာဉ်မောင်းရှိနေလို့ ဖြစ်မယ်ထင်တယ်"

"အဲဒီတုန်းက သူက ဘာလို့ နှင်မပစ်ပါလိမ့် ဆရာ"

"မသိဘူးလေ၊ ဘယ်လိုဆက်စပ်မှုရှိမှန်းမှ မသိဘဲ"

"ကျွန်မ ဝင်လာတုန်းက ဖြူကားထဲက ယာဉ်မောင်းနေရာမှာ သူ့ယာဉ်မောင်း ထိုင်နေတာကို တွေ့တယ်၊ နောက်ခဏကြာတော့ မစ္စတာအာကျိုင်း အောက်ဆင်းသွားပြီး စောင့်ဖို့မလိုတော့ဘူးလို့ ယာဉ်မောင်းကို သွားပြောတယ်...



"ဆရာ ဘယ်တော့ပြန်လာမှန်း မသိဘူးလို့ ကျွန်မက ပြောတော့ ဘယ်လောက်ပဲကြာကြာ ဆရာလာတဲ့အထိ စောင့်မယ်လို့ သူက ပြောတယ်"

'ကောင်းပြီ၊ ဆရာလာခဲ့မယ်၊ သူပြန်မသွားစေနဲ့ဦး'ဟု ပြောပြီး ဖုန်းကို ချလိုက်သည်။

ထို့နောက် လမ်းကို မေဆင် ဖြတ်ကူးသည်။ ပါလာသည့် သော့ဖြင့် အခန်းငှားဂေဟာ အဝင်ဝတံခါးကို ဖွင့်၍ ဝင်ပြီး အခန်းနံပါတ် ၂၀၈ သို့ အမြန်သွားလိုက်သည်။

တံခါးခေါက်သည်၊ ပြန်ထူးသံ မကြားရ။

ဟိုဟိုသည်သည်ကြည့်ပြီးလျှင် အခန်းတံခါးကို သော့ဖြင့် ဖွင့်ပြီး အထဲသို့ ဝင်သည်။ မီးများ လင်းနေသည်။ စာရေးစားပွဲ ပွင့်နေသည်။ မှတ်စုစာအုပ်နှင့် သေနတ်မရှိတော့ချေ။

မေဆင်သည် အိပ်ခန်းဘက်သို့ ခြေလှမ်းနှစ်လှမ်း ပြန်ဆုတ်ပြီး ရပ်လိုက်သည်။

ဟနေသော တံခါးမှနေ၍ အိပ်ခန်းကို ကျော်ပြီး ရေချိုးခန်းကို သူရပ်နေသည့် နေရာမှ မြင်နိုင်သည်။

လိုက်ကာနောက်ကွယ် ရေချိုးဇလုံထဲတွင် မိန်းမပျိုတစ်ယောက် ရပ်နေသည်။ ရေပန်းကို ပိတ်ပြီးခါစပုံ ဖြစ်သည်။

ရေချိုးဇလုံဘေးရှိ ကြွေရည်သုတ်ခုံကလေးပေါ်တွင် ခြောက်လုံးပြူး တစ်လက် တင်ထားသည်။

ရေစိုနေသော လက်တစ်ခုက သေနတ်ကို ဖမ်းဆွဲလိုက်သည်။

မေဆင် ကွယ်နေလိုက်သည်။

'ဟဲလို အိမ်ရှင်တို့ ရှိပါသလား'ဟု မေဆင်က အော်မေးသည်။

"ဘယ်သူလဲဟင်၊ ဘယ်သူလဲ"

"ဟဲလို ပယ်ရီမေဆင်ပါ"

"အို...ရှင်တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ကျွန်မ ရေချိုးနေတယ်၊ ရှင် ဘယ်လိုလုပ် ဝင်သလဲ"

"ကျုပ်ခေါင်းလောင်းတီးပါတယ်၊ ထူးမယ့်လူမရှိလို့ တံခါးကို တွန်း

ကြည့်တော့ ပွင့်သွားတာနဲ့ ဝင်ခဲ့တာပဲ"

"တံခါးချက်ကလည်း တစ်ခါတလေ မမိဘူးရှင့်၊ အေးအေးလူလူ ထိုင်ပါ မစ္စတာမေဆင်၊ တံခါးကလေးတော့ တစ်ဆိတ်ပိတ်လိုက်ပါလားရှင်၊ ကျွန်မ အမြင်မတော် ဖြစ်နေလို့ပါ"

"မင်းနဲ့ ချက်ချင်းတွေ့ရမှ ဖြစ်မယ်ကွဲ့"

'ချက်ချင်းကြီးတော့ မလုပ်ပါနဲ့ရှင်'ဟု သူမက ရယ်၍ ပြောလိုက်သည်။

"အချိန် သိပ်မရှိဘူးကွဲ့"

"အမယ်လေး...စိတ်က တယ်တိုတာကိုး၊ အပြင်တံခါးကလေးကို တစ်ဆိတ်ပိတ်လိုက်ပါလား မစ္စတာမေဆင်၊ ပြီးတော့ သော့လည်း ခတ်လိုက်ပါနော်၊ အိပ်ခန်းတံခါးကိုလည်း ပိတ်ပါ၊ အဝတ်ကလေး ကပျာကယာကောက်စွပ်ပြီး ကျွန်မ ရှင်နဲ့ ချက်ချင်း လာတွေ့ပါမယ်"

များမကြာမီ အိမ်ဝတ်အိမ်စားကို ဝတ်ပြီး ပြုံး၍ သူမထွက်လာရာ မေဆင်က ထရပ်ပြီး သူမအား သူ့ဆီသို့ ဆွဲယူလိုက်ကာ လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဖက်လိုက်သည်။

"ဟင်...မစ္စတာမေဆင်၊ ရှင် ဒီလိုလုပ်လိမ့်မယ်လို့ ကျွန်မ မမျှော်လင့်မိခဲ့ဘူး"

မေဆင် လက်များကို ရုပ်လိုက်သည်။

"အလို...ဆရာကြီးကလည်း အလာကြီးပါကလား"

"ချော်မတွေးလိုက်ပါနဲ့ အမိ၊ အခုအချိန်ကလေးမှာတော့ ကျုပ်က သေနတ်ကို စမ်းရှာတာပါကွယ်၊ ဘယ်မှာ ထားခဲ့သလဲ ပြောစမ်း"

"ကျွန်မ အိပ်ခန်းထဲက လက်ကိုင်အိတ်ထဲမှာပါ"

"တို့သွားကြည့်ရအောင်"

"ကျွန်မ သွားယူလိုက်ပါမယ်"

"အို... တို့နှစ်ယောက် သွားယူမယ်ကွာ"

"ဘယ်လိုဖြစ်နေတာလဲ မစ္စတာမေဆင်၊ ကျွန်မကို မယုံကြည်ဘူးလား"

"ဟုတ်တယ်၊ မယုံဘူး"

"ဘယ်လိုများ ဖြစ်လာတာလဲ မစ္စတာမေဆင်"



"ကျုပ် သတိရှိပြီး သတိထားတတ်လာတာပါ။ ဒါပါပဲ"

"ဟာ...အဲဒါပေါ့၊ ကျွန်မနဲ့ ပတ်သက်ပြီး အာသာကိုးလ်ဆန်က ပြောတာ၊ ကျွန်မဟာ သတိရှိလွန်း သတိထားလွန်းတယ်တဲ့"

"ဒီအပြောမျိုးဟာ မင်းတို့စကားပြောရင်းက ဘယ်လိုဘယ်ပုံ ပေါ်ပေါက်လာတာလဲ"

သူမက ရယ်၍ အိပ်ခန်းထဲသို့ ရှေ့မှ ဝင်သွားရင်း...

"တကယ်ပါ မစ္စတာမေဆင်၊ ဒါကတော့ ပြောရိုးပြောစဉ် စကားထဲမှာတော့ မဟုတ်ပါဘူး"

အိပ်ရာကို ကျော်ပြီး လက်ကိုင်အိတ်ဆီသို့ သူမ လက်လှမ်းလိုက်သည်။ မေဆင်က အိတ်ကို ဦးအောင်ဆွဲယူလိုက်သည်။

"မစ္စတာမေဆင်ရယ်၊ သေနတ်ကိုတော့ ယူမသွားပါနဲ့ရှင်နော်"

"သေနတ်က မင်းအတွက် ဘာလုပ်ဖို့လဲ"

"အကာအကွယ်အတွက်ပေါ့ရှင်"

လက်ကိုင်အိတ်ထဲမှ သေနတ်ကို မေဆင် ဆွဲယူလိုက်ပြီးနောက်၊ ကျည်ဆန်များကို ထုတ်ယူကာ ကျည်ဆန်များကို သူ၏ အိတ်ထဲကို ထည့်လိုက်ပြီး သေနတ်ကို လက်ကိုင်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"ဟာ...မစ္စတာမေဆင်၊ ဒီလိုမလုပ်နဲ့လေ"

"ကိုင်း...တို့စကားပြောရအောင်"

"အခု ကျွန်မတို့ စကားပြောနေကြတာပဲ မဟုတ်လား၊ ရှင်ကသာ နားမထောင်တာ"

"ဒီသေနတ်ကို မင်း ဘယ်ကရသလဲ"

"အို... တစ်ယောက်ယောက်က ပေးတာပေါ့ရှင့်"

"ဘယ်သူက ပေးတာလဲ"

"မစ္စတာဟိုလစ္စတာ...ဟာ မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ မပြောနိုင်ဘူး၊ ကျေးဇူးပြုပြီး ကျွန်မကို မမေးပါနဲ့ရှင်"

"မင်း ရထားတာ ဘယ်လောက်ကြာပြီလဲ"

"ရက်သတ္တနှစ်ပတ် သုံးပတ်လောက် ရှိပါပြီ"

"မင်းဟာ သေနတ်ကို လိုလိမ့်မယ်လို့ ဟိုလစ္စတာက ဘာလို့ထင်ရ

တာလဲ”

“ဒါလား၊ ဒါက ရှင့်ကို ကျွန်မ မပြောနိုင်တဲ့ကိစ္စတစ်ခုပဲ မစ္စတာမေဆင်”

“တချို့ကိစ္စတွေကို တို့ ပထမ ရှင်းကြရအောင်လား၊ ဒီမှာ လူစီ၊ ကျုပ်အပေါ်မှာ တစ်ယောက်ယောက်က လှည့်တာ ကျုပ်မကြိုက်ဘူး၊ မင်းပြောတော့ မင်းဟာ ဟိုလစ္စတာနဲ့ စေ့စပ်ထားတယ်ဆို”

“ဟုတ်တယ်လေ၊ ကျွန်မတို့ လက်ထပ်ကြမလို့ပဲ”

“အခု သူဘယ်မှာလဲ”

“အခုလောလောဆယ် အချိန်ကလေးမှာလား”

“ဟုတ်တယ်”

“ကျွန်မ မသိဘူး၊ ပြည်နယ်မြောက်ပိုင်း တစ်နေရာရာမှာပဲ”

“သူ ဘယ်မှာဆိုတာ မင်းမသိဘူးလား၊ မင့်ဆီကို သူဖုန်းမဆက်ဘူးလား”

“မဆက်ဘူးရှင့်၊ ဒီလိုလေ ရေးကျတဲ့ ဒီလိုအခန်းငှားဂေဟာမျိုးမှာ တယ်လီဖုန်းမရှိဘူး မစ္စတာမေဆင်၊ စာတော့ သူရေးမှာပါ။ အခုလောက်ဆိုရင် ရောက်လာမလားပဲ”

“မင်း သူ့ကို ချစ်တယ်လား”

“ဘယ်လိုလဲ မစ္စတာမေဆင်ရယ်၊ သူများတကာရဲ့ ကိုယ်ရေးကိစ္စတွေမှာ ဘာလို့များ ဝင်ပြီး စပ်စုချင်ရတာလဲ”

“မင်းအကြောင်းရယ်၊ နောက်ပြီး ဖြစ်ပျက်နေတဲ့ အကြောင်းတချို့ရယ်ကို ကျုပ် သိချင်လို့ပေါ့ကွယ်”

“မစ္စတာဟိုလစ္စတာဟာ လူကြီးလူကောင်းတစ်ယောက်ပါ။ သူ့ကို ကျွန်မ လေးစားတယ်၊ ရေနံတူးဖော်ရေးအလုပ်တွေကို သူလုပ်နေတယ်လေ၊ အလုပ်ကိစ္စနဲ့ တစ်ခါတစ်ခါ တစ်ပတ်နှစ်ပတ် တခြားသွားနေရပြီး မြို့မှာ တစ်လလောက် ပြန်နေတတ်တယ်”

“ဒီတော့ သူမရှိတဲ့အချိန်မှာ မင်းက အာသာကိုးလ်ဆန်နဲ့ တွဲနေတာပေါ့၊ ဟုတ်စ”

“အမယ်လေး မစ္စတာမေဆင်ရယ်၊ ဒီလိုမဟုတ်ရပါဘူးရှင်၊ အာသာဟာ လုပ်ငန်းလုပ်ဖက် ပါတနာပါ။ ရှင်က ဘာလို့ ဒီလောက်သိချင်နေရတာလဲ”



“ဘာလို့လဲဆိုတော့ ကျုပ်နဲ့ ပတ်သက်နေလို့ပဲ၊ ဘာတွေဖြစ်နေတယ်ဆိုတာကို သိချင်တယ်။ ဒီလူနဲ့ ပတ်သက်ရင် မင်းသိတာထက် ပိုမယ်လို့ ကျုပ်ထင်တယ်၊ ဒါမှမဟုတ်ရင်လည်း မင်းက ကျုပ်ကို တစ်ပတ်ရိုက်ဖို့ လုပ်နေတာဖြစ်ရမယ်”

“လုပ်ပြန်ပြီ မစ္စတာမေဆင်၊ ရှင်ဘာတွေ လျှောက်ပြောနေမှန်းတောင် ကျွန်မ မသိတော့ဘူး၊ မနက်က ရှင်တစ်ကြိမ်လာကတည်းက တော်တော်ကို မွှေမွှေလီလီလုပ်သွားတယ်...”

“ကျွန်မလေ ကျွန်မရဲ့ အရင်ယောကျ်ား ဝီလ်ဘာတန်နဲ့ ဆက်သွယ်ပြီး ထောက်ပံ့ကြေးငွေကိစ္စကို ရှင်က ဝင်ပြီး စေ့စပ်ပေးစေချင်နေတာ...”

“အဲဒီလိုလုပ်စေချင်တဲ့အပေါ်မှာ အခွင့်ကောင်းယူပြီးတော့ မဟုတ်မဟတ် စွပ်စွဲတာတွေ ဘာတွေကို မလုပ်စေချင်ဘူးရှင်၊ တကယ်ပါ၊ ရိုးရိုးပြောတာပါ၊ ရှင့်ကို ကျွန်မ လေးစားပါတယ်”

“ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ အာသာကိုးလ်ဆန်ရဲ့အကြောင်းကို ပိုပြီး စုံစုံလင်လင်ကလေး ပြောပေါ့၊ အလုပ်ကိစ္စအကြောင်းကို မဟုတ်ဘူးနော်”

“ဘုရားရေ၊ သူက မိတ်ဆွေတစ်ယောက်အနေနဲ့ ရိုးရိုးပါ။ ကျွန်မနဲ့ထက် အန်နီတာနဲ့ ပိုပြီး ရင်းနှီးပါတယ်”

“အန်နီတာဆိုတာက ဘယ်သူလဲ၊ သူ့ပုံပန်းကို ပြောပြစမ်းပါ”

“အန်နီတာရော့ဒန်ပါတဲ့၊ ကျွန်မသိတဲ့ မိန်းကလေးတစ်ယောက်ပါ။ သေးသေးသွယ်သွယ်၊ မျက်လုံးနက်နက်၊ ဆံပင်နက်နက်၊ သပ်သပ်ရပ်ရပ် ဝတ်တတ်စားတတ်တယ်”

“ဒါလောက်သိရရင် တော်ပါပြီ၊ ကဲ... အာသာကိုးလ်ဆန်အကြောင်းကို ပြန်ဆက်ပြောစမ်းပါဦး၊ မင်း သူနဲ့ သိတာ ဘယ်လောက်ကြာပြီလဲ”

“သိပ်မကြာသေးပါဘူး၊ သူက စက်ကိရိယာကလေးတွေ ဘာကလေးတွေကို တီထွင်တဲ့လူပါ။ တံခါးအလိုအလျောက် ပွင့်စေတဲ့ ကိရိယာတို့လိုဟာမျိုး ဆိုပါတော့၊ စဉ်းစားရသမျှကို အိမ်ပြန်ရောက်တော့ အချက်အလက်တွေ ထုတ်ပြီး လက်နှိပ်စက်နဲ့ ရိုက်တော့တာပဲ”

“ဒီလိုဆို မင်းသူနဲ့ ဘာပတ်သက်စရာရှိလို့တုန်း”

"သူ့ကို ကျွန်မက အရင်းအနှီးထုတ်ပေးနေတယ်"

"ဘာဖြစ်လို့"

"သူ့အလုပ်က အကျိုးဖြစ်ထွန်းမယ်ထင်လို့လေ"

"သူတစ်ခါတစ်ခါ ဒီမှာလာပြီး သန်းခေါင်ကျော်အောင် နေတတ်တာ ပေါ့နော်"

"မစ္စတာဟိုလစ္စတာ ဒီမှာမရှိတဲ့အခါမှာတော့ ကျွန်မ၊ အို... အာသာ လေ စိတ်အားငယ်ပြီး တစ်ကောင်ကြွက်ဖြစ်တယ်၊ အနားယူ အပန်းဖြေဖို့ တစ်ပတ်မှာ သူတစ်ရက်လောက် နေ့အားယူတယ်၊ ညနေဘက်တွေမှာ သူ့ကို အနားယူစေချင်တယ်၊ သူက ဟိုလိုဒီလို နေတတ်တဲ့ လူမဟုတ်ဘူးရှင့်၊ ငေး နေတွေး နေတာပဲ၊ တစ်ခါတစ်ခါ ငြီးငွေ့ဖို့တောင် ကောင်းတယ်"

"ဒါပေမယ့် သူက အန်နီတာ ကျော်ဒန်ကိုတော့ ကြိုက်တတ်တယ် နော်"

"ဟုတ်ကဲ့"

"အန်နီတာကလဲ သူ့ကို ကြိုက်တယ်ပေါ့"

"ထင်တာပဲ၊ အန်နီတာဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ ဘဝလုံခြုံ ရေးကို လိုချင်တယ်၊ တစ်ယောက်ယောက်နဲ့ လက်ထပ်ပြီး အိမ်ထောင်သည်ဘဝ နဲ့ အခြေချချင်တယ်...

"အိမ်ထောင်ပြုတာဟာ ဘဝလုံခြုံရေးရတာ မဟုတ်ဘူးလို့ ကျွန်မက ပြောပြဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် သူနားဝင်အောင် မတတ်နိုင်ဘူး"

"ဟုတ်တာပေါ့၊ ကဲ...ဒီမှာ လူစီ၊ မင်းလိုမှတာ ဖြီးတာတွေ ဘေးဖယ် ထားပြီး သေနတ်ကို ဘယ်သူဝယ်ပေးတယ်ဆိုတာကို ပြောရင် မကောင်းဘူး လား"

"ဒီမှာ မစ္စတာမေဆင်၊ ရှင်ဟာလေ ဒီသေနတ်ကိုပဲ အရေးတကြီး လုပ်နေတယ်လို့ ကျွန်မ ထင်တယ်"

"ဟော့...ဒီမယ်၊ အမျိုးသမီးတစ်ယောက်ဟာ ရေချိုးဇလုံနားက ခုံမှာ သေနတ်ကို တင်ထားပြီးမှ ရေချိုးရတယ်ဆိုတော့ သေနတ်ကို အရေးတကြီး ထားနေတဲ့လူဟာ ဘယ်သူလဲဆိုရင် သူပဲလို့ သဘောရတယ်"

"ကျွန်မကို တစ်ယောက်ယောက်က သတ်မယ်လို့ ကြိမ်းတယ်၊



အာသာလည်း ကြောက်တယ်၊ ကျွန်မလည်း ကြောက်တာပဲ"

"တစ်ယောက်ယောက်လို့ ဆိုတာက ဘယ်သူလဲ"

"ပြောလည်း သူ့ကို ရှင်သိမှာမှ မဟုတ်တာ"

"ဒီလို တစ်ထစ်ချ မပြောနဲ့ဦးလေ၊ ကျုပ်က လူတော်တော်များများနဲ့ ဆက်ဆံနေတဲ့လူပဲ၊ သူ့နာမည်က ဘယ်သူတဲ့"

"ဟတ်ဝဲလ်အယ်လ်ပစ်တကင်တဲ့၊ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ ကျွန်မက ငယ်သေးတော့ မှားလို့ သူ့ကို ယူမိခဲ့တာ..."

"အဲဒီတုန်းက ကျွန်မဟာ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတော့ ယောကျ်ား တွေအကြောင်း ကောင်းကောင်းမသိသေးဘူးပေါ့ရှင်၊ သူ့ကို အထင်ကြီးမိတယ်။ မြို့ကလေးတစ်မြို့မှာ ကျွန်မအဖေနဲ့ နေခဲ့ရတယ်၊ နောက်ပြီး..."

"မင်းတို့ ဘယ်လောက်ကြာကြာပေါင်းလိုက်ရသလဲ"

"နှစ်နှစ် သုံးနှစ်ပါ"

"နောက်ပြီး ဘာဖြစ်သလဲ"

"ကျွန်မ ထွက်ပြေးတယ်"

"ကွာတာ ရှင်းတာ မဟုတ်ဘူးလား"

"နောက်တော့လုပ်ပါတယ်၊ ဒါပေမယ့် သူ့ဆီက ထွက်လာတုန်းက တော့ ကျွန်မ ထွက်ကို ပြေးတာရှင့်"

"တခြားယောကျ်ားတစ်ယောက်နဲ့ဆိုပါတော့"

"ဟုတ်ကဲ့ပါတဲ့ရှင်၊ ဆရာကြီးက တယ်ပြီး တဲ့တိုးကျတာကိုး"

"ဒီတော့ ဘာဖြစ်သလဲ"

"ကျွန်မတို့နှစ်ယောက်ကို ဟတ်ဝဲလ်က တွေ့ရာသင်္ချိုင်း ဓားမဆိုင်း ပေါ့။ ကျွန်မကို သူရှာမတွေ့ဘူး၊ ဘယ်တော့မှလည်း တွေ့မှာမဟုတ်ဘူး၊ ကျွန်မ နာမည်ပြောင်းတယ်...

"ပြီးတော့ ရီနိုးမြို့မှာ သွားပြီး လုပ်တော့ ကွာရှင်းခွင့်ရတယ်၊ ကျွန်မ ရဲ့နောက်လူက စစ်ထဲမှာ ကျဆုံးသွားတယ်၊ သူ့ကို ကျွန်မ ချစ်တယ်"

"နောက်တော့ကော"

"အဲဒီနောက်လူက အသက်အာမခံထားပေးခဲ့တယ်လေ၊ နောက်တော့ အဲ...ကျွန်မ ဝီလ်ဘာတန်နဲ့ လက်ထပ်ပါတယ်"

"ကောင်းပြီ၊ ဟတ်ဝဲလ်ပစ်တကင်အကြောင်း ထပ်ပြောပါဦး"

"ဟို သူ...သူလေ၊ ကျွန်မ ဒီမြို့ထဲမှာ ရှိတာကို သိသွားတယ်။ ဘယ်မှာနေတယ်ဆိုတာတော့ မသိသေးဘူး"

"သူ အခု ဒီမြို့မှာ ရှိသလား"

"ဟုတ်ပါတယ်"

"ဘယ်မှာလဲ၊ ဘာလုပ်နေသလဲ"

"အနောက် ကာဆီနိုလမ်း၊ အမှတ် ၉၈၃၊ စတက်ဖင်အာဂျိုင်းဆိုတဲ့ လူ့အိမ်မှာ အလုပ်လုပ်တယ်၊ သူနေတဲ့ နေရာကို ကျွန်မ သိတယ်ဆိုတာကို သူက မသိဘူး...

"ခက်တာက မစ္စတာမေဆင်ရယ်၊ ရော့စ်ဟိုလစ္စတာဟာ ဒီအာဂျိုင်းဆိုတဲ့ လူနဲ့ ကလပ်တစ်ခုတည်းရဲ့ မင်းဘားအချင်းချင်း ဖြစ်နေတယ်လေ၊ ဖဲအတူကစား၊ အတူသောက်၊ အတူ ဘာညာလုပ်ပေါ့ရှင်"

"ကဲ... အခု ကျွန်မရဲ့ အကြပ်အတည်းကို ရှင်သဘောပေါက်ရောပေါ့။ ရော့စ်ဟိုလစ္စတာနဲ့ လက်ထပ်လိုက်ပြီးရင်တောင် ဘာမှ ပြေလည်သွားမှာ မဟုတ်ဘူး။ ရှင်ပဲ စဉ်းစားကြည့်တော့လေ..."

"သူ့မိတ်ဆွေရဲ့ ယာဉ်မောင်းရဲ့ မယားဟောင်းနဲ့ လက်ထပ်မိတယ်လို့ တွေးမိရင် ရော့စ်လိုလူမျိုးအတွက် ဘယ်လိုနေမလဲ၊ ရော့စ်သိက္ခာကျမယ်၊ သူ့မိတ်ဆွေတွေက ပြောင်ကြ၊ လှောင်ကြ၊ ရယ်ကြမယ်...

"နောက်ပြီး ဟတ်ဝဲလ်ပစ်တကင်ကလည်း သိပ်သဝန်ကြောင်တာရှင့်၊ အို...မစ္စတာမေဆင်ရယ်၊ အရှုပ်တော်ပုံကြီးပါရှင်၊ အရှုပ်တော်ပုံကြီးပါ"

'ကျုပ်သဘောပေါက်ပါပြီကွယ်'ဟု မေဆင်က ပြောပြီးလျှင် သူမအား အိပ်ခန်းတံခါးဆီသို့ တွန်းသွားကာ ဆက်၍...

"ကဲ...အဝတ်အစားကလေး ဘာကလေးလဲဦး၊ တို့ ဟိုဟိုဒီဒီလျှောက်သွားရအောင်"

"ရှင် ဘာလို့ ဒီလောက်တောင် ပြတ်ပြတ်တောင်းတောင်း နိုင်နေရတာလဲ"

"ကျုပ်ကို မင်းရှောင်လွဲဖို့ လုပ်နေလို့ပေါ့ကွဲ့"

"မလုပ်ပါဘူးရှင်"



"ဒီပရိဘောဂတွေဟာ ဟိုအရင်အိမ်ထောင်က ကျန်ရစ်ခဲ့တာလား"

"ကြုံကြုံဖန်ဖန်၊ ဒီအခန်းက နဂိုကတည်းက ပရိဘောဂအစုံအလင် ပြင်ဆင်မွမ်းမံထားပြီးသားရှင့်"

"အို... ဒီလိုလား၊ အရှေ့တိုင်းဖြစ် ကော်ဇောတွေ၊ ရှေးက စာရေးစားပွဲတွေကို ထားပေးတယ်နော်၊ နောက်ပြီး"

"ကဲပါရှင်၊ သိချင်တယ်ဆိုရင်လည်း ဒါတွေအကြောင်းကို ကျွန်မ ပြောပြပါ့မယ်။ ဒီလိုရှင့် ရော့စ်ဟိုလစ္စတာက ပစ္စည်းကောင်းတွေကို ခုံမင်တယ်၊ ကျွန်မတို့လက်ထပ်ပြီးရင် ဆန်တာဒဲလ်ဘားရာမြို့မှာ အခြေချဖို့ ရည်ရွယ်တယ်...

"ဒါပေမဲ့ ဒီကိုလည်း လက်မလွှတ်ချင်ဘူး၊ သူက အိမ်တွင်း မွမ်းမံမှုမှာ ပါရဂူရှင့်၊ ဟိုကပို့သမျှကို ဒီကို ယူလာခဲ့တယ်..."

"ပမာဆိုရင် ဟိုကော်ဇောလေးဟာ တနင်္ဂနွေနေ့ကပဲ ရောက်လာတယ်၊ ဟိုလူစ္စတာရဲ့အိမ်က မစပ်စု ဘဏ္ဍာစိုးမကြီးကတောင် ကျွန်မဆီကို ဟိုအရှေ့တိုင်းကော်ဇော ရောက်နေပြီလားလို့ ဆက်ပြီး မေးသေးတယ်၊ သူ့အပူကျနေတာပဲ..."

"သူဟာ နေ့လယ်ဘက် အလုပ်လာလုပ်ပြီး ညနေ ၄ နာရီခွဲမှာ သူ့အိမ်ကို ပြန်တယ်၊ ရော့စ်က အပြင်ဆိုင်မှာပဲ စားသောက်တယ်..."

"ဒါပေမဲ့ အချိန်ပြည့်လုပ်သလိုပဲ အဓော်ကြီးကို လုပ်ပေးပါတယ်။ ကျွန်မတစ်ခုပြောလိုက်မယ်၊ ကျွန်မတို့ လက်ထပ်ပြီးရင်တော့ ဒီဟာမကြီးဟာ တစ်ခါတည်း အိမ်က သွားရတော့မှာပဲ"

"မင့်ဆီကို ဆက်ပြီး သူက ဘာလို့ မေးရတာလဲ၊ ရော့စ်ကိုတော့ ဘာလို့မမေးသလဲ"

"ရော့စ်က တနင်္လာနေ့ညနေ ၆ နာရီမှာ ဆန်တာဒဲလ်ဘားရာက ထွက်သွားတယ်လေ၊ ဘူမိဗေဒပညာရှင်ဆီက လျှို့ဝှက်အစီရင်ခံစာရထားလို့ အဲဒီမြေကွက်ကို ဈေး ကျိတ်ပြီး ဝယ်ဖို့မလို့လေ၊ ပြီးတော့ သူ"

'တော်လောက်ပါပြီလေ၊ နောက်မှ ဆက်ကြသေးတာပေါ့၊ အခုတော့ အပြင်သွားဖို့ အဝတ်လဲမှာသာလဲပါ'ဟု မေဆင်က ဖြတ်ပြောလိုက်သည်။

❐

## (၉)

မေဆင်နှင့် လူစီတို့သည် လေကားမှအတူဆင်းကြသည်။

“ကျွန်မတို့ ဘယ်သွားမယ်ဆိုတာ ရှင်ပြော’ဟု ပြောနေရင်းမှ သူမ ရုတ်ခြည်းရပ်လိုက်သည်။

‘ဘာဖြစ်ရတာလဲကွယ်’ဟု မေဆင်က မေးသည်။

“ဟိုမှာ ကျွန်မကားပါလား”

“ဘယ်မှာလဲ”

“ဟောဟိုက ဆီဒင်လေ”

“သေချာလို့လား”

“သေတော့ မသေချာဘူး၊ ကျွန်မကားနဲ့တော့ တူတာပဲ”

“နေစမ်းပါဦး၊ ဘယ်ကားဟာလဲ”

“လမ်းရဲ့ဟိုဘက်မှာလေ၊ လမ်းကြားကလေးနားမှာ ကပ်ရပ်ထားတဲ့ဟာ၊ ညိုပြာရောင် ဖျော့ဖျော့ဆီဒင်၊ ဘီးတွေက အနီရောင်၊ တာယာဘေးသားတွေက အဖြူရောင်ဆေးသုတ်ထားတယ်”

“ကဲ...ဒါဖြင့် မင်းကား ဟုတ်မဟုတ် သွားကြည့်ကြတာပေါ့”

သူတို့လမ်းကို ကူးသွားကြသည်။

“အမယ်လေး၊ ဟုတ်ပါသတဲ့ရှင်၊ ကျွန်မကားမှ ကျွန်မကား အစစ်ပါ။



သော့တန်းလန်းနဲ့ပါလား”

“အရင်က သော့တန်းလန်းနဲ့ မင်း ဒီလိုပဲ ထားဖူးသလား”

“ကားရုံထဲမှာဆိုရင် ထားဖူးပါတယ်၊ အပြင်မှာဆိုရင်တော့ အမြဲဖြုတ်ထားပါတယ်”

“ကားကို ဒီနေ့ မင်းအသုံးမပြုရသေးဘူးပေါ့”

“ဟင့်အင်း”

“ဒါဖြင့် ကျူပ်ရုံးကို မင်း ဘယ်လိုလာသလဲ”

“အာသာရဲ့ကားနဲ့ပါ”

“ကဲ...မင်း ဘာလုပ်ချင်သလဲ၊ ဒီလိုပဲ ထားခဲ့မလား၊ ဒါမှမဟုတ်...”

“ကားရုံထဲကို သွင်းချင်ပါတယ်”

ကားထဲဝင်ထိုင်ပြီး သူမက စက်နှိုးလိုက်သည်။ စက်နှိုးပြီး ရှေ့ကို နည်းနည်းဆောင့်ထွက်သွားပြီးနောက် အင်ဂျင်စက်က ဗုန်းဒိုင်းနှင့် မြည်သွားသည်။ ထို့နောက် ဆက်၍ ခုန်ထွက်သွားသည်။ ဗုန်းဒိုင်း ဗုန်းဒိုင်းနှင့် မြည်သွားပြန်သည်။

‘ကားရုံကို သွားပြီး ကျုပ်က တံခါးဖွင့်ထားနှင့်မယ်၊ စက်တစ်ခုခု ဖြစ်နေတာတော့ သေချာတယ်’ဟု မေဆင်က ပြောသည်။

“ဟုတ်တယ်၊ တစ်ယောက်ယောက် လက်ကမြင်းထားပြီ ထင်တယ်၊ အာသာကတော့ ကောင်းကောင်းပြင်တတ်တယ်၊ ဝါယာကြိုးအသစ်တွေ သူလဲ တပ်မလို့ပဲ၊ ဘာများ သူလုပ်ထားသလဲ မသိဘူး၊ စက်က အရင်က အကောင်းပါ၊ ဝါယာတွေကသာ ဟောင်းနေတာပါ”

“ဝါယာသွယ်တာများ လွဲနေသလားမှ မသိတာ၊ ကားရုံထဲရောက်တော့မှ နည်းနည်းဖွင့်ပြုကြည့်သေးတာပေါ့”

မေဆင်သည် လမ်းကို ဖြတ်ကူးပြီး လမ်းကြားကလေးအတိုင်း တက်သွားသည်။

သူ၏ နောက်မှ တဗုန်းဗုန်းတဒိုင်းဒိုင်းနှင့် မြည်ပြီး ကားလိုက်လာနေသံကို ကြားရသည်။ မကြာမီ ကားရုံတံခါးကို ကားရှေ့မီးကြီးများဖြင့် တည့်တည့်ထိုးလာသည်။ မေဆင်က ယာဘက်တံခါးတစ်ခြမ်းကို ဆွဲဖွင့်ပြီး ဝဲဘက်တံခါးတစ်ခြမ်း၏ ချက်ကို ဖြုတ်ရန် အတွင်းသို့ ခေါင်းလျှိုလိုက်ရာ လမ်းခုလတ်

တွင် တန်းလန်းကြီး ဖြန်းခနဲ ရပ်သွားသည်။

လူစီဘာတန်၏ ကားမှ ထိုးလိုက်သော အလင်းရောင်တန်းထဲတွင် ကားရှံကြမ်းပြင်ပေါ်၌ စနစ်စနစ်ကြီးဖြစ်နေသော ခြေထောက်နှစ်ချောင်း ပေါ်လာသည်။ လူ၏ခန္ဓာကိုယ်၏ ကျန်အစိတ်အပိုင်းကို တံခါးရိပ်က ဖုံးကွယ်ထားသည်။

ဖြန်းခနဲ ကားစက်သံနေးသွားပြီး ရုတ်ခြည်းပင် ဗုန်းဒိုင်းဟု မြည်ကာ စက်ရပ်သွားသည်။

ကားပေါ်မှ လူစီဘာတန် ပြေးဆင်းလာပြီး…

'ဟိုဟာ ဘာကြီးလဲဟင်၊ ဟိုမှာ ဘယ်သူလဲ'ဟု မဆောင်အား ဒရောသောပါး မေးလိုက်သည်။

'အိပ်ပျော်နေတာလား၊ ဒါမှမဟုတ် အရက်မူးပြီး လဲနေတာလား၊ ဒါမှမဟုတ်ရင်တော့ သေနေတဲ့ပုံပဲ၊ ဝင်ကြည့်ကြရင် ကောင်းမယ်'ဟု မဆောင်က အကြံပြုလိုက်သည်။

အထိန်းချိန်းကြိုးကို ဖြုတ်၍ တံခါးကို နည်းနည်းဟလိုက်ရာ ဦးခေါင်းတွင် သေနတ်မှန်ထားသည့်ဒဏ်ရာမှ စီးထွက်ကျသော သွေးအိုင်ရဲရဲမှာ ကားရှေ့မီးရောင်ထဲတွင် ထင်းခနဲ ပေါ်လာသဖြင့် မဆောင် တုံ့ခနဲ ဖြစ်သွားသည်။

'သေနေပုံရတယ်'ဟု မဆောင်က ပြောလိုက်သည်။

လူစီသည် ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး ချက်ချင်းနောက်သို့ ပြန်၍ဆုတ်လိုက်ကာ သက်ပြင်းရှူသွင်းလိုက်သည်။

"ဘယ်လိုအကွက်မျိုးကို ဆင်လိုက်တာလဲရှင်၊ ရှင် ဘာတွေလုပ်နေတာလဲ၊ ကျွန်မအပေါ်မှာ ဘယ်လို မကောင်းကြံလိုက်တာလဲ"

လူသေ၏ ရုပ်လက္ခဏာကို မြင်သာအောင် မဆောင်က ခြေတစ်လှမ်းနောက်ရွှေ့လိုက်ပြီး…

'အလိုကွယ်…လူစီ ပြောင်းပြန်ဖြစ်နေပြီ ထင်တယ်၊ မေးရမှာအကျုပ်ပါကွဲ့၊ ကိုယ့်ကို မင်း ဘယ်လို ထောင်ချောက်ဆင်ဖို့ လုပ်လိုက်တာလဲ ဟင်'ဟု ပြန်ပြောလိုက်သည်။

"ကျွန်မ အားလုံး သိပါပြီ၊ လက်စသတ်တော့ ဒီသေနတ်တို့ ကားတို့ ကားရုံဆိုတာဟာတွေ အင်း…ဒါကြောင့် ကျွန်မကို ရှင်က ဒီကားရုံထဲကို



ဝင်စေချင်တာကိုး"

မဆောင်က မျက်မှောင်ကြုတ်ပြီး ဆိတ်ဆိတ်နေလိုက်သည်။ လူစီဘာတန်၏ ပြောပြချက်အရ သူမ၏ ပထမလင်ယောကျ်ားဖြစ်သည့် ဟတ်ဝဲလ်ပစ်တကင်၏ အလောင်းကို ငုံ့ကြည့်နေလိုက်သည်။ ကောင်းကောင်းကြီး သေနေသည်မှာ သေချာသည်။

လူစီသည် အလောင်းကို ကြည့်လိုက်ရာတွင် ချက်ချင်းမှတ်မိ၍ 'အလိုလေး…ဘုရားရေ'ဟု မြည်တမ်းကာ လဲပြိုမကျစေရန် မဆောင်၏ ပခုံးကိုဖက်၍ မှီတွဲနေလိုက်ရသည်။

□

# (၁၀)

မဆောင်က စ၍ စကားပြောလိုက်သည်။

"လူစီ...ရဲကို မင်းအကြောင်းကြားရလိမ့်မယ်"

လူစီက ထိတ်လန့်ပြီး မသက်သာသော မျက်လုံးများနှင့် သူ့အားကြည့်ရင်း မတုန်မလှုပ်ရပ်နေသည်။

"ကဲ...ဒီမှာ လူစီ၊ ရဲကို မင်းပြောပြတဲ့အခါမှာ မင်းဇာတ်ကြောင်းကို ကျုပ်ကို ပြောပြတာထက် နည်းနည်း ပိုပြီး ပြေလည်အောင် ပြောရလိမ့်မယ်၊ ရဲတွေရဲ့ အမြင်ဘက်ကနေပြီး ကြည့်ရအောင်..."

"အခု ဒီမှာ သေနေတဲ့လူဟာ မင်းရဲ့ ဘဝတစ်သက်တာ မျှော်မှန်းတောင့်တထားတာနဲ့ မင်းရဲ့အကြားမှာ ကန့်လန့်ကန့်လန့်ဖြစ်နေခဲ့တယ်၊ မင်းဟာ ရော့စ်ဟိုလစ္စတာလိုလူမျိုးနဲ့ လက်ထပ်ဖို့အခွင့်အလမ်းရတယ်..."

"ပစ်တကင်အသက်ရှင်နေသရွေ့ မင်းလက်မထပ်နိုင်ဘူး၊ သူသေတာက မင်းလက်ထပ်ရေး ဆက်လုပ်ဖို့အတွက် လမ်းရှင်းသွားတာပဲ၊ ဒီတော့ ဘာလို့ ဇဝေဇဝါကြောင်ပတ်တွေ လျှောက်လုပ်နေတာလဲ"

"ဒီကိစ္စမှာ ကျွန်မ...ကျွန်မတာဝန်မကင်းဘူးလို့ ဘာလို့ စောင်းပါးရိပ်ခြည်လုပ်ပြီး ပြောနေရတာလဲ"

"ကျုပ်က မပြောရပါဘူးဗျာ၊ ရဲကသာ ပြောမှာပါ"



"အို...ကျွန်မကိုက ဒီလိုတွေ ဘာပြုလို့ လာဖြစ်ရပါလိမ့်မလဲနော်"

"မင်း ဘာမှမဖြစ်သေးပါဘူးလေ၊ ပစ်တကင်သာ ဖြစ်တာပါ။ ကဲ... ကားမီးကို ပိတ်ထားခဲ့၊ လာ ဖုန်းနဲ့ ရဲကို အကြောင်းကြား၊ ဒီပြင် ဘာမှ မလုပ်နဲ့"ဟု ပြောကာ မဆောင်က သူမ၏လက်ကိုဆွဲ၍ အိမ်သို့ ခေါ်သွားသည်။

"ရှင်လဲ ကျွန်မနဲ့အတူ နေဦးမယ် မဟုတ်လား"

"ဟာ...မနေနိုင်ဘူး"

"ကျွန်မတို့ အလောင်းကိုတွေ့တော့ ကျွန်မနဲ့အတူ ရှင်ရှိနေတယ်ဆိုတာကို ရဲတွေကို ကျွန်မ ပြောရလိမ့်မယ်"

"မှန်တယ်၊ အလောင်းကို တွေ့တဲ့အခါတုန်းကလေ၊ ကဲ...သွားပြီး ဖုန်းဆက်"

ဖုန်းအိမ်ကလေးရှိရာသို့ သူမ လျှောက်အသွားတွင် တစ်ချက် ပြန်လှည့်ကြည့်ပြီးမှ ဆက်၍လျှောက်သည်။

ဖုန်းထဲသို့ သူမ ငွေအကြွေထည့်၍ လှည့်သည်ကို စောင့်ကြည့်ပြီးနောက်မှ သူ၏ကားဆီသို့ မဆောင် ထွက်ခဲ့သည်။

ထို့နောက် ဆေးဆိုင်တစ်ခုသို့ သွားပြီးလျှင် သူ၏ရုံးခန်းသို့ ဖုန်းဆက်လိုက်သည်။

"ဒယ်လာလားဟေ့၊ အာကျိုင်းရှိနေတုန်းပဲလား"

"ဖုန်းဆက်ဖို့ သူထွက်သွားတာ ပြန်မလာဘူး၊ ငါးမိနစ်လောက် ရှိသွားပြီ"

"မင်း ရုံးလာတုန်းက သူ့ရဲ့ ဖြူကားနဲ့ ယာဉ်မောင်းရပ်စောင့်နေတာကို မင်း တွေ့သလား"

"ဟုတ်ကဲ့၊ တွေ့တယ်"

"ဘယ်အချိန်လောက်ကလဲ"

"ငါးနာရီထိုးသာသာ၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပါ"

"အာကျိုင်းရဲ့ကားမှန်း မင်း ဘယ်လိုလုပ်သိသလဲ"

သူမ ရယ်ပြီး 'ကားနံပါတ်ကို ကျွန်မ သတိပြုမိလို့ပါ။ ဒီအမှုက ကားနံပါတ်တွေကို ပြူးကြည့်တဲ့အကျင့်ဖြစ်အောင် လုပ်ပေးတယ်လေ ဆရာရဲ့'ဟု ဒယ်လာက ပြန်ဖြေလိုက်သည်။

"ဒါဖြင့် လွန်ခဲ့တဲ့ ငါးမိနစ်လောက် မတိုင်ခင်အထိတော့ အာဂျိုင်းဟာ တစ်ချိန်လုံးအပေါ်မှာ ရှိနေခဲ့တာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မဝင်လာပြီးတာနဲ့ သူအောက်ဆင်းသွားပြီး ယာဉ်မောင်းကို ပြန်လွှတ်လိုက်တယ်၊ နောက်ပြီး ချက်ချင်း ပြန်တက်လာတယ်"

"သူ ဘယ်လောက်ကြာအောင် သွားနေခဲ့သလဲ"

"နှစ်မိနစ်သာသာထက် မများပါဘူး၊ ဘာကြောင့်လဲဆရာ"

"ဖုန်းနဲ့ အကြောင်းစုံ မပြောနိုင်ဘူး ဒယ်လာ၊ အာဂျိုင်း ဒီတစ်ခါ ပြန်လာရင် သူ့ကို ပြန်ပစေတော့၊ ဆရာ ဒီညပြန်မလာဘူးလို့ ပြောလိုက်၊ ဒါပါပဲ၊ နောက်မှ မင်းနဲ့တွေ့မယ်"

□

## (၁၁)

ဒယ်လာစထရီက 'ဘုရားရေ...ဘာလို့များ ဒီလောက် အလောတကြီး ဖြစ်လာရတာလဲ ဆရာရယ်'ဟု အထိတ်တလန့်ဆီး၍ မေးလိုက်သည်။

"အာဂျိုင်း ဘယ်မှာလဲဟင်၊ အာဂျိုင်းဘယ်မှာလဲ၊ သူ့ကို မင်းနှင်လွှတ်လိုက်ပြီလား"

"နှင်ဖို့တောင် မလိုပါဘူး ဆရာရယ်၊ ဖုန်းဆက်ဦးမယ် ပြောပြီး ထွက်သွားကတည်းက တစ်ခါကည်း ပေါ်ကိုမလာတော့ဘူး၊ ဘာတွေများ အထိတ်တလန့်ဖြစ်လာရတာလဲ"

ယာဉ်မောင်းသည် ဟတ်ဝဲလ်ပစ်တကင် ဖြစ်ကြောင်းမှ စ၍ လူစီဘာတန် ပြောပြသည်များကို ဒယ်လာအား ပြန်လည် ဖောက်သည်ချပြီးနောက်...

"အာဂျိုင်းက ပစ်တကင်ကို ပြန်လွှတ်လိုက်တယ်၊ ဒီအချိန်မှာ ဆရာက အာဂျိုင်းအိမ်ကို သွားတယ်၊ ဒါနဲ့ပဲ ပစ်တကင်ဟာ လူစီဘာတန်အိမ်ကို တောက်လျှောက်သွားပုံရတယ်..."

"အခု သူ့ရဲ့အလောင်းဟာ လူစီရဲ့ ကားရုံထဲမှာ ရှိနေတယ်။ နဖူးမှာ သေနတ်ဒဏ်ရာနဲ့ အခြေအနေကို ကြည့်ရတာဖြင့် သူ အခု ရှိနေတဲ့ လူစီရဲ့ ကားရုံထဲမှာပဲ သူ သေနတ်နဲ့ အပစ်ခံရပုံရတယ်"

"ဆရာ၊ ဟို...အဲ...လူစီဘာတန်ဘက်က အမှုလိုက်မလို့လား"

"တစ်သက်လုံး မလိုက်ဘူးဟော့ ဒယ်လာ"

'ကောင်းပါလေ့ ဆရာရယ်'ဟု ပြောသည်။ သူမ၏ အသံတွင် ယခုမှ စိုးရိမ်ပူပန်မှု အပူလုံးကြီး ကျသွားပုံပေါ်သည်။

"ဒီမှာ ဒယ်လာ၊ ဆရာတို့ရဲတွေနဲ့ ပြောရဆိုရတဲ့အခါမှာ ဆရာက အားလုံးကို ဘွင်းဘွင်းပဲ ပြောမှာပဲ၊ လူစီဘာတန်ဟာ အမှုသည် မဟုတ်ဘူးပေါ့..."

"အဲ...ရဲတွေကို အမှန်အတိုင်း ပြောဖို့ကိုတော့ လူစီကို ဆရာ အကြံပေးခဲ့တယ်၊ ဆရာလည်း အကုန်လုံးကို အမှန်အတိုင်းပဲ ဖွင့်ပြောမယ်"

"သော့တွေအကြောင်းတို့၊ သူ့အိမ်မှာ ဆရာသွားရှာတဲ့အကြောင်းတို့ ဘာတို့ အားလုံးကို ပြောမှာပဲလား"

"အို...အားလုံးမှ အားလုံးကွယ်၊ ကဲ...ကြော်ငြာအတွက် ရထားတဲ့ ပြန်စာတွေကို ထုတ်လိုက်၊ ရော့...ဒီမှာ သော့တွေ ဒယ်လာ၊ အဲဒါတွေကို ဆိုင်ရာအိတ်ထဲ ပြန်ထည့်ထားလိုက်..."

"ဒီမှာ ဒယ်လာ၊ ဆရာဟာ အကျဉ်းအကျပ်နဲ့ တွေ့နိုင်တယ်၊ အဲဒီအထဲက ဆရာရုန်းထွက်ချင်တယ်"

"ရဲတွေ ဒီကို ဘယ်တော့လာမှာလဲ"

"ဒါကတော့ အခြေအနေပေါ်မှာ မူတည်တယ်"

"ဘယ်လိုအခြေအနေပေါ်မှာလဲ"

"လူစီဘာတန်ကို သူတို့ဘာတွေ ဘယ်လောက်စစ်ကြ မေးကြတယ်ဆိုတဲ့အပေါ်မှာပေါ့ကွယ်၊ ကဲ...ဒါတွေထားပါဦး၊ တို့ ညစာသွားစားပြီး ဗိုက်ဖြည့်ထားရအောင်..."

"နောက်မှ ပြန်လာပြီး ရဲတွေအလာကို စောင့်တာပေါ့၊ ဒီအတောအတွင်းမှာ ပေါလ်ဒရိတ်ကို လိုတာကလေးတွေ အလုပ်ခိုင်းထားရဦးမယ်"

ဒရိတ်၏ ရုံးခန်းသို့ မေဆင် ဖုန်းဆက်သည်။

"ပေါလ်ရေ... အပြေးအလွှား မင်းလုပ်ရမယ့် အလုပ်ကလေးတစ်ခု ရှိနေတယ်၊ ဆမစ်အင်ဝက်ဆင် ပျိုင့်သုံးရှစ် ခြောက်လုံးပြူးအမှတ် အက်စ် ၆၅၀၈ နဲ့ ပတ်သက်ပြီး စုံစမ်းစေချင်တယ်။

"ဘယ်တုန်းက ရောင်းလိုက်တယ်၊ ဘယ်သူဝယ်သွားတယ်၊ အို...ရနိုင်



သမျှ အစုံပေါ့ကွာ၊ နောက်ပြီးတော့ အာကျိုင်းရဲ့ ယာဉ်မောင်း ဟတ်ဝဲလ်ပစ်တကင်နဲ့ ဖတ်သက်တဲ့အကြောင်းကိုလည်း စုံစမ်းပေးစေချင်သေးတယ်"

"သေနတ်အကြောင်းက ဘာလုပ်ဖို့လဲ"

'ဒီလိုလေ ကိုယ့်လူရဲ့...တစ်ယောက်ယောက်က ပယ်ရီမေဆင်ကို အမှု ပတ်အောင် အကွက်ဆင်ထားပုံရလို့ပဲ၊ ကဲ...စုံစမ်းပြီး သတင်းပို့ကွာ၊ ဒယ်လာနဲ့ ကိုယ်တို့ အပြင်သွားပြီး ညစာစားလိုက်ဦးမယ်၊ ပြန်လာရင် ရုံးမှာ ရဲတွေ စောင့်နေမလား မသိဘူး၊ အခု ဘာမှမသိချင်စမ်းပါနဲ့ဦးကွာ'ဟု မေဆင်က ပြောပြီး ဖြတ်လိုက်သည်။

ရဲတွေလာခဲ့လျှင် သူတို့ ပြန်လာမည်ကို သိစေခြင်းငှာ သူတို့၏ ကားကို ထားခဲ့ပြီး အငှားကားဖြင့် သွားကြသည်။

ညစာစားပြီးနောက် သူတို့ ပြန်လာသောအခါ ညဘက် စောင့်ရေကား မောင်းသမား ဆမ်အား သူတို့ကို လာရှာသူ ရှိမရှိ မေဆင်က မေးကြည့်သည်။

လာရှာသူမရှိကြောင်း သိပြီးနောက် အပေါ်ထပ်သို့ ရောက်သောအခါ...

'ပေါလ်ဒရိတ်ရဲ့ ရုံးခန်းထဲ ဝင်ကြည့်ရကောင်းမလားပဲ ဒယ်လာရေ'ဟု မေဆင်က ပြောပြီး အခန်းတွင်းသို့ ဝင်သွားရာ ပေါလ်ကို အဆင်သင့်တွေ့ရ၍...

'ဘာသတင်းတွေများရသလဲကွ' ဟု မေဆင်က မေးလိုက်သည်။

"သေနတ်နဲ့ ပတ်သက်လို့ သိရတာ ရှိတယ်၊ အစုရှယ်ယာပွဲစားတစ်ယောက်က ဝယ်သွားပြီး မိုင် တစ်ရာသုံးဆယ်လောက်ဝေးတဲ့ တောင်ပေါ်အေသက ရပ်ရှင်းခရိမာကင်တိုင် ကုမ္ပဏီ.က လူကို တစ်ဆင့်ရောင်းလိုက်တယ်တဲ့၊ နောက် အဲဒီလူက ဘယ်သူ့ကို ပြန်ရောင်းလိုက်တယ်လို့တော့ မသိသေးဘူး၊ ဖုန်းဆက်လို့လည်း မရဘူး"

"ထားပါတော့လေ၊ အဲဒါနဲ့ ပတ်သက်လို့တော့ သိချင်သေးတယ်၊ ရပ်ရှင်းခရိတဲ့လား၊ ဟိုအနားယူစခန်းနဲ့ သစ်ခုတ်တဲ့ ရွာကလေးလေ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ငါးမျှားဖို့လည်း သွားကြတယ်၊ တောင်တွေကြားက ခရော်ပွဲစားထွက်ဖို့နဲ့ စခန်းချဖို့ကောင်းတဲ့ နေရာဘက်ကို ထွက်ပေါက်ပဲပေါ့"

"ကောင်းပြီလေ၊ ဆက်စုံစမ်းပါဦး၊ အာကျိုင်းနဲ့ သူ့ယာဉ်မောင်းအကြောင်းကိုကော ထပ်သိရသေးသလား"

"အာကျိုင်းအိမ်က မှောင်ချထားတယ်၊ လူနှစ်ယောက်ကို စောင့်ကြည့်ခိုင်းထားတယ်၊ ယာဉ်မောင်းရဲ့ နောက်ကြောင်းကို ကျွန်တော်တို့ လိုက်နေတယ်။"

'ကောင်းပြီလေ၊ ဆက်လုပ်ပါ'ဟု မေဆင်က ပြောပြီး ဒယ်လာစထရီအား…

"အမှုကိစ္စမှာ လူစီကို ရဲတွေက ပေါ့ပေါ့ပဲ ထားတယ်နဲ့ တူတယ်"

"လူစီက ဆရာ့အကြောင်း ထည့်ပြောမှာလား"

"ပြောဖို့ ဆရာပဲ မှာခဲ့တယ်လေ"

"သူက တကယ်ပြောမှာလားလို့"

"ပြောရမှာပေါ့ကွယ်၊ အလောင်းကို တွေ့တုန်းက သူနဲ့အတူ ဆရာ ရှိနေခဲ့တာပဲဥစ္စာ"

မေဆင်က ရုံးခန်းကို သော့ဖွင့်၍ ဝင်လိုက်ပြီး စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲကို လက်ချောင်းကလေးများဖြင့် ခေါက်လျက် ဒယ်လာအား ပြောလိုက်ပြန်သည်။

"ဒီမယ် ဆရာပြောမယ်၊ မင်း ဒီမှာစောင့်နေ၊ ဆရာက ဆေးရုံက သော့ဖင့်ချ်လေဆီကို အခြေအနေသွားကြည့်လိုက်ဦးမယ်…

"ရဲတွေလာရင် ပျူပျူငှာငှာနဲ့ ကောင်းကောင်းလက်ခံပြီး သတင်းစာထဲက ကြော်ငြာအကြောင်း၊ ယာဉ်တိုက်မှုအကြောင်း ပြောပြ၊ လက်ခံရထားတဲ့စာတွေကိုလည်းပြ၊ နောက်ပြီး သော့တွေကိုလည်း ပေးလိုက်"

"နောက်ပြီး အာကျိုင်းအကြောင်းကိုလည်း ပြောရမှာလား"

"ဟာ…ပြောရမှာပေါ့၊ အကုန်လုံးပေါ့"

"ကောင်းပါပြီ၊ စောင့်နေပါမယ်၊ ဟိုလူသတ်မှုခင်းဆိုင်ရာက လူတွေလာမှာလား"

"ဟုတ်တယ်လေ၊ ရဲအုပ်ကြီးထရက် ဖြစ်နိုင်တယ်"

"သူ့ကို ကျွန်မ သဘောကျတယ်"

"သိပ်လည်း မထင်နဲ့လေ၊ သူက လည်တယ်ကွ"

"ကျွန်မတို့သိသမျှ အကုန်ပြောပြမယ့်ဟာပဲ၊ ဘာထူးတော့လို့လဲ"

"မထူးဘူးလို့တော့ ထင်ပါတယ်၊ ဥပဒေရေးရာနဲ့ ဆိုင်လာတဲ့ ကိစ္စတွေမှာ ရဲတွေကို ဘယ်တော့မှ ဆရာက ပွင့်ပွင့်လင်းလင်း ပြောလေ့ မရှိခဲ့ဘူးလေ၊ ဒီတော့ သူတို့အတွေးရခက်သွားမှာ…"

"တို့ဟာ တစ်ခုခုထိမ်ချန်ထားတယ်လို့ ထင်ပြီး ဘာဖြစ်တာပါလိမ့်လေလို့ ဦးနှောက်ခြောက်သွားမှာပဲ၊ ကောင်းပြီလေ၊ ဆရာသွားမယ်"

□

# (၁၂)

မေဆောင်သည် ဖယောင်းပုဆိုးခင်းထားသည့် ဆေးရုံစင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။

ဆေးရုံမှာ မီးမှိန်မှိန်နှင့် တိတ်ဆိတ် ငြိမ်သက်နေသည်။ ကော်တင်ပြီး မီးပူတိုက်ထားသော သူနာပြုဆရာမများ၏ တူညီဝတ်စုံပွတ်သံနှင့် ရာဘာခွာ တပ်ထားသော ဖိနပ်သံများကိုသာ တစ်ခါတစ်ခါကြားရသည်။

မေဆောင်က ခြေဖျားထောက်၍ ဝင်သွားသည်။

အကြီးအကဲ ဆရာမကြီးက...

'ညှိုသည်လာချိန်ကျော်...'ဟု စ၍ပြောပြီးမှ မှတ်မိသွားသဖြင့် ပြုံးကာ-

'မစ္စတာမေဆောင်ပါလား၊ ရှင့်လူနာတော့ ဒီညနေ တော်တော် ရှင်ရွှင် လန်းလန်းရှိတယ် ထင်တယ်'ဟု ပြောလိုက်သည်။

"ဘယ်လိုဖြစ်လို့လဲ၊ ဆရာမကြီးရ"

"သူက ဆေးရုံစရိတ်နဲ့ ဆရာဝန်ခအတွက် ပူပင်နေတုန်း သူ့ကို ကား နဲ့ တိုက်ပြေးတဲ့ လူလာပြီး သူ့မှာ တာဝန်ရှိလို့ လိုအပ်တာများကို လုပ်ပေး မယ်လို့ ပြောသွားတယ်"

'ဇာက်ဖီးဆိုတဲ့လူလား'ဟု မေဆောင်က မျက်မှောင်ကြုတ်၍ မေးလိုက်၏။

"နာမည်တော့မသိဘူးရှင့်"



"ပိန်ပိန်ပါးပါး၊ ဆံပင်ဖြူဖြူ၊ ရင်ဖုံးနှစ်ဖက်တပ်အင်္ကျီပါ မွဲပြာရောင် ဝတ်စုံနဲ့ အသက်က ငါးဆယ့်ငါးနှစ်... ခြောက်နှစ်လောက်လေ"

"လူကြီးကြီးတစ်ယောက်နဲ့ ရွယ်ရွယ်တစ်ယောက်ပဲ၊ ရှိုးနဲ့ မိုးနဲ့တော့ ဝတ်ထားကြတယ်"

'ဟုတ်လား'ဟုပြောကာ မေဆောင်သည် ခြေဖျားထောက်၍ သွားရန်ပင် သတိမရတော့ဘဲ အခန်းနံပါတ် ၃၁၉ တံခါးကို တွန်းဖွင့်ပြီး ခြေသံပြင်းပြင်းနှင့် ဝင်သွားသည်။

အိပ်ရာပေါ်တွင် ပက်လက်အနေနှင့် ခါးကို စက်သီးများဖြင့် ဆွဲ၍ မြှောက်ထားခံရသည့် ဖင့်ချ်လေက မေဆောင်ကို မြင်၍ ပြုံးရွှင်သွားသည်။

"ဟဲလို...ရှေ့နေကြီးပါလား"

"ဟဲလို...ဘော့၊ ဘယ့်နှယ်နေသေးသလဲ"

"သက်သာပါတယ် မစ္စတာမေဆောင်၊ ကျွန်တော်တို့တော့ စိတ်အေးသွား ပြီဗျာ၊ ဘာဖြစ်တယ်ဆိုတာ သိလား၊ ကျွန်တော့်ကို တိုက်တဲ့လူရောက်လာ တယ်ဗျ၊ လူကတော့ အံပျံစားပဲဗျာ..."

"နောက်ပြီး အဖော်တစ်ယောက် ပါလာတယ်၊ အာမခံကုမ္ပဏီကတဲ့၊ ကျွန်တော့်အရွယ်လောက် ရှိသေးတယ်၊ သူကလည်း တကယ့်အပျံစားပဲ"

'ကျုပ်ကို ဖုန်းဆက်ဖို့ ကောင်းတာပေါ့ကွာ'ဟု မေဆောင်က ထောက် လိုက်သည်။

"ဆက်ပါသော်ကောဗျာ၊ ဒါပေမဲ့ ဆရာကြီး ရုံးခန်းက ပိတ်သွားပြီလေ"

"ထားပါတော့လေ၊ နောက် ဘာဖြစ်သေးသလဲ"

"ဒီလိုပါ၊ အဲဒီလူကြီးက ပြောတယ်၊ ရုံးပြင်ကနားတွေကို သွားစရာ မလိုပါဘူးတဲ့၊ ဆရာဝန်အတွက်နဲ့ ဆေးရုံစရိတ် ဘယ်လောက်ကျမယ် ထင် သလဲလို့ မေးတယ်..."

"အာမခံကုမ္ပဏီက လူကလည်း ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး တဲ့၊ သူတို့ဘာလုပ်လဲ သိလား၊ မစ္စတာမေဆောင်"

"ဒီမှာတော့ မင်း တစ်ခုခုများ လက်မှတ်ထိုးလိုက်သလား"

"ဟာ ထိုးမိတယ်၊ ကိစ္စပြေလည်မှု ရအောင်လို့လေ"

"မင်းက ကျုပ်ကို ဘေးချိတ်ပြီး လုပ်လိုက်တာပေါ့လေ။ ကျုပ်မပါ

ဘဲနဲ့ မင်းက ကျေအေးလိုက်တာပေါ့"

"ဟာ ဟာ၊ ဒီလိုမဟုတ်ရပါဘူး ခင်ဗျာ၊ ဆရာကြီးအတွက်လည်း မနစ်နာစေရအောင် ကျွန်တော် လုပ်လိုက်ပါတယ်၊ သူတို့က လက်တွေ့ပေး သွားကြတာဗျ၊ အာမခံ ကုမ္ပဏီက ဒေါ်လာငါးထောင်ပေးမယ်လို့ ပြောတယ်"

"ဆေးရုံစရိတ်နဲ့ ဆရာဝန်ခတွေကို ပေးမယ်၊ ရှေ့နေအဖြစ် ဆရာကြီး ကိုလဲ သင့်တော်တဲ့ အခကြေးငွေကို ပေးမယ်တဲ့ဗျ"

"သင့်တော်တဲ့ အခကြေးငွေတဲ့လား"

"ဒါ သူတို့ သဘောတူသွားကြတာပဲ"

'တယ်ဟုတ်၊ သင့်တော်တဲ့ အခကြေးငွေဆိုတာမှာ ကျုပ်ဘက်က မှန်း တာကတစ်မျိုး၊ သူတို့ဘက်က ရည်ရွယ်တာက တစ်မျိုး ဖြစ်နေမှာပေါ့'ဟု မေဆင်က ရှင်းပြလိုက်သည်။

"နောက်ပြီးတော့ အာမခံက ပေးမယ်လို့ ပြောတဲ့ ငွေအပြင် အဲဒီလူ ကြီးကိုယ်တိုင်ကလည်း ဒေါ်လာတစ်ထောင်တန် ချက်လက်မှတ် ပေးဦးမယ် တဲ့လေ'ဟု ဖင့်ချ်လေက ထပ်ဆင့်ပြောလိုက်သည်။

"အဲဒီလူနာမည်က ကက်ဖီးတဲ့လား"

ဘော့၏ မျက်နှာတွင် အံ့အားသင့်ပုံပြပြီး...

"ဟာ...မဟုတ်ဘူး၊ ကက်ဖီးမဟုတ်ဘူး၊ စတက်ဖင် အာဂျိုင်းတဲ့"

"ဘာကွ"

"ဟုတ်တယ်လေ"

"အစက ပြန်ပြောစမ်းပါဦးကွာ၊ အားလုံး တစ်လုံးမကျန် ပြန်ပြောစမ်း မြန်မြန်ပြောဟော့၊ မင်း လက်မှတ်ထိုးလိုက်တဲ့ စာရွက်စာတမ်း မိတ္တူတစ်စောင် ကို သူတို့က မင့်ကို ပေးသွားရဲ့လား"

"ပေးသွားတယ်"

"ပြစမ်း"

မေဆင်က ဖတ်ကြည့်ပြီး...

"ကောင်းပြီဘော့၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောစမ်း"

"သူ ကျွန်တော်နဲ့ ပြောကြဆိုကြတဲ့အခါမှာ ဆရာကြီးလည်း အတူရှိနေ စေချင်လို့ ဆရာကြီး ပြန်အလာကို ဆရာကြီးရဲ့ ရုံးခန်းမှာ သူသွားစောင့်



တယ်တဲ့..."

"ဆရာကြီး ရုံးခန်းက ပိတ်နေပြီတဲ့၊ ဆရာကြီးရဲ့ အတွင်းရေးမှူးနဲ့ သာ တွေ့ခဲ့ရပြီး ဆရာကြီး ဘယ်တော့ ပြန်လာမယ်ဆိုတာ မသေချာဘူးလို့ သူမက ပြောတယ်တဲ့...

"ဆေးရုံကနေပြီး ဆရာကြီးဆီကို နှစ်ခါသုံးခါ သူဖုန်းဆက်ပါသေးတယ်။ ပြန်မထူးဘူးတဲ့၊ ဆရာကြီးရယ် ကျွန်တော် လုပ်လိုက်တာ မှားမှာ မဟုတ်ဘူး လို့ မျှော်လင့်ပါတယ်"

"မမှားပါဘူးကွာ၊ မင်းလုပ်တာ မှန်ပါတယ်"

"ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

"အေးကွယ်၊ ဒီလိုကိစ္စမျိုးမှာ ဘယ်လိုလုပ်ရမယ်လို့ အမှုသည်ကို ဆရာတို့ ကြိုပြောထားလေ့ရှိတယ်၊ ဒီလို ကျေအေးမှုမျိုး လုပ်ရာမှာ တို့လို ရှေ့နေများ အနေနဲ့က ပိုပြီးကောင်းအောင် လုပ်နိုင်တာကလားကွဲ့..."

"အခုဟာမှာတော့ကွယ့်၊ တာဝန်ရှိသူဟာ ဘယ်သူလဲလို့ မသေချာသေး လေတော့ ကြိုပြောမထားမိဘူးပေါ့၊ မင့်ခေါင်း ဘယ့်နှယ် နေသေးသလဲ၊ နာ သေးသလား" ဟု မေးပြီး စာမိတ္တူများကို မေဆင်က သူ၏ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ဟုတ်ကဲ့၊ ကောင်းသွားပါပြီ၊ အို...ဆရာကြီးရယ်၊ ကျွန်တော် ဒီလို မလုပ်မိရင် အကောင်းသား၊ ဒီလိုမလုပ်မိရင် အကောင်းသားဗျာ"

"ပြောမနေပါနဲ့တော့ကွာ၊ မင်းလက်မှတ်ထိုးပေးလိုက်တဲ့ ငွေရပြေစာဟာ စတက်ဖင်အာဂျိုင်းဆီက တောင်းစရာရှိသမျှ အားလုံးကို ကင်းလွတ်ခွင့်ပြုလိုက် ရာ ကျသွားရုံပါပဲ၊ နောင်သာ ဘာပဲပြောပြော၊ လက်မှတ်မထိုးနဲ့ သိလားဘော့"

"ခင်ဗျာ...ဟုတ်ကဲ့"

"မင့်အတွက် အာမခံကုမ္ပဏီကလည်း ပေးတယ်၊ အာဂျိုင်းကလည်း ပေးတယ်။ ဒါဖြင့် မင့်အမေအတွက်ကတော့ကော"

"အမေနဲ့ သူတို့ သွားတွေ့ကြလိမ့်မယ်၊ အာမခံကုမ္ပဏီက ဒေါ်လာ တစ်ထောင်ပေးမယ်လို့ ပြောတယ်၊ အမေကတော့ သိပ်ကျေနပ်သွားမှာ သေချာ ပါတယ်..."

"ကျွန်တော်တို့ကသာ အင်တင်တင်လုပ်လို့ မစွတာအာဂျိုင်းက သူ့

အနေနဲ့လည်း ဒေါ်လာငါးရာ သတ်သတ်ပေးပါဦးမယ်လို့ ပြောတယ်၊ အမေက တော့ ကျေအေးလိုက်မှာပဲလို့ ထင်ပါတယ်”

“ဒီလိုဆို ကောင်းပါတယ်၊ ကဲ..ချက်လက်မှတ်တွေ ကျောဘက်မှာ မင့်ငွေစာရင်းတွင် သွင်းဖို့သာ ဆိုပြီး လက်မှတ်ထိုးပေးလိုက်၊ ကျုပ် နက်ဖြန် စောစော ဘဏ်သွားပြီး သွင်းပေးမယ်၊ မင့်မှာ ဘဏ်စာရင်း ရှိတယ် မဟုတ်လား”

“ရှိပါတယ်၊ ငွေကတော့ နည်းနည်းကလေးပါဗျာ၊ ရှေ့နှစ်ခါ ကောလိပ် စရိတ်အတွက် စုထားတာပါ။ ဖားမားစ်အင်မက်ကင်းနစ်နေရှင်နယ် (တောင်သူ လယ်သမားနှင့် စက်ပြင်များ အမျိုးသား) ဘဏ်မှာပါ...”

“ဒါတော့ ဟုတ်ပြီ၊ ဆရာကြီးအတွက် အခကြေးငွေကကော ဘယ် လိုလဲ၊ သူတို့တစ်ပတ်ရိုက်”

“မင်း သိပ်မှန်တာပေါ့ကွယ်၊ သင့်တင့်တဲ့ အခကြေးငွေပေးပါမယ်လို့ မင်းကို ပြောသွားတာဟာ သူတို့ဘက်က ပိုင်သွားတာပဲလို့ အာမခံက လူတွေ ကတော့ ထင်မှာပဲ၊ တကယ်ပေးတော့ မဖြစ်စလောက်ပေးမယ်...

“မကျေနပ်လို့ ထပ်လိုချင်ရင် ရုံးတက် တရားစွဲတောင်းလို့ ပြောလိမ့် မယ်၊ အဲဒီအခါကျတော့ ပေးရမယ့်ငွေ တဖြည်းဖြည်း လျော့လျော့သွားမှာပေါ့”

“ဆရာကြီးကိုတော့ သူတို့ ဒီလိုလုပ်ရဲမှာ မဟုတ်ပါဘူးနော်”

“မလုပ်ရဲပါဘူး၊ ဒီမှာသော့ တရားရုံးမှာ ရင်ဆိုင်ရတာကို ရှောင်လွှဲဖို့ သူတို့လုပ်သွားတာပဲ၊ မင်းကို တကယ် ကားနဲ့ တိုက်သွားတဲ့ လူနဲ့ နက်ဖြန် ဖြေရှင်းရဦးမယ်...”

‘ဒီအတောအတွင်းမှာ ချက်လက်မှတ်တွေကို ဘဏ်မှာ သွင်းရမယ်၊ ဒီလိုဆိုတော့ ရှေ့နေရဲ့နောက်ကွယ်မှာ လူလည်မလုပ်ဖို့ အာမခံက လူတွေကို ဆုံးမလိုက်ရာ ကျသွားရောပေါ့။ ကဲ..အိပ်ပေတော့ သော့’ဟု ပြောပြီး မေဆင်က လူနာအခန်းကို အသာအယာ ပိတ်ပစ်ခဲ့သည်။

□

## (၁၃)

မေဆင်သည် လေကလေးတချွန်ချွန်နှင့် သူ၏ ရုံးခန်းတံခါးကို ဖွင့် လိုက်ရာ ဒယ်လာစထရီလက်နှိပ်စက်ရိုက်နေသည်ကို တွေ့ရသည်။

‘မင့်ကို ညဘက်စောင့်ဖို့မှာရင် စောင့်ရုံစောင့်ဖို့ပဲကွယ့်၊ ဒီလိုအလုပ် တွေ ကျုံးလုပ်နေဖို့ မဟုတ်ဘူး၊ ပင်ပန်းနေပါဦးမယ်’ဟု မေဆင်က စကား စလိုက်သည်။

“အရေးကြီးတဲ့ အလုပ်တွေမို့ပါ ဆရာရယ်”

“အို...မင့်ကျန်းမာရေးကလည်း အရေးကြီးတာပဲ၊ ဒါနဲ့ ရဲတွေ ဘယ် လိုဖြစ်ကြတာလည်း မသိဘူး ဒယ်လာ”

“မသိဘူးလေ ဆရာရဲ့၊ အရိပ်အယောင်တောင် မမြင်ရဘူး”

“တစ်ခုခုတော့ တစ်ခုခုပဲ၊ မပြောတတ်တော့ပါဘူးကွယ်၊ ဒီကို သူတို့ ပဝေသဏီကတည်းက လာခဲ့ရမှာ”

“ဆရာ ဘာသံမှ မကြားဘူးလား”

“မကြားဘူးကွ၊ ဆရာက ဆေးရုံကို သွားနေတာ”

“သော့ဖင့်ချ်လေ ဘယ်လိုနေသေးသလဲ”

မေဆင်သည် ပြုံး၍ စားပွဲစောင်းတွင် တင်ပါးလွှဲထိုင်လိုက်ပြီး ဆေးရုံ တွင် သိခဲ့ရသည့် အကြောင်းစုံကို ဒယ်လာအား ပြန်ပြောပြလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဆရာ"

"အာဂျိုင်းရဲ့ ယာဉ်မောင်းဟာ ၃ ရက်နေ့က ကားကိုယူထုတ်သွားပြီး တစ်ယောက်ယောက်ကို တိုက်မိခဲ့ပုံရတယ်။ အာဂျိုင်းဆီ သွားပြီး အကြောင်းစုံကို သူပြောမပြဘဲနဲ့ သူတော့ ပြဿနာတစ်ခု ဖြစ်ခဲ့တယ်လို့သာ ပြောပြတယ်..."

"ဒီတော့ အာဂျိုင်းက ကားကိုမောင်းသွားပြီး တစ်နေရာမှာ ရပ်ထားတယ်၊ နောက်တော့ ကလပ်ကိုပြန်လာပြီး သူ့ကားလူခိုးခံရကြောင်း အသံကောင်းလွှင့်တယ်..."

"ပိုပြီး နိုင်လုံအောင်ဆိုပြီး မွန်းလွဲပိုင်း တစ်ချိန်လုံးမှာ သူ ဘယ်ကိုမှ ကလပ်က ထွက်မသွားပါဘူးလို့ ပြောဖို့ တံခါးစောင့်ကို လာဘ်ထိုးတယ်"

"ဒါဖြင့် အခုကားတိုက်မှုမှာ ကားကို မောင်းတဲ့လူက အာဂျိုင်းရဲ့ ယာဉ်မောင်းပေါ့နော်"

"ဟာ...ဘယ်ဟုတ်ရမှာလဲ၊ ဒန်နီယယ်လ်ကက်ဖီးဆိုတဲ့ လူကွဲ့၊ ဒါပေမဲ့ အာဂျိုင်းက သူ့ယာဉ်မောင်းမှာ အပြစ်ရှိတယ်လို့ ထင်နေတာ"

"ဒါဖြင့် ဖြစ်ပုံလေး ပြောစမ်းပါဦး ဆရာရယ်"

"ဒီလိုကွဲ့၊ အာဂျိုင်းက အာမခံကုမ္ပဏီနဲ့ ဆက်သွယ်မယ်၊ အဲဒီက လူငယ်တစ်ယောက်က နာမည်ကောင်းလိုချင်တော့ အာဂျိုင်းနဲ့ တိုင်ပင်ပြီး အကြံပေးတယ်..."

"ယာဉ်တိုက်မှုဖြစ်တာတွေကို လိုက်ပြီး စုံစမ်း စစ်ဆေးကြည့်တယ်၊ အတိုက်ခံရတဲ့လူရဲ့ နေရပ်လိပ်စာတို့၊ နာမည်တို့ကို ရပြီး ဆေးရုံတက်နေတာကို သိရတော့ အဲဒီကို သွားကြတာပဲ"

"သူတို့ ဘယ်တုန်းက ဒီလိုလုပ်တာလဲ"

"အာဂျိုင်းကို ဆရာသွားတွေ့ ပြောဆိုဆွေးနွေးလို့ ပြီးပြီးချင်း အာဂျိုင်းဟာ ကားပေါ်ခုန်တက်ပြီး ဆရာ့ဆီကို လာတယ်၊ ဆရာ့ကို စောင့်တယ်၊ မင်းရောက်လာတော့ အောက်ဆင်းသွားပြီး ယာဉ်မောင်းနဲ့ ကားကို အိမ်ပြန်လွှတ်လိုက်တယ်..."

"အဲ...ယာဉ်မောင်းက ဆက်သွားတော့ ဟိုမှာ အသတ်ခံရတော့တာပဲ၊ နောက်ပြီး ဟာ...အာမခံကိစ္စက ဆရာ့စိတ်ထဲမှာ ယားကျိကျိဖြစ်နေတာနဲ့



လူသတ်မှုကိုတောင် မေ့နေလိုက်တာ"

ဒယ်လာက မေဆောင်၏လက်ကို ညှစ်လိုက်ပြီး...

"ကဲပါ ဆရာရယ်၊ ဆက်ပါဦး၊ လူသတ်မှုက ကျွန်မတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ အာမခံကိစ္စကသာ ဆိုင်တာပါ"

"ဆရာကတော့ နည်းနည်းစိတ်ပူလာပြီကွယ်၊ ဒီရဲတွေကလည်း ဆရာ့ဆီကို ဘာလို့ ခုထိမလာကြသေးတာတဲ့လဲ"

"မမှန်းတတ်တော့ဘူး ဆရာရယ်"

"ကဲ...ဒါဖြင့် ဘယ်လိုကြောင့်ဆိုတာ ရှာကြည့်ကြမယ်၊ တောင်ဗွန်ဒီလာရိပ်သာလမ်းအတိုင်း အမှတ်မထင် ကားနဲ့ မောင်းသွားပြီး လူတွေ ဘယ်လောက် ရုတ်ရုတ်သဲသဲဖြစ်နေသလဲ၊ ရဲကားတွေ ရပ်ထားတာရှိသလား၊ ဘာလားလို့ ကြည့်မယ်..."

"ရဲကားတွေရှိနေသေးရင် လူစီဘာတန်ကို အခန်းထဲမှာ ရဲတွေက စစ်ဆေးမေးမြန်းနေကြပြီပေါ့၊ ရဲကားတွေ ပြန်ကုန်ကြပြီဆိုရင်လည်း စပ်စုချင်တဲ့လူတစ်စုကတော့ အဲဒီနားတစ်ဝိုက်မှာ ရစ်ဝဲရစ်ဝဲလုပ်ပြီး အမျိုးမျိုးထင်ကြေးပေးနေကြဦးမှာပဲ"

"ကားရပ်ပြီး တို့ပါသူတို့နဲ့ ဆင်းရောလိုက်ရင် ဘာဖြစ်တယ်ဆိုတာ စကားစွန်း စကားစကလေးတော့ ရကောင်းပါရဲ့"

မေဆောင်နှင့် ဒယ်လာတို့အောက်သို့ ဆင်းဖို့ အသွားတွင် ပေါလ်ဒရိတ်၏ ရုံးခန်း၌ မေဆောင်ရပ်ပြီး "ပေါလ်ရေ၊ တို့အပြင်သွားဦးမယ်ကွာ၊ အသစ်အဆန်း ဘာသတင်းမှ မရသေးဘူးလား"

"ဟာ...ရတာပေါ့ ပယ်ရီ"

"ဘာများလဲကွာ"

"ခင်ဗျားမိတ်ဆွေကြီး ဟတ်ဝဲလ်အယ်လ်ပစ်တကင်ဟာ ငွေညှစ်သမားကြီးတစ်ယောက်လို့ ထင်တယ်၊ အခုတော့ မသေချာသေးဘူးပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့် လူတစ်ယောက်ဟာ ပစ်တကင်နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယောက်ဆီက သူ့အကြောင်း ရထားတယ်..."

"ပစ်တကင်ဟာ တစ်နေရာရာကနေ ငွေတွေ အများအပြားရနေတယ်တဲ့၊ ငွေသားတွေတဲ့ဗျ..."

“ဒီယာဉ်မောင်းအလုပ်ကိုတောင် သူမလုပ်ချင်ရင် မလုပ်ဘဲ နေနိုင်တယ်တဲ့၊ အခု သူလုပ်နေတာက သူ့အပေါ် သက်ာမကင်းမဖြစ်အောင် အကာအကွယ်သဘော သူလုပ်နေတာတဲ့”

မေဆင်က ဒယ်လာအား အဓိပ္ပာယ်ပါသည့် အကြည့်နှင့် ကြည့်လိုက်ပြီး…

“အမျိုးသမီးတစ်ယောက်ဆီကများလား”ဟု ပေါလ်အား မေးလိုက်သည်။

“မပြောတတ်ပါဘူးဗျာ၊ အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့ရင်လည်း ဒီအမျိုးသမီးက တော်တော် ထောရမယ်၊ ဘာလို့လဲဆိုတော့ သိပ်အများကြီးမဟုတ်ပေမဲ့ ပစ်တကင်မှာ တော်တော်ငွေရှင်တယ်တဲ့၊ ဒေါ်လာနှစ်ရာသုံးရာလောက်ဆိုတာ သူ့မှာ အမြဲရှိနေတယ်တဲ့”

“ပေါလ်ရေ၊ ဆက်လုပ်ကွာ”

“လုပ်နေပါတယ်၊ ဒါနဲ့ အာကျိုင်းကိုကော ဆက်ကြည့်ရဦးမှာလား”

“မကြည့်နဲ့တော့ နောက်နှစ်ရက်သုံးရက်လောက်မှာ ကိုယ်ကိုယ်တိုင်ပဲ သူ့ကို သွားတွေ့တော့မယ်၊ ဒီတော့ သူ့မျက်လုံးပြူးသွားလိမ့်မယ်၊ ပစ်တကင်အကြောင်းကိုသာ ဆက်လိုက်ကွာ…”

“မနက်ကျရင်တော့ ဟိုသေနတ်အကြောင်း မင်းသိထားဖို့ ဖြစ်နိုင်ပြီလို့ ကိုယ်ထင်တယ်၊ ဒီညတောင် သိအောင် လုပ်စေချင်တာပဲ”

“ရနိုင်မယ်လို့ ထင်တယ်၊ ကျွန်တော့်အတွက် အလုပ်လုပ်တဲ့ လူတစ်ယောက်ဟာ ဆန်တာဒဲလ်ဘားရာမှာနေတယ်၊ ရပ်ရှင်းခရိုကနေ မိုင်ရှစ်ဆယ်လောက်ဝေးတယ်…”

“ရပ်ရှင်းခရိုကို သွားပြီး ရပ်ရှင်းခရိုမာကင်တိုင်း ကုမ္ပဏီပိုင်ရှင်နဲ့ သူ့ကို သွားအတွေ့နိုင်းထားတယ်၊ တစ်ဦးတည်းပိုင် ကုမ္ပဏီနဲ့ တူပါတယ်”

“တစ်ခုခုထူးရင်လည်း ပြောပေါ့ကွာ၊ လာဟေ့ ဒယ်လာ၊ မင့်ကို ဆရာလိုက်ပို့မယ်၊ ပေါလ် မင်းလည်း အိပ်ပျက်မခံနဲ့ဦး၊ ကိစ္စက ဒီလောက်အရေးမကြီးပါဘူးကွာ…”

“ဒါနဲ့ အဲခုကနေ တစ်နာရီနောက်ပိုင်းမှာ ကိုယ့်ကို မခေါ်နဲ့တော့ ကိုယ်လည်း အိပ်လိုက်ဦးမယ်၊ ဂွဒ်နိုက် ပေါလ်”



“ဂွဒ်နိုက်ပါဗျာ”

မေဆင်က ဒယ်လာအား ခေါ်၍ ထွက်လာခဲ့ပြီး တောင်ဂွန်ဒိုလာရိပ်သာလမ်းဆီသို့ ကားမောင်းသွားကြသည်။

“ကဲ…ဒယ်လာ၊ ဆရာက ကားကို ဖြည်းဖြည်း မောင်းမယ်၊ ရဲကားဘယ်နှစီးကို တွေ့ရမလဲဆိုတာကို မင်းက ကြည့်စမ်း”

“အခန်းဂှားဂေဟာဆိုတာက ဘယ်နားမှာလဲ”

“အမှတ် ၇၁၉၊ ဟိုရှေ့က အိမ်တန်း အလယ် ဝဲဘက်မှာပဲ”

“အို…ဟုတ်တယ်၊ တွေ့ရပြီ၊ အနားမှာ ကားတွေတော့ ရှိတယ်၊ ရဲကားတော့ တစ်စီးမှမတွေ့ရဘူး၊ စစ်ဗိုလ်ဆေးဖို့ လူစီကို ရဲဌာနချုပ်ကို ခေါ်သွားသလားမှ မသိဘဲ”

“ဒါပေမဲ့ကွယ်၊ ဒီအချိန်လောက်မှာ အိမ်နားနီးချင်းတွေဟာ ရုတ်ရုတ်သဲသဲ ရှိနေသေးဖို့ ကောင်းတာပေါ့၊ ခုလောက်နဲ့ ငြိမ်သွားဖို့ မကောင်းသေးဘူး၊ ဆရာက ကားကို ဖြည်းဖြည်းမောင်းမယ်၊ လမ်းကြားကလေးကို ဖြတ်ကျော်သွားနေစဉ်မှာ ကားရုံနားမှာ ဘာတွေ ရှိသလဲလို့ မင်းက သေသေချာချာကြည့်စမ်း၊ သိလား”

မေဆင်က ကားကို ဘီးလိမ့်ရုံမျှ လိမ့်သွားသည်။ လမ်းမီးတိုင်မှ အလင်းရောင်ကလေးကြောင့် လင်းနေရုံမှအပ ကားရုံတန်းသည် မှောင်ပြီး တိတ်ဆိတ်နေသည်။

“ဟေး…တစ်ခုခုတော့ မှုမမှန်ဘူးကွ”

“ဘာလဲဆရာ”

မေဆင်က ကားကို ဘရိတ်အုပ်ကာ ဖြုန်းခနဲ ရပ်လိုက်ပြီး…

“ကားမောင်းတဲ့ နေရာမှာ မင်းပြောင်းထိုင်စမ်း ဒယ်လာ၊ ပြီးတော့ ဟိုအထဲက လက်နှိပ်ဓာတ်မီးကို ဆရာ့ကို ပေးစမ်း၊ မဟုတ်သေးဘူး၊ နေဦး…နေဦး၊ လမ်းကြားကလေးထဲကို ကားမောင်းဝင်မယ်၊ ပြန်လှည့်လို့တော့ ရမယ်ထင်ပါရဲ့”

“ဘာတွေ တလွဲဖြစ်ကုန်လို့လည်း ဆရာ”

“မသိဘူးကွ၊ နည်းနည်းတော့ ဆန်းတယ်”

“ဒါဖြင့်လည်း ရှောင်နေဖို့ မကောင်းဘူးလား”

“ဟာ…မဟုတ်သေးဘူး၊ ဘာတွေဖြစ်ကုန်တယ် ဆိုတာကို ကြည့်ချင်

သေးတယ်"

လမ်းရှင်းမရှင်း နောက်ကို လှည့်ကြည့်လိုက်ပြီးနောက် ကားကို နောက်ဘက်သို့ အနည်းငယ်ဆုတ်ကာ ကားရုံဆီသို့ ဦးတည်၍ လမ်းကြားကလေးထဲသို့ မောင်းဝင်လိုက်သည်။

ကားရုံအမှတ် ၂၀၈ ရှေ့တွင် ရပ်ကာ လက်နှိပ်ဓာတ်မီးကို ယူပြီး ကားထဲမှ ခုန်ဆင်း၍ ကားရုံနား မေဆင်ကပ်သွားလိုက်သည်။ ကားရုံတံခါးများ ပိတ်ထားသော်လည်း သော့ခတ်မထားသည်ကို တွေ့ရသည်။ ယာဘက်တံခါးရွက်ကို အသာဟပြီး အတွင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

ချက်ချင်းပင် ကားဆီသို့ မေဆင် ပြန်ပြေးပြီး ကားထဲသို့ ခုန်တက်ကာ ကားကို လျှင်မြန်စွာ နောက်ဆုတ်ပြီး ပြန်လှည့်လိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲဆရာ"

'တို့တော့ ခံရပြီဟေ့'ဟု မေဆင်က ခပ်ကြမ်းကြမ်း ပြန်ပြောလိုက်သည်။

□

(၁၄)

လမ်းမပေါ်သို့ ကားရောက်၍ ပြန်လှည့်ပြီး အမြန်မောင်းထွက်နေသည့် ဆိုင်အောင် ဒယ်လာစထရိက ဘာမျှမပြောဘဲ တိတ်ဆိတ်နေသည်။

နောက်...

'ဘာဖြစ်တာလဲဆရာ'ဟု မေးလိုက်သည်။

"ဟိုခွေးမလေးပေါ့ကွာ၊ တစ်ပတ်ရိုက်တဲ့ ခွေးမလေး"ဟု မေဆင်က ရွတ်လိုက်သည်"

"ဟုတ်တယ်၊ ရဲကို သူ့အကြောင်းမကြားဘူး၊ ဟိုအလောင်းဟာ ဆရာထွက်တုန်းက အတိုင်းပဲ ကားရုံထဲမှာ ရှိနေသေးတယ်၊ အေး...အလောင်းရဲ့ ညာလက်ဘေးနားမှာ ပြောင်လက်နေတဲ့ သေနတ်တစ်လက်ပဲ ပိုလာတယ်"

"ဒီတော့ ကိုယ့်ကိုယ်ကို သတ်သေတာနဲ့ တူမှာပေါ့"

"ဟုတ်တယ်၊ အားကြီးတူလိမ့်မယ်"

"ဒီတော့..."

"နေရာကောင်းကောင်းရှာပြီးတော့ ကားကို ရပ်ပြီး ဆရာတော့ ဉာဏ်ထုတ်လိုက်ဦးမယ်ကွယ်"

"ကျွန်မတို့ ဒီကိစ္စတစ်ခုလုံးကို မေ့ပျောက်ပစ်လိုက်လို့ မရဘူးလားဆရာရယ်"

“ဆရာလည်း ဒီလိုပဲ အောက်မေ့တာပဲ၊ ဟောဟိုမှာ ကားရပ်ဖို့နေရာ ခဏလောက် ရပ်ကြရအောင်”

ကားရပ်မည့်နေရာသို့ ကားမောင်းဝင်လိုက်ပြီး စက်ကို ရပ်၍ မီးများ ကိုလည်း ပိတ်လိုက်သည်။

ခဏမျှငြိမ်ပြီး ထိုင်နေကြသည်။

အတန်ကြာမှ ဒယ်လာစထရီက စကားစပြောလိုက်သည်။

“အဆုံးမတော့ ဆရာရယ်၊ ဒီကိစ္စကို လူစီဘာတန်ကလွဲလို့ တခြား ဘယ်သူမှ သိတာမှ မဟုတ်ဘဲ လူစီကလည်း ပြောရဲမှာ မဟုတ်ပါဘူး”

‘ဒီကိစ္စမှာ တစ်ယောက်ယောက်ကတော့ ဘာတန်ကို ကြိုးကိုင်နေပြီ ကွယ်၊ တစ်ပတ်လိမ့်ဖို့ တစ်ယောက်ယောက်က သူ့ကို သွေးထိုးထားပြီ’ဟု မေဆင်က စဉ်းစဉ်းစားစားနှင့် ပြန်ပြောသည်။

“ဘာလုပ်ရမယ်ဆိုတာ ဆရာက သူ့ကို ပြောထားခဲ့သားပဲဟာ”

“ပြောတော့ ပြောခဲ့တာပေါ့၊ ဒါပေမဲ့ ဆရာ့မှာလည်း တာဝန်မကင်း ဖြစ်နေတယ်၊ အလောင်းကို ဆရာ တွေ့တယ်၊ အဲဒီတွေ့တဲ့အခါတုန်းက အလောင်းနားမှာ သေနတ်မရှိဘူး”

ခဏမျှ ငြိမ်နေပြီးနောက် မေဆင်က ရုတ်ခြည်းပြောလိုက်သည်။

“ဒယ်လာ...ဆရာ့ကို မေးခွန်းတွေ မေးစမ်းကွယ်”

“ဘာအကြောင်းတွေ မေးရမှာလဲ”

“ဒီအမှုကိစ္စအကြောင်းပေါ့၊ နည်းနည်းရှင်းလိုက်ရအောင်”

“ကောင်းပါပြီ၊ ဆရာက ရဲကို အကြောင်းမကြားဘူးဘဲ ထားလိုက်ပါ တော့ ဒီတော့ ဘာဖြစ်မလဲ”

“ဒီတော့ ရဲက အလောင်းကို တွေ့မယ်၊ ဟုတ်ပြီ တစ်ယောက်ယောက် ကပဲ အလောင်းကို တွေ့လို့ ရဲကို အကြောင်းကြားမယ်”

“ဘယ်သူက တွေ့မှာလဲ”

“လူစီဘာတန်ပဲ ဆိုကြပါစို့”

“ကျွန်မ သဘောမပေါက်ဘူး”

“သူမဟာ သက်သေတစ်ယောက်နဲ့အတူ အိမ်ကို ကားမောင်းပြီး ရောက်လာမယ်၊ သူ့သူငယ်ချင်းမ အန်နီတာ ဂျော်ဒန်နဲ့ ဆိုကြပါစို့”



“ဘာလို့ ယောကျ်ားမိတ်ဆွေမဖြစ်ရသလဲ”

“ဘာလို့လဲဆိုတော့ သူက စေ့စပ်ကြောင်းလမ်းထားတဲ့ မိန်းကလေး တစ်ယောက်၊ တကယ်လို့ သတင်းစာထဲမှာ သူ့နာမည်ပါလာမယ်ဆိုရင် ညနေဘက်မှာ မိန်းကလေးမိတ်ဆွေတစ်ယောက်နဲ့ လျှောက်လည်တဲ့ပုံပေါ်စေ ချင်လို့ပဲ”

“ဒီလိုလား၊ ဆက်ပြောပါဦး၊ နောက်ပြီးတော့ ဘာဖြစ်သလဲ”

“လူစီဘာတန်က အန်နီတာကို ကားရုံတံခါးအဖွင့်ခိုင်းမယ်၊ အန်နီတာ က တံခါးတွေကို ဖွင့်မယ်၊ ကားရှေ့မီးကြီးက ကားရုံအတွင်းကို အလင်း ရောင်ထိုးပေးမယ်၊ သူတို့ သွေးရူးသွေးတန်းဖြစ်တဲ့သဘော လုပ်မယ်၊ ရဲကို အကြောင်းကြားမယ်...”

“နောက်ပြီး သေးကကြည့်သူတွေနဲ့ ရဲအရာရှိတွေ ရှေ့မှာ အားလုံးက အနားသွားအောင် စိတ်ထိခိုက်ဟန် အမူအရာလုပ်ပြကြမယ်”

“ဒီလိုနဲ့ သူတို့လွတ်ကရောလား”

“မသိဘူးလေ၊ သူတို့အမူအရာလုပ်ပုံ ကောင်းမကောင်း ဆိုတဲ့အပေါ်မှာ မူတည်တာပေါ့”

“အန်နီတာနဲ့ လူစီတို့လား”

“မဟုတ်ဘူး၊ လူစီနဲ့ သူ့နောက်က သင်ပေးတဲ့လူ၊ ဘယ်သူပဲဖြစ်ဖြစ်ပေါ့၊ အာသာကိုးလ်ဆန် ဖြစ်နိုင်တယ်”

“သူ့အကြောင်းနဲ့ ပတ်သက်လို့ကော မေးစေချင်သေးသလား”

“ဘာပဲဖြစ်ဖြစ် မေးချင်တာသာ လျှောက်မေးကွာ”

“သေတဲ့လူကို လူစီသိသလားလို့ ရဲတွေက မမေးတော့ဘူးတဲ့လား”

မေဆင် နည်းနည်း စဉ်းစားလိုက်သည်။

“မေးမှာပေါ့၊ သိပါတယ်လို့ သူဝန်ခံရမယ်၊ သူမရဲ့ အရင်ယောကျ်ား ပါလို့လည်း ဖွင့်ပြောရမယ်၊ ဒီတော့ သတ်သေဖို့ နေရာကို ဒီကားရုံကိုမှ ဘာလို့ ရွေးရပါလိမ့်မလဲလို့ ရဲတွေက သိချင်လိမ့်မယ်...”

“နောက်ပြီး သေနတ်ကို ပစ်စမ်းကြည့်မယ်၊ အဲဒီကျည်ဆံနဲ့ အလောင်း ထဲကတွေ့တဲ့ ကျည်ဆံကို နှိုင်းယှဉ်ကြည့်မယ်၊ တကယ်လို့ အလောင်းထဲမှာ ကျည်ဆံကို ရှာတွေ့တယ်ဆိုရင်ပေါ့ကွယ်...”

"ဒီတော့ ကားရုံထဲမှာတွေ့တဲ့ သေနတ်ဟာ တမင်တကာထည့်ထားတဲ့ သေနတ်ဆိုတာကို သိကြမယ်၊ ဒီလိုဆိုတော့ သိပ်မကောင်းတော့ဘူး"

"ကောင်းပြီ၊ တခြားဘက်က ကျွန်မ လှည့်မေးမယ်၊ ဆရာက ရဲကို အကြောင်းကြားတယ် ဆိုပါစို့"

"ဒီတော့ ဆရာ အကြပ်အတည်းနဲ့ တွေ့မှာပေါ့"

"ဘာဖြစ်လို့..."

"ရဲကို အကြောင်းကြားဖို့ လူစီကို ဆရာက ခိုင်းတယ်၊ တကယ်အကြောင်းကြား မကြားကိုတော့ ဆရာက စောင့်မကြည့်လို့လေ"

"လူစီအတွက် ဆရာက တာဝန်ယူထားရလို့လား"

"မဟုတ်ဘူးလေ၊ ဆရာက တရားဥပဒေ အကျိုးဆောင် ရှေ့နေတစ်ယောက် မဟုတ်လား၊ ဆရာက ရုံးတော်ရဲ့ တာဝန်ရှိသူတစ်ယောက်လည်း ဖြစ်တယ်..."

"လူသေအလောင်းကိုတွေ့ရင် ရဲကို ဆရာက အကြောင်းကြားရမယ့် သဘောရှိတယ်၊ အခုတော့ အကြောင်းကြားဖို့အတွက် လူစီကို ပြောရုံပဲ ပြောခဲ့တယ်လေ"

"နောက်ပြီး လူစီက ဘာပြောမလဲ"

"အဲဒီမှာ ဆိုးတာပေါ့၊ အလောင်းကို နှစ်ယောက်အတူမတွေ့ခဲ့ရပါဘူးလို့ လူစီက တင်းခံနေမယ်၊ ပြီးတော့ သူ့ကို မားစာခံလုပ်ပြီးတော့ အမှုသည်တချို့ကို အကာအကွယ်ပေးဖို့ ဆရာက ကြိုးစားပါတယ်လို့ သူက ပြောမယ်"

"ရဲက သူ့ကို ယုံမှာတဲ့လား"

"သူ့ကို ယုံရင် ဆရာ မလူးသာ မလွန့်သာ အကြပ်အတည်းတွေ့ရော၊ သူ့ကိုမယုံကြည်ရင်လည်း ဆရာ့ကို သူတို့ လည်ပင်းညှစ်ကရော၊ ဘာလို့လဲဆိုတော့ အလောင်းကို တွေ့ပါလျက်နဲ့ ရဲကို အကြောင်းကြားဖြစ်အောင် ကြားဖို့ ပျက်ကွက်တာရယ်၊ ရဲက ဆရာနဲ့ လာမတွေ့ဘဲ နေတဲ့အခါမှာ ပြန်ပြီး စစ်ဆေး မကြည့်တာရယ်ကြောင့်ပဲ"

"ဒီလိုဆို ဆရာက ဘာလို့မလုပ်ခဲ့တာလဲ"

"ဟို...ဟိုသင်း၊ အာမခံအလုပ်ကြောင့်ပေါ့ကွယ်၊ ဖြစ်ရတဲ့အကြောင်းရဲ့ အာဂျိုင်းက တစ်မူးသာသွားတဲ့ကိစ္စကို ခံပြင်းပြီး ဆရာ့ဆီ ရဲတွေမလာတာလို့



သိပ်ဂရုမပြုလိုက်မိလို့ပဲ..."

"ရှိပါစေတော့ ဒယ်လာရယ်၊ ဆရာကသာ နည်းနည်းကလေး သတိထားမိခဲ့မယ်ဆိုရင် ဘာဖြစ်လာမယ်ဆိုတာကို ဆရာကြိုတင်သိခဲ့ရမှာပေါ့..."

"အေးလေ၊ လုပ်ဖို့အကောင်းဆုံး တစ်ခုကတော့ တရားဥပဒေကို လေးစားတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ရုံးတော်ရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ရဲကို ဆရာအကြောင်းကြားခဲ့ဖို့ပေါ့"

"နို့...အဲဒီတုန်းက ဆရာက ဘာလို့ အကြောင်းမကြားခဲ့တာလဲ"

"ခက်တယ်ကွယ်၊ ရဲကလည်း ဆရာ့ကို ချောင်းနေတာ၊ သူတို့က သိပ်အလစ်ဖမ်းချင်တာ၊ သတင်းပေးလိုက်ရင် အလစ်ဖမ်းချင်တဲ့လူနဲ့ ထိပ်တိုက်တိုးပြီး ချရတော့မယ်"

"မေးစရာ ကုန်ပြီဆရာ"

"ဆရာလဲ ဖြေစရာကုန်ပြီ"

ခဏ ငြိမ်သက်နေပြီးနောက် ကားကို မေဆင်စက်နှိုးလိုက်သည်။

'ကဲ..ဘယ်ကိုလဲ'ဟု ဒယ်လာက မေးလိုက်သည်။

"ဆရာတော့ မိနေပြီလေ၊ ဒါပေမဲ့ အခုတော့ ဆရာအဖြေရပါပြီကွယ်"

"ဘယ်လိုလဲ ဆရာ"

"လူစီရဲ့နောက်က ကြိုးကိုင်တဲ့လူကတော့ လည်တာပဲ၊ ဆရာ့ကိုယ်ဆရာ လွတ်အောင်ရုန်းနိုင်တာ တစ်ခုရှိပါတယ်၊ လူစီဘာတန်ကို ဆရာ့အမှုသည် လုပ်လိုက်ရုံပဲ"

"ဘယ်လို...ဘယ်လို...ကျွန်မ သဘောမပေါက်ဘူးဆရာ"

"သူ့ရဲ့ရှေ့နေအဖြစ်နဲ့ဆိုတော့ ဆရာ့ကို သူပြောသမျှတွေဟာ အခွင့်ထူးရတဲ့ သဘောရှိတယ်၊ အဲဒီသဘောရှိတော့ သူတို့က သူ့ကိုလည်း မေးခွင့်မရှိဘူး၊ ဆရာ့ကိုလည်း မေးခွင့်မရှိဘူး"

"ဆရာ့မျက်စိနဲ့ မြင်ခဲ့တာကတော့ ဘယ့်နှယ်လုပ်မလဲ"

"ရဲတွေကို လူစီကပြောပြရင် ဆရာရဲ့ ညွှန်ကြားချက်နဲ့ ပြောတာ ဖြစ်မယ်၊ မပြောရင် ဆရာ ဟိုမှာ ရှိခဲ့ပါတယ်လို့ အထောက်အထားပြနိုင်တဲ့ နည်းလမ်းမရှိဘူး"

"ကျွန်မတော့ သိပ်ဘဝင်မကျဘူးဆရာ"

"ဘဝင်ကျ...အောင်မယ်လေး ဆရာကတော့ မုန်းတောင် မုန်းသေးတယ်၊ ဒါပေမဲ့ ဆရာက အမှုသည်နဲ့ ငြိနေပြီကိုးကွဲ့၊ သူ့ရဲ့နောက်ဆုံးယောကျ်ား ဝီလ်ဘာတန်ဆိုတဲ့ လူနဲ့ မယားစရိုက်ထောက်ပံ့ကြေးကိစ္စနဲ့ ပတ်သက်ပြီး ဆရာက ရှေ့နေလိုက်နေတယ်လို့ စာအုပ်မှာ ပြထားလိုက်၊ ကဲ...အခု မင့်ကို အိမ်ပို့ပေးမယ်"

□

## (၁၅)

နောက်တစ်နေ့နံနက်တွင် ရုံးခန်းသို့ မေဆင် ရောက်ရှိလာသောအခါ ပေါလ်ဒရိတ် ထိုင်စောင့်နေသည်ကို တွေ့ရသည်။

"ဆရာသမားဆီ ဖုန်းဆက်ပါတယ်ဗျာ၊ မရပါဘူး၊ ဆရာ စောစော လာလိမ့်မယ် ထင်တယ်လို့ ဒယ်လာက ပြောလို့ ကျွန်တော် ထိုင်စောင့်နေတာ၊ ဟိုလူ့အကြောင်းလေး ဟတ်ဝဲလ်ပစ်တကင်အကြောင်းကို ခင်ဗျား သိချင်တယ် ဆို"

"အဲ...ဟုတ်တယ်၊ ဒီနေ့မနက် သတင်းစာတွေထဲမှာ ဖတ်ရတယ်၊ လူစီဘာတန်ရဲ့ ကားရုံထဲမှာ သူ့ကိုယ်သူသတ်သေပုံပဲ"

"သတင်းစာတွေထဲက ရေးတာပါပဲ ပယ်ရီ"

"ထူးဆန်းတဲ့ တိုက်ဆိုင်မှုနော်၊ မဟုတ်ဘူးလားပေါလ်"

"သိပ်ဟုတ်တာပေါ့ ဆရာသမားရယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူတို့လင်မယား ဖြစ်ခဲ့ကြဖူးတယ်"

"နောက် ဘာအသေးစိတ်တွေ ရသေးသလဲ"

လူစီဘာတန်နှင့် သူ၏ မိန်းကလေးမိတ်ဆွေတို့ ကားရုံထဲကို ကား အသွင်းမှာ အလောင်းကို တွေ့သည့်အကြောင်း၊ ရဲကို သူတို့ တိုင်ကြားသည့် အကြောင်း၊ ပို့င့်သုံးရှစ်ကယ်လီဘာ ခြောက်လုံးပြူးနှင့် ပစ်ခြင်းဖြစ်ကြောင်း၊

သေနတ်ကို လူသေ၏ ညာဘက်လက် ဘေးနားတွင် တွေ့ရကြောင်း စုံလင်စွာ ပေါလ်က ပြောပြသည်။

ထို့နောက် ဆက်၍…

"ခင်ဗျားသိချင်တယ်ဆိုတဲ့ ဆာမစ်အင်ဝက်ဆင်ပွိုင့်သုံးရှစ် သေနတ်နံပါတ်အက်စ် ၆၅၀၈၈ ဟာ ရပ်ရှင်းခရိမာကင်တိုင်းကုမ္ပဏီပိုင်ရှင်ရော့စ်ကို အာရ်ဟန်ဆမ်က ဝယ်သွားပြီး လွန်ခဲ့တဲ့ တစ်လလောက်က ရော့စ်ပီဟိုလစ္စတာဆိုတဲ့ လူကို ပြန်ရောင်းလိုက်တဲ့ သေနတ်ပဲ"

"အင်း…စိတ်ဝင်စားစရာပဲဟေ့"

"ခင်ဗျားအစုံမသိသေးပါဘူးဗျာ"

"အေး…ဟုတ်တယ်၊ ပြောစမ်းပါဦး"

"ခင်ဗျားက အမြန်သိချင်တယ်ဆိုတော့ ဆန်တာဒဲလ်ဘားရာက ကျွန်တော့်လူက ဟန်ဆမ်ကို ညကြီးသန်းခေါင် နှိုးပြီး ဆိုင်ကိုသွား၊ မှတ်တမ်းတွေကို စစ်ဆေးကြည့်လို့ သိရတာပဲ၊ မစ္စတာဟန်ဆမ်ကတော့ နည်းနည်းအံ့အားသင့်သွားတာပေါ့"

"ဒါပေါ့လေ၊ ဒါပေမဲ့ သူက ဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ၊ အနေသာကြီးပဲဥစ္စာ"

"ဟုတ်ပါတယ်၊ ခင်ဗျားများ သိချင်မလား ထင်လို့ ပြောရတာပါဗျာ"

"ဘာကြောင့်လဲပေါလ်"

"ဒီလိုလေ၊ အလောင်းဘေးနားမှာ အဲဒီသေနတ်ကို တွေ့တဲ့အကြောင်း ပြောပြီးပြီမဟုတ်လား၊ သူ့ဟာသူပဲ ပစ်တာလား၊ ဘယ်သူက ပစ်တာလဲလို့ မသိတဲ့ဟာလေ၊ အဲဒီသေနတ်ပေါ်က သေနတ်နံပါတ်တွေကို ကျောက်စက်နဲ့ စားပြီး ဖျက်ထားတယ်"

"ဒီတော့ ရဲတွေက သေနတ်နဲ့ ပတ်သက်လို့ မလိုက်နိုင်တော့ဘူးပေါ့" ဟု စိတ်သက်သာရာ ရသွားသည့်အသံဖြင့် မေဆင်က ပြောလိုက်သည်။

ဒရိတ်က မျက်နှာလွှဲမြီလွှဲထားလျက်နှင့်…

"ဒါပေမယ့် အဲဒီဖျက်တဲ့လူက သေနတ်အကြောင်း ကောင်းကောင်းသိပုံမရဘူး၊ ဒီသေနတ်ပုံစံမျိုးမှာ လက်ကိုင်သစ်သားရဲ့ အတွင်းဘက်မှာလည်း နံပါတ်တပ်ထားလေ့ ရှိတယ်၊ ဝက်အူလှည့်ကလေးနဲ့ ဝက်အူကို လှည့်ပြီး ခွာ



လိုက်ရင် အတွင်းက နံပါတ်ကို တွေ့နိုင်တယ်ဗျ"

"ကဲ…ဆက်ပြောပါဦး"

"ရဲက ခွာကြည့်တာ နံပါတ်ကို သွားတွေ့တယ်၊ ဒီတော့ ဟန်ဆမ်ကို ဒုတိယအကြိမ် အိပ်ရာကနှိုးပြီး သေနတ်ရောင်းလိုက်တဲ့ကိစ္စမေးရင် ဟန်ဆမ်ကတော့ တစ်မျိုးထင်မှာပဲ၊ ဆန်တာဒဲလ်ဘားရာက ကျွန်တော့် အကူစုံထောက်ကို သူကတော့ မသိပါဘူး…"

"ဒါပေမဲ့ လူပုံပန်းကိုတော့ ကောင်းကောင်းပြောပြတတ်မှာ၊ အဲ…ရဲက တစ်ခုနဲ့တစ်ခု ဆက်စပ်ကြည့်လိုက်ရင် ဘာဆိုတာ သိသွားမှာပဲ၊ ဒီတော့ ခင်ဗျားက ရှင်းရတော့မယ်၊ နောက်ပြီး ခင်ဗျား သိထားဖို့ နှစ်ခုသုံးခု ရှိသေးတယ်"

"ကဲပါ ပေါလ်၊ ပြောစရာရှိရင် မြန်မြန်ပြောစမ်းပါကွာ၊ ကိုယ်လှုပ်ရှားဖို့လိုရင် အမြန်ဆုံး လှုပ်ရှားရမှာကွ"

"သေနတ်သံကို ဘာလို့ မကြားရသလဲလို့ ရဲက အံ့ဩနေကြတယ်၊ ကားရုံထဲမှာ ပစ်တယ်လို့တော့ သေချာသလောက်ပဲ၊ ပတ်ဝန်းကျင်ကို စုံစမ်းကြည့်တဲ့အခါ ကားတစ်စီးဟာ ရှေ့ကို ဆောင့်ဆောင့်ပြီး အိတ်ဇောက ဗုန်းဒိုင်းနဲ့ မြည်လွန်းတော့ လမ်းကြားထဲက အဆောက်အအုံမှာ နေတဲ့လူတွေကို အနှောင့်အယှက် ဖြစ်ကရော…"

"ဒါနဲ့ပဲ လူတစ်ယောက်က ပြတင်းပေါက်က ခေါင်းပြူကြည့်တယ်။ အဲဒီတုန်းက မှောင်စပြုနေပြီလေ၊ ဒါပေမဲ့ ကားရုံအမှတ် ၂၀၈ ရှေ့မှာ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရပ်နေတာကို သူ တွေ့ရသတဲ့…"

"ယောက်ျားက ထောင်ထောင်မောင်းမောင်း၊ အထက်တန်းကျကျနဲ့ အပေါ်အင်္ကျီရှည် အရောင်ဖျော့ဖျော့ကို ဝတ်ထားသတဲ့၊ မိန်းမကတော့ ကုတ်အင်္ကျီအကွက်ဝတ်ပြီး ဦးထုပ်အနက်ကို ဆောင်းထားတယ်တဲ့…"

"ကားရုံတံခါးကို သူတို့ဖွင့်နေကြတယ်၊ အချင်းချင်းစကား နည်းနည်းပြောပြီး ကားစက်ရပ်ထားခဲ့ပြီး သွားကြတယ်တဲ့။ ကားက ဗုန်းဒိုင်းမြည်တုန်းပစ်တာဖြစ်မယ်လို့ ရဲက ယူဆတယ်"

"ဒီအတိုင်းသာမှန်ရင် လူသတ်မှုပဲ၊ သက်သေနှစ်ယောက်ရှေ့မှာ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို သတ်သေမှာ မဟုတ်ဘူးတဲ့၊ တကယ်လို့

ဟုတ်ခဲ့ရင်လည်း ရဲကို အကြောင်းမကြားတာဟာ၊ ကဲ…ရဲများရဲ့ ယူဆချက်ကို သိနိုင်တာပေါ့"

"ဆက်ပြော"

"လူစီဘာတန်က ဖုန်းဆက်လို့ ရဲတွေသွားကြတော့ လူစီဟာ ကုတ်အင်္ကျီအကွက်ဝတ်ပြီး ဦးထုပ်အနက်ကို ဆောင်းထားတာ တွေ့ရတယ်တဲ့၊ အဲဒီအဝတ်အစားတွေကိုကြည့်ပြီးတော့ သူမြင်တာ လူစီဘာတန်ပါပဲလို့ သက်သေက ပြောတယ်၊ အဲဒီအချိန်က ကားရုံနား သူမရောက်ခဲ့ပါဘူးလို့ လူစီဘာတန်ကတော့ ဘုံးကွယ်တယ်"

"ဘယ်အချိန်ကတဲ့တုန်း"

"ခြောက်နာရီပတ်ဝန်းကျင်မှာတဲ့၊ အချိန်ကိုတော့ သက်သေက အတိအကျမပြောနိုင်ဘူး"

"ယောကျ်ားဆိုတာနဲ့ ပတ်သက်လို့ကတော့ ဘာတဲ့လဲ"

"အခုအထိတော့ ဒီလူရဲ့ ယေဘုယျပုံပန်းကိုသာ သိရသေးတယ်၊ ဒါပေမဲ့ ရဲက သေနတ်ပေါ်မှာ လက်ဗွေရာရှာကြည့်တော့ တစ်ယောက်ယောက်က နံပါတ်တွေကို ဖျက်တုန်းက ကိုင်တာပဲလား၊ ကျည်တောင့်တွေကို ထုတ်ယူတုန်းက ကိုင်တာပဲလား မသိဘူး၊ သေနတ်ဆုံလည်ဆလင်ဒါရဲ့ အတွင်းဘက်မှာ လက်ဗွေရာတစ်ခုကို တွေ့တယ်…"

"ယောကျ်ားတစ်ယောက်ရဲ့ ညာဘက်လက်ညှိုး လက်ဗွေရာလို့ ထင်ရတယ်တဲ့၊ သတင်းထောက်တွေကို ကပ်ရပ်ချော့မော့ပြီး အဲဒီလက်ဗွေရာဓာတ်ပုံတစ်ခုကို ကျွန်တော် ရခဲ့တယ်"

အင်္ကျီအိတ်ထဲမှ ထုတ်၍ မဆင်၏လက်ကို လှမ်းပေးလိုက်ပြီး…

'ဒါသုံးဆချဲ့ထားတာ ပယ်ရီ'ဟု ဒရိတ်က ပြောလိုက်သည်။

"တခြားလက်ဗွေရာများကော တွေ့သေးသလား"

"မတွေ့ဘူး၊ သေနတ်အပြင်ဘက်ပိုင်းအားလုံးကို ပြောင်နေအောင် ပွတ်တိုက်ထားတယ်၊ အဲဒီသေနတ်ကိုကိုင်တဲ့ လူက အတွင်းဘက်က လက်ဗွေကို ဖျောက်ဖို့တော့ မေ့သွားတယ်ထင်တယ်"

"ဟုတ်ပြီ၊ ပြီးတော့ ဘာရှိသေးသလဲ"

"ဖြစ်ပုံကို ရဲကသက်ာမကင်းဖြစ်တယ်၊ အထူးသဖြင့် လူစီဘာတန်ကို



မသင်္ကာဘူး၊ သူနဲ့အတူ ပါသွားတယ်ဆိုတဲ့ အန်နီတာဟာ လူစီကိုလည်း သိတယ်။ ဟတ်ဝဲလ်ပစ်တကင်ကိုလည်း သိတယ်"

အမှုအခင်းဖြစ်ပွားချိန်က လူစီဟာ သူနဲ့အတူ တစ်နေရာမှာ ရှိနေပါတယ်လို့ အန်နီတာက ပြောသာ ပြောတယ်၊ သိပ်မဟန်ဘူး၊ နှောင်ကျရင် ပိုပြီး လျှော့ရဲရဲဖြစ်လာလိမ့်မယ်လို့ ရဲကလည်း ထင်တယ်…"

"နောက်ပြီး ခက်တာက သေတဲ့လူရဲ့အိတ်တွေထဲမှာ ထောင်မလဲသဲကော် အသစ်စက်စက် ဒေါ်လာငါးထောင် တွေ့ရတာပဲ၊ ဒေါ်လာတစ်ရာတန်ထုပ်တစ်ခုမှာ ဘဏ်က စက္ကူပတ်ကိုတောင် မဖြုတ်ရသေးဘူး…"

"အဲဒီအပေါ်မှာ ဘဏ်ငွေကိုင်စာရေးရဲ့ လက်မှတ်တောင် ပါသေးတယ်။ ဒါနဲ့ ရဲက ဆက်ပြီးလိုက်တော့ မကြာသေးခင်ကမှ မစ္စတာဒပ်ဒလေဂိတ်ဆိုတဲ့လူ ထုတ်သွားတာကို တွေ့ရတယ်၊ ဒပ်ဒလေဂိတ်ဟာ ပစ်တကင်ကို ယာဉ်မောင်းအဖြစ် ခန့်ထားတဲ့ အာဂျိုင်းနဲ့ လုပ်ငန်းစပ်တူလုပ်ဖက်ပဲ"

"သေနတ်ကို ဝယ်ပြီး အလုပ်ကိစ္စနဲ့ ခရီးထွက်သွားပါတယ်လို့ ဆိုတဲ့လူ၊ သူဘယ်မှာရှိနေပါတယ်လို့ သူ့ရဲ့မိတ်ဆွေတွေကိုတောင် အသိမပေးဘဲနေတဲ့လူဖြစ်တဲ့ ရော့စ်ပီဟိုလစ္စတာရဲ့ မိတ်ဆွေတစ်ယောက်လည်း ဖြစ်တယ်။ ဒပ်ဒလေဂိတ်ဟာ ဟိုလစ္စတာနဲ့အတူ ပါသွားပုံရတယ်"

မဆင်က စီးကရက်ကို ထိုးခြေလိုက်သည်။ စိတ်မငြိမ်မသက်နှင့် စားပွဲကို လက်ချောင်းကလေးများဖြင့် တီးခေါက်သည်။

"ရော့စ်ဟိုလစ္စတာအကြောင်း ကိုယ် နည်းနည်းသိထားတာ ရှိတယ်ပေါ်လ်၊ သူဟာ သေနတ်ပစ်လက်ဖြောင့်တဲ့ လူတစ်ယောက်ဖြစ်ပြီး ရေနံထွက်ဖို့ အလားအလာရှိတဲ့ မြေကွက်တွေ ဘာတွေကို ငှားရမ်းပြီး အလုပ်လုပ်တယ်…"

"အလုပ်ကိစ္စနဲ့ သွားတယ်ဆိုတော့ မိတ်ဆွေတွေဆီကို စာနဲ့ ဆက်သွယ်မယ်၊ သူ့အဆက် မိန်းကလေးမှာ ဖုန်းမရှိဘူး။ ဒီတော့ စာနဲ့ပဲဖြစ်ဖြစ်၊ ကြေးနန်းနဲ့ပဲဖြစ်ဖြစ် သူဘယ်မှာရှိတယ်ဆိုတာကို ဆက်သွယ်တတ်တယ်"

"ကျွန်တော် သိထားတာလည်း ရှိတယ်၊ သူဟာ ဆန်တာဒဲလ်ဘားရာမှာ နေတယ်၊ မယားနဲ့ ကွာရှင်းထားတယ်၊ စီရင်ချက်ကတော့ နောက်နှစ်လလောက်နဲ့ အပြီးသတ်ဖြစ်မှာ မဟုတ်သေးဘူး…"

"ဟိုမှာ အိမ်ကြီးအိမ်ကောင်းနဲ့ အိမ်ဖော်က နေ့ပိုင်းလာတယ်၊ ၄ နာရီ

ခွဲမှာ အိမ်ပြန်တယ်၊ အိမ်ဖော်မ အိမ်ပြန်ချိန် တနင်္လာနေ့ ၄ နာရီခွဲမှာ ဟိုလစ္စတာ အိမ်မှာ ရှိနေသေးတယ်…”

“အဲဒီနေ့ညနေ ၆ နာရီလောက်မှာ သူအိမ်က ထွက်ဖို့ရှိတယ်၊ အဲဒီကတည်းက သူ့ကို ပြန်မတွေ့ရတော့ဘူးတဲ့၊ သူအလုပ်ကိစ္စနဲ့ ခရီးထွက်ရင် ဆယ်ရက်လောက် ကြာလေ့ ရှိသတဲ့”

“ဒါနဲ့ ဒပ်ဒလေဂိတ်က ဟိုလစ္စတာနဲ့ အတူလား”

“ဟုတ်တယ်လေ၊ အာဂျိုင်းရယ်၊ ဂိတ်ရယ်၊ ဟိုလစ္စတာရယ်ဟာ အစုစပ်အဖွဲ့ဝင်တွေ သဘောပဲ၊ ဟိုလစ္စတာက ဆရာကြီးလေ၊ ကျန်တဲ့နှစ်ယောက်ကတော့ ဟုတ်ကဲ့ ခင်ဗျာတွေပဲ…”

“အဲဒါဟာ ယေဘုယျအခြေအနေပဲ၊ အလောင်းရဲ့ကိုယ်မှာ ငွေတွေ တွေ့တယ်ဆိုတော့ စိတ်ဝင်စားစရာဖြစ်လာတာပေါ့…”

“ဒီတော့ကာ ဒပ်ဒလေဂိတ်နဲ့ ဟတ်ဝဲလ်ပစ်တကင်တို့အကြားမှာ ငွေရေးကြေးရေး ဆက်သွယ်မှုကို ရဲက စဉ်းစားဖို့ ဖြစ်လာမှာပေါ့”

‘ရဲတွေက စတက်ဖင်အာဂျိုင်းကို စစ်ဆေးမေးမြန်းနေကြပြီလား’ဟု မေဆင်က ထောက်၍ မေးလိုက်သည်။

“ဟုတ်တယ်၊ အာဂျိုင်းကို မနက်စောစော အိပ်ရာက နှိုးပြီး စစ်တယ်၊ သူ့ယာဉ်မောင်းကို သူနောက်ဆုံး တွေ့လိုက်ရတာ ဒီဆရာတို့ ရုံးရှေ့မှာလို့ အာဂျိုင်းက အစစ်ခံတယ်…”

“ဆရာ့ကို သူ ဒီမှာ စောင့်ရမှာမို့ ကားကို အိမ်ပြန်ယူသွားပြီး ကားရုံထဲသွင်းထားဖို့ နောက်ပြီး ရက်အားယူဖို့ကို ယာဉ်မောင်းကို သူ ပြောလိုက်တယ်လို့ သူက ပြောတယ်”

“ဒီတော့…”

“ပစ်တကင်က ဒီလိုလုပ်ပုံရတယ်၊ အိမ်ပြန်ပြီး ကားကို ထားပြီးထွက်သွား၊ ရဲတွေပြောတဲ့ အချိန်အရဆိုရင် ကားတစ်စီးက ဗုန်းဒိုင်းလုပ်တာကို သက်သေခံသူက ကြားရတဲ့အချိန်၊ လူစီရဲ့ ကားရုံထဲကို တစ်ယောက်ယောက်က ပစ်တကင်ကို အဝင်ခိုင်း၊ အဲဒီအချိန်မှာပဲ သူအသတ်ခံရတာ ဖြစ်ပုံရတယ်တဲ့”

ဒရိတ်က ထရပ်လိုက်သည်။ လက်ဗွေမှတ်ပုံကို မေဆင်အား ပေးခဲ့ပြီး ဒယ်လာကိုပါ နှုတ်ဆက်၍ အခန်းထဲမှ ထွက်သွားသည်။



မေဆင်က ဒယ်လာစထရိအား တံဆိပ်တုံးမင်ပြင် ယူလာခိုင်းကာ သူ၏ ညာလက်ညှိုးလက်ဗွေရာကို စက္ကူလွတ်တစ်ခုပေါ်တွင် နှိပ်လိုက်သည်။

‘အလိုလေး၊ ဘယ်လိုလဲ ဆရာ’ ဟု ဒယ်လာက အလန့်တကြားပြောလိုက်ပြီး မေဆင်၏ လက်မောင်းကို ညှစ်လိုက်သည်။

‘စိတ်အေးအေးထားစမ်းပါ ဒယ်လာ’ဟု မေဆင်က ပြန်ပြောပြီး လက်ဆေးသည်။

ဒယ်လာစထရိက လက်ဗွေရာစက္ကူကို ယူပြီး မီးရှို့ပစ်လိုက်သည်။

“ဒီတော့ ဆရာ ဘယ်လိုဖြစ်မလဲဟင်”

‘အဖမ်းခံရမှာပေါ့ကွယ်၊ ဒါပေမဲ့ ကြာကြာမနေရပါဘူး’ဟု မေဆင်က ပြန်ပြောလိုက်သည်။

❐

## (၁၆)

မေဆင် လက်သုတ်၍ ပြီးရုံသာ ရှိသေးသည်။ ဒန်နီယယ်လ်ကက်ဖီး ဆိုသူနှင့် အာမခံကုမ္ပဏီမှ ဖရန့်ပီအိန်ဂဲလ်ဆိုသူတို့ မေဆင်ကို တွေ့ရန် စောင့်နေကြောင်း ပြောလာသည်။

မေဆင်က လွှတ်လိုက်ရန် ပြောသဖြင့် ဝင်လာကြသောအခါ ဖရန့်ပီ အိန်ဂဲလ်က မေဆင်အား လက်ဆွဲနှုတ်ဆက်ပြီး ကက်ဖီးဘက်သို့ လှည့်၍…

'ဒီမှာ မစ္စတာကက်ဖီး၊ ခင်ဗျား ကျေနပ်မယ်ဆိုရင် ကျွန်တော်ပဲ စကားပြောမယ်ဗျာနော်'ဟု ပြောလိုက်သည်။

ကက်ဖီးက ကျေနပ်ကြောင်း ပြန်ပြောသဖြင့် ထိုင်ချလိုက်ပြီး ဖော်ရွေစွာ ပြုံးလျက် အိန်ဂဲလ်က စကားစသည်။

"မစ္စတာမေဆင်၊ ဒီကိစ္စကို ခင်ဗျား ဆွေးနွေးချင်တယ်လို့ ကျွန်တော် သဘောရပါတယ်"

"ဆွေးနွေးချင်ပါတယ်၊ ဆက်ပြောပါ"

"မစ္စတာမေဆင်၊ ခင်ဗျားက စပြီး စကားပြောရင် ကောင်းမယ် ထင်တယ်"

"လူကြီးမင်းများ သိထားဖို့က ငွေစကားပြောတယ်ဆိုတာပဲ"

"ဒါပေါ့…ဒါပေါ့၊ ဒါပေမယ့် ခက်တာက ဘာကို အခြေခံပြီး စကြ



မှာလဲ"

မေဆင်က တင်ပြလိုက်သည်။

"သူငယ်ကလေးဟာ ပြင်းပြင်းထန်ထန်ပဲ ဒဏ်ရာရသွားပါတယ်၊ ဆရာဝန်အတွက်နဲ့ ဆေးဖိုးဝါးခ ကုန်ကျစရိတ်အတွက် ဒေါ်လာသုံးထောင် လိုချင်ပါတယ်…"

"လျော်ကြေးအနေနဲ့က ဒေါ်လာ ငါးထောင်ဗျာ၊ ရှေ့နေခက ဒေါ်လာ နှစ်ထောင်၊ အဲဒီတော့ သူငယ်ကလေးကိစ္စမှာ ဒေါ်လာ တစ်သောင်း ဖြစ်ကရော…"

"နောက်ပြီး သူ့အမေအတွက်က ဒေါ်လာနှစ်ထောင်၊ ကားအသစ်ဝယ်ဖို့ ဒေါ်လာထောင့်ငါးရာ၊ ရှေ့နေခတစ်ထောင်၊ စုစုပေါင်း ဒေါ်လာတစ်သောင်း လေးထောင်ငါးရာ…ဟုတ်ပြီလား…"

"ကက်ဖီးဆီက ဒေါ်လာတစ်သောင်းအတွက် ချက်လက်မှတ်ရထားပြီး ပြီ၊ ဒါကြောင့် အာမခံဌာနအနေနှင့် ကျန်တဲ့ငွေအတွက် ချက်လက်မှတ်ပေးပေ တော့"

အာမခံမှ ပုဂ္ဂိုလ်က အကြောင်းအမျိုးမျိုးပြ၍ ဈေးဆစ်သည်။ တိုက်ပြီး ပြေးသည့်အတွက်အမှုပင် ဖြစ်နိုင်ကြောင်း မေဆင်ကလည်း ရှင်းပြသည်။ အိန်ဂဲလ်နှင့် ကက်ဖီးတို့နှစ်ယောက်တည်း တိုင်ပင်လိုကြောင်း ပြော၍ ဉဝဒေ စာကြည့်ခန်းထဲသို့ ပို့ပေးလိုက်သည်။

စာကြည့်ခန်းတံခါးကို ပိတ်လိုက်ပြီးနောက် မေဆင်အား ဒယ်လာက မေးလိုက်သည်။

"ဟိုတစ်ဦးဆီကလည်း ငွေယူ၊ ဒီတစ်ဦးဆီကလည်း ငွေယူဆိုတော့ နှစ်ခါ ငွေယူတာကို သူတို့သိသွားရင် ဘယ်လိုလုပ်မလဲ ဆရာ"

"မပြောတတ်ဘူးလေကွယ်၊ ဒီလိုကိစ္စမှာ ဒီလိုလုပ်ဖူးတာတော့ မရှိဘူး၊ ဒီလို နှစ်ဦးကိုမပြောနဲ့ တစ်ဦးနဲ့ ပြေလည်အောင် လုပ်ဖို့တောင် တော်တော် ခဲယဉ်းတာ၊ အခုတော့ ဒယ်လာ၊ တို့လွှတ်လွှတ်လပ်လပ်ရှိတုန်း ရှင်းရတာပဲ လေ"

"ကျွန်မတို့ အဖမ်းမခံရခင်လို့ ဆိုလိုတာလား"

"မှန်တယ်လေ၊ ဒါနဲ့ အိန်ဂဲလ်ကတော့ ဆရာဟာ သိပ်ရိုင်းတာပဲလို့

ထင်မှာပဲ၊ ဒါပေမဲ့ ဆရာ ခေါင်းမီးတောက်နေတာကိုသာ သူသိရင် သူ သတိ တောင် လစ်ချင်လစ်သွားမှာ…”

“တို့ရှေ့နေအလုပ် လုပ်နေရတာဟာ အချိန်ဖမ်း နာရီကို လက်တစ်ဖက်က ကိုင်ပြီး အထိန်းတံဖြုတ်ပြီးသား ချိန်ကိုက်ဗုံးကို တခြားလက်တစ်ဖက်နဲ့ ကိုင် ထားရသလိုပဲကွယ်”

အခန်းထဲတွင် မေဆင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ ကရုဏာသက်စွာဖြင့် ဒယ်လာက လိုက်ကြည့်နေသည်။

ဥပဒေစာကြည့်ခန်း တံခါးပွင့်လာသည်။ တိုင်ပင်သူနှစ်ယောက် ထွက် လာသည်။ ဤအကြိမ်တွင် ကက်ဖီးက ဦးဆောင်၍ စကားပြောသည်။

“ကျွန်တော်တို့ ပြေလည်အောင် လုပ်မယ်လေ မစ္စတာမေဆင်၊ ကျွန်တော် ငွေတစ်သောင်းပေးတာကို အာမခံကုမ္ပဏီက စိတ်ဆိုးတယ်၊ ကျန်ငွေကိုလည်း ကျွန်တော်ပဲ ပေးပါမယ်၊ အာမခံ ကုမ္ပဏီနဲ့ နောက်မှပဲ ကျွန်တော် ရှင်းယူပါ မယ်”

ကက်ဖီးချက်လက်မှတ် ရေးနေစဉ် အိန်ဂဲလ်ဆီမှ ကျေအေးလွှာကို တောင်းကြည့်ပြီး မေဆင်က လက်မှတ်ထိုးပေးလိုက်သည်။ ထို့နောက် ချက် လက်မှတ်ကို လက်ခံယူသည်။

မေဆင်အား ကက်ဖီးက သူသင်ခန်းစာရသွားပြီး ဖြစ်ကြောင်း ပြောကာ မေဆင် လျှင်ပုံ၊ လက်မြန်ပုံကို အိန်ဂဲလ်က ပြောပြီး နှုတ်ဆက်၍ နှစ်ယောက် သား ပြန်သွားကြတော့သည်။

❑

## (၁၅)

‘ကျွန်မ ဘဏ်သွားပြီး ချက်လက်မှတ်ကို သွင်းလိုက်ရမှာလား ဆရာ’ဟု ဒယ်လာစထရိက မေးသည်။

‘ဟာ မဟုတ်ဘူး၊ ဒီအလုပ်ကို ဆရာကိုယ်တိုင် သွားလုပ်မယ်၊ ဒါမှ ရုံးကနေ တခြားကို သွားနေတဲ့အတွက် အကြောင်းပြလို့ ကောင်းမှာ’ဟု မေဆင် ပြန်ပြောလိုက်သည်။

“အဲဒီနောက်တော့ကော”

“အဲဒီနောက်တော့ တခြားအကြောင်းပြချက်တစ်ခုကို စဉ်းစားရဦးမှာ တာပေါ့ကွယ်၊ တရားဝင် အကြောင်းပြချက်မရှိရင် တရားမဝင်တစ်ခုကို ရှာ ပြီး တရားဝင်ဖြစ်အောင် လုပ်ယူရမှာပေါ့”

“ဒီလောက်ပဲ ဆိုးသလား ဆရာရယ်”

“ဆိုးချင်ဆိုးမှာ မပြောတတ်ဘူး”

သီးသန့်ဖုန်းမြည်လာသည်။ ဒယ်လာက ကောက်ကိုင်သည်။ ထို့နောက် နားထောင်လိုက်ပြီး…

“ပေါလ်ဒရိတ် ဆရာ၊ ဆရာနဲ့ စကားပြောချင်လို့တဲ့”

ဖုန်းကို မေဆင် လှမ်းယူလိုက်ပြီး…

“ဘယ်လိုလဲ ပေါလ်ရေ၊ ဘာများထူးသလဲ”

"ရပ်ရှင်းခရိကုမ္ပဏီပိုင်ရှင် ဟန်ဆမ်ဆိုတဲ့ လူအကြောင်း ကျွန်တော် ပြောဖူးတာ မှတ်မိတယ် မဟုတ်လား၊ အဲ…အခု သူ့ကို ခေါ်လာပြီး သူ့ရဲ့ သေနတ်မှတ်တမ်းစာအုပ်ကို စစ်တယ်၊ တွေ့ရတာကို သူတို့ တယ်ပြီး ဘဝင်ကျပုံ မပေါ်ဘူး"

"သူတို့ ဘာတွေ့လို့လဲ ပေါလ်"

"ဒီလိုလေ၊ မှတ်တမ်းမှာ ရှော့စ်ပီဟိုလစ္စတာလို့ လက်မှတ်ထိုးထားတယ်။ နေရပ်လိပ်စာ ဘာညာဆိုတာကတော့ ကိုက်ပေမဲ့ တခြားတစ်ယောက်ယောက်က ရေးထားတာ ဖြစ်နေတယ်၊ ဟိုလစ္စတာ လက်ရေးနဲ့ မတူဘူး…"

"နောက်တစ်ခုက လူစီဘာတန်ဟာ အာသာကိုးလ်ဆန်ဆိုတဲ့ လူနဲ့ တွဲနေတယ်၊ ဘယ်လို တွဲနည်းမျိုး ဆိုတာကတော့ မသဲကွဲသေးဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အာသာကိုးလ်ဆန်ဟာ ဟန်ဆမ်နဲ့ မျက်နှာချင်းဆုံမိတော့ သေနတ်ဝယ်သွားတာ ဒီလူပါပဲဆိုပြီး ဟန်ဆမ်က ချက်ချင်းစွပ်စွဲပြီး ထောက်ပြတော့တာပဲ"

ဒရိတ်စကားပြော ခဏရပ်သည်။ မေဆင် ငြိမ်ပြီး စဉ်းစားသည်။ ထို့နောက် 'ဘာရှိသေးသလဲ'ဟု ဒရိတ်အား မေးလိုက်သည်။

"အခုတော့ ဒါပါပဲ"

"အာသာကိုးလ်ဆန်က ဘာပြောသလဲ"

"ဒါဟာ မှားပြီး စွပ်စွဲတာပါလို့ အာသာကိုးလ်ဆန်က ပြောတယ်၊ နောက်ပြီး တကယ်လို့ ရဲတွေက ဒီလို စွပ်စွဲပြီး လူထိုးပြတာမျိုးကို လုပ်ချင်ရင် သူနဲ့ တခြားလူတွေ တန်းစီပြတဲ့ဆီမှာ လုပ်ပါစေတဲ့၊ ဒါကတော့လည်း ဟုတ်တာပဲလို့ ရဲတွေက ယူဆတယ်၊ ဒါပေမဲ့ ဘာထွက်လာဦးမလဲလို့ ထပ်နှိုက်နေတယ်"

"မှားပြီး စွပ်စွဲစရာအကြောင်း ရှိသလား ပေါလ်"

"နည်းနည်းမှ မရှိပါဘူးဗျာ၊ ကျွန်တော် သိရသလောက်တော့ ဒီဟန်ဆမ်ဆိုတဲ့လူဟာ သိပ်သေချာတဲ့လူတဲ့၊ သူ့ဆီလာနေကျ ဖောက်သည်တော်တော်များများကို သူမှတ်မိတယ်တဲ့၊ ငါးမျှားရာသီမှာ ငါးဖမ်းလိုင်စင်ဝယ်တဲ့ လူတွေ တော်တော်ရှုပ်တဲ့ အချိန်မှာတောင် လူတွေကို မှတ်မိတယ်…"

"အခု ငါးမျှားရာသီမဟုတ်တဲ့အခါမှာ အရောင်းအဝယ် လုပ်လိုက်ရတာ



ဆိုတော့ မပြောနဲ့တော့တဲ့၊ သူထိုးပြတာလည်း သေချာပါတယ်တဲ့၊ ရဲကတော့ သူပြောတာ တော်တော်စွဲသွားတယ်၊ ဘာလို့များ ကိုးလ်ဆန်က ဟိုလစ္စတာ အမည်ကို ထိုးရပါလိမ့်၊ ဆရာဘယ်လိုထင်သလဲ"

"သူဟာ လူတစ်ယောက်ယောက်ရဲ့ နာမည်ကို ထိုးရမှာက မလွဲမသွေ ဖြစ်နေတယ်လေ၊ လူစီဟာ ဟိုလစ္စတာနဲ့ လက်ထပ်မယ့်ဆဲဆဲအနေမှာ ရှိနေလေတော့ သေနတ်မှတ်တမ်းမှာ တခြားနာမည်နဲ့ ပြစေချင်မှာ မဟုတ်ဘူးပေါ့…"

"ဒီတော့ ကိုးလ်ဆန်ရဲ့ အမြင်နဲ့ဆိုရင် ဟိုလစ္စတာရဲ့နာမည်ကို အသုံးပြုတာဟာ အကောင်းဆုံးနဲ့ စိတ်အချဆုံးလို့ တွက်မိလို့ ဖြစ်မှာပေါ့"

"ဒီလိုကြည့်ပြန်တော့လည်း အံကိုကိုက်လို့ပဲ"

"နောက်က ဘာများရှိသေးသလဲ ပေါလ်"

"အလောင်းကို မရွှေ့ခင်မှာ အလောင်းကောင်ကို စစ်ဆေးနည်းတစ်မျိုးနဲ့ ပစ်တကင်ရဲ့လက်တွေကို စစ်ဆေးကြည့်တယ်၊ သေပြီးစ ဒီလောက်အချိန်ကလေးမှာတောင် သေနတ်ကိုကိုင်ပြီး ပစ်ခဲ့ပါတယ်ဆိုတဲ့ လက္ခဏာ မပြဘူးတဲ့၊ အမှုနဲ့ ပတ်သက်ပြီး တစ်ခုခုကလည်း ရဲတွေ မသင်္ကာစရာ ဖြစ်စေတယ်လေ"

"ဘာလဲဆိုတာ မင်းသိသလား ပေါလ်"

"သိတယ် ထင်တယ် ပယ်ရီ၊ ဒါပေမဲ့ ခင်ဗျားတော့ ကြိုက်မှာမဟုတ်ဘူး"

"ကိုယ်တော့ ဘာကိုမှ မကြိုက်ဘူးကွာ"

"ဒီလိုလေ၊ လူသေအနားမှာ သေနတ်တစ်လက်ကို တွေ့ရတယ် ဟုတ်လား၊ သေနတ်က သွေးအိုင်တစ်ခုထဲမှာတဲ့၊ ဒီလူဟာ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်ခဲ့ရင် နောက်တစ်စက္ကန့် နှစ်စက္ကန့်ဆိုသလို မတ်မတ်ကြီး ရှိနေပြီး ဒဏ်ရာက သွေးပန်းထွက်ခဲ့ရမယ်…"

"နောက်မှ သူလဲကျသွားပြီး သေနတ်လွှတ်ကျသွားခဲ့ရမယ်တဲ့၊ ဒီအနေအထားမျိုး ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ။ ဒါပေမဲ့ ဒီလိုဖြစ်တယ်မထင်ဘူးတဲ့၊ ရဲအုပ်ကြီး ထရက်အကြောင်း ဆရာ အသိသားနဲ့၊ သူက သိပ်သေချာတဲ့လူပဲ"

"ဟုတ်တယ်၊ မင်းကလည်း ချိုထားပြီး တစ်ခုပြီးမှတစ်ခု နည်းနည်းချင်း ပြောနေတာကိုကွာ"

"အခုတော့ ဒါအကုန်ပါပဲ ဆရာကြီးရာ"

မဆောင် ဖုန်းကို ချလိုက်သည်။

'ဘာတဲ့လဲဆရာ'ဟု ဒယ်လာစထေရီက ချက်ချင်းမေးလိုက်သည်။

"ညက ဒီလူသတ်မှု ကျူးလွန်သွားတဲ့လူ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ကွာ၊ ကိစ္စက ဆရာထင်သလောက် မလွယ်ဘူးကွယ့်၊ အေးလေ၊ အခုမှတော့ ပူနေလို့လည်း မဖြစ်တော့ပါဘူး..."

"ကက်ဖီးရဲ့ ကားနံပါတ်ကို လာပေးတဲ့ ဟိုကလေးမ ကာလော့တာ ဘွန်းလာရင်သာ ဒေါ်လာတစ်ရာတန် ချက်လက်မှတ်ပေးလိုက်၊ နောက်ပြီး စာရင်းမှတ်တမ်းအတွက် ငွေထုတ်ပြီးကြောင်း အထောက်အထား လာပေးဖို့လည်း ပြောလိုက်"

"ဒါမှ သူဘယ်မှာငွေထုတ်တယ်၊ သူ့နောက်လိုက်စရာရှိရင် သိနိုင်မယ်ပေါ့၊ ဟုတ်လား ဆရာ"

"ကဲ...စောင့်နေခဲ့ဦး၊ ဆရာသွားလိုက်ဦးမယ်"

□

(၁၈)

မဆောင် သူ့ရုံးရှိရာ အဆောက်အအုံသို့ ပြန်လာသောအခါ နေ့ခင်းဆယ့်တစ်နာရီထိုးပြီ ဖြစ်သည်။

ဆေးလိပ်ရောင်းစင်ကလေးကို မှီနေသော ဒရိတ်၏ စုံထောက်တစ်ယောက်သည် ဓာတ်လှေကားထဲသို့ မဆောင်နှင့် ပြိုင်တူဝင်လိုက်သည်။

"မင်္ဂလာနံနက်ပါ မစ္စတာမဆောင်၊ ဒီနေ့မနက် အားလုံးအဆင်ပြေပါရဲ့လား"

"ပြေပါတယ်၊ မောင်ရင်က ဒရိတ်ရဲ့လူ မဟုတ်လား"

"မှန်ပါတယ်၊ အခုပဲ တက်ပြီး အစီရင်ခံစာတင်မလို့ပါ"

မဆောင်၏ လက်မနှင့် လက်ညှိုးကြားထဲသို့ စုံထောက်က ကတ်ပြားတစ်ခုကို အမှတ်တမဲ့ ထည့်ပေးလိုက်သည်။

ကတ်ပြားကို အိတ်ထဲသို့ မဆောင်ထည့်လိုက်ပြီးနောက်...

"ဟာ...အခုမှ သတိရတယ်၊ တယ်လီဖုန်းဆက်ဖို့ နံပါတ်တစ်ခုရှိပါတယ်၊ ငါ့နှယ် ဘယ်များထားလိုက်မိပါလိမ့်"

သူ၏ အင်္ကျီအိတ်ထဲတွင် လိုက်ရှာသယောင် လုပ်ပြီး စုံထောက်ပေးသည့် ကတ်ပြားကလေးကို ထုတ်ယူကာ...

'ဟော...တွေ့ပြီ ဒီမှာ'ဟု ပြော၍ ကိုင်ဖတ်လိုက်သည်။

ကတ်ပြားပါ စာမှာ ဒယ်လာစထရီ၏ လက်ရေးနှင့် ဖြစ်သည်၊ ဤသို့ ရေးထားသည်။

"က–ဘ လာတယ်၊ ဒေါ်လာတစ်ရာတန် ချက်ပြန်ရ၊ ညှော်သည်တွေ အများကြီးရောက်နေ၊ ရုံးကိစ္စနဲ့ စောင့်နေကြတယ်"

'အို...နေပေစေတော့လေ၊ နောက်မကျသေးဘူး ထင်ပါတယ်၊ ရုံးခန်း ရောက်မှပဲ ဆက်တော့မယ်'ဟု မေဆင်က ရေရွတ်လိုက်သည်။

သူတို့၏ရုံးများရှိရာအထပ်သို့ ဓာတ်လှေကားရောက်လာသည်။ စုံထောက်သည် စကားတစ်ခွန်းမျှ မပြောဘဲ ဒရိတ်စုံထောက်အေဂျင်စီအခန်းထဲသို့ ဝင်သွားသည်။ စကြံအတိုင်း မေဆင် ဆက်လျှောက်ပြီး သူ၏ ရုံးခန်းသို့ ရောက်သောအခါ တံခါးကို ဖွင့်၍ ဝင်လိုက်သည်။

'ကဲ...ဒယ်လာ၊ ဆရာတို့မှာ အို...ဟဲ့လို'ဟု ရုံးခန်းပြည့်လူများကို သူမြင်သောအခါ အံ့အားသင့်သည့်ပုံနှင့် ကျူးရင့်လိုက်သည်။

ရဲအုပ်ကြီး ထရက်က ပါးစပ်မှ ဆေးပြင်းလိပ်ကို ချွတ်လိုက်ပြီး...

'ဟဲလို...မေဆင်'ဟု နှုတ်ဆက်လိုက်သည်။

"အား...အား ဟဲလို...ရဲအုပ်ကြီးပါလား၊ နေကောင်းတယ်နော်၊ လူစုလူဝေးက တယ်ကောင်းပါကလား"

'ဟုတ်တယ်၊ လူစီဘာတန်နဲ့ အာသာကိုးလ်ဆန်ကိုတော့ ခင်ဗျား သိမှာပေါ့နော်၊ ဒါက ကျွန်တော်ရဲ့ ရဲစုံထောက်ပဲ၊ ကဲ...လာထိုင်ပါ မစ္စတာမေဆင်၊ ကျွန်တော်တို့ စကားစမြည်ပြောကြရအောင်ဗျာ'ဟု ထရက်က ပြောလိုက်သည်။

"ကောင်းတာပေါ့၊ ဘယ်လိုလုပ် ရောက်လာတာလဲ"

"ထိုင်ပါ သက်သောင့်သက်သာနေပါ၊ ကျွန်တော်တို့ စကားပြောမှာက ကြာမှာဗျ၊ ဒီမှာ မေဆင်၊ ခင်ဗျားကို ကြိုတင် သတိပေးထားမယ်ဗျာ၊ ပြောကြမယ့်စကားကိုတော့ ခင်ဗျား ကြိုက်မှာမဟုတ်ဘူး"

တစ်ညလုံး တစ်မှေးမှ အိပ်ခဲ့ရပုံမပေါ်သည့် လူစီဘာတန်အား မေဆင်က ပြုံးပြလိုက်ပြီး–

"နေကောင်းရဲ့လား လူစီ၊ ဒီနေ့မနက် သတင်းစာတွေထဲမှာပါတဲ့ အတိုင်းဆိုတော့ မင်းတော့ စိတ်ထိခိုက်သွားမှာပဲ"

'ဟုတ်ကဲ့'ဟု မေဆင်၏ မျက်နှာကို မကြည့်ဘဲ သူမက ဖြေလိုက်



သည်။

"ကဲ...မောင်ရင်ကော နေကောင်းရဲ့လား'ဟု အာသာကိုးလ်ဆန်အား မေဆင်က မေးသည်။

'ကောင်းပါတယ်'ဟု ကော်ဇောကို ငုံ့ကြည့်ရင်း ဖြေသည်။

'မနေ့က ညနေ ၆ နာရီက ခင်ဗျား ဘယ်မှာ ရှိနေသလဲ မေဆင်'ဟု ထရက်က စ၍ မေးသည်။

ပြုံးပြီး ခေါင်းကို ယမ်းကာ မေဆင် ပြောလိုက်သည်။

"ရုတ်ခြည်းတော့ မမှတ်မိဘူး ထရက်"

"ဒါဖြင့် စဉ်းစားဗျာ"

"ကောင်းပြီလေ၊ ဘယ်လောက်ကြာကြာ စဉ်းစားစေချင်သလဲ"

"အဖြေပေါ်တဲ့အထိပေါ့ဗျာ"

မေဆင်သည် မျက်မှောင်ကြုတ်ကာ ကုလားထိုင်တွင် အေးအေးဆေးဆေး ထိုင်လိုက်သည်။ ဒယ်လာစထရီ မျက်စိမျက်နှာပျက်နေသည်ကို သူသတိမပြုမိသည်။

'ကိုင်း...ဘယ့်နှယ်လဲ'ဟု ၆ မိနစ်အကြာတွင် ထရက်က မေးလိုက်သည်။

'စဉ်းစားလို့မရသေးဘူး'ဟု သွားပေါ်အောင် ပြုံးပြီး မေဆင် ပြန်ပြောသည်။

ထရက်က ထောက်ညှာသည့်မျက်နှာ ပြကာ...

"ဒီမှာ မေဆင်၊ ခင်ဗျားကို ကျွန်တော် ခင်ပါတယ်၊ အခွင့်အရေးပေးချင်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောချင်တယ်၊ အခုဟာက လူသတ်မှုဗျ၊ ခင်ဗျားဟာ တခြားလူသတ်မှုကိစ္စတွေမှာတုန်းက ရှိနေခဲ့တဲ့ အနေအထားမျိုး မဟုတ်ဘဲ အခုကိစ္စမှာ တစ်မျိုးဖြစ်နေတယ်"

"ဟုတ်သပေါ့၊ ဒါနဲ့ သူများ ဆေးလိပ်သောက်တာကို တွေ့ရတော့ ကျူပ်လည်း သောက်လိုက်ဦးမယ်၊ ဒီက ရဲဘော်တို့ကော သောက်ကြပါဦး လား"

ခေါင်းနှစ်လုံးသည် ပြိုင်တူ ခါယမ်းလိုက်သည်။

'ကိုယ့်လူကကော'ဟု ရဲစုံထောက်များအား မေးမြန်းပြန်သည်။

"မသောက်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

မေဆင်က ဆေးလိပ်ကို မီးညှိလိုက်ပြီးနောက် အေးအေးဆေးဆေးပင် ကုလားထိုင် နောက်ကျောကို မှီလိုက်ပြန်သည်။

'ကောင်းပြီ၊ ခင်ဗျား စဉ်းစားဖို့ အချိန်ယူရဦးမယ်ဆိုရင် ဘယ်လောက်ကြာတယ်ဆိုတာ အချိန်မှတ်ထားမယ်'ဟု ထရက်က ပြောပြီး အိတ်ထဲမှ နာရီကို ထုတ်ယူလိုက်ကာ....

"ကိုင်း...မေဆင်၊ ကျွန်တော် ဒုတိယအကြိမ် ထပ်မေးမယ်၊ မနေ့ည ၆ နာရီလောက်က ခင်ဗျား ဘယ်မှာရှိသလဲ"

နာရီကို စိုက်ကြည့်နေသည့် ထရက်အား ကြည့်ပြီးလျှင်...

'ကျုပ် မပြောနိုင်ဘူး ထရက်'ဟု ပြန်ပြောလိုက်သည်။

"စဉ်းစားပါဦးလေ"

"ကျုပ် ဘယ်မှာ ရှိတယ်ဆိုတာ အခုသိပါပြီ၊ ဒါပေမဲ့ ခင်ဗျားကို မပြောနိုင်ဘူး"

"ဘာဖြစ်လို့"

"လုပ်ငန်းဆိုင်ရာ စောင့်ထိန်းရမယ့် ဝတ္တရားကို ချိုးဖောက်ရာကျမှာမို့"

"ဘယ်အမှုသည်တွေနဲ့ ဆိုင်လို့လဲ"

မေဆင် ပြုံးပြီး ခေါင်းယမ်းသည်။

"ဒီလိုပါ ရဲအုပ်ကြီးရယ်၊ ကျုပ်တို့ မဆွေးနွေးနိုင်တဲ့ဟာတွေ ရှိကြတယ် မဟုတ်လား၊ ရှေ့နေတစ်ယောက်ဆိုတာ သူ့ရဲ့အမှုသည်အပေါ်မှာ ထားအပ်တဲ့ တာဝန်ဝတ္တရားအချို့ ရှိတယ်လေ"

နာရီကို ထရက်ဖယ်ထားလိုက်သည်။

"မနေ့ညက သေနတ်တစ်လက်နဲ့ ပတ်သက်ပြီး ခင်ဗျား စိတ်ဝင်စားမှု ရှိခဲ့တယ်လေ မေဆင်၊ နံပါတ်က အက်စ် ၆၅၀၈၈ ဆမစ်အင်ဝက်ဆင်ပဲ"

"ဟုတ်လား"

"ခင်ဗျားဟာ ခင်ဗျား သိပါတယ်လေ၊ ဆန်တာဒ်လ် ဘားရာက စုံထောက်တစ်ယောက်ကို ရပ်ရှင်းခရိမာကင်တိုင်း ကုမ္ပဏီပိုင်ရှင် ရောဗ်ကိုးဟန်ဆမ်နဲ့ ဆက်သွယ်ပြီး သေနတ်ကို ရောင်းလိုက်တဲ့ကိစ္စ စုံစမ်းခိုင်းတယ် မဟုတ်လား"



"ဩော်...ဒါလား၊ ခင်ဗျားက တိတိကျကျ ပြောနေလေတော့ ရဲအုပ်ကြီးရယ်၊ ကျုပ်ကလည်း မငြင်းလိုတော့ပါဘူး"

"ကျွန်တော်လည်း စိတ်ဝင်စားမိလို့ ဟိုကို ဆက်ပြီး စုံစမ်းကြည့်တော့ ခင်ဗျားလူလာသွားတာ နာရီဝက်လောက်ပဲ ရှိသေးတယ်လို့ သိရတယ်၊ အဲဒီသေနတ်ကို ခင်ဗျားက ဘာလို့ စိတ်ဝင်စားရတာလဲ"

"ဩော်...ဘယ်သူဝယ်သွားသလဲလို့ သိချင်လို့ပါ"

"ဘာဖြစ်လို့"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့"

"အဲဒီသေနတ်က လူသတ်မှုနဲ့ ပတ်သက်နေတယ်၊ ၆ နာရီလောက်မှာ လူသတ်မှုဖြစ်တယ်၊ ၁၀ နာရီခွဲလောက်ကျမှ အလောင်းကို တွေ့ရတယ်..."

"အဲဒီတော့ ဒီမှာ မေဆင်၊ ဒီသေနတ်ဟာ လူသတ်မှုတစ်ခုနဲ့ ပတ်သက်နေမယ်လို့ ၉ နာရီလောက် စောစောကတည်းက ခင်ဗျားက ဘာလို့ သိနိုင်ရတာလဲ"

'မသိရပါကလားဗျာ'ဟု မေဆင်က အံ့အားသင့်သည့် လေသံနှင့် ပြောလိုက်သည်။

"၉ နာရီမထိုးခင်လောက်ကတည်းက ဆန်တာဒ်လ်ဘားရာကို ခင်ဗျား လွှတ်ရမှာပေါ့"

"ဒီထက် စောချင်တောင် စောဦးမယ်၊ ဒီမှာလေ ရဲအုပ်ကြီး၊ ကျုပ်က ဒီသေနတ်ကို စိတ်ဝင်စားခဲ့တယ် ထားဦး၊ ခုအချိန်မှာတော့ တရားမကြောင်းတစ်ခုအနေနဲ့ သက်သေခံပစ္စည်းအဖြစ် အရေးကြီးလို့ ကျုပ်ကတော့ ဝန်မခံနိုင်ဘူး"

"အခုကိစ္စက ခင်ဗျား ထင်တာထက် အခြေအနေဆိုးတယ် မေဆင်၊ ခင်ဗျားကို ဖွင့်မပြောသေးတဲ့ဟာတွေ ကျွန်တော့်ဆီမှာ အများကြီး ရှိသေးတယ်၊ ခင်ဗျား လွတ်လွတ်ကင်းကင်း ရှိရင်တော့ သိပ်ကောင်းတာပေါ့ဗျာ"

"ကျုပ် ဖြေနိုင်တဲ့ မေးခွန်းကိုတော့ ဖြေမယ်လေ"

"လူစီဘာတန်နဲ့ ခင်ဗျား ဘယ်တုန်းကစပြီး ရင်းနှီးခဲ့သလဲ"

'မနေ့ကလေ'ဟု မေဆင်က မဆိုင်းမတွ ဖြေလိုက်သည်။

"သူက ခင်ဗျားနဲ့ လာဆက်သွယ်တာလား၊ ခင်ဗျားက သူနဲ့ သွား

ဆက်သွယ်တာလား"

"ကျုပ် ဖြေနိုင်တဲ့ မေးခွန်းတွေကို မေးလာတယ်ဆိုတော့ ကောင်းသဗျာ၊ ဒယ်လာရေ၊ ဘလိတ်သတင်းစာ ဘယ်မှာလဲကွဲ့၊ ဆရာကြော်ငြာပါတဲ့ ဟာလေ ရဲအုပ်ကြီးကို ပေးလိုက်ပါကွယ်"

ဒယ်လာက ယူလာပြီးလျှင် ရဲအုပ်ကြီး ထရက်လက်သို့ ပေးလိုက်သည်။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ကြော်ငြာကို ထရက်ဖတ်ပြီး မျက်မှောင်ကြုတ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"မီးခံသေတ္တာထဲက စာကိုလည်း ထုတ်လိုက်ပါဦး ဒယ်လာ၊ ဒရိတ်စုံထောက် အေဂျင်စီကို လာတဲ့ စာလေ၊ စာအိတ်ထဲမှာ သော့တစ်ချောင်းလည်း ပါလာတဲ့ စာပေါ့"

'သော့တစ်ချောင်း ဟုတ်လား'ဟု ထရက်က မေးသည်။

'သော့တစ်ချောင်း'ဟု အံ့အားသင့်သံနှင့် လူစီဘာတန် ရေရွတ်လိုက်သည်။

'သော့တစ်ချောင်း ဟုတ်တယ်၊ သော့တစ်ချောင်း၊ တံခါးတွေကို ဖွင့်တဲ့ဟာလေ၊ သိတယ် မဟုတ်လား'ဟု မေဆင်က ပြောလိုက်သည်။

ဒယ်လာစထရီဆီမှ စာကို ယူကာ ရဲအုပ်ကြီး ဖတ်ကြည့်ပြီး မျက်မှောင်ကြုတ်သည်။

'မစ္စဘာတန်ကိုလည်း ပေးဖတ်လိုက်ပါဦး၊ ဒါ သူရေးတဲ့ဟာပဲ၊ ရဲအုပ်ကြီးရဲ့"

စာကို လူစီဘာတန် ယူဖတ်ပြီးနောက် အာသာကိုးလ်ဆန်ဆီသို့ လက်ဆင့်ကမ်းလိုက်သည်။

"ဒီစာကိုရတော့ ခင်ဗျား ဘာလုပ်သလဲ၊ စာထဲမှာပါတဲ့ အချိန်အထိစောင့်ပြီး မစ္စဘာတန် မရှိတုန်း သူ့အခန်းထဲကို ခင်ဗျားသွား…"

ထရက် စကားမဆုံးမီ မေဆင်က ဖြတ်ပြောလိုက်သည်။

"ရှေ့ဉာဏ်တော် မစူးရောက်စမ်းပါနဲ့ ရဲအုပ်ကြီးရာ၊ အခွင့်မရှိဘဲနဲ့များ ကျုပ်က အခန်းတံခါးကို ဖွင့်ဝင်မယ်လို့ ထင်လို့လား၊ မစ္စဘာတန်အခန်းကို



ကျုပ် ချက်ချင်းသွားတယ်၊ တံခါးခေါက်တယ်၊ လူခေါ်ခေါင်းလောင်းတီးတယ်၊ အမြင်မတော်တဲ့ အချိန်မှာမှ ရောက်သွားတယ်…"

"ဒါပေမဲ့ အထဲဝင်ပြီး ထိုင်ဖို့ သူက ဖိတ်ခေါ်တယ်၊ အိပ်ခန်းထဲ ဝင်ပြီး သူ အဝတ်အစားဝတ်တယ်၊ နောက် သူထွက်လာတော့ ကျုပ်တို့ ထိုင်စကားပြောကြတယ်၊ အဲဒီမှာပဲ ရှေ့နေနဲ့ အမှုသည် အဖြစ်က စတော့တာပါပဲ။ တစ်ခုတစ်ခုအတွက် ရှေ့နေလိုက်ပေးဖို့ သူက ပြောတယ်"

'အို…'ဟု လူစီဘာတန် ပါးစပ်မှ ယောင်ထွက်သွားသည်။

"ဒါဖြင့် မစ္စဘာတန်အတွက် ခင်ဗျားအမှုလိုက်တယ်ပေါ့"

"ဟုတ်တယ်လေ"

"ဘာလုပ်ပေးရသလဲ"

မေဆင် ပြုံးပြီး ခေါင်းယမ်းသည်။

"ဒီမှာ မေဆင်၊ ခင်ဗျား မနေ့က လုပ်တာတွေကတော့ အတော်ဆန်းသလိုဖြစ်နေပြီ'ဟု ရဲအုပ်ကြီးထရက်က ပြောသည်။

"ဟာ…ကျုပ်တော့ ဒီလိုမထင်ပါဘူး ရဲအုပ်ကြီး"

"ခင်ဗျား မနေ့က တော်တော်အလုပ်ရှုပ်သွားတာပေါ့နော်"

"ရှုပ်သွားတာပေါ့၊ ကျုပ်ကလည်း အလုပ်များများ လုပ်လေ့ရှိသကိုး"

"အနောက်ကာစီနိုလမ်း၊ အိမ်နံပါတ် ၉၃၈၊ စတက်ဖင် အာကျိုင်းဆီကို ခင်ဗျားသွားခဲ့တယ်၊ ကားတိုက်ပြီး မောင်းပြေးတဲ့ ကားကို သူမောင်းခဲ့တာလို့ ခင်ဗျား စွပ်စွဲတယ် မဟုတ်ဘူးလား"

"ကျုပ် မှတ်မိတာကတော့ မတော်တဆ ကားတိုက်မှုမှာ သူ့ကားပါဝင်ပတ်သက်နေနိုင်တယ်လို့ ထောက်ပြခဲ့တာပဲ"

"နောက် ဟိုမှာ ခင်ဗျားရှိနေတုန်းက ဟတ်ဝဲလ်အယ်လ်ပစ်တကင်ကို တွေ့ခဲ့တာပေါ့"

"မစ္စတာအာကျိုင်းရဲ့ ယာဉ်မောင်းကို ပြောနေတာလား"

"ဟုတ်တယ်"

"သြော်…ဟုတ်တယ်၊ ဟိုမှာ သူရှိနေတယ်လေ"

"ကဲ…ဒီတော့ ဟိုနံပါတ်အက်စ် ၆၅၀၈၈ ဆမစ်အင်ဝက်ဆင်သေနတ်ကို ခင်ဗျား ဘယ်တုန်းက ပထမတွေ့သလဲ၊ ဘာကြောင့် စိတ်ဝင်စားပြီး လိုက်

ထောက်လှမ်းရတာလဲ”

“ဝမ်းနည်းပါတယ် ရဲအုပ်ကြီး၊ ကျုပ်တို့ တော်တော် အဆင်ပြေနေခဲ့ကြတာ၊ အခုတော့ မဖြေနိုင်တဲ့ကိစ္စကို လာမေးနေပြန်ပြီ”

“ဘာလို့ မဖြေနိုင်တာလဲ”

“မပြောဘဲ နေနိုင်တဲ့ အထူးအခွင့်အရေးကြောင့်ပေါ့ဗျာ”

“သေနတ်ပေါ်က နံပါတ်တွေကို ကျောက်စက်နဲ့ စားပြီး ဖျက်ထားတယ်၊ နံပါတ်တစ်ခုကတော့ မဖျက်မိဘဲ ကျန်နေတယ်၊ ဒီနံပါတ်ကို တွေ့ဖို့ လက်ကိုင်သစ်သားခြမ်းကလေးတွေကို ဝက်အူလှည့်ကလေးနဲ့ လှည့်ဖြုတ်လိုက်ရုံပဲ၊ ဖျက်ထားတဲ့အရာတွေကတော့ လတ်လတ်ဆတ်ဆတ်ဗျ”

“တကယ်ပဲလား”

“ခင်ဗျား အဲဒီ သေနတ်ကို စိတ်ဝင်စားလာရအောင် နံပါတ်ကို ဘယ်လိုလုပ်သိသလဲ”

မေဆင်က ပြုံးပြီး ခေါင်းယမ်းသည်။

“ဖျက်ပြီးမှ သိတာလား၊ မဖျက်ခင်က သိတာလား”

“ဝမ်းနည်းပါတယ်”ဟု မေဆင်က အပြုံးမပျက်ပြောလိုက်သည်။

‘မဖျက်ခင်က ဖြစ်ရမယ် မေဆင်၊ ဘာလို့လဲဆိုတော့ စက်ရုံက ထွက်ပြီးကတည်းက ဝက်အူကိုဖြုတ်ရာ မတွေ့ဘူး၊ နံပါတ်တွေကို ဖျက်ပစ်တာခင်ဗျားများ ဖြစ်နေရော့သလားလို့ ကျွန်တော် သံသယဖြစ်မိတယ်’ဟု ရဲအုပ်ကြီးထရက်က ဆက်ပြောသည်။

မေဆင်က ပြုံးရုံသာ ပြုံးသည်။ ထိုနောက် ပါးစပ်ကို လက်ဖြင့်ကာ၍ သမ်းလိုက်သည်။

ထရက်က ရဲစုံထောက်ကို ခေါင်းညိတ်ပြပြီး…

‘ကဲ…ဟိုသက်သေကို ခေါ်သွင်းခဲ့’ဟု ခိုင်းလိုက်သည်။

ရဲစုံထောက် ဧည့်ခန်းဆောင်သို့ ထွက်သွားသည်။

“ဒီလိုလုပ်မယ် မေဆင်၊ ၆ နာရီမှာ တောင်ဂွန်ဒိုလာလမ်း၊ အမှတ် ၇၁၉ မစ္စဘာတန်ရဲ့ ကားရုံရှေ့မှာ ခင်ဗျားရောက်နေတယ်လို့ ကျွန်တော် ထင်တယ်၊ သေနတ်ပစ်တာလည်း အဲဒီကားရုံထဲမှာပဲလို့ ထင်တယ်…

“ခင်ဗျားက အဲဒီသေနတ်ပစ်တာကို ဖုံးဖိထားတယ်လို့ ကျွန်တော်



သဘောရတယ်၊ ခင်ဗျားကို မှတ်မိလို့ စွပ်စွဲထောက်ပြနိုင်တဲ့ သက်သေကျွန်တော့်မှာ ရှိတယ်လို့လည်း ထင်တာပဲ”

မေဆင်က စီးကရက်ပြာကို ခြွေလိုက်ပြီး…

‘ဒီလို သက်သေမျိုးမရှိနိုင်ပါဘူး ရဲအုပ်ကြီးရယ်’ဟု ပြန်ပြောသည်။

“ဟောဒီက လူစီဘာတန်ကိုတော့ ဒီသက်သေက အတပ်စွဲပြီး ထောက်ပြနိုင်တယ်”

မေဆင် ဘာမျှပြန်မပြောနိုင်မီ တံခါးပွင့်လာပြီး ရဲစုံထောက်က ဆေးဖယ်ပေးလိုက်ရာ နဖူးပြောင်ပြောင်၊ ပါးရိုးကားကား၊ နှုတ်ခမ်းပါးပါး၊ လည်တိုင်ရှည်ရှည်နှင့် ပိန်ပိန်ပါးပါး လူတစ်ယောက်သည် ဝင်လာရသည်ကို အားတုံ့အားနာဖြစ်ပြီး တောင်းပန်တိုးလျှိုးသည့် ပုံပန်းနှင့် အခန်းတွင်းသို့ ခပ်ကုပ်ကုပ် ဝင်လာသည်။

ရဲအုပ်ကြီးထရက်က ပယ်ရီမေဆင်ကို ညွှန်ပြပြီး…

‘ဒီလူ ဟုတ်လား’ဟု သက်သေကို မေးလိုက်သည်။

‘သူ…သူ မတ်တတ်ထမပြရင် ကျွန်တော် မပြောနိုင်ပါဘူး၊ သူ့ချက်နှာကို တကယ် ထင်ထင်ရှားရှားမှ ကျွန်တော် မမြင်ခဲ့ရတဲ့ဥစ္စာပဲ’ဟု ထိုလူက ပြန်ပြောသည်။

သက်သေဆိုသူအား မေဆင်က ပြုံးပြပြီး ‘ကျုပ်နာမည်က ပယ်ရီမေဆင်လေ၊ ခင်ဗျားနာမည်က ဘယ်သူလဲ’ဟု မေးလိုက်သည်။

‘ဂိုရှင်ပါ’ဟု ပြောပြီး စာလုံးပေါင်းကိုပါ တစ်လုံးချင်းပေါင်းပြသည်။ နောက် ဆက်လက်၍…

“ကားလ်အဲလ်ဗတ်ဂိုရှင်ပါ၊ လူသတ်မှုဖြစ်တဲ့ နေရာနဲ့ ဘေးချင်းကပ်အခန်းမှာ နေပါတယ်”

“ဒါတွေမလိုပါဘူး၊ ဒီလူဟုတ်မဟုတ်သာ သိချင်တာပါ’ဟု ထရက်က ဖြတ်ပြောသည်။

‘ထပြီး လမ်းလျှောက်မပြဘဲနဲ့ မပြောနိုင်ပါဘူး’ဟု ဂိုရှင်က ပြောသည်။

မေဆင်အား ထရက်က မတ်တတ်ရပ်ခိုင်းသည်။

မေဆင်က သွားပေါ်အောင် ပြုံးလိုက်သည်။

“ဒီလူထောက်ပြနည်းကလည်း တစ်မျိုးကြီးပါလား ရဲအုပ်ကြီး၊ တကယ်

အကျိုးရှိတဲ့နည်း ဖြစ်ချင်တယ်ဆိုရင် လူတွေတန်းစီပြီး ထောက်ပြတဲ့နည်းနဲ့ လုပ်မှပေါ့"

"ခင်ဗျားကို မဖမ်းသေးဘဲနဲ့ လူတန်းစီပြတဲ့နည်းကို ကျွန်တော် ဘယ်လုပ်နိုင်မလဲဗျ၊ ကျွန်တော့်ဘက်က မနိုင်လုံသေးခင် ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူး။ ဒီသက်သေက သူမြင်တာဟာ ခင်ဗျားပါပဲလို့ အတပ်ဖွဲ့ပြရင် ကျွန်တော့်အတွက် အခြေနိုင်ပြီဆိုတာ သေချာတာပေါ့"

"အနုဟာက နွားရှေ့ထွန်ကျူးတာတင်မကဘဲ ဒီလူကို အပိုင်းပတ်ပြေးနိုင်းပြီး အစကို ရှာပြနိုင်းသလို ဖြစ်နေတာပေါ့"

"တိတ်စမ်းပါဗျာ၊ ဒါ ကျွန်တော် လုပ်နေတာပါ"

"ဟုတ်ပါတယ်ဗျာ"

'ကဲဗျာ...ထပါ'ဟု ထရက်က အတင်းထခိုင်းသည်။

"ခင်ဗျားအပြစ် ကင်းတယ်ဆိုရင် ဘာကြောက်စရာရှိသလဲဗျ"

ထရက်ကို ပြုံးပြရင်း မေဆင်သည် သူ၏ လှုပ်ကုလားထိုင်ကို ဆော့ကစားနေလိုက်သည်။

'သူ ဘယ်လိုဝတ်ထားသလဲ'ဟု ထရက်က ဂိုရှင်အား မေးလိုက်သည်။

"ခင်ဗျားကို ကျွန်တော်ပြောသလိုပေါ့၊ အရောင်ဖျော့ဖျော့အပေါ် အင်္ကျီရှည်ကို သူဝတ်ထားတယ်၊ သားရေနီရောင်ပေါ့။ ဦးထုပ်က မွဲပြာရောင်"

'ဟော...ဟိုမှာ သူ့ရဲ့ကုတ်အင်္ကျီဗီရိုကို သွားပြီး ကုတ်အင်္ကျီကို ထုတ်ယူခဲ့'ဟု ရဲစုံထောက်အား ထရက်က ခိုင်းလိုက်သည်။

"ဒီမယ်...နေစမ်းပါဦး ထရက်၊ ဒီလိုလုပ်ခွင့် ခင်ဗျားမှာ မရှိဘူးဆိုတာ အသိသားနဲ့ ခင်ဗျားမလုပ်နိုင်"

'ကျွန်တော်မလုပ်နိုင်တာ လုပ်နိုင်တာကို အေးချိတ်ထားစမ်းဗျာ'ဟု မေဆင်အား ပြောပြီး ဂိုရှင်ဘက်သို့ လှည့်၍ "ရဲစုံထောက်ကို တားဖို့ သူထပြီး လုပ်တဲ့အခါမှာ သူ လမ်းလျှောက်ပုံ လှုပ်ရှားပုံကို သေသေချာချာ ခင်ဗျား ကြည့်"

"ကျုပ်ပြောနေတယ်နော် ရဲအုပ်ကြီး၊ နိုင်ငံခြားသားတစ်ယောက်အနေနဲ့ ကျုပ်ရဲ့ပိုင်ခွင့်ကို ဒါ ကျူးကျော်တာပဲနော်"

ရဲစုံထောက်သည် ကုတ်အင်္ကျီဗီရိုတံခါးကို ဖွင့်လိုက်သည်။ ရုတ်ခြည်း



တုံ့သွားသည်။ ခဏလောက်ငိုင်နေပြီးမှ လှည့်၍ ထရက်အား ကြည့်လိုက်သည်။

ထရက်က စိတ်မရှည်စွာဖြင့် ပြောသည်။

"လုပ်လေ၊ အင်္ကျီနဲ့ ဦးထုပ်ကို ထုတ်ယူလေ၊ လိုအပ်ရင် သူ့ကို အဝတ်ခိုင်းရမယ်၊ သူ မတ်တတ်ရပ်ရမယ်"

'စိတ်မကောင်းပါဘူး ရဲအုပ်ကြီးရယ်၊ ဒါပေမဲ့'ဟု ရဲစုံထောက်က ပြော၍ မဆုံးခင် 'အင်္ကျီကို ယူထုတ်ဆို ထုတ်လိုက်ပါလားကွ'ဟု ထရက်က ဟောက်လိုက်သည်။

အပေါ်ဝတ်အင်္ကျီရှည်ကြီးကို ရဲစုံထောက် ယူထုတ်လာသည်။ မေဆင်ကိုယ်တိုင်ပင် ယခင်က မမြင်ဖူးသောအင်္ကျီအနက်ထူထူကြီးတစ်ခု ဖြစ်လေသည်။

'ဟို သားရေရောင်ဟာကို ယူခဲ့ပါကွဲ့'ဟု ထရက် ထပ်၍ ဟောက်ပြန်သည်။

'ဟိုအထဲမှာ ဒီတစ်ခုပဲ ရှိတာဗျ ရဲအုပ်ကြီးရ'ဟု ရဲစုံထောက်က ဖြေသည်။

ဒယ်လာစထရီအား မေဆင် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ သူမတော့ ဘာမျှမသိသကဲ့သို့ ဟန်မပျက် ရှိနေသည်။

'ဒီအင်္ကျီမဟုတ်ဘူး'ဟု ဂိုရှင်က အတိအလင်းကြေညာလိုက်သည်။

"အဲဒီအင်္ကျီကို ဘယ်ကရသလဲ မေဆင်"

"ကျုပ် ဘယ်ကမှရတာ မဟုတ်ပါကလား၊ ခင်ဗျားပဲ ယူထုတ်လာတာပဲဟာ ရဲအုပ်ကြီးရာ"

"ထားပါတော့၊ စတက်ဖင်အာဂျိုင်းဆီကို ခင်ဗျား ဘယ်ကလမ်းရေသလဲ၊ ယာဉ်တိုက်မှုမှာ ပါဝင်ပတ်သက်နေတဲ့ ကားဟာ သူ့ကားပါလို့ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

မေဆင် ပြုံးရုံသာပြုံးပြီး ခေါင်းကို ယမ်းသည်။

"ရဲအုပ်ကြီးရယ် လွဲမှားတဲ့ တွက်ဆချက်ပေါ်မှာ အခြေခံတဲ့ မေးခွန်းတွေကို လျှောက်မေးနေတာကိုး၊ အမှုတစ်ခုအတွက် သက်သေခံအထောက်အထားရပြီလို့ အကြိမ်တော်တော်များများပဲ ခင်ဗျား ယူဆပြီး ယိုးစွပ်တယ်၊ နှပ်ဖွဲ့တယ်၊ ကမ္ဘာရှုံးတိုး အခိုင်အမာပြောတယ်...

"ဟော…နောက်တော့ အကြောင်းအချက်တွေဟာ လုံးဝတစ်မျိုးဖြစ်နေတာကို ခင်ဗျား စိတ်ဆိုးမာန်ဆိုးနဲ့ ချက်ချင်းပဲ တွေ့ရတော့တယ်"

"ဒါတွေက ကိစ္စမရှိပါဘူး၊ ခင်ဗျား ဘယ်က သတင်းရတယ်၊ သူ့ကားဟာ ယာဉ်တိုက်မှုမှာ ပါနေတယ်လို့ ခင်ဗျား သွားပြီး အာဂျိုင်းကို ဘာကြောင့်ပြောတယ်၊ ခင်ဗျား ဘယ်လို သိတယ်ဆိုတာကိုပဲ ကျွန်တော် သိချင်တယ်"

"အမှန်ကိုပြောရရင် ရဲအုပ်ကြီးရေ၊ ယာဉ်တိုက်မှုမှာ ပါဝင်ပတ်သက်နေတဲ့ လူကတော့ မစ္စတာဒန်နီယယ်လ်ကက်ဖီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ၊ ဘီချ်နတ်လမ်း၊ အိမ်နံပါတ် ၁၀၁၇၊ အခန်းနံပါတ် ၂၂-ခ မှာနေတယ်…"

"မနေ့ကညနေကမှ သူနဲ့ ဆက်မိတယ်၊ သူ မှားသွားတယ် ဆိုတာကို မစ္စတာကက်ဖီးက ကျေကျေနပ်နပ် လက်ခံပါတယ်၊ ကျုပ်ရဲ့အမှုသည်ဟာ ဒဏ်ရာအကြီးအကျယ် ရသွားတယ်လို့ မစ္စတာကက်ဖီး သိရတော့၊ ဟော…ကျေကျေနပ်နပ်ကြီးပဲ ပြေလည်မှုလုပ်တယ်"

"ပြေလည်မှုလုပ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ငွေပေးတာလေ"

"ဘယ်တုန်းကလဲ"

"ဒီနေ့မနက် အဲ…မနေ့ညကလည်း တစ်ဝက်တစ်ပျက်ပေးတယ်"

'သေလိုက်ပါတော့ဗျာ'ဟု ထရက်က သတိမဲ့ ရေရွတ်လိုက်သည်။

"တကယ်ပါ၊ ဒီသတင်း ပြန့်သွားမှာကို ကျုပ် မစိုးရိမ်ပါဘူး ရဲအုပ်ကြီး၊ ခင်ဗျား စိတ်ဝင်စားပုံပေါ်တဲ့ အမှုမှာ ရှင်းသွားအောင်လို့ ဆိုပြီး ကျုပ်က သက်သက်ကူညီတဲ့ သဘောပါ။ မစ္စတာပစ်တကင်ဟာ မစ္စဘာတန်ရဲ့ ကားရုံထဲမှာ ကိုယ့်ဟာကိုယ် သတ်သေတာလို့ သဘောရတယ်"

"မစ္စဘာတန်ရဲ့ ကားရုံထဲမှာ သူအသတ်ခံရတာဗျ"

မေဆင်က လျှာကို အာခေါင်ကပ်ပြီး 'ကလစ်'ဟု အသံပြုလိုက်သည်။

"မနေ့က ညနေ ၅ နာရီနဲ့ ၆ နာရီကြားမှာ ခင်ဗျား ရုံးခန်းမှာ ခင်ဗျား မရှိဘူး၊ ဒယ်လာစထရီဟာ အငှားယာဉ်နဲ့ ရောက်လာတယ်၊ ခင်ဗျားကို စတက်ဖင်အာဂျိုင်းက ဒီမှာလာစောင့်တယ်…

"တိုက်ရှေ့မှာ သူ့ယာဉ်မောင်းက ကားနဲ့စောင့်နေတယ်၊ ငါးနာရီကျော်ကျော်လောက်မှာ အာဂျိုင်းက အောက်ကို ဆင်းပြီး စောင့်ဖို့ မလိုတော့ကြောင်း ယာဉ်မောင်းကို ပြောတယ်…"



"အာဂျိုင်းဟာ ဒီရုံးခန်းကို ပြန်လာပြီး ၆ နာရီနီးနီးလောက်အထိ ပြန်ထိုင်စောင့်တယ်၊ နောက် သူ့ရဲ့ အာမခံကုမ္ပဏီကလူကို ဖုန်းဆက်ခေါ်တယ်…"

"ဒီအဆောက်အအုံရှေ့မှာ ငွေပေးပြီး ကျေအေးရေးကိစ္စကို လုပ်ဖို့ ချိန်းတယ်၊ အချိန်တိုင်းမှာ သူဘယ်မှာ ရှိနေတယ်ဆိုတာကို ပြောနိုင်တယ်၊ ဟောဒီ ခင်ဗျားရဲ့ ရုံးခန်းမှာ ခင်ဗျားမရှိဘူးဆိုတာကိုလည်း သူသိတယ်"

"ကျုပ်က ၅ နာရီနောက်ပိုင်းဆိုရင် ရုံးခန်းမှာ ရှိခဲသားပဲ၊ ရုံးခန်းပိတ်ပြီး ထွက်သွားတတ်တယ်၊ အဲ…တစ်ခါတစ်ခါတော့လည်း ညအလုပ်လုပ်တယ်"

"ဒါပေမဲ့ ၅ နာရီကျော်ရင် အမှုသည်တွေကိုတော့ မတွေ့ချင်တော့ဘူး၊ မကောင်းတဲ့ အစဉ်အလာဖြစ်မယ်၊ နောက်ပြီး…"

"နောက်ပြီး ခင်ဗျား ဒီမှာမရှိတဲ့အကြောင်းက လူစီဘာတန်ဆီရောက်နေလို့ပေါ့၊ ကားရုံထဲကို ပစ်တကင်ဝင်တုန်းက ဟိုမှာ ခင်ဗျားရှိတယ်၊ တစ်နည်းနည်းနဲ့ ကားရုံထဲ သူရောက်ပြီး မကြာခင်ကလေးမှာ ခင်ဗျား ရောက်နေတယ်…"

"ဒီမယ် ဒီကိစ္စမှာ ကျွန်တော်က မျှမျှတတ ဖြစ်စေချင်ပါတယ် မေဆင်၊ အထောက်အထားအရတော့ ပစ်တကင်ဟာ ရိုးရိုးသားသားကိစ္စနဲ့တော့ ဟိုကို ရောက်လာတာ မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်…

"သူဟာ ခင်ဗျားကိုပဲ ဖြစ်ဖြစ်၊ မစ္စဘာတန်ကိုပဲ ဖြစ်ဖြစ် ရန်သတ္တရုပြုခဲ့ရမယ်၊ ခင်ဗျားတို့ နှစ်ယောက်ထဲက သေနတ်ရှိတဲ့ လူတစ်ယောက်က ပစ်လိုက်တာပဲ၊ အဲဒါနဲ့ မစ္စတာဟာတ်ဝဲလ်ပစ်တကင်ရဲ့ ဘဝဇာတ်လမ်းလည်း နိဂုံးချုပ်တော့တာပဲ…"

"အဲ…သူ့ဇာတ်လမ်းက စံပြုလောက်တဲ့ နိုင်ငံသားတစ်ယောက်ရဲ့ ဘဝဇာတ်လမ်းမဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော် ဝန်ခံပါတယ်၊ ငွေညှစ်တဲ့လူ၊ အခွင့်အရေးသမားနဲ့ လူလိမ်လူကောက်၊ လူဆိုးတစ်ယောက်ရဲ့ ဘဝဇာတ်လမ်းပါပဲ။ ကားရုံထဲက သူစောင့်နေတယ်ဆိုရင် မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ စောင့်နေတယ်ဆိုတာ ကျေကျေနပ်နပ်ကြီး လက်ခံပါတယ်…"

"ဒါပေမဲ့ အချင်းချင်း တိုးတိုးတိတ်တိတ်နဲ့ ရှင်းရှင်းလင်းလင်း ဖြစ်

သွားဖို့ ဒီတစ်ကြိမ်ပဲ ကျွန်တော် အခွင့်အရေးပေးနိုင်မယ်၊ အဲဒီနောက်တော့ လူသိရှင်ကြား ဖြစ်လိမ့်မယ်"

"ခင်ဗျားတို့ကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကိုယ့်ကိုယ်ကို ကာကွယ်ရတာပါလို့ဆိုရင် အဲဒီအတွက် ကျွန်တော် သက်သက်ညှာညှာ ထည့်စဉ်းစားဖို့ အသင့်ပါပဲ၊ ဒါပေမဲ့ ဒီအမှုကိုတော့ မြန်မြန်ရှင်းသွားစေချင်တယ်ဗျာ"

"ဟုတ်ကဲ့၊ ကျုပ် ဒါကို သဘောပေါက်ပါတယ်၊ နောက်ပြီး ခင်ဗျား တရားမျှမျှတတ ဖြစ်စေချင်တယ်ဆိုတာကိုလည်း သိပါတယ်"

"သူဟာ ခင်ဗျားနဲ့ အတူတူ ရှိနေခဲ့ပါတယ်လို့ လူစီဘာတန်က ပြောတယ်"

"သူက ဒီလိုပဲ ပြောသလား"

"ဟုတ်တယ်၊ ပထမတော့ သူဟာ အန်နီတာရျော်ဒန်နဲ့ အတူပါလို့ ပြောတယ်၊ နောက်ပြီး တစ်ညနေလုံး မစ္စဘာတန်ဟာ သူနဲ့အတူ ရှိနေခဲ့ပါတယ်လို့ အန်နီတာရျော်ဒန်က ပြောဖို့ပဲ၊ ဒါပေမဲ့ တကယ့်အလုပ်သဘော စစ်စစ်လည်း လုပ်လိုက်ရော သူနဲ့အတူရှိနေပါတယ်ဆိုတာလည်း ပျက်ပြယ်သွားရော"

လူစီဘာတန်က ကသောကမျော ဝင်ပြောလိုက်သည်။

"ခြောက်နာရီမှာ ကျွန်မဟာ မစ္စတာမေဆင်နဲ့အတူ ရှိနေပါတယ်လို့ မပြောရပါလား၊ အန်နီတာနဲ့ မတွေ့ခင်ကလေးအထိသာ မစ္စတာမေဆင်နဲ့ အတူရှိနေခဲ့ပါတယ်လို့ ပြောခဲ့တာပါနော်"

'ကျုပ်ပြောနေတာ မဆုံးသေးဘူးလေ'ဟု ထရက်က တားလိုက်သည်။

'ထရက်က မင်းစကားမပြောစေချင်ဘူးကွယ်'ဟု လူစီဘာတန်အား ကြည့်ပြီး အဓိပ္ပာယ်ပါပါနှင့် မေဆင်က ပြောလိုက်သည်။ ထို့နောက် 'ဒါကြောင့် ကျုပ်က မင်း ရှေ့နေအနေနဲ့ မင်း တိတ်တိတ်နေဖို့ အကြံပေးရလိမ့်မယ်"

"ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော်က ခင်ဗျားကို စကားပြောနေတုန်းမို့ပါ'ဟု ထရက်က မေဆင်ကို ပြောလိုက်သည်။

"ကျုပ်ကလည်း ကျုပ်အမှုသည်ကိုသာ ပြောပြနေတာပဲ ရဲအုပ်ကြီးရယ်"



'မနေ့က ဘယ်အချိန်မှာ မစ္စဘာတန်နဲ့အတူ ခင်ဗျားရှိနေခဲ့တာလဲ' ဟု ထရက်က မေးသည်။

"မနက်ပိုင်းမှာ သူနဲ့ တွေ့ပါတယ်လို့ ပြောပြီးပြီပဲ"

"အဲဒီနောက် ဘယ်အချိန်မှာ သူနဲ့ခင်ဗျား တွေ့သေးသလဲ"

"အချိန်ကို မပြောနိုင်ပါဘူး ရဲအုပ်ကြီးရယ်"

"ဒါပေမဲ့ နောက်ပိုင်းမှာ သူနဲ့ ထပ်ပြီး တွေ့တော့ တွေ့သေးတာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"ကောင်းပြီ၊ ကျွန်တော်တို့ ဝေ့လည်ကြောင်ပတ်တွေ လုပ်နေတာတွေကို ရပ်ကြစို့ဗျာ၊ ခင်ဗျာ့လက်ဗွေရာတွေကို လိုချင်ပါတယ်"

"ရပါ့ဗျာ၊ ကဲ...ယူပါ၊ တတ်နိုင်တဲ့ဘက်က သိပ်ကူညီချင်ပါတယ် ရဲအုပ်ကြီး၊ ဒါပေမဲ့ ကျုပ်ရဲ့ အမှုသည်ရဲ့ ယုံကြည်အားကိုးမှု အတွင်းရေးကို သစ္စာမဖောက်နိုင်ဘူး ဆိုတာကိုတော့ ခင်ဗျား နားလည်ပါတယ်လေ"

လက်ဗွေနှိပ်ယူသည့် ကိရိယာကို ထုတ်ရန် ထရက်က ရဲစုံထောက်အား ခေါင်းညိတ်ပြလိုက်သည်။

'ကဲ...ထဗျာ'ဟု ထရက်က ပြောလိုက်သည်။

"အို...ထိုင်ရင်းပဲ လုပ်ပါ့မယ်'ဟု မေဆင်က ပြောပြီးလျှင် လက်ကို စုံထောက်အား ဆန့်ထုတ်ပေးလိုက်သည်။

ဂိုရှင်က ချက်ချင်းပြောချလိုက်သည်။

"ဒီလူ မဟုတ်ဘူးထင်တယ်၊ ကျွန်တော် မြင်တဲ့လူက ဒီလောက် မတောင့်တင်းဘူး"

"အပြင်ဘက်ကို ခဏထွက်နေစမ်းဗျာ၊ သူ့အပေါ်အင်္ကျီရှည် ဝတ်ထားတာကို ခင်ဗျား ကြည့်စေချင်တယ်၊ သူ ထပြီး လမ်းလျှောက်တာကို ကြည့်စေချင်တယ်၊ စားပွဲနောက်မှာ သူ ဒီလိုထိုင်နေတုန်း သူပါပဲလို့ ခင်ဗျား ထောက်မပြနိုင်ဘူး'ဟု ထရက်က ပြောလိုက်သည်။

'ဒီမှာ ရဲအုပ်ကြီး၊ ခင်ဗျားကို ကျုပ် သတိပေးတယ်နော်၊ တန်းစီပြတဲ့အချိန်မှာ ကျုပ်ကို ထောက်ပြတာ မဟုတ်ရင် ကျုပ်ဟာ သူမြင်တဲ့လူပါပဲလို့ သူက ထိထိရောက်ရောက် ဖော်ထုတ် စွပ်စွဲနိုင်မှာ မဟုတ်ဘူးနော်'ဟု မေဆင်

က ဝင်၍ သတိပေးလိုက်သည်။

ဝိုရှင်သည် ချီတုံချတုံလုပ်ပြီးမှ အပြင်သို့ ထွက်သွားသည်။

"ခင်ဗျား ခေါင်းမာချင်ရင် မာနိုင်ပါတယ် မစ္စတာမေဆောင်၊ ဒါပေမဲ့ ဒီဟာကို လုပ်တာမှာ အနုနည်း ရှိသလို အကြမ်းနည်းလည်း ရှိတယ်၊ အနုနည်းနဲ့ လွယ်လွယ်မရရင် အကြမ်းနည်းကို အသုံးပြုရလိမ့်မယ်"

"ဒါ သိပ်တရားနည်းလမ်းကျတာပေါ့၊ ကဲ…ရဲဘော်၊ ဘယ်အပေါ်မှာ လက်ဗွေနှိပ်ပေးစေချင်သလဲ၊ ဒီစက္ကူစကလေးပေါ်မှာလား၊ အို…ဟုတ်ပြီ၊ စက္ကူဖြူပေါ်မှာ လက်ချောင်းတိုင်းကို လှိမ့်ရမှာ ထင်တယ်"

မေဆောင်အား လူစီဘာတန် စူးစူးစိုက်စိုက်ကြည့်နေသည်။ အာသာကိုးလ်ဆန်က တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် မျက်နှာလွှဲလိုက်သည်။

ရဲစုံထောက်သည် တိတ်ဆိတ်စွာဖြင့် လက်ဗွေနှိပ်ယူသည်။

'ကဲ…ခင်ဗျား ထပြီး လက်ဆေးပစ်နိုင်ပါပြီ'ဟု ထရက်က မေဆောင်အား ပြောလိုက်သည်။

"ရှိပါစေတော့ဗျာ၊ စက္ကူနဲ့ပဲ သုတ်ပါတော့မယ်၊ တော်တော်ကြာ ခင်ဗျာ့သက်သေဝင်လာနေပါဦးမယ်"

"ခင်ဗျားမထချင်ရင် ထိုင်နေပေါ့ဗျာ၊ တစ်သက်လုံးတော့ မထိုင်နိုင်ပါဘူး၊ တစ်ချိန်ချိန်မှာတော့ ရုံးက ခင်ဗျားပြန်ရမှာပဲ၊ ကျွန်တော့် သက်သေကို နေရာတစ်နေရာက စောင့်ကြည့်ခိုင်းမယ်…"

"နောက်ပြီး လက်ဗွေ အထောက်အထားက ကျွန်တော်ထင်သလိုသာ ထွက်လာရင် အချုပ်ခန်းက လူပြခန်း အလင်းရောင်အောက်မှာ ခင်ဗျာ့ကို ကြည့်ခိုင်းမယ်"

မေဆောင်သည် သန့်ရှင်းရေးစက္ကူများနှင့် အစွန်းချွတ်ဆီများကို ဒယ်လာစထရီထံမှ တောင်းယူပြီး မင်များကို ပွတ်ဖျက်ထုတ်လိုက်သည်။

လက်ဗွေစက္ကူကို ထရက်အား ရဲစုံထောက်က ပေးလိုက်ရာ သူနှင့် ပါလာသော လက်ဗွေပုံစံများနှင့် တိုက်ကြည့်ပြီး မှန်ဘီလူးဖြင့် အသေးစိတ် စစ်ဆေးသည်။ ချက်ချင်း သူက ပြောလိုက်သည်။

"အလို…မေဆောင်၊ ဟိုလူသတ်လက်နက်ပေါ်က လက်ဗွေရာဟာ ခင်ဗျားဟာ ပါကလား"



တကယ်ပဲလား"

"အဲဒါ ခင်ဗျား ဘာပြောချင်သလဲ"

"ဘာမှမပြောချင်ပါဘူး"

"ဒီမှာမေဆောင်၊ ခင်ဗျာ့ကို ကျွန်တော် တရားဝင်ပြောမယ်၊ ဟတ်ဝဲလ် အယ်လ်ပစ်တကင်ကို သတ်တာ ဟိုသေနတ်နဲ့ပဲ၊ အဲဒီသေနတ်ပေါ်မှာ ခင်ဗျား လက်ရာထင်ကျန်ခဲ့တာကို ကျွန်တော် အသေအချာပြောနိုင်ပြီ၊ အဲဒီတော့ ဒီအထောက်အထားအရ ခင်ဗျား ဘာပြောချင်သလဲ"

"ဘာမှမပြောချင်ဘူး၊ ကျုပ်အမှုသည်ရဲ့ လွှဲအပ်ထားချက်ကို ကျုပ် ကာကွယ်ရမယ်"

"လက်ဗွေရာနဲ့ ပတ်သက်ပြီး မရှင်းနိုင်လောက်တဲ့အထိတော့ ခင်ဗျား မကာကွယ်နိုင်ပါဘူး"

"ဒါတော့ အဲယူအဆချင်း ကွဲလွဲနေပုံရတယ်၊ ဒါနဲ့နေပါဦး၊ ဟေး… ဒယ်လာရေ၊ ရဲအုပ်ကြီးထရက်က ဟိုဒုတိယစာအကြောင်းကို မမေးဘူးကွ၊ မစ္စဘာ့တန်ကလည်း ဒီအကြောင်း ဘာမှမသိလို့ သူ့ကို ပြောပြမထားဘူးလေ၊ ပထမစာကို သူရေးတယ်၊ ဒုတိယစာကိုတော့ သူမသိရဘဲနဲ့ တစ်ယောက်ယောက်က ရေးတယ်"

"ဘာစာကို ခင်ဗျားက ညွှန်းနေတာလဲ"

"ဒယ်လာရေ၊ ဟို ဒုတိယစာကို ယူခဲ့ပါကွယ်၊ သူ့အခန်းထဲက စာရေးစားပွဲကို ဖွင့်ဖို့ သော့ကိုပါ ထည့်ပေးလိုက်တဲ့ စာလေ"

"ဒယ်လာစထရီ စာကို ယူလာပြီး ထရက်လက်ကို ပေးလိုက်သည်။

'အဲဒီစာကတော့ အထူးစေတမန်လွှတ်ပြီး ပို့လိုက်တဲ့ဟာလေ'ဟု မေဆောင်က ရှင်းပြလိုက်သည်။

စာကို ထရက်ဖတ်သည်။ ထို့နောက်–

"စာနဲ့အတူ သော့တစ်ချောင်းလည်း ပါသေးတယ်ဆို"

"အား…ဟုတ်တယ်၊ စာရေးစားပွဲသော့ပဲ"

"ဘယ်မှာလဲ"

"သော့နှစ်ချောင်းလုံး ဒီမှာရှိပါတယ်ဗျာ၊ ရဲအုပ်ကြီးကြည့်ချင်လို့လား"

ရဲအုပ်ကြီးက မေဆောင်ထုတ်ပေးလိုက်သော သော့နှစ်ချောင်းကို ကိုင်ပြီး

မျက်မှောင်ကြုတ် စဉ်းစားရင်း ကြည့်သည်။

"အဲဒါပါပဲလေ၊ မစ္စဘာတန်ဟာ အထောက်အထားကိုတော့ ကျုပ်ရစေချင်တယ်၊ ဒါပေမဲ့လည်း သူပေးတာပါလို့လည်း မသိစေချင်ဘူးလို့ ထင်စရာဖြစ်တဲ့အတိုင်း ကျုပ်က ထင်မိတာပေါ့…

"အဲဒါနဲ့ပဲ သူနဲ့ အာသာကိုးလ်ဆန်တို့ မနေ့က မွန်းလွဲပိုင်းမှာ ကျုပ်ဆီကိုလာနေတုန်း ကျုပ်က အခွင့်ကောင်းယူပြီး သူ့အခန်းကို လစ်သွားတယ်၊ စာရေးစားပွဲကို ဖွင့်တယ်…"

"သေချာလိုက်တာကလည်း သော့ဟာ စာရေးစားပွဲသော့ဖြစ်နေလို့ ဖွင့်လိုက်တော့ ယာဘက်အပေါ် နှိအိမ်အကန့်ကလေးထဲမှာ မှတ်စုစာအုပ်တစ်အုပ်နဲ့ သေနတ်တစ်လက်ဗျား…"

"ဒီတော့ ရဲအုပ်ကြီးရေ၊ ဒုတိယစာကို ရေးတဲ့လူကိုသာ ခင်ဗျားတွေ့အောင် ရှာနိုင်မယ်ဆိုရင် ပစ်တကင်ကို သတ်တဲ့လူကို တွေ့ဖို့ မီးခိုးကြွက်လျှောက်လိုက်ရလိမ့်မယ်၊ အဲဒီအတိုင်းဆိုရင် ခင်ဗျား ကြံစည်ယူဆထားချက်ဟာ မှန်ပြီ၊ ဟိုလူဟာလည်း အသတ်ခံရတာ ဖြစ်မယ်"

"ခင်ဗျား ဟိုအခန်းထဲသွားပြီး ဟိုလုပ်ဒီလုပ်ဆိုတော့ ကျွန်တော်"

မေဆင်က ဝင်ဖြတ်လိုက်သည်။

"ဒီမှာ ဒီမှာ ရဲအုပ်ကြီး၊ ခင်ဗျားလည်းနဲ့ နွားနဲ့ လာရောနေပြန်ပြီ၊ ဟိုအခန်းကို ခွင့်ပြုချက်မရှိဘဲနဲ့ဝင်တာ မဟုတ်ဘူးဗျ၊ လူစီဘာတန်က ပထမစာကို ရေးပြီး အခန်းသော့ပေးတယ်…"

"ဒီတော့ ဒီသော့နဲ့ လုပ်ချင်လုပ်ဆိုတဲ့ သဘောနဲ့ အခန်းထဲကို သော့ဖွင့်ဝင်ဖို့ ခွင့်ပြုလိုက်တာပေါ့ဗျ၊ ဒါပေမဲ့ ဒုတိယစာ၊ အဲဒါကတော့ ထောင်ချောက်ဆင်တာဖြစ်နိုင်တယ် ရဲအုပ်ကြီး"

"ခင်ဗျား စားပွဲကို ဖွင့်တယ်၊ အဲဒီတုန်းက ဟိုသေနတ်က ဟိုအထဲမှာပေါ့နော်"

"ဒီအထိတော့ ပြောလိုက်မယ်၊ ဟိုသေနတ်မပါဘူးလေ၊ သေနတ်တစ်လက်ပါ။ ဒီတော့ ဘာအဓိပ္ပာယ်ဆိုတာ သိရောပေါ့။ စားပွဲက သော့ပိတ်ထားတယ်၊ အဲဒီ သော့တူတစ်ခု တစ်ယောက်ယောက်မှာ ရှိတယ်…"

"အဲဒီတစ်ယောက်ယောက်ကပဲ သော့ကို ကျုပ်ဆီကို ပို့လိုက်တယ်။



အဲဒီတော့ အရှင်းကြီးပဲလေ ရဲအုပ်ကြီးရဲ့၊ အဲဒီအချိန်က မစ္စဘာတန်ဟာ ဒီကျုပ်ရုံးမှာ ရှိနေတယ်၊ သေနတ်က ဟိုမှာရှိနေတယ်…"

"ဒီတော့ အဲဒီသေနတ်ကို မစ္စဘာတန်ဟာ ဘယ်နည်းနဲ့မှ ကိုင်ဆောင်မထားနိုင်ဘူးပေါ့။ နောက်ပြီး သေနတ်ပေါ်မှာ လက်ဗွေရာသာ မတွေ့ခဲ့ရင် ဒီသေနတ် သူ့ဆီမှာ ရှိဖူးပါတယ်လို့ ခင်ဗျား ဘယ်တော့မှ အထောက်အထားပြလို့ရမှာ မဟုတ်ဘူး…"

"ဒီထက် ပိုပြီး ကျုပ် ဘာမှမပြောနိုင်တော့ဘူး ရဲအုပ်ကြီးရေ၊ ကျုပ်က လမ်းစကလေးကို ထွင်ပေးလိုက်ပြီးပြီ၊ တကယ်တော့ လမ်းစကလေးပေးတာတောင် လိုတာထက် ပိုသွားပြီ ထင်တယ်"

'ကိုးလ်ဆန်နဲ့ ဘာတန်ကို အပြင်ခေါ်သွားစမ်းကွာ၊ ငါကို ပြောသလိုလိုနဲ့ ဘာတန်တို့ ဘာပြောရမယ်ဆိုတာကို မေဆင်က သင်ပေးနေတာကွ'ဟု ရဲရုံထောက်အား ရဲအုပ်ကြီးထရက်က ပြောလိုက်သည်။

'ဒီမှာ မစ္စဘာတန် မင့်ကို ဆရာမှာလိုက်မယ်၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် လုံးဝ ဘာမှမပြောနဲ့၊ ရဲတွေက ခုလို ခပ်ကြမ်းကြမ်းလုပ်ပုံကို ကြည့်ရတာကြောင့် ဘာပဲမေးမေး ရှေ့နေရဲ့ ညွှန်ကြားချက်အရ မဖြေနိုင်ပါဘူးလို့သာ ငြင်းပေတော့'ဟု မေဆင်က ညွှန်ကြားလိုက်သည်။

"ရှေ့နေကြီးရဲ့ ညွှန်ကြားချက်အရကိုး၊ ခဏနေပါဦးဗျ၊ ဒီလူသတ်မှုကိစ္စမှာ သူ့အတွက် ခင်ဗျားက ရှေ့နေလိုက်မလို့လား"

"သူ လူသတ်မှုနဲ့ အစွဲခံရပြီလား"

"ခံချင်ခံရမှာပေါ့"

"ဒီလိုဆိုရင် ကျုပ်ပြောခဲ့တဲ့အတိုင်း သူ့အိမ်ကို မနေ့က ကျုပ်သွားခဲ့တုန်းက သူက ကျုပ်ကို ရှေ့နေအဖြစ် ငှားလိုက်ပြီလေ"

"ဘာအတွက်လဲ"

"ဒါတော့ ဘယ်ပြောလို့ ဖြစ်မလဲ"

ထရက်သည် လူစီဘာတန်ဘက်သို့ လှည့်ကြည့်ပြီး…

'ဒီအကြောင်းကို ခင်ဗျား ကျုပ်ကို မပြောဘူးနော်'ဟု ပြောသည်။

"ရှင်မှ စေ့စေ့စပ်စပ်မှ မမေးဘဲဟာ"ဟု သူမကလည်း လှဲ၍ ပြောလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက မေဆင်ကို ဘာလုပ်ပေးစေချင်တာလဲ"

'ကျွတ် ကျွတ် ကျွတ် လူစီတစ်လုံးမှ မဖြေနဲ့နော်၊ မှတ်မိရဲ့လား။ တစ်လုံးမှ မဖြေနဲ့'ဟု လက်ညှိုးကို ယမ်းကာ ယမ်းကာဖြင့် မေဆင်က သတိပေးလိုက်သည်။

ထရက်ဘက်သို့ သူမလှည့်ပြီး...

"ကဲ...အခု ကျွန်မရဲ့ရှေ့နေ ဘာပြောတယ်ဆိုတာကို ရှင် ကြားပြီနော်"

"မေဆင်၊ တတ်နိုင်ရင် ဒီအထဲ ခင်ဗျားကို ကျွန်တော် ဆွဲမထည့်ချင်ပါဘူးဗျာ"

"ကျေးဇူးပါပဲ"

"ဒါပေမဲ့ ခင်ဗျားလုပ်ပုံနဲ့ဆိုရင် ဆွဲထည့်ရမလို ဖြစ်နေပြီ"

"ဟုတ်ကဲ့၊ ကျုပ် တွေးမိပါတယ်"

"သတင်းစာထဲမှာ ဘယ်လိုပါမယ်ဆိုတာ ခင်ဗျား သိမှာပေါ့၊ လူသတ်လက်နက်ပေါ်တွင် ရှေ့နေကြီးလက်ဗွေရာကို တွေ့ရခြင်းဆိုတာလေ"

"ဒီသတင်းကို သတင်းစာတိုက်တွေကို ခင်ဗျားပေးမလို့လား"

"ပေးရမယ်လေ"

"ကောင်းပြီ၊ အဲဒါဆို သတင်းတစ်ပုဒ်ဖြစ်မှာ သေချာတယ်"

"နောက်သတင်းခေါင်းစဉ်က ဘယ်လိုလာဦးမလဲသိလား၊ 'ရှေ့နေကြီးက ဖြေရှင်းရန် ငြင်းပယ်'တဲ့"

"ဟုတ်ကဲ့၊ သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားစရာ ဖြစ်ဦးမှာကို ကျုပ် မြင်ယောင်သေးတယ်"

"ဒါတွေ ထားလိုက်စမ်းပါ မေဆင်၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ခြစ်ညီးရီးရဲ့ ဟိုဘက်ဒီဘက်ကပါ၊ ဒါပေမဲ့ ခင်ဗျားလည်ပင်းကို ကျွန်တော် မညှစ်ချင်ပါဘူး..."

"ကားရုံဆီကို ငိုရှင်ကြည့်တုန်းက အဲဒီရှေ့မှာ ရှိတဲ့ နှစ်ယောက်ဟာ ခင်ဗျားနဲ့ လူစီတို့ ဖြစ်တယ်ဆိုတာကို ကျွန်တော် မသေချာသေးလို့ပေါ့ဗျာ..."

"တကယ်လို့ ခင်ဗျားသာ သူနဲ့အတူ ရှိနေခဲ့တယ်ဆိုရင် ခင်ဗျားကို တစ်ခုခုပြဖို့ သူက ဆွဲခေါ်သွားတာ ဖြစ်မယ်၊ ဒါပေမဲ့ ဘာဆိုတာကို ခင်ဗျား



ကတော့ စိတ်မကူးမိဘူးပေါ့။ အဲဒါကို ခင်ဗျား ရှင်းပြနိုင်မယ်ဆိုရင် တစ်ဆိတ်လောက် ရှင်းပါလားဗျာ"

"ဒီအတွေးအခေါ်ကို နည်းနည်းဆန့်ကြည့်ရအောင်လား ရဲအုပ်ကြီး၊ ဒီလိုဖြစ်တယ်ပဲ ထားလိုက်ပါတော့၊ ဒီတော့ကာ ကျုပ်ရဲ့တာဝန်က လွတ်မှာလားလို့"

"တိတိကျကျနဲ့ ယတိပြတ် အဖြေတော့ မပေးနိုင်သေးဘူးပေါ့ဗျာ"

"ကိုင်း ဒါဖြင့် မတိမကျနဲ့ ယာယီ အဖြေကိုပဲ ပေးစမ်းပါဦး"

"သေတဲ့အချိန်ဟာ အထူးအရေးကြီးတယ်ဗျ၊ သေတဲ့အချိန်ကို တစ်နာရီ၊ နာရီဝက်ဆိုသလို အနီးစပ်ဆုံး ကျွန်တော်တို့က တွက်ပေးနိုင်တယ်၊ ဆိုကြပါစို့ဗျာ...ခြောက်နာရီလောက်မှာ ကျွန်တော်တို့ကို အကြောင်းကြားခဲ့ရင် သေတဲ့အချိန်ကို မိနစ်ပိုင်းအထိတောင် အနီးစပ်ဆုံး သတ်မှတ်နိုင်တယ်၊ ရဲကို အကြောင်းကြားဖို့ ခင်ဗျားမှာ တာဝန်ရှိတယ်"

"ဟုတ်တယ်၊ လက်ခံပါတယ်"

"ဒါကြောင့် ခင်ဗျားအပြစ်နဲ့ ခင်ဗျားပဲ ခံရလိမ့်မယ်၊ ကဲ...ခြောက်နာရီမှာ ခင်ဗျားကို ခေါ်သွားတော့ အလောင်းက ကားရုံထဲမှာ ရှိနေပြီလား"

"ပြောပြီးပါပကော ရဲအုပ်ကြီးရာ ခြောက်နာရီအချိန်မှာ ကျုပ် ဘယ်မှာရှိတယ်ဆိုတာကို မပြောနိုင်ပါဘူးဆိုတာ"

"နောက်ပြီး ဒီကက်ဖီးဆိုတဲ့ လူသာ ဖင့်ချ်လေရဲ့ကားကို တိုက်တဲ့လူအစစ်ဖြစ်တယ်ဆိုရင် စတက်ဖင်အာကျိုင်းဆီကို သွားပြီး ဘာလို့ ငွေယူပြေငြိမ်းရေးကို ခင်ဗျားလက်သရမ်းလိုက်ရတာလဲ"

"ကျုပ် မသရမ်းရပါလားဗျာ"

"မနေ့ညက သူနဲ့ ဖင့်ချ်လေ ငွေပေး ပြေငြိမ်းကြတယ်"

"ဒါ မှန်တယ်လေ"

"အဲဒါတစ်ခုကိုတော့ ကျွန်တော် သေသေချာချာ စစ်ဆေးကြည့်တယ်၊ ဘာလို့လဲဆိုတော့ မွန်းလွဲပိုင်းနဲ့ ညနေပိုင်းမှာ အာကျိုင်း ဘယ်ရောက်နေတယ်ဆိုတာကို သိချင်လို့ပဲ"

"သိရရဲ့လား"

"သိရတာပေါ့၊ သူအပြင်ထွက်နေတယ်၊ သူ့အိမ်ကို ခင်ဗျားလာပြီးတော့

သူဟာ တိုက်ပြီး ပြေးတဲ့လူပါလို့ သူ့ကို စွပ်စွဲတယ်၊ ဒီတော့ စဉ်းစားကြည့်လေ၊ ဒီစွပ်စွဲချက်နဲ့ ပတ်သက်ပြီး အငြင်းအခုံ သူဘယ်လုပ်ချင်ပါ့မလဲ"

"ဟုတ်သပေါ့၊ ဘယ်လုပ်ချင်ပါ့မလဲလို့"

"ဒါပေမဲ့ ခင်ဗျားလည်း ပြန်သွားရော မကြာခင်ဘဲ အာဂျိုင်းဟာ စဉ်းစားမိပြီး သူ့ထွက်ပေါက်ကို ငွေပေးပြီး ဝယ်ဖို့ ဆုံးဖြတ်တယ်။ ခင်ဗျားရုံးခန်းကို သူ တစ်ခါတည်း ပြေးတော့တာပဲ..."

"အောက်မှာ ယာဉ်မောင်းကို စောင့်ခိုင်းထားတယ်၊ ခင်ဗျား တော်တော်နဲ့ ပြန်လာမှာ မဟုတ်တဲ့အပြင် ပစ်တကင်ရဲ့ အလုပ်အားညဖြစ်တာကိုလည်း သူသွားသတိရလေတော့ အောက်ဆင်းပြီး ကားနဲ့ ယာဉ်မောင်းကို ပြန်လွှတ်လိုက်တယ်"

"အင်း...ဟုတ်ပြီ"

"အာဂျိုင်းဟာ ခြောက်နာရီအထိ စောင့်တယ်၊ နောက်အာမခံကုမ္ပဏီကလူကို ဖုန်းဆက်ခေါ်တယ်၊ သူလာခဲ့မယ်၊ ခင်ဗျားနဲ့ မဆွေးနွေးနဲ့လို့ ဟိုလူက ပြောတယ်..."

"ညှိခန်းက သူထိုင်စောင့်တယ်၊ ဆေးလိပ်ကောင်တာက လူကဒါကို အသေအချာမှတ်မိတယ်၊ နောက် ခဏကြာတော့ ဟိုလူလာပြီး သူ့ကိုခေါ်သွားတယ်"

ထရက်သည် မေဆင်ကို အကဲခတ်ပြီး ဆက်၍ ပြောပြန်သည်။

"အာဂျိုင်းရဲ့ကားက ဟိုကောင်လေးကို တိုက်တာမဟုတ်ရင် အာဂျိုင်းနဲ့ အာမခံကုမ္ပဏီက လူက ငွေကို ပြန်လိုချင်မှာပေါ့"

"ဟုတ်ပ"

"ပြန်ပေးမယ်လို့ ခင်ဗျားက တိတိကျကျ မပြောဘူး မဟုတ်လား"

"ဟုတ်တယ်လေ၊ ကျုပ်မပြောဘူး၊ ပြန်ပေးမှာမှ မဟုတ်တဲ့ဟာပဲ"

"ဘာဗျ"

"ဆွဲထားဦးမယ်လေ"

"ဒီမှာမေဆင်၊ ဘာမှမထိမ်ချန်ဘဲနဲ့ သိသမျှ အားလုံးဖွင့်ပြောလိုက်ပါလားဗျာ"

"ဟာ...ဘယ်ဖြစ်မလဲ၊ ကျုပ်ကို လာပတ်ချင် ပတ်နေမှာ"



"အခုလည်း ပတ်နေပါပြီဗျာ၊ ဒီမှာ မေဆင်၊ ဟိုအမျိုးသမီးဟာ သူဒီကို ဝင်လာခါစက ခင်ဗျားဟာ သူ့ရဲ့ ရှေ့နေဆိုတာ မသိဘူးဗျ"

"ဘာလို့မသိရမှာလဲ"

"ခင်ဗျားသိသမျှကိုသာ ပြောရင် သတင်းစာတိုက်နဲ့ရော ရဲဌာနချုပ်နဲ့ပါ ပြေပြေလည်လည်ဖြစ်အောင် ဘာမဆို ကျွန်တော် လုပ်ပေးမယ်ဗျာ"

"နောက်ပြီး ခရိုင်ရှေ့နေကြီးနဲ့ရောလား"

'သူနဲ့ပါပေါ့ဗျာ'ဟု ထရက်က ပြောသာပြောရသော်လည်း သူ၏အသံက ချက်ချင်း မှုမမှန် ဖြစ်သွားသည်။

"ကျုပ်တို့နှစ်ယောက်လုံး သိတဲ့အတိုင်းပဲ၊ ကျုပ်ကိုသာ မိအောင်လုပ်နိုင်ရင် ကိုယ့်လူကိုတော့ ခရိုင်ရှေ့နေကြီးက ကြိုဆိုလျက်ပါပေါ့၊ လူစီဘာတန်အတွက်တော့ အမှုပေါ့သွားမယ်လေ"

"အခုကော ခင်ဗျားက ဘယ်လို ထင်လို့လဲ၊ ခင်ဗျားကို ဆော်ဖို့ သူ့မှာ အချက်အလက်တွေ လုံလုံလောက်လောက် ရှိနေပြီဗျ"

"ဆော်ပါစေလေ၊ ကျုပ်ကလည်း လွှတ်အောင်ရုန်းပြမယ်လို့ ကျုပ်ကိုယ်စား ပြောပြလိုက်စမ်းပါ"

"ခင်ဗျားလက်ဖွဲ့ရာကြီးက သေနတ်ပေါ်မှာ ထင်ကျန်နေလေတော့ ခင်ဗျား လွှတ်အောင်ရုန်းနိုင်ပါ့မလား၊ သေနတ်ကလည်း ပစ်တကင်ကို သတ်တဲ့ သေနတ်ဆိုတာ ကျည်ဆန်ပါရဂူတွေဆီက အစီရင်ခံစာရထားတယ်ဗျ"

"တကယ်ပဲလား"

ရဲအုပ်ကြီးထရက်က ထရပ်ပြီး...

"ကျွန်တော်ကတော့ ခင်ဗျားကို အခွင့်အလမ်းပေးတာပဲလေ မေဆင်"

"ဟုတ်ပါတယ်၊ တကယ်ပဲ ပေးပါတယ်၊ ကျုပ် မတ်တတ်ထမရတာတော့ ခွင့်လွှတ်ပါနော် ထရက်၊ ဟို ဂိုရှင်ဆိုတဲ့လူ ပြေးဝင်လာပြီး လက်ညှိုးထိုးပြနေမှ ခက်နေမယ်"

'နှစ်ပတ်လောက် ထိုင်မနေနိုင်ပါဘူးဗျာ၊ တစ်နေ့တော့ မှိုဦးမှာပေါ့'ဟု ထရက်က ပြောပြီး ထွက်သွားသည်။

မေဆင်နှင့် ဒယ်လာစထရီတို့ အချင်းချင်း ကြည့်လိုက်ကြပြီး...

"ဘုရားရေ...ဟိုသေနတ်က လူသတ်သေနတ်ဆိုပါကလား ဒယ်လာ

ရေ"

သူမက ခေါင်းညိတ်သည်။

"အလောင်းထဲက တွေ့တဲ့ ကျည်ဆန်ကို စစ်ကြည့်ရင် တခြားသေနတ်နဲ့ပစ်တဲ့ ကျည်ဆန်ဖြစ်နေမှာ သေချာပါတယ်ကွာ၊ ဒါနဲ့ ဒယ်လာ၊ ဟိုအပေါ် အင်္ကျီရှည်ကြီးကို မင်း ဘယ်ကရသလဲ"

"ပေါလ်ဒရိုက်ဥစ္စာလေ၊ ထရက်တို့ ညှော်ခန်းမှာ ထိုင်နေတုန်း ပြောကြဆိုကြတာကို ဂါတီကကြားလို့ ပြန်ပြောတာနဲ့ ကျွန်မ လစ်သွားပြီး ၄ားလာခဲ့တာပေါ့"

"ဒယ်လာရေ၊ မင့်လစာကို တစ်လ ဒေါ်လာတစ်ရာတိုးပြီး ဆရာ့စားပွဲမှာ လာထိုင် အလုပ်လုပ်ကွာ၊ အခု ဆရာမတ်တတ်ရပ်လို့ မရသေးဘူးလေ၊ တော်တော်ကြာ ထရက်ရဲ့ သက်သေက ဖြန်းခနဲ ဝင်လာရင် ခက်နေဦးမယ်"

❑

## (၁၉)

မဆေင်သည် သတင်းစာများကို စာရေးစားပွဲပေါ်တွင် ဖြန့်၍ ဖတ်လိုက်သည်။

"သတင်းခေါင်းစဉ်တွေက တယ်ကောင်းပါလားဟေ့၊ လူသတ်လက်နက်ပေါ်တွင် ရှေ့နေကြီး၏လက်ဗွေရာတွေ့ သက်သေက လူကို ဖွပ်စွဲမပြနိုင်အောင် ရှေ့နေကြီးက မတ်တတ်ရပ်ပြရန်ငြင်းဆို၊ လျှို့ဝှက်ဆန်းကြယ်သောလူသတ်မှုနှင့် ပတ်သက်၍ ချောမောလှပသော လင်ကွာမလေးအား ဖမ်းဆီး၊ မသက်သေ့၏ အခန်းသော့ ရှေ့နေကြီးလက်ဝယ် ရှိတယ်ဆိုပါကလားကွယ့်"

"ဒါနဲ့ နေပါဦး ဆရာ၊ ဟိုစာတွေနဲ့ သော့တွေအကြောင်းကို ဘာလို့ ရဲအုပ်ကြီးထရက်ကို ဆရာ ပြောရပါလိမ့်မလဲလို့ ကျွန်မ စဉ်းစားမရဖြစ်နေတယ် ဆရာ"

"ဆရာ ပြောစေချင်တာကို ပြောစေဖို့ လူစီဘာတန်ကို အချက်ပေးဖို့က ဒီတစ်နည်းပဲ ရှိလို့ပေါ့"

"ကျွန်မ သဘောမပေါက်ဘူး ဆရာ"

"စာနှစ်စောင်လုံးကို တခြားလူက ရေးတယ်ဆိုကြပါစို့"

"ဒီတော့ ဘာဖြစ်သလဲ"

"ဒီလိုလေ တခြားတစ်ယောက်က ပို့လိုက်တဲ့သော့နဲ့ သူ့အခန်းထဲကို

ဆရာက ဖွင့်ဝင်တယ်ဆိုရင် ဥပဒေကို ချိုးဖောက်ရာ ကျမယ်၊ လူစီကိုယ်တိုင်က ပေးပါတယ်ဆိုတော့ အခန်းထဲဝင်ဖို့ သူ့ရဲ့အခွင့်ရပြီးသား ဖြစ်နေတာပေါ့ ...

"သူရဲ့ခွင့်ပြုချက်နဲ့ အခန်းထဲ ရောက်သွားတာနဲ့ အခြေအနေက လုံးဝ ပြောင်းသွားတယ်၊ တခြားတစ်ယောက်က သော့ကို ပို့လိုက်တယ် ..."

"စာရေးစားပွဲမှာလည်း သေနတ်ထည့်ထားတယ်လို့ သူ့ရဲ့ခေါင်းထဲသွင်း ပေးနိုင်ရင် ထရက် ခေါင်းရှုပ်အောင်လုပ်ပြီးသားလည်း ဖြစ်သွားတယ်လေ၊ နောက်ပြီး ကိုးလ်ဆန်လည်း ..."

ဒရိတ်၏အချက်ပေးတံခါးခေါက်သံ ကြား၍ မေဆင် စကားပြတ်သွားသည်။

ပေါလ်ဒရိတ်သည် ညနေထုတ်သတင်းစာကို ယူပြီး ဝင်လာရာ မေဆင် လည်းရထားပြီးကို မြင်လိုက်ရသည်။

"ထိုင် ... ပေါလ်၊ အမည်းစက်တစ်ခုပေါ့နော ... မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ဗျာ"

"ဒါနဲ့ ... ဒီမှာ ပေါလ်၊ ဟိုလစ္စတာဆိုတဲ့လူဟာ ဘယ်လိုပုံပန်း ရှိသလဲ၊ မင်း ပြောနိုင်မလား"

"လေးဆယ့်ခုနစ်နှစ်၊ ရှစ်နှစ်လောက်၊ အရပ်ရှည်ရှည် ဆံပင်နက်နက်၊ မျက်ခုံးထူထူပဲ ဓာတ်ပုံတစ်ခုရဖို့ ကြိုးစားနေတယ်"

မေဆင် အံ့အားသင့်သွားပုံ ပေါ်သည်။

"အလို ... အလို အရပ်ရှည်ရှည်၊ နောက်တစ်ယောက်ပေါ်လာပြန်ပြီလား၊ ဂိုရှင် သူ့ကိုမြင်တာဖြစ်မယ်၊ နောက်ပြီး ဒပ်ဒလေဂိတ်ဆိုတဲ့လူ၊ ဘဏ်က သူ ငွေထုတ်ပြီး ပစ်တာကင်ကို ပေးတာဖြစ်မယ်၊ သူကကော ဘယ်လိုပုံလဲ"

"သုံးဆယ့်သုံးနှစ်လောက်ပဲ ရှိဦးမယ်၊ မနိမ့်မမြင့်၊ တုတ်ခိုင်တယ်၊ ဆံပင်ရွှေရောင်၊ မျက်လုံးအပြာ"

"ကောင်းပြီ သူ့ကိုတော့ ဖယ်လိုက်တော့၊ ဟိုလစ္စတာကို ဗိုရှင် မြင်ဖို့ ကောင်းတယ်၊ ဒါနဲ့ ဒပ်ဒလေဂိတ်က ဘယ်မှာလဲ၊ တွေ့ပြီလား၊ ငွေနဲ့ ပတ်သက်လို့ သူက ဘာပြောသလဲ"

"ဒပ်ဒလေဂိတ်က ဟိုလစ္စတာနဲ့ အတူလေ၊ သူတို့ဟာ အစုစပ်ပါတနာတွေပဲ၊ ရေနံမြေကိုကြည့်ဖို့ တနင်္လာနေ့ညက ခရီးထွက်သွားကြတယ်"



"ရေနံမြေက ဘယ်မှာလဲ"

"အထက်မြောက်ပိုင်းတစ်နေရာမှာပဲ၊ ဒါတော့ သူတို့ လျှို့ဝှက်သဘော မျိုး လုပ်ထားမှာပေါ့"

"ဒီနေ့ ကြာသပတေး (၆) ရက်နေ့၊ တနင်္လာနေ့က သူတို့ ထွက်သွားတယ်၊ သုံးရက် ရှိသွားပြီ၊ တနင်္လာနေ့ည ဘယ်အချိန်ကလဲ ပေါလ်"

"၆ နာရီလောက် ဖြစ်မယ်၊ ဟိုလစ္စတာရဲ့ အိမ်ဖော်ဟာ လေးနာရီခွဲမှာ အိမ်ပြန်တယ်၊ ဟိုလစ္စတာကလူတစ်ယောက်နဲ့ တွေ့ဖို့ စောင့်တယ်၊ ဒပ်ဒလေ ဂိတ်က သူနဲ့ လာပေါင်းရမယ် ..."

"သူဟာ ၆ နာရီလောက်မှာ အိမ်ကထွက်ဖို့ ဖြစ်တယ်၊ ဒပ်ဒလေဂိတ်ကို ဟိုလစ္စတာ ဖုန်းဆက်ပြောတာလို့ အိမ်ဖော်ကြားတယ်၊ သူ ၆ နာရီတိတိမှာ ထွက်မယ်လို့ ပြောတယ်"

'ဒီကနေပြီး ဟိုကိုဂိတ်ရောက်ဖို့ဆိုတာ တစ်နာရီသာသာတော့ အချိန် ယူရမှာပေါ့' ဟု ပေါလ်က ပြောပြသည်။

"ပေါလ်ရေ ဘယ်သူမှ မမြင်ဘဲနဲ့ ဒီအဆောက်အအုံကနေပြီး ကိုယ် အပြင် ထွက်ရမယ်ကွ"

"ဘယ်ဖြစ်မလဲ၊ ထရက်က ဂိုရှင်ကို ရဲအစောင့်နဲ့ ကားထဲမှာ ထားတာ၊ ခင်ဗျားထွက်အလာကို စောင့်နေတယ်၊ သတင်းထောက်တွေနဲ့ ဓာတ်ပုံဆရာ တွေကိုလည်း နေရာအနှံ့ ဖြန့်ချထားတယ်"

"ပေါလ် မင်းရုံးခန်းကို နှစ်ဆယ့်လေးနာရီ ဖွင့်ထားတယ်မဟုတ်လား"

ဒရိတ်က ခေါင်းညိတ်လိုက်သည်။

"ဒီအဆောက်အအုံမှာ တစ်ညလုံးဖွင့်တဲ့ရုံးဟာ မင်း ရုံးခန်းပဲရှိတယ်"

"ဒီတော့ ဘာဖြစ်လဲ"

"မင်းနဲ့ ကိုယ် လာနေမလို့ ပေါလ်"

"ကျွန်တော် သဘောမပေါက်ဘူး"

"ဒီရုံးခန်းကို တို့ပိတ်မယ်၊ ဒီရုံးခန်းနဲ့ မင်းရုံးခန်းအကြား စင်္ကြံတစ် လျှောက်မှာ လူသူရှင်း, မရှင်း ဒယ်လာက သွားကြည့်မယ်၊ နောက် မင်းရုံးခန်း ကို ကိုယ်သွားမယ် ..."

"ဒီရုံးခန်းကို သော့ခတ်ပြီးတော့ ဒယ်လာ အိမ်ပြန်မယ်၊ သတင်းစာ

ဆရာတွေက သူ့ကိုတားပြီး မေးကြမှာသေချာတယ်...”

“သူက သူတို့ကို ချိုချိုသာသာပြုံးပြပြီး... မစ္စတာမေဆင် လွှန်ခဲ့တဲ့နာရီဝက်လောက်ကတည်းက သူ့ရုံးခန်းက ထွက်သွားပါပြီရှင်၊ အနှောင့်အယှက်ကင်းကင်းနဲ့ အမှုကိုခေါင်းအေးအေးနဲ့ စဉ်းစား ကိုင်တွယ်နိုင်အောင် အစီအစဉ်များကို လုပ်နေပါတယ်လို့ ပြောမယ်လေ”

‘ဒယ်လာပြောတာကို သူတို့က ယုံမှာတဲ့လား’ ဟု ဒရိတ်က ထောက်မေးသည်။

“ဟာ... ဘယ်ယုံမလဲ၊ သူတို့ ဒီအပေါ်ကို တက်လာမှာပေါ့၊ ဒီတော့ ရုံးခန်းမှောင်နေတာကို တွေ့မယ်လေ”

“ခင်ဗျား အထဲမှာ ရှိနေသေးတယ်လို့ သူတို့ အတပ်စွဲတော့မှာပေါ့”

“သူတို့စွဲမယ်လေ၊ ဒါပေမယ့် တံခါးမှူးကို သူတို့ကိုင်မယ်၊ နောက် သန့်ရှင်းရေးအမျိုးသမီးလာတော့ တစေ့တစောင်းချောင်းကြမယ်...”

“တိတ်တိတ်ပုန်းပေါ့လေ၊ ဒါပေမယ့် ချောင်းတော့ ချောင်းမှာပဲ၊ ဓာတ်ပုံရိုက်ချင်ရိုက်မယ်၊ တွေ့ဆုံမေးမြန်းချင် မေးမယ်”

“ဒီတော့ ကျွန်တော့်ရုံးခန်းထဲမှာ ခင်ဗျားရှိတာကို သိသွားကြမှာပေါ့”

“မြေညီထပ်ကနေ ထွက်သွားပြီလို့ သူတို့ထင်အောင် တို့ လုပ်ရမယ်”

“ဘယ်လိုလုပ်မလဲ”

“အဲဒီမှာလည်း မင်းပဲ ပါဝင်ရဦးမှာပဲ၊ ကုန်ပစ္စည်းထည့်တဲ့သေတ္တာကြီး တစ်လုံးကို တခြားကိုပို့တဲ့ပုံ လုပ်ရမယ်၊ သေတ္တာထဲမှာ သူတို့လိုချင်တဲ့အထောက်အထားပါတယ်လို့ တကယ်ထင်ရအောင် မင်းက လုပ်ပြီး ကိုယ့်အိမ်က ကားရုံထဲကို ပို့ရမယ်...”

“မင်း တင်ပို့တဲ့အခါမှာ တော်တော်ကိုလေးတဲ့ပုံဖြစ်စေရမယ်၊ သေတ္တာအဖုံးမှာ အပေါက်တွေ ဖောက်ထားရမယ်...

“မင်းယုံကြည်ရတဲ့ အကူစုံထောက်တစ်ယောက်ယောက်ကို ကိုယ့်ကားရုံကို အလျှင်လွှတ်ထားပြီး သေတ္တာကို လက်ခံစေရမယ်၊ သတင်းထောက်တွေရောက်လာတော့ သေတ္တာကိုတွေ့တဲ့အခါ အထဲမှာ ဘာမှမရှိ ဖြစ်နေမယ်”

“သူတို့လိုက်ရှာလိမ့်မယ်လို့ ခင်ဗျား ဘာကြောင့် ထင်ရတာလဲ”

“ရုံးခန်းက ကိုယ်ထွက်သွားပြီလို့ သူတို့အထင်ရှိလာတာနဲ့ တစ်ပြိုင်



နက် နောက်ပေးပေါက်ကများ ထွက်သွားသလားလို့ တံခါးမှူးကို မေးကြည့်ကြလိမ့်မယ်၊ မင်းအခန်းထဲမှာ ကိုယ်ရှိသလားလို့ မင်းနဲ့ မင်းစာရေးမလေးကို မေးကြ မြန်းကြလုပ်မယ်၊ ဒီတော့ မင်းက သေတ္တာကြီးအကြောင်းကို ဖွင့်ပြောလိုက်ပေါ့”

“ကြံကြံဖန်ဖန်ဗျာ၊ သတင်းထောက်တွေနဲ့ ဓာတ်ပုံဆရာတွေကို နောက်ပေးပေါက်မှာလည်း ချထားတယ်ဗျ”

“ဒါ ကောင်းတာပေါ့၊ သေတ္တာကြီးကို ထုတ်သွားတာကို ဒါမှ သူတို့မြင်မှာပေါ့”

“ဒါပေမဲ့ ခင်ဗျားကို ဘာကောင်းကျိုးမှ ပေးမှာမဟုတ်ဘူး၊ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာပဲ ဖြစ်မယ်၊ နောက်ပြီး သတင်းစာတွေက ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားပါဦး...”

“ဒီမှာ ပယ်ရီ၊ ခင်ဗျားအကြံကို ဖျက်လိုက်ပါဗျာ၊ တိမ်းရှောင်တယ်ဆိုတဲ့ အထောက်အထားဟာ အပြစ်ရှိပါတယ်ဆိုတဲ့ အထောက်အထားပြတာနဲ့ အတူတူပဲဗျ”

“ဒါ မှန်တယ်လေ”

“ဒီတော့ ထရက်ရဲ့ ပိုက်ကွန်ထွင်း ခုန်ဆင်းတဲ့သဘော ဖြစ်နေမှာပေါ့၊ ရုံးထဲမှာ တစ်သက်လုံး ခင်ဗျား နေနိုင်မှာလား”

“ဘယ်နေနိုင်ပါ့မလဲ၊ ဒါဟာ တို့က ဆိုက်ကို သုံးလိုက်တာပဲကွ၊ မြင်းကို ခိုးယူသွားတာခံရပြီးမှ မြင်းဇောင်းကို ဘယ်သူက စောင့်နေဦးမှာလဲ လို့”

စကြံလမ်းကို ဒယ်လာက ထွက်ကြည့်ပြီး လူရှင်းကြောင်း ပြောသဖြင့် ပေါလ်ဒရိတ်နှင့်အတူ ဒရိတ်၏ ရုံးခန်းသို့ မေဆင်လိုက်သွားသည်။

☐

## (၂၀)

မေဆင်သည် ပေါလ်ဒရိတ်၏ ရုံးခန်းတွင် သက်သောင့်သက်သာထိုင်၍ အသားညှပ်မုန့်နှင့် ကော်ဖီကိုသောက်သည်။ ပေါလ်ဒရိတ်လည်း စားပွဲတစ်ခုတွင် ထိုင်၍ အသားညှပ်မုန့်စားရင်း ဖုန်းခေါ်မည်ကို စောင့်နေသည်။

ခဏအကြာတွင် ဖုန်းလာသဖြင့် နားထောင်ပြီး မေဆင်အား ဒရိတ်က ပြောလိုက်သည်။

"ကိုင်း...ဘယ့်နှယ်ရှိစ"

"ဘာဖြစ်လို့တုန်းကွ"

"ကုန်သေတ္တာ သဲလွန်စရတော့ အမဲလိုက်သမားတွေလို သတင်းထောက်တွေက လိုက်ကြတယ်လေ၊ ခင်ဗျားရဲ့ကားရုံထဲ သူတို့ ရောက်လို့ အပေါက်တွေနဲ့ သေတ္တာအလွတ်ကြီးကို တွေ့တော့ သူတို့ ဒေါပွကုန်ကြတာပေါ့၊ ထရက်လည်း ကျွဲမြီးတိုသွားတယ်"

"ဂိုရှင် ဘယ်ရောက်နေသလဲ"

"နောက်ဆုံးသိရတာတော့ သူ့အောက်မှာ စောင့်နေတုန်းပဲတဲ့"

ဖုန်းလာပြန်သဖြင့် ပေါလ် ကောက်ကိုင်လိုက်သည်။

"ဒရိတ် ပြောနေတယ်၊ သေချာအောင်လုပ်နော်၊ ထောင်ချောက်ဖြစ်နိုင်တယ်၊ ဂိုရှင် လိပ်စာရထားရင် အဲဒီကို လိုက်သွား၊ သူ တကယ် အိမ်ပြန်တာ



ဟုတ်မဟုတ်ကို လိုက်ကြည့်၊ ကောင်းပြီ၊ ပြန်ခေါ်"

ဖုန်းကိုချပြီး ဒရိတ်က ပြောလိုက်သည်။

"ဂိုရှင် မရှိတော့ဘူး၊ သွားပြီ"

ဖုန်းမြည်လာပြန်သည်။

ဒရိတ်က ကောက်ကိုင်ပြီး...

"ဟဲလို ဒရိတ်ပြောနေတယ်၊ ဟုတ်တယ်၊ မင်း သေချာလို့လား၊ အရေးကြီးနိုင်တယ်၊ ခဏကိုင်ထားဦးဟေ့၊ မဖြတ်နဲ့နော်၊ စောင့်နေ"

စကားပြောခွက်ကို လက်ဖြင့် အုပ်လိုက်ပြီး...

"သူတို့ ဟိုလစ္စတာရဲ့ကားကို တွေ့ထားပြီတဲ့၊ ကုန်းမြင့်တစ်ခု ပေါ်က ကျပြီး ပျက်စီးနေတယ်တဲ့'ဟု မေဆင်အား ပြောပြလိုက်သည်။

"ဟိုလစ္စတာကိုကော တွေ့သလား"

"မတွေ့ဘူး၊ ဘယ်ရောက်နေတယ် မသိဘူး၊ ကားအလွတ်ကိုပဲ တွေ့တယ်"

"ဘယ်မှာလဲ"

"ဆန်တာဒဲလ်ဘားရာ အထက်ပိုင်း ကင်ညန်လမ်းပေါ် နှစ်မိုင်ကျော်ကျော်မှာ၊ ကုန်းစွန်းက တမင်တကာမောင်းချပုံနဲ့ တူတယ်"

"ဘာကြောင့် ပြောနိုင်တာလဲ"

"ကျွန်တော့်လူက သတင်းပို့တယ်၊ အဝေးပြေးလမ်းမကြီး လုည့်ကင်းနဲ့ သူတွေ့ပြီးပြီတဲ့၊ သူတို့က လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းက ကားကို တွေ့တာပဲ၊ ကားမှာ ပထမ ဂီယာသွင်းထားတယ်၊ စက်နှိုးခလုတ်ကိုလည်း ဖွင့်ထားတယ်တဲ့"

"သူတို့က ဘယ်လိုလုပ်ပြီး သွားတွေ့တာလဲ"

"အဝေးပြေးလမ်းမကြီး လှည့်ကင်းတစ်ခုက ကားဘီးရာရေးရေးကို အမှတ်မထင် သွားပြီး မြင်မိတယ်တဲ့၊ ဒါလည်း ကံကောင်းလို့ တွေ့တာတဲ့၊ ဘာကြောင့်လဲဆိုတော့ ကားဘီးရာတွေဟာ ပျက်လုမတတ်တောင် ဖြစ်နေပြီတဲ့...

"နည်းနည်းကျယ်ပြီး ကျောက်တုံးတွေ အများကြီးရှိတဲ့ နေရာမှာ နောက်ပြီး တောင်စောင်းက တောင်ကြားချောက်ထဲ မိုင်တစ်ရာကျော်ကျော်လောက် လျှောဆင်းသွားတယ်တဲ့"

"မင်းလူ အခု ဘယ်မှာလဲ"

"ဆန်တာဒဲလ်ဘားရာက သူသတင်းပို့နေပါတယ်"

"ရဲတွေက ခွင့်ပြုနိုင်သလောက် စေ့စေ့စပ်စပ် စုံစုံလင်လင် စစ်ဆေးကြည့်ဖို့ ပြောလိုက်၊ ကားထဲမှာ ဘာရှိတယ် ဘာမရှိဘူးဆိုတာ ကိုယ်သိချင်တယ်"

'ဒရိတ်က ညွှန်ကြားချက်ကို ဖုန်းထဲသို့ ပြောလိုက်ပြီးနောက်၊ နေဦးဟေ့'ဟု ပြောကာ စကားပြောခွက်ကို လက်ဖြင့် အုပ်၍ မေဆင်အား ပြန်ပြောသည်။

"ဟိုနေရာကို ဝန်ချီစက်နဲ့ ရဲတွေ သွားနေကြပြီ၊ သူတို့ ဖုန်းဆက်ပြောလို့ ကားကို ကားလမ်းပေါ် ဆွဲတင်ဖို့ ထရက်က အမိန့်ပေးလိုက်တယ်"

"ကောင်းပြီပေါ့လ်၊ မင်းလူတွေကို ရဲနဲ့ ဆက်ပြီး တွဲနေဖို့ ပြောလိုက်"

ဒရိတ်က ထပ်ဆင့်ညွှန်ကြားလိုက်ပြီးလျှင် ဖုန်းကို ချကာ...

'ကားချောက်ထဲကျသွားတယ်ဆိုတော့ ဟိုလစ္စတာဟာ ဘယ်လောက်မှ ခရီးပေါက်ဦးမှာ မဟုတ်ဘူးနော်'ဟု ကောက်ချက်ချလိုက်သည်။

"သူဆယ်မိုင်ရောက်ပြီလေ၊ ငါးမိုင်က တောင်တက်လမ်းပဲ၊ ဟေး...ဒါဟာ ရပ်ရှင်းခရိကို သွားတဲ့လမ်း မဟုတ်လား ပေါလ်"

"အစစ်ပေါ့ဗျာ၊ ဟုတ်လိုက်တာမှ အဲဒီတော့ ခင်ဗျား ဘာအဓိပ္ပာယ်များ ကောက်လို့ရသလဲ"

'ကိုယ်မပြောတတ်တော့ဘူးကွာ'ဟု ပြောပြီးလျှင် အခန်းကျဉ်းကလေးထဲတွင် မေဆင်ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေသည်။

"ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ"

"ဂိုရှင်အကြောင်းလေ"

"သူစွပ်စွဲပြတာကို ခင်ဗျား ခံလိုက်ဖို့ ကောင်းတယ်၊ အနေးနဲ့အမြန်တော့ သူထောက်ပြနိုင်မှာပဲ၊ နောက်ပြီး ခင်ဗျားက တိမ်းရှောင်နေတော့ ဟုတ်သလို ဖြစ်နေတာပေါ့"

"သူမြင်တဲ့လူရဲ့ မျက်နှာကို သူသေသေချာချာ မြင်လိုက်ရတာ မဟုတ်ပါဘူးကွာ"

"အခု မြင်ပြီလေ၊ ထရက်က ဒါကို တမင်လုပ်တာပဲ"

"ဆန်တာဒဲလ်ဘားရာမှာ ပြန်တွေ့တယ်ဆိုတော့ သူ ဘာများ ထပ်သိရမလဲလို့ ထရက်ဟာ ဖြိုရှာမှာပဲ၊ သူက အခုလူသတ်မှု စုံစမ်းရေးတစ်ဖွဲ့မှာ ဆရာကြီးပဲ..."



"တခြားလူတွေက သူ့လောက် မတော်ဘူး၊ နောက်ပြီး ထရက်ဟာ မှုမှုတတ ရှိတယ်၊ တခြားလူတွေက အခွင့်အရေးသမား၊ သာရာစီးတွေ၊ နောက်ပြီး ရဲကြပ်ကြီး ဟိုကုမ်းဟာ ထရက်ကို နောက်ကျော ဓားနဲ့ ထိုးဖို့ အခွင့်သာလာနိုင်တယ်..."

"တို့ ဘာလုပ်ရမလဲ သိလား ပေါလ်၊ ကိုယ့်ရဲ့ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းလောက်ရှိတဲ့ အကျစုံထောက်တစ်ယောက်လောက်များ မင့်မှာ မရှိဘူးလား၊ ယုံရမယ့်လူ တစ်ယောက်ပေါ့ကွာ"

"သူ ဒီအထဲ ကန့်လန့်ကန့်လန့်နဲ့ ဓားစာခံများ ဖြစ်နေမှာလား"

"ကိုယ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ရင် ဖြစ်မှာ မဟုတ်ပါဘူး"

"ဂျယ်ရီလန်ဒိုဆိုတဲ့ လူတစ်ယောက်တော့ ရှိတယ်၊ ခင်ဗျာ့ အလုံးအထည်အတိုင်း အသက်ကလည်း ခင်ဗျားလောက်ပဲ ရှိဦးမယ်"

"သူ့ကို မင်းယုံရမှာလား"

"သူ့ကိုတော့ ဘာမဆို စိတ်ချ၊ သူက လုပ်သက်ရင့်ပြီပဲ၊ သိပ်လျှင်တဲ့ပါးတဲ့လူဗျ"

"မင်း တစ်ခါက ပြောဖူးတယ်၊ ဘာတဲ့ ကင်မရာနဲ့ လျှပ်တစ်ပြက်မီးနဲ့ဆိုရင် ဘာဖြစ်တယ်တဲ့"

"ဪ...ဟုတ်တယ်လေ၊ သတင်းထောက်ကိုင် ကင်မရာနဲ့ ဘာနဲ့ဆိုရင် သတင်းစာ ဓာတ်ပုံသတင်းထောက် အောက်မေ့ပြီး ရဲတွေက ဘာမှ မေးလား မြန်းလား မလုပ်တတ်ကြလို့ စုံထောက်ကို သူတို့ကြားထဲ ထိုးသွင်းလို့ရတယ်ဆိုတာလေ"

"မင်းမှာ ကင်မရာတစ်လုံး အလွတ်ရှိတယ်နော်၊ နောက်ပြီး ဓာတ်ပုံဆရာ ငါးယောက် ခြောက်ယောက်လောက် ရှာပေးကွာ၊ ရမလား"

"ရပါတယ်၊ ဓာနယ်ဇင်း ဓာတ်ပုံညကျောင်းက တော်တော်ကျွမ်းကျင်နေတဲ့ ကျောင်းသားတွေကို ငှားလို့ ရနိုင်ပါတယ်"

"ကောင်းပြီ၊ ဂျယ်ရီလန်ဒိုကို အပေါ်ခေါ်လိုက်၊ သူ့မှာ ကားရှိသလား"

"ရှိတယ်"

"ကောင်းတယ်၊ သူ့ကားကို တို့သုံးရမယ်၊ ခရီးဆောင်သေတ္တာတစ်လုံးကို ယူပြီး အမြန်လာခဲ့လို့ပြော၊ နောက်ပြီး ဒီမှာ ဒယ်လာထားခဲ့တဲ့ ကိုယ့်အပေါ်အင်္ကျီရှည်ကို ကိုယ်လိုချင်တယ်၊ သူတို့ကို တစ်မျိုးလှည့်မယ်ဆိုရင် တို့ မြန်မြန်လုပ်မှ ဖြစ်မယ်"

"ဘယ်လိုအလှည့်အပတ်တွေ လုပ်ဦးမလို့လဲဗျာ"

"မင်း သိချင်သလား"

"အမယ်လေး မသိချင်ပါဘူးဗျာ'ဟု ဒရိတ်က ကမန်းကတန်း ပြောပြီးလျှင် ဖုန်းကို ကိုင်၍ ဆက်လိုက်သည်။

□

# (၂၁)

ဂျယ်ရီလန်ဒိုသည် ခရီးဆောင်သေတ္တာကို ထောင့်တစ်ခုတွင် ချထားလိုက်ပြီး ဘာကိုမျှ ဂရုမစိုက်ဆိုသည့် အကြည့်မျိုးနှင့် ကြည့်၍...

'ကဲ...မစ္စတာဒရိတ်၊ ကျုပ်ကားအောက်မှာ ရှိတယ်၊ ဓာတ်ဆီအပြည့်ပဲ၊ ဘာမဆို လုပ်ဖို့ အသင့်ရှိတယ်'ဟု ပြောလိုက်သည်။

'မစ္စတာမေဆင်ကို ခင်ဗျားသိသလား၊ ရှေ့နေကြီး ပယ်ရီမေဆင်လေ' ဟု ဒရိတ်က လန်ဒိုအား မေးလိုက်ရာ မေဆင်အား လန်ဒိုက လက်ဆွဲနှုတ်ဆက်ပြီး စကားစမြည် အနည်းငယ်ပြောသည်။

"နက်ဖြန်မနက်ထုတ် သတင်းစာကိုတော့ ခင်ဗျားတို့ ဖတ်ကောင်းဦးမယ်ဗျို့၊ သတင်းစာထဲမှာ ပါမယ့် ဝတ္ထုကြောင်းကလေး တစ်ခုအတွက် ကျုပ်တို့ လမ်းခင်းနေတာပဲ"ဟု မေဆင် ပြောလိုက်သည်။

'ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ'ဟု လန်ဒိုက ပြန်မေးသည်။

အဝေးပြေးမော်တော်ယာဉ်မောင်းတွေ ကွန်းထောက်တဲ့ တည်းခိုအိမ်ပုကလေးတွေရှိတဲ့ စခန်းတစ်ခုကို ကျုပ်တို့သွားကြမယ်၊ ကျုပ်လိုချင်တဲ့ အစီအစဉ်လိုက် အနေအထားရှိတဲ့ တစ်ထပ်အိမ်ပုကလေးတွေ ရှိရမယ်၊ ဟောဒီသားရေရောင် အပေါ်အင်္ကျီရှည်ကို ခင်ဗျား ဝတ်စမ်းဗျာ၊ ကျုပ်ကြည့်မယ်"

အင်္ကျီကို ကောက်စွပ်လိုက်ပြီး...

'ဟာ…တိုင်းပြီး ချုပ်ထားတဲ့ ကိုယ်ပိုင်အင်္ကျီကျနေတာပဲ'ဟု လန်ဒို က ကောက်ချက်ချလိုက်သည်။

"ကဲ…ပေါလ်ရေ၊ မင့်ဓာတ်ပုံဆရာတွေကို ခေါ်ကွာ၊ သတင်းထောက် သုံး ကင်မရာတွေနဲ့ လျှပ်တစ်ပြက် မီးလုံးတွေ များများယူခဲ့ပေစေ၊ ဘယ် အချိန်အတွင်းလောက်၊ သူတို့ကို စုလို့ရမလဲ"

"တစ်နာရီတော့ အချိန်ပေးပေါ့ဗျာ"

"ဟာ…မရဘူး၊ မရဘူး၊ နာရီဝက်ပဲ ပေးမယ်၊ ညွှန်ကြားချက်တွေကို ကျုပ် ဖုန်းနဲ့ ပြောမယ်၊ ကဲ…လာ လန်ဒို၊ ကျုပ်တို့ သွားကြစို့"

"ခရီးဆောင်သေတ္တာကို လန်ဒိုကောက်ဆွဲလိုက်ပြီး ကင်မရာအိတ်ကြီး ကို မဆောင် ကောက်လွယ်လိုက်သည်။ ထို့နောက် နှစ်ယောက်သား တံခါးဖွင့် ထွက်လိုက်သည်။

ဂျယ်ရီလန်ဒိုအား ဒရိတ်က လှမ်းမှာသည်။

"ဂျယ်ရီရေ၊ ခင်ဗျားဟာ ဒီကျွန်တော်ရဲ့ ရုံးခန်းကနေထွက်ပြီး အလုပ် လုပ်တာနော်၊ ဒီဆရာကြီးက ခင်ဗျားကို ပြဿနာထဲ ဆွဲမသွင်းစေနဲ့ဦး"

'ကျုပ်ကတော့ဗျာ၊ မစ္စတာမဆောင်နဲ့သာဆိုရင် သူအကြံပေးတဲ့အတိုင်း လိုက်လုပ်မှာပဲ'ဟု ဂျယ်ရီက ပြန်ပြောလိုက်သည်။

ဓာတ်လှေကားတွင် ညဘက်တံခါးစောင့်က မဆောင်အား ကြည့်ပြီး အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့်…

"ဘယ်လိုလဲ၊ ကျွန်တော်က ဆရာကြီး လစ်ထွက်သွားပြီလို့ အောက် မေ့နေတာ"

"အစီပွာယ်မရှိတာတွေကွာ၊ ကိုယ်အလုပ်လုပ်တာ၊ နောက်ကျသွား တယ်ကွ"

"ဒါပေမဲ့ ဆရာကြီး၊ ဆရာကြီးဟာ ရုံးခန်းထဲမှာမှ မရှိဘဲနဲ့"

"ဘယ်ရှိမလဲကွ၊ ပေါလ်ဒရိတ်နဲ့ ဆွေးနွေးနေတာကိုး"

"ဖြစ်ရလေဗျာ၊ ကျွန်တော် ပို့လိုက်တဲ့ ဟိုသေတ္တာနဲ့ ပတ်သက်လို့ ဟို လူတွေ ဒုက္ခပေးတာကို ဆရာကြီးမြင်စေချင်တယ်၊ ကျွန်တော် သူတို့ကို သွား ပြော"

"အခု ဘာမှ မပြောနဲ့ဦး၊ အမှားကို သူတို့ဘာသာသူတို့ တွေ့ပစေ



အဆုံးမှာတော့ သတင်းစာထဲ သူတို့ထည့်တာဟာ မင့်တာဝန်မှ မဟုတ်ဘဲလို့"

မဆောင်က ပိုက်ဆံအိတ်ထုတ်ပြီး ဆယ်ဒေါ်လာတန်အသစ်စက်စက် ငွေစက္ကူတစ်ချပ်ကို ထုတ်ပြီး ညစောင့်၏ လက်ထဲသို့ ထည့်လိုက်သည်။

'ခင်ဗျားကားဟာ ရုံးရှေ့မှာ ရှိနေတယ်နော်၊ ကဲ…ကားဆီကို ကျုပ်တို့ အပြေးကလေးသွားလိုက်ကြရအောင် တစ်ယောက်ယောက် စောင့်ကြည့်နေချင် နေမှာ၊ စောင့်မယ်လို့တော့ မထင်ပါဘူးလေ'ဟု လန်ဒိုအား မဆောင်က ပြော လိုက်သည်။

စောင့်ကြည့်သူတစ်ယောက်မျှမရှိ၊ ရှင်းသည်။ ညဲ့ဆောင်ကို အနှောင့် အယှက်မရှိ သူတို့နှစ်ယောက် ဖြတ်သွားပြီး လန်ဒို၏ ကားပေါ်သို့ တက်လိုက် ကြသည်။

'မြောက်ဘက် အဝေးပြေးလမ်းမကြီးအတိုင်း မောင်းဗျာ၊ ယာဉ်မောင်း များ ကွန်းထောက်စခန်းကိုလည်း လျှောက်ကြည့်သွားဗျာ၊ ကျုပ်သဘောကျ အနေအထားရှိတာတစ်ခုကို ကျုပ်လိုချင်တယ်'ဟု မဆောင်က လန်ဒိုအား ပြောလိုက်သည်။

မိုင်နည်းနည်းမောင်းမိသောအခါ မဆောင်က ပြောလိုက်သည်။

"ဟောဟိုမှာဗျို့၊ ကျုပ်လိုချင်တဲ့စခန်းမျိုး 'လစ်လပ်သည်'လို့ ရေး ထားတယ်၊ ဟန်လိမ့်မယ်ထင်တယ်"

"ဆရာကြီးက ဘယ်လိုနေရာမျိုးကို လိုချင်တာလဲ"

"ရနိုင်မယ်ဆိုရင် နှစ်ခန်းပါတဲ့ တစ်ထပ်အိမ်ကလေးကို လိုချင်တယ်၊ မရရင်တော့ တစ်ခန်းတည်းပါတာကိုပဲ ယူရမှာပေါ့၊ ဒါပေမဲ့ တခြားအိမ်ကလေး တွေရဲ့ နောက်ဆုံးဘက်မှာ ဖြစ်ရမယ်…"

"လန်ဒိုနဲ့ အဖွဲ့လို့သာ စာရင်းသွင်းလိုက်ဗျာ၊ ကားနံပါတ်ကိုလည်း ပေးလိုက်၊ ဒါလောက်ပဲ သူတို့လိုချင်မှာပါ၊ သဘောပေါက်တယ် မဟုတ်လား"

လန်ဒိုသည် 'ရုံးခန်း'ဟု ရေးထားသော တစ်ထပ်အိမ်ကလေးရှေ့သို့ ကားမောင်းသွားပြီး ကားစက်ကို မရပ်ဘဲ ထားခဲ့ကာ ရုံးခန်းထဲသို့ ဝင်သွား သည်။ ခဏအကြာတွင် သော့တွဲနှင့် အမျိုးသမီးကြီးတစ်ယောက်နှင့်အတူ ပြန်ထွက်လာသည်။

လန်ဒိုက လက်ပြလိုက်ရာ မဆောင်က ကားကို ဖြည်းဖြည်းမောင်းပြီး

လိုက်သွားသည်။

နောက်ဆုံးတန်းမှ အိမ်ပုကလေးတစ်လုံးကို အမျိုးသမီးက တံခါးသော့ဖွင့်ပေးလိုက်ရာ အထဲသို့ လန်ဒိုဝင်ပြီး မီးများ ဖွင့်၍ တံခါးဝသို့ ပြန်ထွက်လာကာ မေဆင်အား ခေါင်းညိတ်ပြလိုက်သည်။

အမျိုးသမီးကြီး ရုံးခန်းသို့ ပြန်သွားသောအခါ ကားထဲမှ မေဆင် ဆင်းပြီး အခန်းကို စစ်ဆေးကြည့်သည်။

'သဘောကျရဲ့လား'ဟု လန်ဒိုက မေးလိုက်သည်။

"ကောင်းတယ်၊ ကိုင်း...ပေါလ်ဒရိတ်ဆီကို ဖုန်းဆက်ရအောင်"

"ရုံးခန်းထဲမှာ ဖုန်းရှိတယ်"

"မလိုချင်ဘူး၊ လမ်းထိပ်မှာ ဓာတ်ဆီဆိုင်ရှိတယ်၊ အဲဒီကို သွားပြီး ဆက်မယ်"

လန်ဒိုသည် အခန်းထဲမှ မီးများကို မပိတ်ဘဲနှင့် အိမ်တံခါးကို ပိတ်ပြီး ကားပေါ်သို့ တက်၍ မောင်းထွက်သည်။ လမ်း၌ မေဆင်က ပြောလိုက်သည်။

"ဒီမှာ ပေါလ်ဒရိတ်ကို ခင်ဗျား ဖုန်းဆက်ခေါ်လို့ရတဲ့အခါကျတော့ ကျုပ်တို့လိပ်စာကို ပေးပြီး သူ့ရဲ့ဓာတ်ပုံဆရာတွေကို အမြန်ပြန်လွှတ်လိုက် ဖို့ ပြောလိုက်၊ နောက် ဆယ်မိနစ်လောက်စောင့်ပြီး ရဲဌာနချုပ်ကို ဆက်..."

"လူသတ်မှု စုံစမ်းရေးတပ်ဖွဲ့က ရဲကြပ်ကြီး ဟိုကုမ်းကိုခေါ်၊ ရတဲ့အခါကျတော့ ခင်ဗျားဟာ 'ဘလိတ်'သတင်းစာတိုက်က လူပါလို့ပြော..."

"နောက်ပြီး သူက ခင်ဗျားနာမည်ကို ဖော်မထုတ်ပါဘူး၊ တခြားသတင်းစာတွေကိုလည်း အသိမပေးပါဘူးလို့ ကတိရရင် သတင်းထူး သတင်းဦးတစ်ခု ပေးမယ်လို့ ပြော"

"သူက မလုပ်နိုင်ဘူးဆိုရင်ကော"

"ရဲကြပ်ကြီး ဟိုကုမ်းဆိုတဲ့ လူကဗျာ၊ သူ့ရဲ့မှုခင်းတပ်ဖွဲ့က လူတွေထက် နာတစ်ဖျားအသာရမယ်ဆိုရင် ဘာမဆို သူကတိပေးမှာပဲ"

"ကောင်းပြီ၊ ကျွန်တော်ပြောပါမယ်"

"အခု ဒီယာဉ်မောင်း ကွန်းထောက်စခန်းမှာ ပယ်ရီမေဆင်ကို ခင်ဗျားရဲ့ သတင်းထောက်တွေက ခြေရာခံထားမိတယ်လို့ ဆိုပြီး ဒီစခန်းရဲ့လိပ်စာနဲ့ အိမ်ပုကလေးရဲ့ နံပါတ်ကို ပြောပြလိုက်..."



"နောက်ပြီးတော့ မေဆင်ဟာ သူ့နာမည်နဲ့ တည်းတာမဟုတ်ဘဲ ဒရိတ်စုံထောက် အေဂျင်စီက လန်ဒိုဆိုတဲ့ လူနဲ့ အတူရှိနေတယ်၊ ဘယ်လိုကားနဲ့ လာတယ်၊ ကားနံပါတ်က ဘာပဲဆိုတာ အစုံပြောလိုက်ဗျာ..."

"ဂိုရှင်ကိုလည်း ခေါ်ခဲ့ဖို့ပြောလိုက်ဦး၊ မေဆင်ဟာ သူမြင်တဲ့ လူပါပဲလို့ ဂိုရှင်က စွပ်စွဲထောက်ပြတဲ့ သတင်းဦးကို ခင်ဗျားရဲ့ သတင်းစာတိုက်က လည်း လိုချင်တာပဲလို့လည်း ပြောလိုက်၊ ဟုတ်ပလား"

"ကောင်းပြီ၊ နောက်ပြီးတော့ကော"

"နောက်ပြီးတော့လား၊ ဘလိတ်သတင်းစာတိုက်က မြို့တော်တွင်း သတင်းဆိုင်ရာ အယ်ဒီတာဆီကို ဖုန်းဆက်၊ ထူးခြားတဲ့ သတင်းရိပ်၊ သတင်း စကားလေးကို ပေးမယ်၊ နောက်မှ သူနဲ့ ခင်ဗျားလာတွေ့မယ်လို့လည်း ပြောပြ..."

"လူကို စွပ်စွဲထောက်ပြဖို့ ဂိုရှင်ဆိုတဲ့လူကို လူသတ်မှု စုံစမ်းရေးအဖွဲ့က ခေါ်လာမယ့်အကြောင်း၊ ရဲတွေကို လျှို့ဝှက်သတင်းကို ခင်ဗျားက ပေး သလို ခင်ဗျားတို့ သတင်းစာကလည်း သတင်းဦးလိုချင်တဲ့အကြောင်းကို ပြောပြ"

"ဟိုကုမ်းက ဆရာကြီးကို သိသလား"

"သိပ်သိတာပေါ့"

"ဒီတော့ ကျွန်တော်တို့ အစီအစဉ်တွေ ပျက်မကုန်ဘူးလား"

"ဟိုကုမ်းဆိုတဲ့လူက သိပ်နာမည်ကြီးချင်တာဗျ၊ ရဲအုပ်ကြီးထရက် မလုပ်နိုင်တာကို သူလုပ်နိုင်တယ် ထင်ရအောင် အမြဲလုပ်တတ်တယ်..."

"အလုပ်ဖြစ်တာကိုသာ သူလိုချင်တာ၊ လုပ်ရတာတော့ ဘယ်လိုပဲ လုပ်ရ လုပ်ရ၊ စွပ်စွဲထောက်ပြဖို့ ဂိုရှင်ကို သူက အတင်းနိုင်းလိမ့်မယ်၊ ထရက် ကတော့ ဒီလိုမကြမ်းဘူး"

"ကျွန်တော်ပြောချင်တာက ဆရာကြီးဟိုကုမ်းမြင်သွားရင် ဘယ်လိုလုပ် မလဲဆိုတာပါပဲ"

"ဟိုကုမ်း ကားမောင်းပြီး ဝင်လာတဲ့အခါမှာ ဘာကိုမှ သူမြင်ရမှာ မဟုတ်ဘူး"

"ဘာကြောင့်လဲဗျ၊ ဘယ်လိုဆိုတာလဲ"

“လျှပ်တစ်ပြက် မီးတစ်ဒါဇင်လောက်ရဲ့ နောက်ဘက်က ပြဒါးရောင် ပြန်ခွက်တွေက ခင်ဗျားရဲ့ မျက်စိတွေထဲကို အလင်းရောင် အထိုးခံရပြီးတဲ့ နောက် တစ်ခဏလောက်မှာ မှောင်ထဲမှာ တစ်စုံတစ်ခုကို ခင်ဗျား ကြည့်ဖူးလား”

‘သေလိုက်ပါတော့ နန္ဒိယရယ်’ဟု ဂျယ်ရီလန်ဒီ တအုံ့တည ပြော ပြီးလျှင် ဓာတ်ဆီဆိုင်အတွင်းသို့ ဝင်ပြီး တယ်လီဖုန်း စ၍ ဆက်လေတော့ သည်။

□

# (၂၂)

မေဆင်သည် ပေါလ်ဒရိတ်၏ အပေါ်အင်္ကျီရှည်အနက်ကြီးကို ဝတ် ထားလျက် ဒရိတ်လွှတ်လိုက်သည့် လူများ၏ ကားကို ကြိုဆို တွေ့ဆုံပြီးလျှင် ညွှန်ကြားချက်များကို စနစ်တကျ တိတိကျကျ ပေးနေသည်။

ဘောလုံးနည်းပြဆရာက ဘောလုံးကန်ရာတွင် နေရာမှန်များကို ယူရန် ဘောလုံးသမားများကို နေရာချပေးသကဲ့သို့ ဓာတ်ပုံဆရာများကို နေရာချသည်။

မော်တော်ယာဉ်မောင်းများ ကွန်းခိုစခန်းအဝင်လမ်းထဲသို့ ချိုးဝင်ရာတွင် ကားဘရိတ်ဖမ်းသံများကို ကြားရသည်။ ဝါယာလက်သံဖမ်းသံလွှင့်တိုင်ရှည် ကြီးများနှင့် ကားအမိုးပေါ်တွင် လည်နေသော မီးနီကြီးများက ရဲကားဖြစ်ကြောင်း ထင်ရှားစေသည်။

‘ကိုင်း…ကိုယ့်လူတို့ အလုပ်တော့စပြီ’ဟု မေဆင်က ပြောလိုက်သည်။

ဓာတ်ပုံဆရာများသည် ရဲကားကို ဝိုင်းလိုက်ကြသည်။ ကားမောင်းသူ နှင့် ဘေးမှထိုင်၍ ပါလာသော သူ၏ မျက်စိများသည် လျှပ်တစ်ပြက် မီးလုံး များ၏ တောက်ပသော အရောင်များကြောင့် ကောင်းစွာ မမြင်နိုင်သလောက် ဖြစ်သွားသည်။

‘ဟေး…ဘာသဘောလဲဟေ့’ဟု ရဲကြပ်ကြီး ဟိုကုမ်းက မေးလိုက် သည်။

'သတင်းစာတိုက်အတွက် ဓာတ်ပုံကလေးတစ်ပုံ လိုချင်လို့ပါ ရဲအုပ်ကြီး ထရက်ရယ်' ဓာတ်ပုံဆရာတစ်ယောက်က ပြောလိုက်သည်။

'ရဲအုပ်ကြီးထရက် မဟုတ်ဘူးကွ၊ ရဲကြပ်ကြီး ဟိုကုမ်း၊ ရဲကြပ်ကြီး ဟိုကုမ်းကွ'ဟု နာမည်ကို စားလုံးပင် ပေါင်းပြလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော်တို့ သိပါပြီ၊ တစ်ပုံလောက် ထပ်ရိုက်ပါရစေဦး"

လျှပ်တစ်ပြက် မီးများ နောက်ထပ် တစ်ကြိမ် မျက်စိစူးအောင် ဝင်း လက်သွားကြပြန်သည်။

ရဲကြပ်ကြီး မျက်စိကျိန်းသွားသည်။ အခွင့်ကောင်းကို ယူ၍ မေဆင်သည် ကင်မရာကို ကိုင်ကာ ကားရှေ့တံခါးဘေးတွင် သွားရပ်လိုက်သည်။ ရဲကြပ်ကြီး ဟိုကုမ်းသည် ကားစက်နှိုးခလုတ်ကို ကုန်း၍ လှမ်းကိုင်သည်။

ထိုနောက် ဒိုင်ခွက်များ၏ မီးခလုတ်ကို လှမ်းကိုင်လိုက်ပြီး 'မေဆင် ဒီမှာ တကယ်ပဲ ရှိသလား'ဟု မေးလိုက်သည်။

'ရှိတယ်၊ ကျွန်တော်တို့ မှတ်တမ်းစာအုပ်ကို စစ်ဆေးကြည့်ပြီးပြီ၊ ဒရိုက်ရဲ့လူတစ်ယောက်လည်းပါတယ်'ဟု ဓာတ်ပုံဆရာတစ်ယောက်က ပြန် ဖြေသည်။

လျှပ်တစ်ပြက်မီးများ တဖျပ်ဖျပ် ဝင်းလက်လာကြပြန်သည်။

'ဟေး…နေကြပါဦးကွာ၊ မင်းတို့ဟာက ဇူလိုင်လ ၄ ရက်၊ တို့အမေရိကန် ပြည်ထောင်စု လွတ်လပ်ရေးနေ့ကျနေတာပဲ'ဟု ဟိုကုမ်းက ပြောသည်။

လူတစ်ယောက်က အော်ပြောလိုက်သည်။

"ဟောဟိုမှာ သူထွက်လာပြီး မီးတွေ လင်းလို့ ကာကွယ်ဖို့ ကြိုးစား နေတယ်၊ သူ့ကို ကျုပ်တို့တွေ့သွားတာကို သူသိသွားပြီ"

'ဟိုမှာ…ဟိုမှာ…'ဟု ဟိုကုမ်းက ဂိုရှင်အား ပြောလိုက်သည်။

အဆောင်တံခါးပေါက်မှ ပြေးထွက်လာသော လူပုံသဏ္ဌာန်တစ်ခုသည် သားရေရောင်အပေါ်အင်္ကျီရှည်ကို ဝတ်၍ မျက်နှာကို ဦးထုပ်ဖြင့် ကွယ်လျက် ကျောက်လမ်းတစ်လျှောက် ရဲကားဆီသို့ ပြေးလာသည်။

ဓာတ်ပုံဆရာများသည် စက်ဝိုင်းခြမ်းသဏ္ဌာန် ဝိုင်းလိုက်ပြီး လျှပ်တစ် ပြက် မီးဝင်းခနဲ လက်ခနဲဖြင့် ဓာတ်ပုံရိုက်ကြသည်။

လူပုံသဏ္ဌာန်သည် ဆုတ်ဆိုင်းဆိုင်းလုပ်လိုက်သည်။ ထို့နောက် ရပ်



သည်။ ပြန်လှည့်သည်။ ဦးထုပ်ကို ဆောင်းလိုက်သည်။ အရှုံးပေး လက်မြှောက် သည့်အနေဖြင့် အခန်းဆီသို့ ပြန်လှည့်သွားသည်။

မီးရောင်တလက်လက်နှင့် ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ရင်း ဓာတ်ပုံဆရာများ သည် ထိုလူ၏ ဘေးသို့ ပြေးလိုက်ကြသည်။ မေဆင်မှာမူ ရဲကား၏ဘေးတွင် ရပ်မြဲရပ်လျက်။

'ဟော့…ဒီမှာ…ဒီမှာ၊ မင်း မြင်တယ် မဟုတ်လား၊ သူပဲမဟုတ်လား' ဟု သူ၏ဘေးမှ ထိုင်နေသူကို ဟိုကုမ်းက ဟောက်လိုက်သည်။

ခေတ္တမျှ ငြိမ်သွားသည်။

'ကိုင်း…ဘယ့်နှယ်လဲ'ဟု ဟိုကုမ်းက ဘေးမှ လူကို မေးပြန်သည်။

"ဟိုဟာ သူပါပဲ"ဟု ဂိုရှင်က ပြန်ဖြေသည်။

ရဲကြပ်ကြီးဟိုကုမ်းသည် ရှိသဲ့သဲ့ရယ်လိုက်ပြီး ကားကို စက်နှိုးကာ နောက်သို့ဆုတ်သည်။

ထို့နောက်…

"ဒီဓာတ်ပုံတွေ ကောင်းပါစေလို့တော့ မျှော်လင့်ရတာပဲ၊ ကိုင်း…သွား ပြီ ကိုယ့်လူတို့ရေ"ဟု ဓာတ်ပုံဆရာများအား နှုတ်ဆက်၍ ကားမောင်းထွက်သွား တော့သည်။

လူတွေအားလုံး သွားသောအခါ မေဆင်သည် အိမ်ကလေးဆီသို့ ပြန် သွားပြီး လန်ဒိုအား ပြုံး၍ပြလိုက်သည်။

'ကျွန်တော်လုပ်တာ ဘယ့်နှယ်လဲ၊ ဟန်ရဲ့လား'ဟု လန်ဒိုက ဆီးမေး သည်။

"ဟန်ပါ့ဗျာ"

"ခဏတာလောက်အချိန်ကလေးအတွင်းမှာ လှုပ်ရှားမှုတွေ အတော် များသွားတာပဲ၊ ဟိုလျှပ်တစ်ပြက် မီးရောင်တွေကလည်းဗျာ တကယ်ကို မျက်စိ ကန်းလောက်ပါတယ်"

"ကိုင်း…ကျုပ်တို့အပေါ် အင်္ကျီချင်း လဲဝတ်ကြစို့၊ ဘလိတ်သတင်းစာ တိုက်က ကားတောင် ရောက်လာဖို့ တော်ပြီပဲ၊ မှန်း ဟိုကလာနေတာ ဘယ်က ကားပါလိမ့်"

ကားရောက်လာသောအခါ ကားထဲက ယောကျ်ားသံတစ်ခုက အော်

ပြောလိုက်သည်။

"ကျွန်တော်တို့ ဘလိတ် သတင်းစာတိုက်ကပါ၊ မစ္စတာမေဆင်နဲ့ တွေ့ချင်လို့ပါ"

"လာပါစေဗျာ၊ ကျုပ် ဒီမှာရှိမှန်း သိသွားတော့ သူတို့ တွေ့ချင်မှာပေါ့၊ သူတို့ကိုတော့ ရှောင်လို့မရဘူး'ဟု မေဆင်က လန်ဒီအား ပြောလိုက်သည်။

သတင်းထောက်တစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက်သည် အိမ်ခန်းထဲသို့ ဝင်လာသည်။

"ဟဲလို...မစ္စတာမေဆင်'ဟု ဝင်လာသူများက နှုတ်ဆက်လိုက်သည်။

'ဟဲလို...'ဟု မေဆင်က သွားပေါ်အောင် ပြုံးပြီး ပြန်နှုတ်ဆက်သည်။

'ရဲတွေနဲ့ ခင်ဗျား ကောင်းကောင်းလိုက်တမ်းပြေးတမ်း ကစားလိုက်တယ်ပေါ့လေ'ဟု သတင်းထောက်က စလိုက်သည်။

ကင်မရာကို မြှောက်၍ ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်လိုက်သည်။

"ကျုပ်က အမှုတစ်ခုအတွက် လိုက်နေတာပါ၊ ကျုပ် ဘယ်မှာ ရှိတယ်ဆိုတာ ဘယ်သူမှ မသိစေချင်ဘူးလေ၊ ဒါပေမဲ့ ရဲတွေကိုတော့ ရှောင်နေတာ မဟုတ်ပါဘူး...

"လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က ရဲတွေ ဒီကိုရောက်လာတယ်လေ၊ ကိုယ့်လူတို့ ဓာတ်ပုံထပ်ရိုက်ချင်သေးသလား၊ ရဲကြပ်ကြီး ဟိုကုမ်းရောက်လာတယ်၊ သက်သေဂိုရှင်ဆိုတာလည်း ပါတယ်"

သူတို့ ဓာတ်ပုံထပ်ရိုက်လို၍ မေဆင်အား တံခါးဝတွင် ရပ်ရန်နှင့် တံခါးပေါက်က ထွက်လာဟန် အလုပ်ခိုင်းသည်။

ဓာတ်ပုံဆရာက ခြံထဲသို့ ဆင်းလိုက်သည်။ မေဆင်သည် ဦးထုပ်ကို တစောင်းကလေး မျက်နှာကွယ်ဆောင်းပြီး တံခါးကို ဖွင့်၍ အိမ်အတွင်းမှ ထွက်လာသည်။

'သိပ်ဟုတ်တာပဲဗျို့၊ ဆရာကြီးက ဓာတ်ပုံအရိုက်မခံချင်လို့ ရှောင်သလိုလိုပဲ၊ ကျွန်တော်က ဒေါကို ကွေ့ပြီး ဓာတ်ပုံကောင်းကောင်းရိုက်မယ်' ဟု ဓာတ်ပုံဆရာက ပြောလိုက်သည်။

"ဒီအမှုအကြောင်းကို ကျွန်တော်တို့ ပိုပြီး သိချင်ပါသေးတယ် မစ္စတာမေဆင်၊ ပြီးတော့"



ဟု သတင်းထောက် စကားမဆက်နိုင်ခင် မေဆင်က ဖြတ်၍–

'ဝမ်းနည်းပါတယ်၊ အမှုနဲ့ ပတ်သက်လို့ ဘာမျှ မပြောနိုင်သေးပါဘူး' ဟု ပြောလိုက်သည်။

သတင်းထောက်က နာရီကိုကြည့်လိုက်ပြီး 'ဒါလောက်ဆို တော်ပါပြီလေ၊ ကဲ...လာ...ဂျက်၊ ကိုယ်တို့ တိုက်ကို ပြန်ပြေးပြီး ဓာတ်ပုံတွေကို စစ်ဆေးလိုက်ကြရအောင်၊ ဟိုကုမ်း ဒီရောက်လာတယ်လို့ ဆရာကြီး ပြောတယ်နော်၊ ဟုတ်လား မစ္စတာမေဆင်"

"ဟုတ်တယ်လေ၊ အသေးစိတ်ကို ခင်ဗျားတို့ဆီကို သူ့ဖုန်းဆက်ပြီး ပြောပါလိမ့်မယ်'ဟု မေဆင်က ဖြေလိုက်သည်။

❒

## (၂၃)

နောက်တစ်နေ့မွန်းတည့်ချိန်၌ ရုံးခန်းတွင် သာမန်လုပ်ရိုးလုပ်စဉ်ကဲ့သို့ မေဆင် အလုပ်လုပ်နေစဉ် ရဲအုပ်ကြီးထရက်လာသည်ဟု ကြားသိရသည်။

လာကြောင်းကို ပြောလာသည့် ဂါတီ၏နောက်မှ ထရက်သည် ထက်ကြပ်မကွာ လိုက်ပါလာသည်။

"အပြင်ရုံးခန်းမှာ စောင့်မနေတာကို ခွင့်လွှတ်ပါဗျာ၊ ခင်ဗျားကလည်း နောက်ဖေးတံခါးပေါက်က ဘာက လှစ်ခနဲ ထွက်သွားလားသွားတတ်ရဲ့၊ ကုန်စည်ထုပ်ပိုးတဲ့ သေတ္တာထဲ ဝင်ပုန်းပြီး လိုက်သွားလား လိုက်သွားတတ်ရဲ့ဆိုတဲ့ အကျင့်က ရှိလေတော့ဟု ထရက်က တောင်းပန်ရင်း စကားစလိုက်သည်။

မေဆင်၏ စားပွဲပေါ်တွင် သတင်းစာတစ်ပုံကြီး ရှိနေသည်။ စိတ်တိုစွာဖြင့် သူက ပြောလိုက်သည်။

အကျိုးနည်းမှုပဲ ထရက်ရာ၊ ဟိုကောလာဟလက ဘယ်လိုပေါ်ပေါက်လာတယ်လို့ ကျုပ်တော့ နားမလည်တော့ဘူး"

"အင်း...ဘာလိတ်သတင်းစာကတော့ တကယ်ကို သတင်းဦးရသွားတာပဲဗျာ၊ ခင်ဗျား ဟိုနေရာမှာ အတော်ဟန်ကျခဲ့တယ် မဟုတ်လား"

"အာ...ဒီလိုပါပဲဗျာ"

"သူမြင်တဲ့လူဟာ ခင်ဗျားပါပဲလို့ ဂိုရင်က အထင်အရှား ထိုးပြသွား



တာ ခင်ဗျား သိတယ် မဟုတ်လား"

"သူက ပြောသွားတာလား"

"အစစ်ပေါ့ဗျာ၊ ခင်ဗျား လမ်းလျှောက်တာကို သူမြင်တယ်၊ ခင်ဗျား ပြေးတာကို သူမြင်တယ်"

ထရက်သည် ကုလားထိုင်တွင် အသာအယာဝင်ထိုင်ပြီး ဆက်၍ ပြောပြန်သည်။

"ဒီမှာ မေဆင်၊ ခင်ဗျားတော့ လုံဖျားပုစဉ်းနားဆိုသလို ဖြစ်နေပြီ၊ ချက်နှာများတဲ့ ဒီခွေးမကလေးက ခင်ဗျားရဲ့ နာမည်ရ ရှေ့နေဘဝကို ပျက်စီးအောင် မလုပ်စေနဲ့ဗျာ"

"ကျုပ် ကြိုးစားပါမယ်"

"ဒီလိုဆိုရင် သိသမျှအားလုံးကို ဖွင့်ပြောပြီး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ခင်ဗျားလုပ်ဗျာ"

"ထရက်ရယ်၊ ဒါကတော့ အရင်ကျုပ်ပြောခဲ့တဲ့အကြောင်းပါပဲ၊ ခင်ဗျားကတော့ မျှမျှတတသမား၊ ဒါပေမဲ့ ခရိုင်ရှေ့နေကြီးရုံးက လူတွေကတော့ ကျုပ်ကို ချောင်းနေကြတာ၊ ကျုပ်ကို မိမယ်ဆိုရင် ဘာမဆိုလုပ်မှာ"

"အင်း...အခုလည်း သူတို့ ခင်ဗျားကို မိထားပြီလေ"

"ဒီလိုဆို သက်သေအထောက်အထား ပြကြပေစေပေါ့"

"ခင်ဗျား အုံအားသင့်သွားအောင် သူတို့က လုပ်မှာ"

"ဟုတ်ပါ့မလား၊ ကျုပ်ကသာ သူတို့ အုံအားသင့်သွားအောင် လုပ်မှာပါ။ ဒါနဲ့ ရဲကြပ်ကြီး ဟိုကုမ်းဟာ မနေ့ညက ကျုပ် ဟိုမှာရှိနေတာကို ဘယ်လိုသိသွားပါလိမ့်မလဲ"

"မသိဘူးဗျာ၊ အမှန်ကို ဖွင့်ပြောရရင် အဲဒီအကြောင်း ခင်ဗျားကို မေးချင်တာက ကျွန်တော်ဗျ၊ ဘာမဟုတ်တဲ့ စုံထောက်အလုပ်ကလေး လုပ်လိုက်တာနဲ့ တစ်ခါတည်း အဖြေထွက်လာတာပဲလို့ ဟိုကုမ်းကတော့ အာချောင်နေလေရဲ့..."

"တစ်ယောက်ယောက်က တစ်ပေးလိုက်လို့များ ဖြစ်မလားလို့ ကျွန်တော်ကတော့ ထင်မိတာပဲ၊ ဖြစ်မလားလို့ဆိုတဲ့ စကားလုံးကို သုံးပါတယ်နော်၊ ဒါကိုတော့ ခင်ဗျားနားလည်ထားပါ"

"ဘလိတ် သတင်းစာကတော့ သတင်းထူးသန့်သန့်ကို ရသွားတာပဲ"

"ဟိုကုမ်းကတော့ ဘလိတ်သတင်းစာကို သိပ်နာကြည်းနေတယ်"

"ဘာပြုလို့"

"သူ့ရဲ့ပုံတွေကို မသုံးလို့လေ၊ သူပြန်သွားပြီးတဲ့နောက်မှ ဟိုအိ ကလေးထဲမှာ ခင်ဗျားနဲ့ သတင်းထောက်တွေ တွေ့ဆုံမေးမြန်းကြပုံနဲ့ ခင်ဗျာ ရဲ့မျက်နှာကို ခင်ဗျားက ဦးထုပ်နဲ့ ကွယ်ဖို့လုပ်ရင်း တံခါးက ထွက်လာတဲ့ တွေကို အသုံးပြုထားလို့တဲ့ဗျာ"

"သူ ဘယ်လိုခံစားရမယ်ဆိုတာ ကျုပ်အတပ်သိပါတယ်၊ သတင်း ထဲမှာ ကျုပ်ပုံတွေပါတာကို ကျုပ်ကတော့ ဂရုမစိုက်ပေါင်"

'ဟိုကုမ်းကတော့ ဂရုစိုက်တယ်ဗျ'ဟု ထရက်က ပြုံး၍ ပြောလိုက် သည်။

"ဟုတ်လား"

"ဟုတ်တာကို ခင်ဗျား ကောင်းကောင်းသိပါတယ်ဗျာ၊ မြို့ထဲလှည့် သတင်းစာတွေကို ဝယ်ပြီး ကျွန်တော် မလုပ်နိုင်ခဲ့တဲ့ အလုပ်ကို သူလုပ်နိုင် ခဲ့တယ်လို့ လိုက်ပြောနေတယ်"

ထရက်သည် ပယ်ရီမေဆင်ကို အကဲခတ်ရင်း ဆက်၍ပြောပြန်သည်။

"ဟိုကုမ်းရဲ့ ပြောပြချက်ထဲမှာ ရှေ့နောက်မညီတာကလေးတစ်ခု နေတယ်ဗျ၊ စုံထောက်အလုပ်ကလေး လုပ်လိုက်ပါတယ် ဆိုတာကို ပြောရ တာ မဟုတ်ဘူးနော်၊ ဓာတ်ပုံဆရာတွေ အများကြီးလို့ သူပြောတာကို ဆို တာ"

"ဘယ်လိုပါလိမ့်"

"ဟိုကုမ်းရဲ့ ပြောစကားအရဆိုရင် ဟိုနေရာတစ်ပြင်လုံးမှာ ဓာတ် ဆရာတွေ ပြည့်နေတယ်ဆို"

စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် မေဆင်က ပြန်ပြောလိုက် သည်။

"ဒီမှာဗျ၊ ရဲကြပ်ကြီး ဟိုကုမ်းဟာ လေ့ကျင့်ထားတဲ့ မျက်စိရှင်သူတ ယောက်ပဲ၊ သူသိသင့်တာပေါ့"

"ဒါပေမဲ့ သတင်းထောက်တွေ မပါဘူးဗျာ၊ ဓာတ်ပုံဆရာတွေချည်း



ဒီတော့ စဉ်းစားလိုက်ရင် ထူးဆန်းနေတယ်လေ"

မေဆင်သည် အပေါ်သို့ မော့်၍ စီးကရက်မီးခိုးမှုတ်ထုတ်လိုက်သည်။

'ပြီးတော့လည်း ဒီလောက် ဓာတ်ပုံဆရာတွေများရင် တစ်မြို့လုံးမှာ ရှိတဲ့ သတင်းစာတိုင်းမှာ ပုံတွေပါရမှာပေါ့။ အခုတော့ ဘလိတ်သတင်းစာ တစ်စောင်တည်းမှာပဲ သတင်းကပါလာတာကလား'ဟု ထရက်က ဆက်၍ ပြောလိုက်သည်။

လိပ်တက်သွားသည့် စီးကရက်မီးခိုးများကို လိုက်၍ကြည့်ရင်း မေဆင် ကောက်ချက်ချလိုက်သည်။

"ခက်တာက ရဲကြပ်ကြီးဟိုကုမ်းဟာ သူ့ကိုယ်သူ လှည့်စားနေတာ၊ ဘာလို့လဲဆိုတော့ အချက်အလက်တွေဟာ သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာ စေချင်တယ်..."

"ဒီမှာ ရဲအုပ်ကြီးရဲ့ ခင်ဗျားတော့ သတိထားမိမလားမသိဘူး၊ ရဲကြပ် ကြီး ဟိုကုမ်းဟာ သူ့မှာ စိတ်ကူးအကြံအစည်ကလေးတစ်ခု ရှိနေပြီဆိုရင် သူ စိတ်ကူးရတဲ့ အကြံအတိုင်း အချက်အလက်တွေက လိုက်ဖြစ်အောင် သူလုပ် တတ်တယ်"

ထရက်သည် မေဆင်အား သတိရှိ၍ ချင့်ချိန်သော မျက်လုံးများဖြင့် လှေလာလိုက်သည်။ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်သည်။ ထို့နောက်မှ ပြောလိုက်သည်။

"ခရိုင်ရှေ့နေကြီးရဲ့ရုံးက လွှတ်သွားတဲ့အထိ ခင်ဗျားကို ကင်းလွတ် ခွင့်ပေးနိုင်ဖို့ ကတိမပေးနိုင်တာ ဝမ်းနည်းပါတယ်ဗျာ"

"ကျုပ် နားလည်ပါတယ်"

"အခုဖြစ်ပုံအရတော့ လူစီဘာတန်ကို လူသတ်မှုနဲ့ သူတို့ စွပ်စွဲပြီးပြီ တခြားအမှုတွေကို ဆိုင်းထားပြီး ပဏာမ စုံစမ်း စစ်ဆေးမှုကို လုပ်ဖို့ သူမကို ရုံးတင်လိမ့်မယ်"

"ဟုတ်ပြီ၊ ဒီတော့..."

"ပဏာမ ကြားနာတဲ့အခါမှာ ဖြစ်လာမယ့်အတိုင်းပဲ၊ အခြေအနေဟာ နည်းနည်း ပိုပြီး ထင်ပေါ် ကွဲပြားလာရင် တခြားဟာတွေကိုပါ ဆွဲထည့်လာ ဖို့ အသင့်ပဲ၊ ခင်ဗျားဆို ချောင်းပြီး ထောင်နေတယ်ဆိုတာ ခင်ဗျားလည်း

သိကောင်းသိမှာပါ"

"မနက်ကတည်းက ကျုပ်ကို ဖမ်းမယ် အောက်မေ့နေတာ၊ အမှန်ပြောရရင် ခင်ဗျားလာတာ ဒါကြောင့်ပဲလို့ ထင်ခဲ့တာ၊ အလုပ်တွေကို ကျုပ် ရှင်းတန်သလောက် ရှင်းနေတယ်လေ"

"မပြတ်သားတဲ့ အကြောင်းတွေက ရှိနေသေးတယ်ဗျ"

"ဘာတွေများပါလိမ့်"

"ဥပမာ တစ်ခုဗျာ၊ ဟိုလစ္စတာရဲ့ကား"

"အဲဒါ ဘာဖြစ်လဲ၊ သူဘယ်ရောက်နေတယ်ဆိုတာ မသိဘူးလား"

"ခုအထိတော့ မသိရသေးဘူး၊ ကားကိုတော့ ကံကောင်းလို့ သွားတွေ့တာ၊ နို့မို့ရင် ဟိုနေရာမှာ တစ်လ နှစ်လလောက် ဒီအတိုင်းပဲ ရှိနေဦးမှာ"

"ဒပ်ဒလေဂိတ်ကိုကော ရှာတွေ့ပြီလား"

"သူ့ကို လိုက်ရှာနေတာကို ဒပ်ဒလေဂိတ်က ကြားလို့ ကျုပ်တို့ဆီ ဖုန်းဆက်တယ်လေ၊ သူ ဟိုနိုလူလူမှာ ရောက်နေတယ်၊ အလုပ်တစ်ခုနဲ့ အလောသုံးဆယ် လေယာဉ်နဲ့ ပြေးတယ်..."

"သူကတော့ ဖြောင့်ဖြောင့်ပဲ ပြောတယ်၊ ဒါပေမဲ့ ဟိုလစ္စတာရဲ့ ရှုပ်ထွေးခက်ခဲတဲ့ကိစ္စဟာ ပိုနှောင့်နှေးသွားတာပေါ့၊ တနင်္လာနေ့ ညနေစောင်းမှာ ဟိုလစ္စတာနဲ့ အတူသွားဖို့ ဂိတ်က စီစဉ်တယ်လေ..."

"ဒါပေမဲ့ နောက်ပိုင်းမှာ ကပ်ပြီး အစီအစဉ်ပြောင်းလိုက်ရတယ်၊ တနင်္လာနေ့ ညနေ ခြောက်နာရီမှာ ဟိုလစ္စတာနဲ့ အတူသွားဖို့ပဲတဲ့..."

"ဒါပေမဲ့ မွန်းလွဲပိုင်းမှာ အရေးတကြီးကိစ္စ ပေါ်လာတာနဲ့ ဆန်ဖရန်စစ္စကိုကို လေယာဉ်နဲ့ သွားပြီး ဟိုကမှတစ်ဆင့် ဟိုနိုလူလူကို လေယာဉ်စီးပြီး သွားတယ်လို့ ပြောတယ်..."

"ဟိုလစ္စတာနဲ့ တွေ့ဖို့ ကြိုတင် အကြောင်းကြားထားလို့ ဆန်ဖရန်စစ္စကိုမှာ ဟိုလစ္စတာနဲ့ ၅ နာရီ ၁၅ မိနစ်မှာ သူပြောဆို ဆွေးနွေးရတယ်လို့ ပြောတယ်၊ ဟိုလစ္စတာ ဖုန်းဆက်တာတွေကို လိုက်စစ်ကြည့်တော့ မှန်နေတာကို တွေ့ရတယ်..."

"၁ နာရီအတွင်းမှာ ဆန်တာဒဲလ်ဘားရာက ထွက်မယ်လို့ ဟိုလစ္စတာက ပြောတယ်လို့ ဂိတ်က ဆိုတယ်"



"သိပ် စိတ်ဝင်စားစရာပါလား"

"အဲဒီတော့ ဓာတ်လမ်းတစ်ခုလုံး ပြောင်းလဲသွားရော၊ ခရိုင်ရှေ့နေကြီးဘက်က မြင်တဲ့အမြင်ကို ခင်ဗျားလည်း ရိပ်မိမှာပါ"

"ဟိုနေ့ မွန်းလွဲပိုင်းက ဟိုလစ္စတာရဲ့ လှုပ်ရှားမှုအပေါ်မှာ တခြားဘာများ ရှိသေးသလဲ"

"တနင်္လာနေ့ မွန်းလွဲပိုင်း ၄ နာရီခွဲ အိမ်ဖော်မကြီး အိမ်ပြန်ချိန်မှာ ဟိုလစ္စတာလည်း ခရီးထွက်ဖို့ အဆင်သင့်ဖြစ်သလောက်ပဲတဲ့၊ သူ့ရဲ့ကားဟာ အိမ်အဝင်အထွက်လမ်းမှာတဲ့...

"သူသွားမှာ ၆ နာရီတိတိပဲလို့ အိမ်ဖော်မကို ပြောတယ်တဲ့၊ သူ ဘယ်ရောက်နေတယ်ဆိုတာကို ခုထက်ထိ ကျွန်တော်တို့ ထောက်လှမ်းလို့ မရသေးဘူး"

"အိမ်ဖော်မ ပုံပန်းက ဘယ်လိုလဲ"

"မဆိုးပါဘူး၊ အသက်လေးဆယ်လောက်၊ ဟိုလစ္စတာဟာ လူစီနဲ့ တွဲနေပြီး သူ့ဆီက အိမ်ထောင်ပရိဘောဂတွေကို လူစီက ချူယူနေတယ်လို့ ပြောတယ်၊ အရှေ့တိုင်းဖြစ် ကော်ဇောတို့၊ ရှေးက စာရေးစားပွဲတို့နဲ့ တခြားဟာတွေ ဆိုပါတော့ဗျာ"

"အိမ်ဖော်မက လူစီကို ကြိုက်ပုံမရဘူး"

"အစစ်ပေါ့ဗျာ"

မေဆင်က ခေါင်းညိတ်သည်။

"ဘယ်ကြိုက်မလဲလေ၊ ဒါနဲ့ ရဲအုပ်ကြီးရဲ့ ကုန်းစောင်းကနေ ကားလှိမ့်ကျသွားတာမှာ ကားဦးက ဘယ်ဘက်လှည့်နေသလဲ၊ ကုန်းအတက်ဘက်ကိုလား၊ အဆင်းဘက်ကိုလား"

"ဘီးရာတွေကနေပြီး ကြည့်ပြောဖို့ သိပ်ခက်တယ်၊ ခပ်ကျယ်ကျယ်နေရာတစ်ခု ရှိတယ်၊ နောက်ဆင်ခြေလျှောတစ်ခု ရှိတယ်၊ ဘီးရာတွေတော့ ရေးရေးပဲ ကျန်တယ်..."

"နောက်ပြီး လမ်းနဲ့ ကန့်လန့်ဖြတ် ထောင့်မှန်ဖြစ်နေတယ်၊ ဒါပေမဲ့ ကားကတော့ ဆန်တာဒဲလ်ဘားရာက မောင်းလာတာနဲ့ တူတယ်..."

"တစ်ယောက်ယောက်က ကားကို ပထမဂီယာသွင်းပြီး ကုန်းစောင်း

ကို အသာမောင်းသွား၊ ဟိုရောက်တော့ ဓာတ်ဆီလီဗာကို လက်နဲ့ဖိပြီး ခြေနင်းခုံကနေ မြေကြီးပေါ်ကို ယာဉ်မောင်းခုန်ချတယ်နဲ့ တူတယ်"

"လမ်းအပေါ်ပိုင်း ဝေးဝေးကို တက်ပြီး တစ်ဆစ်ချိုးတွေတို့ ဆင်ခြေလျှော စောက်စောက်တို့ကိုများ ကြည့်မိသေးသလား"

"ကုန်းအထက်ပိုင်းကို ပြောတာလား"

"ဟုတ်တယ်၊ တစ်ယောက်ယောက်က ကားထဲက ပစ္စည်းတစ်ခုခုကို ကုန်းစောင်းက ပစ်ချပြီး ကားကိုပါ ချောက်ထဲကို ထိုးချချင်တယ်ဆိုရင် လုပ်လို့ကောင်းမယ့် နေရာကို အလျှင်ရှာရမယ်..."

"နေရာကောင်းကို တွေ့ပြီးမှ ကားထဲက ပစ္စည်းကို ပစ်ချရမယ်"

ဟု မေဆင်က စိတ်ကာပတ်ကုံး ထင်မြင်ချက်ကို ပြောပြသည်။

"ဒါဖြင့် ကုန်းအဆင်း ဖြစ်ရမှာပေါ့။ ကားကိုတော့ ဆန်တာဒဲလ်ဘားရာက မောင်းတက်လာခဲ့ရမယ်"

"ဟုတ်တယ်လေ၊ ကားမောင်းတဲ့လူဟာ ကားကို ထိုးချဖို့ နေရာကို ပထမ တွေ့ခဲ့ရမယ်"

ထရက် စဉ်းစားနေစဉ် မေဆင်က ဆက်ပြောသည်။

"ဒါပေမဲ့ လေးလံတဲ့ပစ္စည်းကို ချောက်ထဲ ပစ်ချတဲ့အခါမှာ ကားကတော့ ရှိနေရဦးမယ်"

ထရက်သည် ဖြုန်းခနဲ ထလိုက်ပြီး...

'ကဲ...ကျွန်တော် သွားလိုက်ပါဦးမယ်ဗျာ'ဟု ပြောကာ လက်ဆွဲနှုတ်ဆက်ရင်း ကျေးဇူးတင်စကား ပြောပြီးနောက် ထွက်သွားသည်။

□

(၂၄)

၉ ရက်၊ တနင်္ဂနွေနေ့ မွန်းတည့်အချိန်တွင် သူ၏ အိမ်ခန်း၌ ပယ်ရီမေဆင် ရှိနေစဉ် မေဆင်၏ သီးသန့်ဖုန်းနံပါတ်သို့ ပေါလ်ဒရိတ် ဆက်သည်။

ပက်လက်ကုလားထိုင်တွင် မှိန်ရှိုရှိုဖြင့် မေဆင်ထိုင်နေရင်းက ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပယ်ရီ၊ ခင်ဗျားဖို့ သတင်းထူးတွေ ရှိတယ်ဗျာ"

"ကိုင်း...ကြားရအောင် ကိုယ့်လူရေ"ဟု ဖုန်းကို နားနှင့် ကပ်ရင်း ပြောလိုက်သည်။

"ဟိုလစ္စတာရဲ့ အလောင်းကို သူတို့တွေ့သွားပြီဗျာ"

"ဘယ်မှာ တွေ့တာလဲဟေ့"

"ဟိုလစ္စတာရဲ့ကားကို တွေ့တဲ့နေရာကနေ လမ်းအထက် တစ်မိုင်ခွဲလောက်မှာပဲ"

"အို...ဟို...သိပ်စိတ်ဝင်စားစရာပါလား"

"နောက်ပြီး သူလည်း ခေါင်းကို သေနတ်ပစ်ခံရတာပဲ၊ ဒါပေမဲ့ ပွိုင့် လေးငါးမောင်းပြန် သေနတ်နဲ့ဗျ"

"ပွဲချင်းပြီးသေတာပဲလို့ မှန်းရမှာပေါ့"

"ဟုတ်တာပေါ့ဗျာ"

"အလောင်းက ဘယ်လိုနေရာမှာလဲ"

"အလောင်းကို တောင်စောင်းက ပစ်ချလိုက်တယ်၊ နောက်တော့ ပစ်ချတဲ့လူဟာ အောက်ထဲဆင်းသွားပြီး ကုန်းစောင်းနံရံစောက်စောက်ဘေးကို လှိမ့်သွားပြီး ဖုန်တွေနဲ့ ဖုံးတယ်၊ တော်တော်ကလေးတော့ ဟန်သားချ၊ ဒါပေမဲ့ ဒရောသောပါး မြှုပ်ရတာပဲ"

"ဒီမှာ နားထောင် ပေါလ်၊ ဒါ အရေးကြီးတယ်၊ အလောင်းနဲ့ ပတ်သက်ပြီး ထူးခြားချက်ကလေးများ ရှိသလား၊ အနေအထားတို့ ဘာတို့လေ"

"ရှိတာပေါ့၊ ရွက်ထည်နဲ့ ပတ်ထားတယ်၊ ဒူးနှစ်ဖက်ကို ရင်ဘတ်ပေါ်ကွေးထားတယ်၊ ခေါင်းကို ရှေ့ငိုက်ထားတယ်၊ ဒူးနဲ့ ပခုံးကို ကြိုးနဲ့ တုပ်ထားတယ်"

"အချိန်ပြတဲ့ ဟာကလေး ဘာလေးများကော တွေ့သေးသလား"

"ဟိုလစ္စတာရဲ့ ကြေမွသွားတဲ့ နာရီက ငါးနာရီနဲ့ ငါးဆယ့်ငါးမိနစ် အချိန်ကို ပြနေတယ်၊ ကားရဲ့ ဒက်ရှ်ဘုတ်က နာရီက ခြောက်နာရီ နှစ်ဆယ့်တစ်မိနစ်ကို ပြတယ်...

"ကားကြုံစီးလိုက်တဲ့ လူက ကားကို ဘေးလမ်းအတိုင်း မောင်းတက်ပြီး ဟိုလစ္စတာကို သေနတ်နဲ့ ပစ်၊ အိတ်ထဲက ငွေတွေကို ယူပြီး တောင်စောင်းက လှိမ့်ချလို့ရအောင် ကျစ်ကျစ်ပါအောင် ထုပ်တာဖြစ်ရမယ်လို့ ရဲတွေက ထင်ကြတယ်..."

"နောက် နှစ်ဆယ်နဲ့ ခြောက်မိနစ်ကြာတော့ ကားကိုပါ မောင်းချလိုက်တယ်၊ ဟိုလစ္စတာဟာ ငွေတွေ အများအပြားကို ယူသွားလေ့ရှိတယ်၊ သူ့အိတ်တွေထဲမှာ အနုတစ်ပြားတစ်ချပ်မှ မကျန်ခဲ့ဘူး...

"ဒါပေမဲ့ ရဲကတော့ အတပ်မပြောနိုင်ဘူး၊ လူစီဘာတန်နဲ့ ပတ်သက်နေတော့ ရဲက ခပ်ဖြည်းဖြည်းပဲ လှုပ်ရှားတယ်"

"တစ်နည်းပြောရရင် ရဲတွေ တော်တော် စိတ်ရှုပ်ကုန်ကြတာပေါ့"

"ဟိုလေ၊ အခြေအနေတွေ ရှင်းအောင် သူတို့ လုပ်နေကြတယ်၊ လူစီဘာတန်ကို လူသတ်မှုနဲ့ စွပ်စွဲပြီး ရုံးတင်လိုက်တယ်၊ လောနိုင်သမျှလောပြီး ပဏာမ စစ်ဆေးကြားနာတာကို လုပ်လိမ့်မယ်"

"ကောင်းတာပေါ့၊ သူတို့က အလောင်းကို ဘယ်လိုသွားတွေ့တာလဲ ပေါလ်"



"ဒီလိုလေ၊ ရဲအုပ်ကြီးထရက် စိတ်ကူးမှန်သွားတယ်နဲ့ တူတယ်၊ ကားရှင်ရဲ့အလောင်းကို ဖွက်ချင်တဲ့ လူက ဟိုလစ္စတာရဲ့ ကားကို ချောက်ထဲ ချပစ်တာ ဖြစ်ရမယ်..."

"ဆန်တာ ဒဲလ်ဘားရာကနေပြီး ကုန်းတက် လမ်းအတိုင်း ကားကို မောင်းတက်လာရမယ်၊ နောက်တော့ ပြန်လှည့်ပြီး မောင်းဆင်းခဲ့ရမယ်၊ ကား ပြန်တွေ့တဲ့ အထက်နားမှာ အလောင်းကို လှိမ့်ချရမယ်..."

"ဒါနဲ့ပဲ လိုက်ရှာတော့ ကားတွေ့နိုင်တဲ့ နေရာကျယ်ကျယ်ကို တွေ့တယ်၊ နောက် ကုန်းစောင်းစောင်းကို လိုက်ရှာတယ်၊ အဲဒီကနေ စ,ပြီးတော့ လတ်လတ်ဆတ်ဆတ် တူးထားတဲ့ မြေကြီးကို လိုက်ရှာတယ်..."

"အဲဒီတော့ အလောင်းကို တွေ့ရော ဆိုပါတော့၊ ရဲအုပ်ကြီးထရက် လည်း စုံထောက်အလုပ်ကလေး လုပ်လိုက်ရလို့ တော်တော် လူအထင်ကြီး ခံလိုက်ရမှာပဲ"

"ဝမ်းသာပါတယ်၊ သူလည်း အထင်ကြီးခံလိုက်ပါတယ်။ ဒီစိတ်ကူး ဘယ်ကရတယ်လို့တော့ သူ မပြောဘူးပေါ့နော်၊ ပြောရဲ့လား ပေါလ်"

"မပြောပါဘူး၊ သူထောက်လှမ်းပုံ တော်လို့သာ ဖော်ထုတ်တွေ့ရှိတဲ့ အနေမျိုးပဲ"

"ဒီလိုလား၊ အလောင်းအပြင် နောက် ဘာများ တွေ့သေးသလဲ"

"ဘာမှမတွေ့ဘူး၊ ဒီလောက်ဆိုရင် မလုံလောက်သေးဘူးလား"

"မလုံလောက်သေးဘူးကွာ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ဒီလိုလေ၊ ဟိုလစ္စတာသာ ခရီးထွက်ဖြစ်ရိုးမှန်ရင် ဝန်စည်စလယ်တွေ ပါရမယ်ကွ"

ဓာတ်လောက် ငြိမ်နေပြီးမှ ဒရိတ်က..."သိပ်ကောင်းတဲ့ အချက်ဝဲ ဝယ်ရီ၊ ဘာအထုပ်အပိုးမှ မပါဘူးလို့ ထင်တယ်"

"ကောင်းပါပြီ ပေါလ်၊ ဖုန်းဆက်တာ အများကြီး ကျေးဇူးတင်ပါတယ်ကွာ၊ လူစီဘာတန်ကို ပဏာမ စစ်ဆေး ကြားနာမှု မပြီးသေးခင် တခြား ဘယ်သူ့ကိုမှ ဖမ်းဦးမယ်လို့ မထင်ဘူး၊ ပွဲကြီးပွဲကောင်းတော့ ကြည့်ရသေးတာပေါ့ကွာ"

□

# (၂၅)

ပယ်ရီမေဆင်သည် လူစည်ကားသည့် တရားရုံးခန်းကို လှေလာလိုက်ပြီးနောက် ပေါလ်ဒရိတ်၊ ဒယ်လာစထရီတို့နှင့် အတူ တိုးတိုးသာသာ တိုင်ပင်ရန် ၎င်းတို့ရှိရာသို့ လျှောက်သွားသည်။

'ခရိုင်ရှေ့နေကြီးဟာမီလ်တန်ဘာဂါကိုယ်တိုင် ဒီပဏာမ စစ်ဆေးတာကို တာဝန်ယူလုပ်မှာ'ဟု မေဆင်က အသံအုပ်အုပ်နှင့် ပြောပြီး...

'ဒါဆိုတော့ ဆရာ့ကို သူတို့ အုပ်ဖို့ပဲ'ဟု ဆက်ပြောသည်။

ထိုနောက် ဆက်၍ မပြောနိုင်မီ တရားသူကြီး အခန်းတံခါး ပွင့်လာပြီးလျှင် တရားသူကြီး အောစ်ဘွန်းထွက်လာကာ နေရာယူလိုက်သည်။

"ပြည်သူနဲ့ လူစီဘာတန်အမှု အခုအချိန်ဟာ ပဏာမစစ်ဆေးကြားနာဖို့ သတ်မှတ်ထားတဲ့ အချိန်ပဲ၊ နှစ်ဖက်သော ရှေ့နေကြီးများ အသင့်ရှိကြပါပြီလား"

ကြီးမားလေးကန်၍ ဂုဏ်သရေရှိပြီး ဝက်ဝံကြီးတစ်ကောင်ပမာ ကိုယ်လုံးကိုယ်ထည်ရှိသော ဟာမီလ်တန်ဘာဂါသည် ထ၍ ရပ်လိုက်သည်။ သူ၏အသံမှာ ချိုသာပြေပြစ်ပြီး ချွဲချွဲပျစ်ပျစ် ရှိလှသည်။

ဘက်မလိုက်သည့် ပုံစံမျိုးဟန်လုပ်ထားသည့် သူ၏ အလေ့အထသည် ဂျူရီလူကြီးတွေကို လှည့်စားနိုင်စွမ်းရှိသည်။



"ရုံးမင်းခင်ဗျာ၊ ကျွန်တော်တို့ အဆင်သင့် ဖြစ်ကြပါပြီ၊ ဟတ်ဝဲလ်အယ်လ်ဖစ်တကင်သေရတဲ့ကိစ္စဟာ လျှို့ဝှက်ရှုပ်ထွေးမှုနဲ့ အတော်အသင့် ဖုံးလွှမ်းနေတယ်ဆိုတာ ရုံးတော်ကို ပွင့်ပွင့်လင်းလင်းပဲ အစီရင်ခံ တင်ပြပါရစေ..."

"ဒါပေမဲ့ အခု ပဏာမ ကြားနာ စစ်ဆေးရာမှာတော့ ရာဇဝတ်မှုတစ်ခု ကျူးလွန်တယ်၊ အဲဒီရာဇဝတ်မှုကို တရားခံက ကျူးလွန်ပါတယ်လို့ ယုံလောက်တဲ့ အကြောင်းကောင်းကောင်းရှိတယ်လို့ ပြရန်သာ လိုပါတယ်..."

"ရုံးမင်းအား ပွင့်ပွင့်လင်းလင်း တင်ပြပါမယ်၊ ဒီအမှုနဲ့ ပတ်သက်တဲ့ သက်သေအထောက်အထားဟာ လျှို့ဝှက်ရှုပ်ထွေးမှုရဲ့ တစ်စိတ်တစ်ပိုင်းကို ရှင်းလင်းသွားစေလိမ့်မယ်လို့ မျှော်လင့်ပါတယ်..."

"နောက်ပြီး ကျွန်တော် ထပ်လောင်း တင်ပြချင်တာကတော့ ဒီအမှုကို စေ်လို့ မပြီးခင်မှာ အနည်းဆုံး တခြားတစ်ယောက်အတွက် ဖမ်းဝရမ်းထုတ်ဖို့ လိုကောင်းလိုလာမယ် ဆိုတာပါပဲ"ဟု ဟာမီလ်တန်ဘာဂါက အဖွင့်စကားပြောကြားလိုက်သည်။

ထို့နောက် ဟာမီလ်တန်ဘာဂါက ပယ်ရီမေဆင်ဆီသို့ အဓိပ္ပာယ်ပါပါနှင့် လှည့်လိုက်သည်။

ပယ်ရီမေဆင်ကလည်း ရုံးတော်သို့ တင်ပြလိုက်သည်။

"ရုံးမင်းခင်ဗျား၊ ကျွန်တော်တို့ဘက်ကလည်း အားလုံး အဆင်သင့်ဖြစ်ပါပြီ၊ ရုံးတော်ရဲ့ အခွင့်ကို တောင်းဆိုလိုတာကတော့ အကြောင်းစုံစေ့အောင်ဖော်ပြစစ်ဆေးဖို့နဲ့ သက်သေများကို ပြန်လှန် မေးခွန်းထုတ်ခွင့်ပေးဖို့ပါပဲ"

"ဒီအမှု စကတည်းကပဲ ကုန်ကုန်ပြောရရင် ဟတ်ဝဲလ်ဖစ်တကင်အသက်မခံရခင်ကတည်းက တရားခံဘက်က အကျိုးဆောင်ကြီးဟာ ခြေသွက်ခဲ့တာကြောင့် ကျွန်တော်တို့ရဲ့ စုံစမ်း ထောက်လှမ်းရေးဟာ အရေးနိမ့်ပြီး နောင့်နှေးခဲ့ရပါတယ်လို့ ဆိုရပါမယ်"ဟု ဟာမီလ်တန်ဘာဂါက စ၍ ပြောလိုက်သည်။

'ခင်ဗျား အထောက်အထားပြပါ၊ ရုံးတော်က ကြိုတင် အထင်မှားအောင် လုပ်ဖို့ မကြိုးစားပါနဲ့'ဟု မေဆင်ကလည်း နှုတ်လှန်ထိုးလိုက်သည်။

အတွင်းဒေါသ၏ အရိပ်အယောင်ပေါ်လျက်နှင့် ဟာမီလ်တန်ဘာဂါက ပြန်ပြောလိုက်သည်။

"ကျုပ် ဒီလိုလုပ်နေတာ မဟုတ်ပါဘူး၊ ဒီအမှုစကတည်းက ကျုပ်တို့ အရေးနိမ့် နောင့်နှေးခဲ့ရတာကို ရုံးတော်ကို တင်ပြနေတာသာ ဖြစ်ပါတယ်..."

"တရားခံအကျိုးဆောင်ကြီး အသုံးပြုတဲ့ နည်းပရိယာယ်တွေကြောင့် ကျွန်တော့်ရဲ့ သက်သေတွေဟာ လူကို စွပ်စွဲထောက်ပြတာကို ကောင်းကောင်း မလုပ်နိုင် ဖြစ်ခဲ့ရပါတယ်"

"ဘယ်လိုနည်းပရိယာယ်တွေ များပါလိမ့်'ဟု မေဆင်က တအံ့တဩ နှင့် မေးလိုက်သည်။

"သူမြင်တဲ့လူဟာ ခင်ဗျားပါပဲလို့ သက်သေတစ်ယောက်က စွပ်စွဲ ထောက်မပြနိုင်အောင် ထရပ်ပြဖို့ ခင်ဗျား ငြင်းဆိုတာလေ၊ အဲဒါတစ်ခု"ဟု ရုံးခန်း ထဲတွင် ပဲ့တင်ထပ်သွားအောင် သူ၏အသံကို မြှင့်၍ ဘာဂါက ပြောလိုက်သည်။

ထို့နောက် "ရုံးမင်းခင်ဗျား၊ တစ်ဆက်တည်းပဲ တင်ပြချင်တာကတော့ အကျိုးဆောင်ကြီးဟာ ကုန်ထုပ်သေတ္တာကြီးထဲမှာ ဝင်ပုန်းပြီး ကုန်တွေထုတ်တဲ့ အပေါက်ကနေ ထွက်သွားပါတယ်၊ ဟိုသက်သေက ထောက်မပြနိုင်အောင် သူလုပ်ပါတယ်"

'မဟုတ်ရပါဘူးဗျာ'ဟု မေဆင်က ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်သည်။

"ဒီမှာ... အကျိုးဆောင်ကြီးများ၊ ဒါမျိုးတွေ အချေအတင်ပြောဖို့ နေရာ နဲ့ အချိန်မဟုတ်ပါဘူး၊ အထောက်အထားရှိရင် တင်ပြပါ ခရိုင်ရှေ့နေကြီး"ဟု တရားသူကြီး အော့စ်ဘွန်းက ဝင်တားလိုက်သည်။

'သူ့မှာ ဘာအထောက်အထားမှ မရှိပါဘူး၊ အထောက်အထားကိုလည်း သုံးမရနိုင်ပါဘူး'ဟု မေဆင်က ဝင်ပြောသည်။

ဘာဂါ မျက်နှာညိုမည်းသွားပြီး အော်ပြောလိုက်သည်။

"ကျုပ်မှာ အထောက်အထားမရှိဘူး၊ မရှိနိုင်ဘူးလို့တော့ မပြောလိုက် ပါနဲ့၊ ခင်ဗျားသာ ခဏကလေး ငြိမ်ငြိမ်နေလိုက်ရင် ကျုပ်မှာ အထောက်အထား ရှိမရှိကို ပြမယ်..."

"ကားလ်အီဗတ်ကိုရှင်ဆိုတဲ့ လူကို ရှောင်ဖို့ ကုန်ထုပ်သေတ္တာထဲဝင်ပြီး ခင်ဗျားထွက်သွားတာလေ၊ ပြီးတော့ ခင်ဗျားဟာ ဆလိဝဲလ် (စိတ်ချလက်ချ အိပ်)ဆိုတဲ့ ယာဉ်မောင်းများ ကွန်းခိုစခန်းကို ကိုယ်ရံတော်တစ်ယောက်နဲ့ ခင်ဗျားသွားတယ်..."



"အဲဒီမှာ ပုန်းဖို့ ခင်ဗျား ကြိုးစားတယ်၊ ဒါပေမဲ့ သက်သေက သိသွား လို့ ခင်ဗျားပါပဲလို့ အတိအကျ ထောက်ပြသွားခဲ့တယ်"

'ကဲပါ၊ ဒီလိုဆို အထောက်အထားပြပါ'ဟု မေဆင်က တောင်းဆိုလိုက် သည်။

"အထောက်အထားပြဖို့လည်း ကျုပ်ကလုပ်ရော ဒီအမှုနဲ့ အကျုံးမဝင်ပါ ဘူးလို့ဆိုပြီး ခင်ဗျားက ကန့်ကွက်ဦးမှာပါ"ဟု ဘာဂါက ပြန်ပြောသည်။

"အထောက်အထား အတိအကျကို တကယ် သေသေချာချာ ပြနိုင်တဲ့ သက်သေ ခင်ဗျားမှာရှိရင် ကျုပ်က ကန့်ကွက်မှာ မဟုတ်ပါဘူးဗျာ"ဟု မေဆင် က ကလိလိုက်သည်။

တရားသူကြီး အော့စ်ဘွန်း ဝင်ပြောရပြန်သည်။

"ကဲ...ကဲ...အကျိုးဆောင်ကြီးများ၊ ဒီကိစ္စမှာ ရုံးတော်ကိုလည်း ထည့် စဉ်းစားကြပါဦး၊ ကျုပ်တို့လက်ထဲမှာ အမှုရုံးချိန်းတွေ ပြည့်နေပါတယ်၊ အခု ဟာက ပဏာမစစ်ဆေးတာပဲ ရှိပါသေးတယ်"

ဘာဂါက ဖြတ်၍ တင်လျှောက်လိုက်သည်။

"တစ်ဖက်အကျိုးဆောင်ကြီးက မကန့်ကွက်ပါဘူးဆိုတဲ့ ကမ်းလှမ်းချက် ကို လက်ခံဖို့ ရုံးမင်းက ခွင့်ပြုမယ်ဆိုရင် သက်သေအထောက်အထား တင်ပြ လို့ ကုန်မယ့်အချိန်ဟာ ရုံးမင်း တစ်ခါမှ အချိန်ကုန်မခံဖူးသေးတဲ့ အလွန် တရာ အရေးကြီးတဲ့ အချိန်ဖြစ်တယ်ဆိုတာကို ရုံးတော်က လက်ခံလာအောင် ကျွန်တော် တင်ပြပါမယ်..."

"ပရိယာယ်ဆင်တာတွေများတဲ့ ဒီအကျိုးဆောင်ကြီး ရှောင်တိမ်းနေ တာတွေကို ဘွားဘွားပေါ်သွားအောင် တစ်ခါတည်းဖွင့်ပြလိုက်ပါမယ်၊ သူ့ရဲ့ နဂိုမူလရုပ်ပေါ်အောင် ကျွန်တော် ပြပါမယ်"

တရားသူကြီး အော့စ်ဘွန်းသည် စားပွဲကို သစ်သားတူဖြင့် ထု၍ အချက်ပေးလိုက်ပြီး...

'ပုဂ္ဂိုလ်ရေး တိုက်ခိုက်ပြောဆိုတာတွေကို ရှောင်စေချင်တယ်၊ ခရိုင်ရှေ့နေ ကြီး'ဟု သတိပေးလိုက်သည်။

မိမိကိုယ်ကို ခက်ခဲစွာ ထိန်းရင်း ဘာဂါပြောလိုက်ပြန်သည်။

"ရုံးတော်ကို တောင်းပန်ပါတယ်၊ ဒီအမှုမှာ လှည့်ပတ်နည်းတွေနဲ့ ရင်ဆိုင်

နေရလို့ ကျွန်တော့်ကိုယ် ကျွန်တော် မထိန်းနိုင်ဖြစ်သွားပါတယ်၊ တစ်ဖက်အကျိုးဆောင်ကြီးက စိန်ခေါ်ထားပါတယ်၊ လူသိရှင်ကြား ခေါ်တာပါ…”

“ဒါကိုတော့ သူခံနိုင်ရည်ရှိမှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်…”

တရားသူကြီး အော့စ်ဘွန်း ဝင်ထောက်ရပြန်သည်။

“ခင်ဗျားရဲ့ သက်သေအထောက်အထားကို ပြဖို့သာ ဆက်လုပ်ပါ၊ မဆိုင်တဲ့ကိစ္စတွေအတွက် ရုံးတော်က အချိန်ကုန်မခံနိုင်ပါဘူး၊ ဒါပေမဲ့ အမှန်ကို ဖော်ထုတ်ဖို့ တရားဝင် ကြိုးစားတာကိုတော့ ရုံးတော်က လက်ခံလိမ့်မယ်ဆိုတာ ခင်ဗျားတို့ သဘောပေါက်မယ်လို့ ထင်ပါတယ်”

“ကောင်းလှပါပြီ၊ တစ်ဖက်ရှေ့နေကြီး မကန့်ကွက်ဘူးလို့ ဆိုထားပါတယ်။ ဟတ်ဝဲလ်အယ်လ်ပစ်တကင်ဟာ စတက်ဖင်အာဂျိုင်းက ယာဉ်မောင်းနဲ့ ဘဏ္ဍာစိုးအဖြစ် ခန့်ထားတာကိုပြရင်း ပြစ်မှုကျူးလွန်ခြင်းရဲ့ လိုရင်းအချက်ကို ပထမအထောက်အထားအဖြစ် တင်ပြပါမယ်…”

“ဒီလ ၅ ရက်နေ့မှာ ဆမစ်အင်ဝက်ဆင် ခြောက်လုံးပြူးနံပါတ် အက်စ် ၆၅၀၈၈ နဲ့ ဦးခေါင်းကို ပစ်ပြီး အသတ်ခံရပါတယ်၊ ရဲအုပ်ကြီးထရက်ကို သက်သေအဖြစ် တင်ပြပါမယ်”

ထရက်သည် သက်သေခံခုံတွင် ဝင်ပြီးသူမည်သူဖြစ်ကြောင်း၊ ၅ ရက်နေ့တွင် တောင်ပွန်ဒီလာလမ်း၊ အမှတ် ၇၁၉၊ အခန်းတားဂေဟာ၏ နောက်ဘက်ရှိ ကားရုံသို့ သူ့အား ခေါ်၍ သွားရောက်ခဲ့ကြောင်း ဟတ်ဝဲလ်အယ်လ် ပစ်တကင်၏ အလောင်းကို တွေ့ရကြောင်း ပဏာမအနေဖြင့် ပြောပြသည်။

ထို့နောက် အလောင်း၏ ပုံပန်းအနေအထား၊ တွေ့ရပုံ တွေ့ရနည်းနှင့် သူ မည်သို့ လုပ်ခဲ့သည်ကို ဆက်လက်၍ ပြောပြသည်။

“အလောင်းရဲ့ ညာလက်ဘေးနားမှာ သေနတ်ရှိနေတယ်ဆိုတာ ဟုတ်ပါသလား’ဟု ဘာဂါက မေးလိုက်သည်။

“မှန်ပါတယ်၊ ပွိုင့်သုံးရှစ်ဆမစ် အင်ဝက်ဆင် နံပါတ် ၆၅၀၈၈ ဖြစ်ပါတယ်၊ တစ်နေရာရှိ နံပါတ်တစ်ခုမှလွဲလို့ တခြားနေရာတွေက နံပါတ်တွေကို ဖျက်ထားတာကို တွေ့ရပါတယ်…

“ဆံလည်ဆလင်ဒါထဲမှာ ကျည်ဘူးပါတဲ့ ကျည်ဆန်ငါးခုနဲ့ ကျည်ခွံ



အလွတ်တစ်ခုကို တွေ့ပါတယ်’ဟု ထရက်က ထွက်ဆိုသည်။

‘ဒီလက်နက်လား’ဟု သေနတ်ကို ထုတ်ပြပြီး ဘာဂါက မေးလိုက်သည်။

“အဲဒါပါပဲ၊ ဟုတ်ပါတယ် ခင်ဗျာ”

“ဒီဟာကို နောင်အထောက်အထား သက်သေခံအဖြစ် မှတ်သားထားရန် မေတ္တာရပ်ခံပါတယ် ရုံးမင်းခင်ဗျား”

“ကောင်းပြီ၊ မှတ်ထားစေပါမယ် ခရိုင်ရှေ့နေကြီး”

“ကဲ…ရဲအုပ်ကြီး၊ ဒီသေနတ်ကို အလောင်းနားမှာ တွေ့တယ်လို့ခင်ဗျား၊ အစစ်ခံတယ်နော်”

“ဟုတ်ပါတယ် ခင်ဗျား၊ ဒါပေမဲ့ ကျွန်တော်တို့ ထုံးစံအရ စစ်ဆေးနည်းတစ်မျိုးနဲ့ အလောင်းကို စစ်ဆေးကြည့်တော့ သေသူဟာ သေနတ်ကိုကိုင်ပြီး ပစ်ခဲ့ခြင်း မရှိတာကို ပြပါတယ်…

“နောက်ပြီး ခေါင်းက သေနတ်ဒဏ်ရာက အလွန်အမင်း သွေးယိုထွက်ထားတာကို တွေ့ရပါတယ်၊ သေနတ်ကိုတော့ သွေးအိုင်ထဲမှာ တွေ့ရတယ်…

“ဒါပေမဲ့ သွေးနဲ့ထိနေတဲ့ သေနတ်ရဲ့ အောက်ဘက်မှာ မှ လွဲပြီး သေနတ်ရဲ့ တခြားနေရာတွေမှာ သွေးပေနေတာကို မတွေ့ရပါဘူး…

“သွေးစဉ်ထားတဲ့ သွေးစက်တွေကို သေသူရဲ့ လက်ပေါ်မှာ တွေ့ရပါတယ်၊ သေနတ်ပေါ်မှာတော့ သွေးစဉ်တဲ့ သွေးစက်မရှိပါဘူး၊ သေနတ်ရဲ့ အပြင် ကိုယ်ထည်ပေါ်မှာ လက်ဗွေရာလည်း မတွေ့ရပါဘူး”

‘သေနတ်ရဲ့ အတွင်းဘက်မှာရော’ဟု ဘာဂါက မေးသည်။

“အတွင်းမှာ လက်ဗွေရာတစ်ခု တွေ့ရပါတယ်။ စစ်ဆေးကြည့်တဲ့ အခါမှာ လူကြီးတစ်ယောက်ရဲ့ ယာဘက် လက်ညှိုးဗွေရာ ဖြစ်နေပါတယ်”

‘ဘယ်သူ့လက်ညှိုးလဲ’ဟု ဘာဂါက မေးသည်။

“ပယ်ရီမေဆင်ရဲ့ လက်ညှိုးပါ’ဟု ထရက်က ဖြေသည်။

“လက်ဗွေရာပုံစံတွေ အခုပါလာသလား”

“ပါလာပါတယ်”

‘ရုံးမင်းခင်ဗျာ’ဟု တောင်းပန်သည့်ပုံဟန်ဖြင့် ဘာဂါက စကားစလိုက်ပြီး နောက်ဆက်၍…

"အခုသက်သေအထောက်အထား တင်ပြပုံမှာ အနည်းငယ် နည်းလမ်း မကျသလို ဖြစ်နေပါတယ်၊ လုပ်ထုံးအရဆိုရင် လက်ဗွေရာရဲ့ ဓာတ်ပုံကို ပထမ တင်ပြရပါမယ်၊ ထို့နောက် မစ္စတာမေဆင်ရဲ့ လက်ဗွေပုံကို ပြပြီး နှိုင်းယှဉ်ပြရပါမယ်... ဒါပေမယ့် လက်ဗွေရာဟာ မည်သူ့လက်ဗွေရာ ဖြစ်တယ်ဆိုတာ အငြင်းပွားစရာ မရှိတာက တစ်ကြောင်း၊ နောက်ပြီး–

မေဆင်က ကြားဖြတ် ပြောလိုက်သည်။

"ကျုပ် ကန့်ကွက်မှာ မဟုတ်ပါဘူး၊ ဆက်သာလုပ်ပါ၊ ခရိုင်ရှေ့နေကြီး ကြိုက်သလိုသာ ကိုင်တွယ်လုပ်ဆောင်ပါ"

"ကျေးဇူးတင်ပါတယ်၊ ကိုင်း...ရဲအုပ်ကြီးထရက်၊ ခင်ဗျားမှာ အဲဒီ လက်ဗွေတွေပါရင် သက်သေခံအဖြစ် ကျုပ်တို့ တင်ပြရပါလိမ့်မယ်..."

"သေနတ်ရဲ့အတွင်းက လက်ဗွေရာပုံစံက သက်သေခံပစ္စည်းအမှတ် 'က'အဖြစ်နဲ့ မစ္စတာမေဆင်ရဲ့ ညာဘက်လက်ညှိုးဗွေရာပုံကို သက်သေခံပစ္စည်း အမှတ် 'ခ'အဖြစ် တင်ပြပါတယ်..."

"ဒီမှာ ရဲအုပ်ကြီး၊ မစ္စတာမေဆင်ရဲ့ ညာဘက်လက်ညှိုး ဗွေရာကို ရယူပုံကလေးကိုလည်း ပြောပြပါဦး"

"ယခုလ ခြောက်ရက် ကြာသပတေးနေ့က မစ္စတာဂိုရှင်နဲ့အတူ မစ္စတာမေဆင်ရဲ့ ရုံးခန်းကို ကျွန်တော် သွားပါတယ်"

"ခင်ဗျားနဲ့ မစ္စတာမေဆင်တို့ စကားပြောကြရသေးတယ်ပေါ့နော်"

"ဒါဟာ အမှုကိစ္စနဲ့ လုံးဝ မပတ်သက်ဘဲ ဖြစ်မနေဘူးလား ခရိုင်ရှေ့နေကြီး"

ဟု တရားသူကြီးက မေးလိုက်သည်။

"ဆက်စပ်ပေးနိုင်တယ်လို့ ထင်ပါတယ် ရုံးမင်းခင်ဗျား၊ မစ္စတာမေဆင်ကလည်း ကန့်ကွက်မှာ မဟုတ်ပါဘူး"

"မစ္စတာမေဆင်ရဲ့ အနေကို ကျုပ် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ မစပ်ဆိုင်တာတို့၊ တစ်ဆင့်ကြား အထောက်အထားတို့ကို အများကြီး ကျုပ် မကြားချင်ဘူး"

"ရုံးမင်းခင်ဗျား၊ ဒါဟာ တစ်ဆင့်ကြား မဟုတ်ပါဘူး၊ ဒါက အမှုရဲ့ အတိုချုပ်ကို ဖော်ပြနေမှာပါ"



"ကောင်းပြီလေ၊ ဆက်ပါ"

"ခင်ဗျားနဲ့အတူ မစ္စတာဂိုရှင်ပါသွားတယ်၊ နောက်ပြီး ဘယ်သူပါ သေးသလဲ"ဟု ဘာဂါက ရဲအုပ်ကြီးထရက်အား ဆက်၍ မေးသည်။

"အခု အမှုမှာ တရားခံဖြစ်တဲ့ လူစီဘာတန်၊ အာသာကိုးလ်ဆန်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ သူကတော့ သေနတ်အပေါ်မှာ စိတ်ဝင်စားပုံရတယ်၊ နောက်ပြီး ရဲစုံထောက်တစ်ယောက်"

"သူ့ရဲ့လက်ဗွေရာကို နှိပ်ယူဖို့ မစ္စတာမေဆင်က ခွင့်ပြုသလား"

"ပြုပါတယ်"

"သေနတ်အတွင်းဘက်မှာ သူ့ရဲ့လက်ဗွေရာတွေ့တာနဲ့ ပတ်သက်လို့ သူက ဘာပြောသေးသလဲ"

"သူ့ဆီကို စာတစ်စောင်နဲ့ အတူပါလာလို့ ရပါတယ်ဆိုတဲ့ သော့ကို အသုံးပြုပြီး လူသတ်မှုဖြစ်တဲ့နေ့က လူစီဘာတန်ရဲ့ အခန်းထဲကို ဝင်ပါတယ်လို့ သူ ဝန်ခံ..."

'ကဲ...ဒီမှာ...ဒီမှာ တရားခံအကျိုးဆောင်ကြီးက မကန့်ကွက်ပါဘူးလို့ ဆိုပေမဲ့ ကျုပ်ကတော့'ဟု တရားသူကြီးက ကြားဖြတ်ပြော၍ မပြီးခင်...

"ဒါပေမဲ့ တရားခံရဲ့အခန်းထဲမှာ ဒီသေနတ်ကို သူတွေ့ခဲ့ရပါတယ်လို့ ဝန်ခံထားပါတယ်'ဟု ဘာဂါက ပြောလိုက်သည်။

'သေနတ်တစ်လက်လို့ ပြောပါလေ'ဟု မေဆင်က ထောက်၍ ပြင်ပေးလိုက်သည်။

"ကောင်းပါပြီ၊ ဒီသေနတ်နဲ့တူတဲ့ သေနတ်တစ်လက်ပဲ ထားပါတော့၊ အဲဒါဟာ ထင်ရှားပေါ်လွင်ပြီး စပ်ဆိုင်ဆက်နွှယ်နေပါတယ်"ဟု ဘာဂါက နှုတ်လှန်ထိုးလိုက်သည်။

'ဟုတ်ပြီ၊ ဒီလိုပဲ ယူဆတယ်၊ ရှေ့ဆက်ပါ'ဟု တရားသူကြီးက ပြောလိုက်သည်။

ရဲအုပ်ကြီးထရက်က ဆက်လက်၍ တင်ပြသည်။

"အဲဒီတုန်းက မေဆင်ကို ကျွန်တော်ပြောပါတယ်၊ လူသတ်မှု ကျူးလွန်ခဲ့တဲ့ အချိန်လို့ ဆိုရမယ့် အချိန်က အလောင်းကို တွေ့တဲ့ ကားရုံမှာ လူနှစ်ယောက်ကို မြင်ခဲ့တဲ့ မစ္စတာဂိုရှင်ဆိုတာ ရှိတယ်..."

"အဲဒီနှစ်ယောက်အနက်က တစ်ယောက်ကတော့ အရူးဘဝရောက်ခဲ့ပြီ ဖြစ်နေ

သူပါမဲ့လို့ ဂိုရှင်က စွပ်စွဲထောက်ပြ ပြောဆိုခဲ့ပြီးပါပြီ၊ ဒီလူကတော့ အခြားတာက

ပယ်ရီမေဆင်ဖြစ်နိုင်တဲ့ လူတစ်ယောက်ဖြစ်တာ သူမနဲ့အတူ အဲဒီတစ်ခုက ရှိခဲ့

တယ်တဲ့..."

"မစ္စတာမေဆင်ဟာ ဂိုရှင်မြင်ခဲ့တဲ့လူ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဖော်ပြ

နိုင်ဖို့အတွက် မစ္စတာမေဆင်ကို မတ်တတ်ရပ်ပြဖို့ ကျွန်တော်က ပြောခဲ့ရင်လည်း

မစ္စတာမေဆင်က ငြင်းပယ်ပါတယ်"

"ထပြီး ရပ်ပြဖို့ မစ္စတာမေဆင်က ငြင်းပါတယ်လို့ ခင်ဗျား ပြောချင်တယ်ဆိုလို

တာပေါ့နော်၊ ဟုတ်လား" ဟု မယုံကြည်နိုင်သည့်ပုံ ဖြင့် အံ့သြစွာ ဘာဂါက

မေးလိုက်သည်။

ထို့နောက် သူက ဆက်၍ မေးမြန်းသည်။

"ဥပဒေအတိုင်းဆောင်ရွက်နေကြတဲ့ တစ်ယောက် ဖြစ်ပါလျက်ကနဲ့ တရားခံ

နဲ့အတူ ရှိခဲ့တာပဲလို့ သက်သေက သူ့ကို ကြည့်ပြီး စွပ်စွဲပြစေရေးကို မစ္စတာ

မေဆင်က ငြင်းပယ်ခဲ့တယ်လို့ ခင်ဗျား ဆိုလိုတာပေါ့"

"ဒီမေးခွန်းဟာ အငြင်းပွားစရာ ဖြစ်တဲ့အဖြေ မေးတာလည်း မေးခဲ့ပြီးလို့

ဖြေလည်း ဖြေခဲ့ပြီးပြီလို့ ကျုပ်ထင်တယ်၊ ဒီမေးခွန်းမေးမြန်းတာကို ဥပဒေဘောင်

အတွင်းမှာသာ ရုံးတော်အနေနဲ့ ရှိစေချင်တယ်"

"တရားခံ အကျိုးဆောင်ကြီးက မှာနေတာကို ပြန်ပြောရရင် ထူးကဲ့ကို

ထူးခြားတဲ့ အခြေအနေဖြစ်နေပါတယ်" ဟု တရားသူကြီးက ပြောလိုက်ပြီးနောက်

သဘောမတူသည့်အနေနှင့် မေဆင်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ရုံးမင်းမင်းများ၊ ခရိုင်ရှေ့နေကြီးဟာ ကျွန်တော်ရဲ့ အောင်းသဖာင်း

ဂုဏ်သိက္ခာကို သွယ်ဝိုက်တဲ့စကား၊ ကောင်းမြောင်း အရိပ်အမြွက်တို့နဲ့ ထိုးထိ

ခိုက်ဖို့ လုပ်နေပါတယ်..."

"သတင်းစာတိုက်က သတင်းထောက်တွေ ရှိနေတာကို သူသိပါတယ်၊

ဥပဒေ အချက်အလက်တွေကို ပြပြီး ကျွန်တော်က သာနိုင်တာကို သူကြောက်ရင်

အဖြစ်မှန်ကို ဖုံးဖိဖို့ ကျွန်တော် ကြံစည်နေပါတယ်လို့ အထင်ရှိသွားအောင်

သူလုပ်နိုင်တာကို ကျွန်တော် သိပါတယ်..."

ဒါကြောင့် ကျွန်တော် တစ်ခါပေါ်ကိစ္စကို ရှင်းလင်းပြောထားပါတယ်၊



သူ့မှာ အချက်အလက်မှန်တွေရှိရင် ထုတ်ဖော်တင်ပြပါစေ ဟု မေဆင်က ထ၍

ပြောလိုက်သည်။

'ဟုတ်ပါပြီ၊ ' မြန်စဉ်းစားကြည့်လိုက်တော့ ခင်ဗျားအနေအထားကို

ကျုပ် ရိပ်မိပါတယ် မစ္စတာမေဆင်၊ ဒါပေမဲ့ ရုံးတော်ဟာ ကိုယ်ရေးကိစ္စတွေကို

အပုပ်ချစရာနေရာတော့ မဖြစ်စေချင်တာ အမှန်ပဲ" ဟု တရားသူကြီးက ပြော

လိုက်သည်။

"ကိုယ်ရေးကိစ္စတွေကို အပုပ်ချနေတာ မဟုတ်ပါဘူး၊ ရုံးမင်းမင်းများ၊

အခြေအနေနဲ့ အတွင်းကျကျကို ရောက်လာပါလိမ့်မယ်" ဟု ဘာဂါက တင်ပြ

လိုက်သည်။

"ကောင်းပြီလေ၊ ရှေ့ဆက်ပါ"

"ဒီတော့ မစ္စတာဂိုရှင်က သူပါမလို့ မစ္စတာမေဆင်ကို စွပ်စွဲနိုင်အောင်

ကြိုးစားခဲ့သလား"

"မလုပ်ဘဲ ဘယ်နေပါ့မလဲ"

"ဘယ်လိုလုပ်သလဲ"

"မစ္စတာမေဆင်ရဲ့ ရုံးရှိရာ အဆောက်အအုံရှေ့ဘက်အထွက်ပေါက်

မှာ ကျွန်တော့်ရဲ့ကားထဲမှာ မစ္စတာဂိုရှင်ကို ထည့်ထားပြီး စောင့်ကြည့်စေပါ

တယ်၊ သတင်းထောက်တွေနဲ့ ပေါင်းပြီး ဆောက်ရွက်ပါတယ်..."

"သူတို့ကိုတော့ နောက်ဖေးဘက်က အထွက်ပေါက်မှာ စောင့်စေပါ

တယ်၊ မေဆင်ထွက်လာရင် အချက်ပေးဖို့လည်း မှာကြားထားပါတယ်"

"မေဆင်က နောက်ဘက်ကလုပ်သလဲ"

"သူဟာ သေတ္တာထဲကို ဝင်ပြီး နောက်ဖေးပေါက်က ကုန်ပစ္စည်းအနေ

နဲ့ ပို့ထုတ်ခိုင်းတယ်" ဟု ပြုံး၍ ပြောသည်။

ရုံးခန်းတစ်ခုလုံးတွင် မြူးတူးသံများ ထွက်သွားသည်။

"နောက်တော့ မစ္စတာမေဆင်ကို မစ္စတာဂိုရှင်က စွပ်စွဲနိုင်ရော့လား"

"အဲဒါတွေကို ကျွန်တော်မသိပါဘူး၊ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်

အုပ်ကြီးဟိုကုမ်းပဲ ဟိုနေရာမှာ ရှိပါတယ်"

"ပြန်လှန်မေးခွန်းထုတ်နိုင်ပါပြီ" ဟု ကျေနပ်သည့်အနေဖြင့် ဘာဂါက

ပြောလိုက်သည်။

မဆောင်သည် ပြုံးပြီးမေးသည်။

"အဆောက်အအုံကနေ ကုန်ထုပ်သေတ္တာထဲ ဝင်လိုက်ပြီး ကျုပ်ထွက်သွားတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ ရဲအုပ်ကြီး"

"ဒါတော့ဗျာ၊ ကျွန်တော် ပြန်ပြင်ပြောရလိမ့်မယ်၊ တကယ်တော့ သတင်းစာကို ဖတ်ရလို့နဲ့ သူတစ်ပါး ပြောပြလို့ သိရတာပါ..."

'သေတ္တာထဲမှာ ခင်ဗျားပါသွားတာကို ကျွန်တော် ကိုယ်တိုင် မမြင်ပါဘူး၊ ကျွန်တော် မြင်ခဲ့ရင်...'ဟု ကမန်းကတန်း အလျင်အမြန်ပြောပြီး အဆုံးမသတ်ဘဲ ရပ်လိုက်သည်။

"ကျုပ်ကို ဟိုသေတ္တာထဲမှာ တွေ့ရတဲ့ လူတစ်ယောက်ယောက်နဲ့များ ခင်ဗျား မေးမြန်းပြောဆိုမိသေးသလား ရဲအုပ်ကြီး"

"မတွေ့ရ မပြောရပါဘူးခင်ဗျား"

"ဟိုသေတ္တာထဲမှာ ကျုပ်ပါသွားပါတယ်လို့များ ယုံကြည်စရာအကြောင်းအချက်များ ခင်ဗျားမှာ ရှိသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"ရှိတယ်လို့ ဘာကြောင့်ထင်ရသလဲ"

"ဘယ်သူမှ မမြင်စေဘဲနဲ့ အဆောက်အအုံက ထွက်သွားနိုင်ဖို့ဆိုတာ ဒီတစ်နည်းပဲရှိလို့ပါ"

"မဟုတ်ပါဘူးဆိုတဲ့ အကြောင်းကလေးတော့ ပြောပြပါရစေ ရဲအုပ်ကြီး ခင်ဗျားကတော့ စဉ်းစားမိပုံမပေါ်ဘူး..."

"တကယ်တော့ တော်တော်မိုးချုပ်တဲ့ အချိန်ထိအောင် နောက်ပြီး သေတ္တာကြီးကို သယ်ယူသွားပြီးတဲ့နောက် တော်တော်ကြီးကို ကြာတဲ့အချိန်ထိအောင် ကျုပ်ဟာ ပေါလ်ဒရိတ်ရဲ့ ရုံးခန်းထဲမှာ ရှိနေခဲ့ပါတယ်..."

"အဆောက်အအုံ လုံခြုံရေးမှူးကို မေးကြည့်ရင် ခင်ဗျားသိပါလိမ့်မယ်၊ သူနဲ့ကျုပ်ဟာ ဓာတ်လှေကားအတူတူစီးပြီး အောက်ကိုဆင်းသွားတယ်၊ ပေါလ်ဒရိတ်ရဲ့ လူတစ်ယောက်ဖြစ်တဲ့ မစ္စတာဂျယ်ရီလန်ဒ်ိဆိုတာတောင် ပါသေးတယ်..."

"ဒါနဲ့ ပြောရဦးမယ်၊ မစ္စတာလန်ဒီဟာ အခုဒီရုံးခန်းထဲမှာ ရှိနေလို့ သူ့ကို ခင်ဗျား မေးကြည့်ချင်ရင် အချိန်မရွေး မေးနိုင်ပါတယ်"



ထရက်၏မျက်နှာတွင် အံ့အားသင့်ပုံပြပြီး...

"ခင်ဗျားဆိုလိုတာက သူ..."

"ဟုတ်ပါတယ်၊ ကျုပ် ဒီတိုင်းပဲပြောပါတယ် ရဲအုပ်ကြီး၊ တစ်ဆင့်ကြားနဲ့ ကျုပ်ကို ခင်ဗျား ဆက်ပြီး စွပ်စွဲတာတွေ မလုပ်ခင် မစ္စတာလန်ဒီနဲ့ ပြောဆိုကြည့်ဖို့ ကောင်းတယ်လို့ အကြံပေးချင်ပါတယ်..."

"ကျေးဇူးအများကြီးတင်ပါတယ် ရဲအုပ်ကြီးထရက်၊ ကျုပ် ပြန်လှန်မေးစရာ မရှိတော့ပါဘူး"

ထရက်နဲ့ ဘာဂါတို့ တစ်ယောက်နှင့်တစ်ယောက်ကြည့်ကြသည်။ သက်သေခုံမှ ထရက် ဆင်းလိုက်သည်။

ရုံးခန်းတစ်ဝက်သို့ ရောက်သောအခါ လှည့်၍ မေးလိုက်သည်။

"ဘယ်မလဲ ဂျယ်ရီလန်ဒီ"

'ဒီမှာပါဗျာ'ဟု ဂျယ်ရီလန်ဒီက မတ်တတ်ထရပ်၍ ပြောလိုက်သည်။

'အို...နေပါစေတော့'ဟု နည်းတစ်မျိုးနှင့် တိုက်ခိုက်ရန် ရည်ရွယ်၍ အရှက်ကို ဖုံးကာ ဟာမီလ်တန်ဘာဂါက ပြောလိုက်သည်။

"သက်သေခုံပေါ်ကို ရဲကြပ်ကြီးဟိုကုမ်းကို ခေါ်တင်ပြီး ဒီကိစ္စကို မြန်မြန် ရှင်းပစ်မှ ဖြစ်မယ်"

ရဲကြပ်ကြီးဟိုကုမ်း ထွက်လာပြီး လက်မြှောက်ကျမ်းကျိန်ကာ ကြိတ်ကျေနပ်မှုအပြုံးနှင့် သက်သေကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

အမည်၊ အသက်၊ နေရပ်၊ အလုပ်အကိုင်၊ စသည့် ပဏာမ မေးစရာရှိသည်များကို ဟာမီလ်တန်ဘာဂါက မေးပြီးလျှင်...

"ရဲကြပ်ကြီး၊ ၆ ရက်နေ့ ညဦးပိုင်းက ခင်ဗျား ဘယ်မှာ ရှိနေသလဲ၊ အဲဒါ ကြားသပတော့နေ့လေ၊ မှတ်မိမှာပေါ့"

ရဲကြပ်ကြီး ဟိုကုမ်းက ပြုံးသည်။

"မှတ်မိပါတယ်၊ ဆယ်ဗီဝိလ် (စိတ်ချလက်ချ အိပ်) ယာဉ်မောင်းများ ကွန်းထောက်စခန်းမှာ ပယ်ရီမေဆင် ရောက်နေတာ သိရပါတယ်၊ ကျွန်တော်နဲ့အတူ ကားလ်ဂိုရှင်ဆိုတဲ့ သက်သေကို ခေါ်သွားပါတယ်..."

"သူမြင်တာ မစ္စတာမေဆင်ဖြစ်ကြောင်း စွပ်စွဲပြဖို့ သွားကြတာပါ၊ ကျွန်တော်တို့ စွပ်စွဲပြနိုင်ခဲ့ပါတယ်"

'ခင်ဗျားတို့ ဟိုမှာ [illegible] တွေဖြစ်ပါသလဲ'ဟု ဘာဂါက မေးသည်။

"ဒီလို [illegible] တွေရဲ့နားကို ပေါက်သွား [illegible]

"[illegible] နေတယ်၊ ကျွန်တော်တို့ ကားမောင်းဝင်သွားတော့ ကျွန်တော်တို့ [illegible]

"နောက်ပြီးတော့ ဘာဖြစ်သလဲ"

"[illegible] တည်းခိုခန်းနံပါတ် ၆ မှာ ဂျယ်ရီလန်ဒီနဲ့အတူ တညီးနေ [illegible] ဒီက သူ့ [illegible] လေ ..."

"[illegible] ပြောပြနေပါတယ်၊ နောက် သတင်းထောက် [illegible] ပြောလိုက်ပါတယ် ..."

"ဒါပေမဲ့ ဓာတ်ပုံဆရာတွေက ဦးအောင် [illegible] တည်းခိုခန်းကို လမ်း [illegible]"

"[illegible] လိုက်သွားသေးသလား"

"မလိုက်ပါဘူးခင်ဗျာ [illegible]"

ရဲကြပ်ကြီး ဟိုကမ်းက [illegible]

"မလိုတော့လို့ပါပဲ၊ ကျွန်တော် [illegible] လုပ်လို့ [illegible] တည်းခိုခန်း [illegible]

"လမ်း [illegible]

"နောက်ပြီး လူသတ်မှုကျူးလွန် [illegible]



[illegible] တရားခံ လူစီဘာဘတန်ကိုလည်း [illegible]

'ဒါဟာ တော်တော်ကို နည်းမမှန်တဲ့ သံကျ [illegible] အထား [illegible] တရားသူကြီး [illegible]

"ဂိုရှင်ကိုယ်တိုင် [illegible] ဒီထောက် အထား ရှိပါတယ်လို့ ပြောခဲ့တာမှန်ကြောင်း ပြောနေ [illegible]

"ထားပါတော့လေ၊ တကယ်တော့ တရားခံအကျိုးဆောင် [illegible] မကန့်ကွက်ဘဲ ဒီတစ်ဆင့်ကြား [illegible] တာဟာ အလွန် [illegible]

"[illegible] တစ်ဆင့်ကြား [illegible] မဟုတ်ပါဘူး၊ သူပါပဲလို့ ဂိုရှင် [illegible] ကျွန်တော် [illegible] တယ်"

"တစ်ဆင့်ကြား [illegible]" လူဟာ [illegible] ကိုသာ ခင်ဗျား သိတာ၊ သက်သေ [illegible]

"ကောင်းပါပြီ၊ [illegible] ဆိုရင် သူဟာ ကျွန် [illegible] တန်ဘာဂါက ကမန်းကတန်း ပြောလိုက်သည်။

[illegible] 'ဟု တရားသူကြီး အော့စ်ဘွန်းက ပြောလိုက်သည်။

'ပြီးပါပြီခင်ဗျာ'ဟု ဘာဂါက [illegible]

[illegible] ရဲကြပ်ကြီး ဟိုကမ်း [illegible]

'ခဏလောက်'ဟု မေဆင်က [illegible]

"ဟို [illegible]

ပြခဲ့တာနဲ့ ပတ်သက်လို့ နည်းနည်းမေးပါရစေ ရဲကြပ်ကြီး၊ ခင်ဗျားဟာ ကျုပ်နဲ့ သိခဲ့တာ တော်တော်ကြာပြီနော်”

“ဟုတ်ကဲ့ခင်ဗျား”

“ဟိုတည်းခိုခန်းက ကျုပ်ထွက်ပြေးပါတယ်ဆိုတဲ့အခါမှာ ကျုပ်ပါဝဲလို့ ခင်ဗျားက မှတ်မိလို့ ဂိုရှင်ကို ဟိုမှာ...ဟိုမှာလေ မေဆင်လို့၊ ဒါမှမဟုတ် ဒီလိုမျိုးပေါ့ဗျာ၊ ခင်ဗျားပြောခဲ့တယ် မဟုတ်လား”

“ဒီလိုမျိုးပြောဖို့တောင် မလိုဘူးလို့ ကျွန်တော် ထင်တယ်၊ ခင်ဗျားကို မြင်မြင်ချင်း မှတ်မိတယ်”

“မပြောမိဘူးလို့ ခင်ဗျား ထင်ချင်ထင်မယ်၊ ဒါပေမဲ့ ခင်ဗျားပြောတော့ ပြောခဲ့တယ်”

“ကျွန်တော် ပြောမိချင် ပြောမိမယ်”

“ပြေးထွက်တဲ့လူဟာ သူ့ရဲ့မျက်နှာရှေ့မှာ ဦးထုပ်ကိုကိုင်လို့နော်”

“ခင်ဗျာ့ကို ဓာတ်ပုံရိုက်နိုင်အောင် လုပ်ရင်း ခင်ဗျားမျက်နှာရှေ့မှာ ခင်ဗျား ဦးထုပ်ကို ခင်ဗျား ကိုင်ထားတယ်လေ”

“နောက်ပြီးတော့ ဒီလူဟာ လှည့်ပြီး တည်းခိုခန်းဆီကို ပြန်လျှောက်သွားတယ်နော်”

“မှန်တယ်လေ၊ ခင်ဗျား၊ ဒီအတိုင်းပဲ လုပ်တာပဲ”

“သူလှည့်ပြီး တည်းခိုခန်းဆီကို ပြန်မသွားခင်မှာ တည်းခိုခန်းကနေပြီး ဘယ်လောက်ဝေးဝေးအထိ အဲဒီလူပြေးသလဲ”

“အို...ပေသုံးဆယ် လေးဆယ်လောက်ပေါ့”

“ဓာတ်ပုံသတင်းထောက်တွေ အများကြီး ရှိခဲ့တယ်နော်”

“ဟုတ်ကဲ့ ခင်ဗျာ”

“သူတို့ဟာ ဓာတ်ပုံသတင်းထောက်တွေပါလို့ ဆိုတာကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ”

“ဒါကတော့ ကျွန်တော်...ကျွန်တော်”

“တစ်နည်းဆိုရရင် သူတို့ဟာ ဓာတ်ပုံသတင်းထောက်တွေပဲလို့ ခင်ဗျား ယူဆရုံ ယူဆတာပေါ့၊ မဟုတ်ဘူးလား”

ဟိုကုမ်းက စိတ်ဆိုးစွာဖြင့် အရွဲ့တိုက်ပြီး ပြန်ဖြေသည်။



“ဟုတ်တယ်၊ ကျွန်တော်ဟာ သိပ်အ,တဲ့၊ နုံတဲ့ ရဲတစ်ယောက်ပေါ့၊ ဒါပေမဲ့ သတင်းစာတိုက်က နေပြီးတော့ ကျွန်တော့်ဆီကို သတင်းပေးတာဆိုတော့ လျှပ်တစ်ပြက် မီးတွေနဲ့ ချိန်ပြီး သတင်းထောက်ကင်မရာတွေကို ကိုင်ထားတဲ့ လူတစ်စုကို တွေ့ရတော့ သူတို့ဟာ သတင်းထောက်တွေပဲလို့ ကျွန်တော်က ယုံကြည်လိုက်တာပေါ့၊ အဲဒါ ကျွန်တော် သတိလစ်သွားတာပါပဲလေ”

“ဩ...သတင်းစာတိုက်ကနေပြီး ခင်ဗျားသတင်းရတယ်ပေါ့လေ၊ ဟုတ်လား”

“ဒါကတော့ဗျာ၊ ကိုယ့်နည်းကိုယ့်ဟန်ကို အသုံးပြုရတာပေါ့”

“အဲဒီယာဉ်မောင်းများ ကွန်းခိုစခန်းမှာ ကျုပ်ရှိတယ်လို့ ခင်ဗျား ဘယ်လိုလုပ်သိသလဲ”

“ဒါကတော့ ဒီလိုပဲ သိတာပေါ့ဗျာ’ဟု ဟိုကုမ်းက သွားပေါ်အောင် ဖြဲပြီး ဖြေလိုက်သည်။

“နောက် ခင်ဗျား ဟိုကို ရောက်သွားတော့ ဓာတ်ပုံဆရာခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိနေနှင့်ပြီပေါ့”

“မှန်တယ်”

“တချို့က ခင်ဗျားကို ဓာတ်ပုံရိုက်ယူတယ်”

“ဟုတ်တယ်ခင်ဗျာ”

“သူတို့အထဲက တစ်ယောက်ယောက်ကိုများ ခင်ဗျားမှတ်မိသလား၊ သူတို့နဲ့ ထပ်တွေ့ရင် ခင်ဗျား သိပါ့မလား”

“ဒါတော့ မပြောတတ်ဘူး”

“တည်းခိုခန်းထဲက ပြေးထွက်တဲ့လူကို သူဟာ ဘယ်သူဘယ်ဝါပါပဲလို့ ပြောနိုင်ရင် ဓာတ်ပုံဆရာတချို့ကိုတော့ ဘာလို့ ခင်ဗျား မပြောနိုင်ရတာလဲ”

“ဒါတော့လေ...တကယ်ဆိုတော့ လျှပ်တစ်ပြက် မီးရောင်တွေ မျက်စိထဲ စူးဝင်တော့ ပြောနိုင်ဖို့ ခဲယဉ်းတာပေါ့”

“ဩ...ဒါဖြင့် လျှပ်တစ်ပြက် မီးလုံးတွေ ကြောင့် ခင်ဗျားမမြင်နိုင်အောင် မျက်စိကို အရောင်ရိုက်ခံရတယ်ပေါ့”

“ခင်ဗျားကို မမှတ်မိအောင်တော့ မဖြစ်ပါဘူး”

“ဒီလိုလား၊ မီးတွေက တခြားလူတွေကို မမှတ်မိအောင်တော့ ခင်ဗျားရဲ့

မျက်စိကို စူးစေတယ်၊ ကျုပ်ကို မကြည့်နိုင်တောင်တော့ မစူးဘူးပေါ့”

“ကျွန်တော် ဒီလိုမပြောရပါကလား”

“ဒါဖြင့် ဟိုလူတွေနဲ့ ပတ်သက်လို့က ဘယ်လိုလဲ၊ တစ်ဦးတစ်ယောက်ရဲ့ ပုံပန်းကိုမှ ဖော်မပြနိုင်ဘူးလား”

“တချို့ကိုတော့ ဖော်ပြနိုင်ပါတယ်”

“ကဲ…ဒါဖြင့် လုပ်စမ်းပါ”

“ဒီလိုလေ၊ ကျွန်တော့်အနားမှာ ကပ်လျက် ဓာတ်ပုံဆရာတစ်ယောက်ရှိတယ်၊ လျှောက်လာပြီး ကျွန်တော့်ကို ပထမဓာတ်ပုံရိုက်တဲ့လူပဲ၊ သူဟာ အပေါ်အင်္ကျီရှည်အနက်ကြီးကို ဝတ်ထားတယ်”

“ဘယ်အသက်အရွယ်လောက်လဲ”

“ဘယ်အသက်အရွယ်လောက်တော့ ခဏမြင်ရတာနဲ့ မပြောနိုင်ဘူး၊ ခပ်ရွယ်ရွယ်ပဲ”

“အရပ်အမောင်း ဘယ်လောက်ရှိသလဲ”

“အို…တော်တော်ကလေး အရပ်မြင့်တယ်၊ ခင်ဗျားအရပ်လောက်ပဲ”

“ကိုယ်လုံးကိုယ်ဖန်ကကော”

“ခင်ဗျားလောက်ပဲ ထွားတယ်”

မေဆင်အား ဟိုကုမ်းက သေသေချာချာ လေ့လာပြီးနောက် ဤကဲ့သို့ ပြောလိုက်ခြင်း ဖြစ်သည်။

“အဲဒီလူနဲ့ ခင်ဗျား စကားပြောလိုက်ရသေးသလား”

“ပြောရတယ်လို့ မထင်ဘူး၊ အခန်းထဲက ခင်ဗျားထွက်ပြေးလာတာကို ကျွန်တော်က ကြည့်နေရပါတယ်လို့ ခင်ဗျားကို ပြောပြီးပြီပဲ…”

“ကျွန်တော့်ရဲ့ကားက ရွှေ့မီးတွေကို ဖွင့်ထားတော့ အဲဒီမီးရောင်ထဲကို ခင်ဗျားတည့်တည့်ပြေးဝင်လာတယ်လေ၊ နောက်တော့ မျက်နှာကို ခင်ဗျားက ဦးထုပ်နဲ့ ကာလိုက်တယ်…

“နောက်ပြီးတော့ သူ့ရဲ့လှည့်ကွက်ထဲမှာ သူပြန်မိနေပြီဖြစ်တဲ့ စဉ်းစဉ်းလဲလဲ လုပ်တတ်တဲ့ ရှေ့နေတစ်ယောက်လိုပဲ၊ နောက်ပြီး…”

‘တော်ပြီ’ဟု တရားသူကြီး အော့စ်ဘွန်းက အော်လိုက်ပြီး စားပွဲကို သစ်သားတူဖြင့် ထုလိုက်သည်။



“ဒါဟာ လုံးဝမလိုအပ်တာပဲ ရဲကြပ်ကြီး ဟိုကုမ်း”

‘သူ့ကို ကျွန်တော်က မမြင်နိုင်ဘူးလို့ ကျွန်တော့်ကို သူက စွပ်စွဲဖို့ လုပ်နေပါတယ်’ဟု ဟိုကုမ်းက စောဒကတက်လိုက်သည်။

“ဘာပဲဖြစ်ဖြစ်၊ ဒီပုဂ္ဂိုလ်ရေးတွေဟာ မလိုလားအပ်ဘူး၊ ဒီမှာ ရဲကြပ်ကြီး၊ ခင်ဗျား ဒီရုံးတော်ပေါ်မှာ ရှိနေတဲ့အခါ မေးတာတွေကိုသာ ဖြေဖို့ရှိတယ်၊ ဒီလိုမဟုတ်ရင် ရုံးတော်က အရေးယူရလိမ့်မယ်၊ နားလည်လား”

“ဟုတ်ကဲ့ ခင်ဗျာ”

“ခင်ဗျား ကားမောင်းဝင်သွားတော့ ခင်ဗျား ဘေးနားမှာ ရပ်နေတဲ့လူက ခင်ဗျားကို ဓာတ်ပုံရိုက်တယ်လို့ ခင်ဗျားပြောတယ် မဟုတ်လား”ဟု မေဆင်က မေးလိုက်သည်။

“ဟုတ်တယ်”

“ဓာတ်ပုံရိုက်တုန်းက ခင်ဗျား ဘာလုပ်နေသလဲ၊ မှတ်မိလား”

“တိတိကျကျ မှတ်မိတာပေါ့၊ ကားစက်ရပ်အောင်လုပ်ဖို့ရယ်၊ နောက်ပြီး သက်သေကိုရှင်အတွက် ရှေ့ကို ကောင်းကောင်းမြင်နိုင်အောင် ဆိုပြီး ဒက်ရှ်ဘုတ်က ခိုင်ခွက်မီးတို့ ဘာတို့ရဲ့ ခလုတ်တွေကို ပိတ်ဖို့ရယ်၊ ကျုပ်ဟာ ရှေ့ကို ကုန်းနေတယ်…”

“ဒါမှ ဒက်ရှ်ဘုတ်က မီးရောင်တွေဟာ သူ့မျက်စိထဲကို မဝင်ဘဲ ရှေ့လေကာမှန်ကြီးထဲက နေပြီး ရှေ့ကို ကောင်းကောင်းကြည့်နိုင်မယ်”

“ဓာတ်ပုံတစ်ပုံကို ကျုပ်ပြမယ်၊ အဲဒီဟာ ခင်ဗျားရဲ့ကားဘေးမှာ ရပ်နေတဲ့လူက ဟိုအချိန်က ခင်ဗျားကို ရိုက်ယူလိုက်တဲ့ ဓာတ်ပုံ ဟုတ်မဟုတ် ကျုပ်မေးမယ်…”

“အဲဒီအထဲမှာ ကိုရှင်ဟာ ခင်ဗျားဘေးမှာ ထိုင်နေပြီး ခင်ဗျားရှေ့ကို ကုန်းနေတာကို ခင်ဗျားတွေ့ရလိမ့်မယ်”

“အဲဒီပုံပေါ့၊ ဟိုအချိန်တုန်းက ရိုက်လိုက်တဲ့ပုံဟာ ဒီပုံပဲ”

“ကားစက်ရပ်ဖို့နဲ့ ဒက်ရှ်ဘုတ်က မီးတွေကို ပိတ်ဖို့ ခင်ဗျားရှေ့ကို ကုန်းနေတာ ဒီတစ်ချိန်တည်းပဲနော်”

“ဟုတ်ပါတယ်၊ ကျွန်တော့်အနားမှာ ရပ်နေတဲ့ ဓာတ်ပုံဆရာက ရိုက်ယူလိုက်တဲ့ပုံဟာ ဒီပုံပါပဲ”

"အဲဒီလျှပ်တစ်ပြက်မီးက ခင်ဗျားရဲ့မျက်စိကို မကျိန်းစေဘူးနော်"

"မကျိန်းပါဘူး၊ ကျွန်တော့်မျက်စိတွေဟာ ကောင်းပါတယ်၊ ညဘက်တော်တော်များများပဲ ကျွန်တော် ကားမောင်းတဲ့ အလေ့အကျင့်ရနေပါတယ်၊ တခြားကားရှေ့မီးတွေက ကျွန်တော့်ကို အနှောင့်အယှက်မဖြစ်စေပါဘူး…

"အလင်းရောင်စူးစူးကို ကျော်ဖြတ်ပြီး ကျွန်တော် ကြည့်နိုင်ပါတယ်၊ ဟုတ်တယ်ခင်ဗျာ၊ ဟို…လျှပ်တစ်ပြက် မီးရောင်တွေဟာ ကျွန်တော့်မျက်စိကို ဘာမှ အနှောင့်အယှက်မဖြစ်စေပါဘူး၊ ဘာတွေဖြစ်နေတယ်ဆိုတာ မမြင်နိုင်လောက်အောင် မဖြစ်ပါဘူး"

"ဒီလိုဆိုရင် အဲဟိုအချိန်လောက်က ကားရှေ့မှာ ရပ်ပြီး လေကာမှန်ကြီးကို ဖြတ်လို့ ဓာတ်ပုံရိုက်တဲ့ တခြားဓာတ်ပုံဆရာတစ်ယောက်လည်း ရှိတယ် မဟုတ်လား"

"ရှိတယ်ထင်တယ်၊ ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီ လျှပ်တစ်ပြက်မီးရောင်က မျက်စိတွေ ကြည့်မရအောင် ကျွန်တော့်ကို လုပ်တယ်လို့တော့ ရောရောထွေးထွေး မလုပ်လိုက်စမ်းပါနဲ့ဗျာ၊ ဘာလို့လဲဆိုတော့ ဒီလိုမဖြစ်လို့ပဲ"

"မလုပ်ပါဘူး၊ မလုပ်ပါဘူး၊ ကျုပ်ကလည်း မစွပ်စွဲပါဘူး၊ ဓာတ်ပုံဆရာတွေ ဓာတ်ပုံရိုက်ယူပုံယူနည်းနဲ့ နေရာအစီအစဉ်ကိုသာ ဖော်ပြဖို့ လုပ်နေတာပါ…"

"ကဲ…ဒီမှာ နောက် ဓာတ်ပုံတစ်ခု ခင်ဗျားကားထဲမှာ ရှေ့ကို ကုန်းနေတုန်း ရိုက်လိုက်တယ်ဆိုတာကို တွေ့ရမယ်၊ ခင်ဗျားရဲ့ ဘေးနားက ဓာတ်ပုံဆရာက ခင်ဗျားကို ဓာတ်ပုံမရိုက်ခင်ကလေး၊ ဒါမှမဟုတ်ရင် ရိုက်ပြီးခါစကလေးမှာ ဒီဓာတ်ပုံကို ရိုက်ယူလိုက်ပုံရတယ်…"

"ဒါပေမဲ့ ဒီပုံကတော့ ကားရှေ့တည့်တည့်က ရိုက်တဲ့ပုံပဲ၊ ရှေ့လေကာမှန်ကြီးကို ဖြတ်ပြီး ရိုက်တာလေ"

"ဟုတ်တယ်လေ၊ အဲဒါဒီပုံပဲ"

"အဲဒီဓာတ်ပုံက ခင်ဗျားရဲ့ပုံကိုပြတယ်၊ ဂိုရှင်ရဲ့ပုံကို ပြတယ်၊ နောက်ပြီး ပထမ ခင်ဗျားကို ဓာတ်ပုံရိုက်လိုက်တဲ့ ဓာတ်ပုံဆရာရဲ့ပုံကိုလည်းပြတယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"



"ကောင်းပြီ၊ ဒီဓာတ်ပုံတွေကို တရားခံဘက်မှ တင်ပြတဲ့ သက်သေခံပစ္စည်း အမှတ် (၁) နဲ့ အမှတ် (၂) အဖြစ် သတ်မှတ်ထားကြရအောင်"

စာရေးက ဓာတ်ပုံများကို မှတ်သားလိုက်သည်။

"ကဲ…နောက်ပြီး၊ အဲဟိုအချိန်လောက်တုန်းက တည်းခိုခန်းက ထွက်ပြေးလာတဲ့လူကို ဓာတ်ပုံရိုက်ယူတဲ့ တခြားဓာတ်ပုံဆရာတွေလည်း ရှိတယ် မဟုတ်လား"

"အဲဒီတုန်းက တည်းခိုခန်းထဲကနေပြီး ခင်ဗျားမှ ပြေးထွက်မလာသေးဘဲ၊ ဒီလိုနဲ့ ကျွန်တော့်ကို ထောင်မဖမ်းလိုက်ပါနဲ့ မစ္စတာမေဆင်…"

"ကျွန်တော် ပထမ ကားမောင်းလာတုန်းက ဓာတ်ပုံဆရာတွေ စုပြီးပြီး ကျွန်တော်တို့ကို ဓာတ်ပုံလာရိုက်ကြတယ်၊ ဒီတော့ မီးတွေက တဖျပ်ဖျပ်ဖြစ်နေတာကြောင့် တစ်ခုခုတော့ လွဲကုန်ပြီလို့ ထင်ပြီး ချုံကွယ်က ပြေးထွက်လာတဲ့ ယုံသူငယ်လေးလို ပုန်းနေရာကနေပြီး ခင်ဗျားဟာ ပြေးထွက်လာတယ်လေ…"

"နောက်တော့ သူတို့တစ်အုပ်လုံး ခင်ဗျားရှေ့ကို လှည့်လာတာကိုလည်း ခင်ဗျား မြင်ရော ပြန်လှည့်ပြီး အခန်းဆီကို ခင်ဗျား ပြန်ပြေးတော့တာပဲ၊ ဒါပေမဲ့ သူတွေ့မြင်ခဲ့တာဟာ ခင်ဗျားပါပဲလို့ စွပ်စွဲနိုင်ဖို့ ဂိုရှင်အတွက် အချိန်အလုံအလောက်ရခဲ့တယ်လေ"

"နောက်ပြီး ဟိုလူပြေးထွက်လာတော့ ဓာတ်ပုံဆရာတွေက သူ့ရဲ့ပုံကို ဓာတ်ပုံရိုက်ကြရောလား"

"မှန်တယ်လေ၊ ခင်ဗျားရဲ့ပုံတွေကို"

"သူက ဦးထုပ်ကလေးကို မြှောက်ကိုင်လို့လား"

"ဟုတ်တာပေါ့၊ ခင်ဗျားဟာ ဦးထုပ်ကလေးကို မြှောက်ကိုင်လို့"

"ဒီတော့ တရားခံဘက်က သက်သေခံအမှတ် (၃) အဖြစ် မှတ်သားစေချင်တဲ့ ဓာတ်ပုံတစ်ခုကို ကျုပ်ပြမယ်၊ မျက်နှာရှေ့မှာ ဦးထုပ်ကို ကိုင်ပြီး တည်းခိုခန်းက ပြေးထွက်လာတဲ့ လူရဲ့ပုံကို ဓာတ်ပုံထဲမှာ ခင်ဗျားတွေ့လိမ့်မယ်"

"အဲဒီဟာပေါ့၊ သိပ်ပြတ်သားတဲ့ပုံပဲ၊ ဒီမှာ ခင်ဗျားရဲ့ မျက်နှာရှေ့မှာ ဦးထုပ်တစ်ခုကို မြှောက်ကိုင်ပြီး ထွက်ပြေးလာတဲ့ပုံပေါ့"

"ဟုတ်လိုက်လေ၊ အဲဒီပုံကို တရားခံပြသက်သေပစ္စည်းအမှတ် (၃) လို့ မှတ်ထားရမယ်၊ နောက်တရားခံပြသက်သေပစ္စည်းအမှတ် (၄) ကို ကျုပ်

အခုပြဦးမယ် ရဲကြပ်ကြီးဟိုကုမ်း...”

“အဲဒီအထဲမှာ ပြေးနေတဲ့လူကို ခင်ဗျားတွေ့လိမ့်မယ်၊ ဒါပေမဲ့ နည်းနည်းဘေးကျကျက ရိုက်ထားတယ်၊ အဲဒီအထဲမှာ သက်သေခံပစ္စည်း အမှတ် (၃) ဓာတ်ပုံကို ဓာတ်ပုံရိုက်ပြီးခါစ ဓာတ်ပုံဆရာပါနေတာကိုလည်း ခင်ဗျား တွေ့လိမ့်မယ်”

ဟိုကုမ်းက ဓာတ်ပုံကို လေ့လာလိုက်သည်။

“ဟုတ်တယ်၊ ဓာတ်ပုံကို ဒီအနေအထားနဲ့ ရိုက်ထားပုံရတယ်၊ ဟုတ်တာပေါ့၊ ကောင်းတယ်”

“ဒါပေမဲ့ ရဲကြပ်ကြီးဟိုကုမ်းရဲ့ ဒီသက်သေခံပစ္စည်း အမှတ်(၄)ဓာတ်ပုံထဲမှာ ဓာတ်ပုံရိုက်တဲ့ ကင်မရာအနေအထားက တစ်ဖက်နားစောင်းနေတယ်၊ ဒါကြောင့်မို့လို့ လူရဲ့ပုံသဏ္ဌာန်ကို သက်သေခံပစ္စည်းအမှတ်(၃)ဓာတ်ပုံထဲမှာထက် ပိုပြီး ရှင်းရှင်းလင်းလင်း မြင်သာတယ်”

“ဟုတ်တယ်၊ ဒီလိုပဲ သဘောရတယ်”

“ကိုင်း၊ ဒါဖြင့် သက်သေခံပစ္စည်းအမှတ် (၅) ဓာတ်ပုံကို ကျုပ်ပြဦးမယ်၊ အဲဒီအထဲမှာ မျက်နှာရှေ့ ဦးထုပ်ထားပြီး ထွက်ပြေးနေတဲ့ လူပုံလည်းပါတယ်၊ သက်သေခံပစ္စည်းအမှတ် (၃) နဲ့ (၄) ဓာတ်ပုံတွေကို ရိုက်တဲ့ ဓာတ်ပုံဆရာရဲ့ ပုံတွေလည်းပါတယ်”

‘ဟုတ်တယ်’ဟု ရဲကြပ်ကြီးဟိုကုမ်းက ခပ်လွယ်လွယ်နှင့် ပြောလိုက်သည်။

“ဟုတ်တယ်နော်”

“ဟုတ်ပါတယ်ဆို”

“ဓာတ်ပုံကို တစ်ခါပြန်ကြည့်ပါဦးလေ၊ သူ့ရဲ့မျက်နှာကို ဓာတ်ပုံထဲမှာ ထင်ထင်ရှားရှားမြင်နိုင်တယ်၊ အဲဒါဟာ ကျုပ်ရဲ့ ရုပ်ပုံလို့ ထင်သလားရဲကြပ်ကြီး”

ရဲကြပ်ကြီး ဟိုကုမ်းက ဓာတ်ပုံကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ကြည့်သည်။

‘ဟာ...နေဦး၊ ကျုပ်မျက်မှန်တပ်ဦးမယ်’ဟု ပြောကာ မျက်မှန်ကို အိတ်ထဲမှ ထုတ်ယူ၍ တပ်လိုက်ပြီး အနေအထားကို ညှိကာ ဓာတ်ပုံကို



လေ့လာလိုက်သည်။

ထို့နောက် ချက်ချင်း ပြောချလိုက်သည်။

“မဟုတ်ဘူး၊ ဒါ ခင်ဗျားမဟုတ်ဘူး၊ မဟုတ်မဟတ်လုပ်ထားတာ တစ်မျိုးတော့ ရှိနေပြီ၊ ဒါဟာ တခြားလူတစ်ယောက်ပါလား”

“အစစ်ပေါ့ဗျာ၊ ကဲ...ရဲကြပ်ကြီး သက်သေခံပစ္စည်းအမှတ်(၂) လို့ မှတ်ထားတဲ့ ဓာတ်ပုံကို ယူပြီး ခင်ဗျားရဲ့ကားဘေးမှာ ကပ်ပြီး ကင်မရာကို ကိုင်ရပ်နေတဲ့လူကို ကြည့်ပါဦး...”

“ခင်ဗျားရှေ့ကို ကုန်းနေတုန်းမှာ အမှတ်(၁)ဓာတ်ပုံကို ရိုက်တဲ့လူဖြစ်နေတယ်ဆိုတာကို ခင်ဗျားတွေ့ရလိမ့်မယ်၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို ခင်ဗျား မှတ်မိလိမ့်မယ်”

“နေကြပါဦး၊ နေကြပါဦး၊ ဓာတ်ပုံတွေကို ကျုပ်လည်း ကြည့်ပါရစေဦး၊ ဘာတွေဖြစ်နေကြတာလဲ’ဟု ဟာမီလ်တန်ဘာဂါက ဝင်ပြောလိုက်သည်။

“လာပါဗျာ၊ ဓာတ်ပုံတွေကို ကြည့်လှည့်စမ်းပါ’ဟု မေဆောင်က ဖိတ်ခေါ်လိုက်သည်။

ရဲကြပ်ကြီးဟိုကုမ်းက ဓာတ်ပုံတွေကို လေ့လာပြီး ချက်ချင်းပြောချလိုက်သည်။

“မဟုတ်ဘူးဗျို့၊ ဒါ လိမ်လည်ပြီး ရိုက်ထားတဲ့ပုံတွေပဲ”

မေဆောင်က ပြုံး၍ ပြောလိုက်သည်။

“လိမ်လည်ပြီး ရိုက်ထားတဲ့ပုံလို့ ခင်ဗျား ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ ရဲကြပ်ကြီး’

“ဟိုတုန်းက ဒီလိုဖြစ်ခဲ့တာ မဟုတ်လို့ပေါ့ဗျ၊ ဒါဟာ ခင်ဗျားရဲ့ မဟုတ်တရုတ်တွေလုပ်ထားတာတွေထဲက တစ်ခုပဲ”

“ခင်ဗျား စွပ်စွဲတာတွေကို ခင်ဗျား ဂရုစိုက်နော်၊ ရဲကြပ်ကြီး၊ ဟိုမှာ ဘာဖြစ်ခဲ့တယ်ဆိုတာကို အမှန်အတိုင်း ထွက်ဆိုနိုင်တဲ့ ဂုဏ်သရေရှိသက်သေ ခြောက်ယောက် ကျုပ်တို့မှာ ရှိတယ်နော်...”

“ကဲ...ဓာတ်ပုံဟာ လိမ်လည်ပြီး လုပ်ထားတဲ့ ဓာတ်ပုံပါလို့ ပြောနိုင်အောင် ဓာတ်ပုံပေါ်မှာ ပေါ်လွင်နေတဲ့ အရိပ်လက္ခဏာများကို ခင်ဗျား မြင်ရသလား”

“ဒီလို ပြောနိုင်ဖို့ရာ ကျွန်တော်ဟာ ဓာတ်ပုံဘက်မှာ ကျွမ်းကျင်တဲ့လူမှ မဟုတ်ဘဲဟာ”

“ဒီတော့ လိမ်လည်ထားတဲ့ ဓာတ်ပုံပါလို့ခင်ဗျား ဘယ်လိုပြောနိုင်တာလဲ”

“ဒီလိုပုံမျိုး ဖြစ်–ဖြစ်ခဲ့သလို မဟုတ်လို့ပေါ့”

“အို…ဖြစ်ခဲ့ပါတယ်လေ၊ ကဲ…အမှန်ကို ပြောရရင် ခင်ဗျားဟာ ကျမ်းကိုင်ထားတာကို သတိပြုပါဦး၊ ကားမောင်းပြီး ခင်ဗျား ပထမ ဝင်လာတုန်းက ဓာတ်ပုံဆရာအားလုံးဟာ ခင်ဗျားဆီကို စုပြုလာပြီး ခင်ဗျားကို ဓာတ်ပုံအများကြီး ရိုက်ကြတယ်လေ၊ မဟုတ်ဘူးလား”

“သူတို့ရိုက်ပါတယ်လို့ ပြောပြီးပြီပဲ”

“နောက်ပြီး ကျမ်းကျိန်ထားတာကိုလည်း ကျုပ်တို့ သတိပြုကြဦးစို့၊ လျှပ်တစ်ပြက် မီးရောင်တွေက ခင်ဗျားရဲ့ မျက်စိတွေကို ပြာသွားစေတာမို့ ခင်ဗျားရဲ့ မျက်စိတွေက ခဏတာ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား မမြင်နိုင်တာဟာ အကြောင်းအချက် အစစ်အမှန် မဟုတ်ဘူးလား…”

“အထူးသဖြင့် တစ်ဝက်တစ်ပျက် မှောင်ထဲမှာကျနေတဲ့ အရာဝတ္ထုတွေကို ကားဆီကနေ ကြည့်ရင် ပြောတာလေ”

“ဒီလိုလေ ကျွန်တော်က အဲဒီအရာဝတ္ထုတွေကို ကြည့်နေတာမှ မဟုတ်ဘဲ ဟိုအိမ်ကလေးဆီကိုသာ ကြည့်နေတာပဲ၊ ဘာလို့လဲဆိုတော့ အဲဒီအချိန်မှာ အိမ်တံခါးပွင့်လာပြီးနောက်…နောက်”

မေဆင်က ပြုံးလျက် ‘ပြောလေ၊ ဆက်ပြောပါ၊ နောက် ခင်ဗျား ကျမ်းကျိန်ထားတယ်ဆိုတာလည်း သတိထားပါ ရဲကြပ်ကြီး၊ ပြီးတော့ ဟိုမှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကို အစစ်ခံနိုင်တဲ့ ဂုဏ်သရေရှိသက်သေခြောက်ယောက် ရှိတယ်ဆိုတာကိုလည်း မမေ့နဲ့ဦး”

ရဲကြပ်ကြီးဟိုကုမ်း လေသံခပ်ပျော့ပျော့ဖြင့် ပြောလိုက်သည်။

“အင်…တံခါးဖွင့်းခနဲ ပွင့်လာပြီး ဟိုပြေးတဲ့လူဟာ ထွက်လာတယ်”

“သူ့မျက်နှာရှေ့မှာ ဦးထုပ်တစ်လုံးကို ကိုင်ထားလို့ပေါ့နော်”

“ဟုတ်ပါတယ်”

“ဒီလိုဆိုတော့ သူ့မျက်နှာကို ခင်ဗျား မမြင်ရဘူးပေါ့”

“အင်း…သူ့မျက်နှာကို ကျွန်တော် မမြင်ပါဘူး”



“ဒါဖြင့် သူဟာ ဘယ်သူဖြစ်ပါတယ်ဆိုတာကို ခင်ဗျား ဘယ်လိုလုပ် ပြောနိုင်သလဲ”

“ဒါ ကျွန်တော်၊ ကျွန်တော် သူလမ်းလျှောက်ပုံနဲ့ ပြေးပုံကို မြင်တော့ သူ့ကို မှတ်မိတယ်လို့ ထင်ခဲ့တယ်၊ နောက်ပြီး အဲ…ဟိုတည်းခိုခန်းထဲမှာ ပယ်ရီမေဆင် ပုန်းနေတယ်လို့ ကျွန်တော့်ကို ပြောလို့ နောက်ပြီး…”

“ဒါ သိပ်ဟုတ်တာပေါ့၊ ကျုပ် ပြေးထွက်လာမယ်လို့ ခင်ဗျားက မျှော်လင့်ထားတယ်၊ ဒါကြောင့် အခြေအနေအရ ကျုပ်က ဒီလိုလုပ်လိမ့်မယ်လို့ ခင်ဗျားထင်ထားတဲ့အတိုင်း ပုံသဏ္ဌာန်တစ်ခုက လုပ်တယ်”

‘အို…ရုံးမင်းခင်ဗျား၊ ဒါကို ကန့်ကွက်ပါတယ်၊ ဒါဟာ အမှုသွား အမှုလာနဲ့ မဆိုင်ပါဘူး၊ အရေးပါခြင်းလည်း မရှိပါဘူး’ဟု ဟာမီလ်တန်ဘာဂါက အဆိုပြုလိုက်သည်။

“ဒီမှာ…ဒီမှာ ဘယ်သူက ကန့်ကွက်နေတယ်ဆိုတာကို ကြည့်ကြပါဦး’ဟု မေဆင်က ပြုံး၍ ပြောလိုက်သည်။

‘အဖြစ်မှန်ကို ဓာတ်ပုံတွေက သူတို့ဘာသာသူတို့ ပြကြပါလိမ့်မယ်လို့ ထင်တယ်’ဟု တရားသူကြီးက ဝင်၍ ပြောရသည်။

“ကောင်းလှပါပြီ ရုံးမင်းခင်ဗျား၊ ဒါဟာ တရားမမျှတတဲ့ အခွင့်အရေးကို သက်သေအပေါ်မှာ ထင်ထင်ပေါ်ပေါ်ကြီး ယူလိုက်တာပဲ၊ ဒီလိုဘက်မှာ ကျော်ကြားလှတဲ့ အကျိုးဆောင်ကြီးရဲ့ လှည့်ကွက်နဲ့ အတူတူပါပဲ’ဟု ဟာမီလ်တန်ဘာဂါက ပြောပြန်သည်။

“ဟုတ်ပါတယ်၊ လှည့်ကွက်ပါပဲ၊ ဒါပေမဲ့ ရိုးသားတဲ့ သက်သေကို ရှုပ်ထွေးမသွားစေနိုင်မယ့် လှည့်ကွက်ပါ၊ တကယ်ဆိုတော့ ရဲကြပ်ကြီးဟိုကုမ်းရဲ့ မျက်စိတွေကို ကျုပ် မျှော်လင့်ထားတဲ့အတိုင်း လျှပ်တစ်ပြက် မီးလုံးတွေက ခေတ္တမျှ ကန်းသွားစေပါတယ်”

“ဒါကို ဝန်ခံဖို့အတွက် သူဟာ ပွင့်ပွင့်လင်းလင်း မရှိပါဘူး၊ ရိုးလည်း မရိုးသားပါဘူး၊ ဒါပေမဲ့ သူဟာ ဒီသက်သေခုံပေါ်မှာ ကျမ်းကျိန်ဆိုပြီး ထိုင်နေတာဆိုတော့ အမှန်ကို သူထွက်ဆိုရပါမယ်…”

“နို့မို့ရင် မှသားသက်သေခံတဲ့ အပြစ်ထိုက်မှာပါ၊ ဒီဓာတ်ပုံတွေကို ရိုက်ယူတဲ့ သက်သေခြောက်ယောက်ရှိပါတယ်၊ ဒါတွေဟာ အမှန်ဖြစ်ကြောင်း

ကျမ်းကျိန်ထွက်ဆိုကြပါလိမ့်မယ်...”

“ဒီတော့ ဒီနေ့ ဒီအချိန် ပြန်လှန်မေးခွန်းထုတ်စဉ်မှာ ရဲကြပ်ကြီး ဟိုကမ်းဆီက ကျုပ်သိချင်ပါတယ်၊ ဒါကတော့ အခြားမဟုတ်ပါဘူး...

“အခန်းထဲက ထွက်ပြေးလာတဲ့လူဟာ ကျုပ်လား၊ ဒါမှမဟုတ် သူ့ရဲ့ ဝဲဘက်ထောင့်နား၊ လေးပေလောက်အကွာမှာ ရပ်ပြီး ကင်မရာတစ်လုံးကို ကိုင်လို့ သူ့မျက်နှာကို ချိန်ပြီး ဓာတ်ပုံရိုက်တဲ့လူဟာ ကျုပ်လားဆိုတာပါပဲ၊ ကဲ..ဘယ်ဟာပါလဲ ရဲကြပ်ကြီး'ဟု မေဆင်က မေးလိုက်သည်။

“အို...ရုံးမင်းခင်ဗျား၊ ဒါဟာ အလွန်မတရားတဲ့ မေးခွန်းပါ”

'ကန့်ကွက်ချက်ကို ပယ်တယ်၊ မေးတာကို သက်သေက ဖြေပါစေ' ဟု ရုံးမင်းက အဆုံးအဖြတ်ပေးလိုက်သည်။

အကျပ်ရိုက်နေသော ရဲကြပ်ကြီးအား ကြည့်၍ ရွှင်မြူးစွာပြုံးကာ မေဆင်က မေးလိုက်သည်။

“ကဲ...ဘယ်ဟာပါလဲ၊ နောက်ပြီး လိမ်လည်ထွက်ဆိုချက်မှားပါတယ် လို့ ပြဖို့ ဓာတ်ပုံနှစ်ခု ဒီမှာ ရှိနေတာကိုလည်း မမေ့နဲ့ဦးနော်”

'မသိဘူးဗျာ'ဟု ဟိုကမ်းက ဖြေလိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ ပြန်လှန်စစ်မေးတာ ပြီးပါပြီ ရဲကြပ်ကြီး၊ ဒီမှာ မစ္စတာခရိုင်ရှေ့နေကြီး၊ ခင်ဗျားရဲ့ နောက်သက်သေ မစ္စတာဂိုရှင်ကို ထုတ်မယ်လို့ ခင်ဗျားပြောခဲ့တယ်လို့ ကျုပ် ထင်တယ်...”

“ကဲ..အခုထုတ်ပါ၊ မစ္စတာဂိုရှင် ဘာပြောစရာရှိတယ် ဆိုတာကို ကြားစမ်းပါရစေ'ဟု ဘာဂါအား မေဆင်က ပြောလိုက်သည်။

“ရုံးမင်းခင်ဗျား၊ ပုဂ္ဂိုလ်ရေး ကလိတာတွေ ကျွန်တော် မကြိုက်ပါဘူး”

တရားသူကြီးသည် မပြုံးမိအောင် ချုပ်တည်းပြီး ပြောလိုက်သည်။

“ခင်ဗျားကတိပေးထားတာကို တရားခံအကျိုးဆောင်က ပြန်ပြောနေတာပဲ၊ တကယ်တော့ ဒီလိုပြုမူပုံဟာ လိုတာထက် ပိုတယ်လို့တော့ ဆိုရမယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခင်ဗျားတင်မှာသာ ဆက်တင်ပါ မစ္စတာဘာဂါ”

“အခုအချိန်မှာ ငါးမိနစ်ခန့် ခေတ္တရပ်နားပေးပါလို့ ရုံးတော်ကို မေတ္တာရပ်ခံလိုပါတယ်၊ ကျွန်တော်ရဲ့ တွဲဖက်တစ်ယောက်နဲ့ နည်းနည်းလောက် တိုင်ပင်ချင်ပါတယ်၊ အခြေအနေက မမျှော်လင့်ဘဲ တစ်မျိုးပေါ်လာလို့ပါ”



'ရုံးမင်းခင်ဗျား၊ ဂိုရှင်ကို သက်သေခံကို ခေါ်တင်မယ်လို့ တရားလို အကျိုးဆောင်ကြီးက ထပ်ခါတလဲလဲ ပြောခဲ့တာကို တင်ပြပါရစေ၊ သက်သေကို သင်ပေးဖို့ အခွင့်အရေး တစ်စုံတစ်ရာမရခင် သက်သေကို အခုခေါ်ထုတ်စေချင်ပါတယ်'ဟု မေဆင်က စောဒကတက်လိုက်သည်။

ဘာဂါက အော်ပြောလိုက်သည်။

“ဒါကိုတော့ သည်းမခံနိုင်ပါဘူး၊ သက်သေကို သင်ပေးဖို့ ရည်ရွယ်ချက်မရှိပါဘူး၊ သူက သင်ဖို့လိုတဲ့လူ မဟုတ်ပါဘူး”

'ဒါဖြင့်လည်း ခေါ်ပါလေ'ဟု မေဆင်က စိန်ခေါ်လိုက်သည်။

“ငါးမိနစ်ရပ်နားပေးဖို့ ကျုပ် အဆိုပြုထားတယ်ဗျ”

“ကျုပ် ကန့်ကွက်တယ်”

'အဆိုပြုချက်ကို ငြင်းပယ်တယ်၊ ဒီအချိန်မှာ ရပ်နားပေးဖို့ ရုံးတော်က အကြောင်းမမြင်ဘူး'ဟု တရားသူကြီးက ပြောလိုက်သည်။

“ဒါဖြင့် ကောင်းပါပြီ၊ ရော့စ်ကိုး အားရ်ဟန်ဆမ်ကို ထုတ်ပါမယ်”

'ဂိုရှင်ကို ထုတ်မယ်လို့ ကျုပ်က ထင်တာ'ဟု မေဆင်က ကလိလိုက်ပြန်သည်။

'အမှုတွဲကို တင်ပြရာမှာ ခင်ဗျားရဲ့ ညွှန်ကြားချက်တွေကိုပဲ ဖြစ်ဖြစ်၊ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ ညွှန်ကြားချက်ကိုပဲဖြစ်ဖြစ် ကျုပ် လိုက်နာစရာ မလိုဘူး၊ ကျုပ် ကြိုက်သလို တင်နိုင်တယ်'ဟု ဘာဂါက အော်ပြောသည်။

“ဒီမှာ မစ္စတာခရိုင်ရှေ့နေကြီးရဲ့၊ မကြာခင်ကတော့ ကျုပ်ကို ခင်ဗျားက အများကြီး စိန်ခေါ်ခဲ့တယ်လေ၊ အခုတော့ ခင်ဗျားကို ကျုပ်က တစ်ခုပဲပြန်ပြီး စိန်ခေါ်ပါမယ်...”

“ခင်ဗျား ကတိပြုထားတဲ့အတိုင်း မစ္စတာဂိုရှင်ကို သက်သေခံပေါ်ကို ထုတ်ပါလို့ တောင်းဆိုပါတယ်တဲ့၊ နောက်ပြီး သူ့ကို ခင်ဗျား သင်မပေးနိုင်ခင် ထုတ်ပါ'ဟု မေဆင်က တောင်းဆိုပြန်သည်။

'ရော့စ်ကိုးဟန်ဆမ်ကို ကျုပ်ခေါ်ပါတယ်၊ မစ္စတာဟန်ဆမ် ကျေးဇူးပြု၍ ထွက်ခဲ့ပါ”

မေဆင် သွားပေါ်အောင် ပြုံးလိုက်သည်။

တရားသူကြီး အော့စ်ဘွန်း နှုတ်ခမ်းစေ့ထားလိုက်သည်။

သူသည် ရပ်ရှင်းခရီမာကင်တိုင်း ကုမ္ပဏီပိုင်ရှင်ဖြစ်ကြောင်း၊ သေနတ်ကို ရောင်းလိုက်ကြောင်းနှင့် ဝယ်သူ၏ ပုံပန်းသဏ္ဌာန်တို့ကို မစ္စတာဟာန်ဆမ်က ပြောပြသည်။

ထို့နောက် သေနတ်မှတ်တမ်းစာအုပ်နှင့် မှတ်တမ်းတွင် ထိုးထားသည့် သေနတ်ဝယ်သူ၏ လက်မှတ်ကို ထုတ်ပြသည်။ ဟုတ်မှန်ကြောင်း ဖော်ပြရန် မှတ်ထားသော သေနတ်ကို သက်သေခံပစ္စည်း (ဂငယ်)အဖြစ် ရုံးတော်က လက်ခံသည်။

'နောက်ပိုင်းမှာ ဒီသေနတ်ဝယ်သွားသူကို ခင်ဗျား ထပ်တွေ့သေးသလား' ဟု ဘာဂါက စ၍မေးသည်။

"ဟုတ်ကဲ့ခင်ဗျ"

"သူဘယ်သူလဲ"

"သူ့နာမည်ဟာ အာသာကိုးလ်ဆန်ပါ၊ ခြောက်ရက်နေ့မနက်က ခင်ဗျာ့ ရုံးခန်းမှာ သူ့ကို ကျွန်တော် တွေ့ရပါတယ်"

'ပြန်လှန်မေးခွန်းထုတ်ပါ' ဘာဂါက ပြောလိုက်သည်။

'ထုတ်စရာမရှိပါ'ဟု မေဆင်က ခပ်မြူးမြူးပြောလိုက်ပြီး ဆက်၍ 'အခု မစ္စတာကိုရှင်ကို ထုတ်တော့မလား'ဟု ထေ့လိုက်ပြန်သည်။

"ရုံးမင်းခင်ဗျား၊ တရားခံအကျိုးဆောင်ရဲ့ ဆက်တိုက် စိတ်ဆွပေး နေတာကို ကျွန်တော် သည်းမခံနိုင်ပါဘူး"

'ခင်ဗျားက စထားတာကိုး'ဟု တရားသူကြီးက ပြောလိုက်သည်။

"ဒါပေမဲ့ ရုံးမင်းခင်ဗျား၊ ဒါကတော့ နည်းလမ်းမကျဘူးလို့ ထင်ပါ တယ်"

"နည်းလမ်းတော့မကျဘူးဆိုပါတော့၊ ဒါပေမဲ့ ခင်ဗျာ့ကို ဒီလောက်ပဲ ပြောနိုင်မယ် ခရိုင်ရှေ့နေကြီး၊ အမှုကို ခင်ဗျားဆွဲချင်တယ်ဆိုရင်လည်း ဆွဲ ထားနိုင်ပါတယ်..."

"ခင်ဗျာ့အမှုကို ခင်ဗျားကြိုက်သလို တင်ပြနိုင်ခွင့်လည်း တကယ်ရှိပါ တယ်၊ ဒါပေမဲ့ အကြိတ်အနယ်ဖြစ်လာပြီဆိုရင်တော့ ခင်ဗျားရဲ့ အထောက် အထားပြမှုဟာ ရုံးတော်ရဲ့ အဆုံးအဖြတ်အတွက်သာ ဖြစ်လာရမယ်..."

"ကဲ...သက်သေကိုရှင်က ဒီလူဟာ သူပါပဲလို့ ဇွပ်စွဲပြရဖို့ကိစ္စ ရှိတယ်



လို့ ထင်တယ်၊ အဓိကအချက်လည်း ဖြစ်တယ်၊ ခင်ဗျားရဲ့ အမှုအတွက် အလွန်ပဲ အဓိကကျတယ်'ဟု ရုံးမင်းက ပြောလိုက်သည်။

"မှန်ပါတယ် ရုံးမင်းခင်ဗျား"

"နောက်ပြီးတော့ ခင်ဗျားက ကတိပြုတယ်၊ တစ်နည်းအားဖြင့် ခင်ဗျား က ခြိမ်းခြောက်ခဲ့တယ်..."

"အမှုစတင်ဖွင့်ကြောင်း ရုံးတော်ကို ခင်ဗျားပဏာမတင်ပြစဉ်က ခင်ဗျား တင်ပြတဲ့ အချက်တွေကို အထောက်အထားပြနိုင်ဖို့ ဒီသက်သေကို သက်သေခံကို ထုတ်မယ်လို့ ခင်ဗျား...အဲ...ခင်ဗျားကြွားဝါခဲ့တယ်လို့ ဆိုရမယ်..."

"ဒီရုံးတော်ရဲ့ တရားသူကြီးဟာ မနေ့ကမှ မွေးတာမဟုတ်ဘူး၊ နောက်ပြီး ရုံးတော်ဟာ အနားယူနေကျအချိန်အထိ ခင်ဗျားရဲ့အမှုကို ဆွဲထား မယ်ဆိုရင် ဒီလိုလုပ်သင့်တဲ့အကြောင်း ရှိရမယ်ဆိုတာကို ကျုပ် သိတယ်..."

"ဒါ့အပြင် ဒီလို အလှည့်အပတ်ဟာ သက်သေကိုရှင်ရဲ့ ထွက်ဆိုချက် ကို အလွန်ပဲ အားနည်းစေမယ်လို့ ရုံးတော်က သဘောရတယ်၊ ဒါ ရှင်းရှင်း ပြောတာပဲ ခရိုင်ရှေ့နေကြီး..."

"ဒါပေမဲ့ ခင်ဗျားက ဖိတ်ခေါ်လို့ပဲ ဒီအခြေအနေထိ ဖြစ်ပေါ်လာရတာပဲ၊ ကျုပ်စိတ်ထဲမှာ ရှိတာကို ဘွင်းဘွင်းပြောတာပဲ..."

"ဂျူရီလူကြီးတွေ မရှိဘူး၊ ပဏာမ ကြားနာစစ်ဆေးတာလည်း ဖြစ် တယ်၊ တရားသူကြီးရဲ့ အဆုံးအဖြတ်အတွက်သာ တင်ပြတာ သက်သက်လို့ပဲ ယူဆတယ်၊ ကဲ...အမှုကို ဆက်တင်ပါ"

ဟာမီလ်တန်ဘာဂါသည် လည်ချောင်းရှင်းလိုက်ပြီးနောက် တွေဝေပြီး ခဏမျှ ရပ်နေသည်။ ထို့နောက်မှ ပြောလိုက်သည်။

"ကားလ်အီဗတ်ကိုရှင် သက်သေခုံဆီကို ထုတ်ပါ"

ကိုရှင် သက်သေခုံသို့ ရောက်လာသောအခါ ပဏာမမေးမြန်းချက်ကို ဖြေပြီးနောက် တောင်ဗွန်ဒိုလာလမ်း၊ အမှတ် ၇၁၉၊ အခန်းငါး ဂေဟာအနီး တွင် ကပ်လျက် သူနေကြောင်း...

ငါးရက်နေ့ ညနေစောင်းကို သူကောင်းစွာ မှတ်မိရသည့် အကြောင်း မှာ ကားတစ်စီးသည် ဆီပေးမမှန်၍လား၊ မီးမမှန်သောကြောင့်လား၊ နှစ်ခုစလုံး ကြောင့်လားမသိ၊ ဗုန်းဒိုင်းနဲ့ ဆင့်ကာဆင့်ကာ ပေါက်ကွဲသံမြည်ပြီး တွန့်ခနဲ

တွန့်ခနဲ ရှေ့ကို ရွေ့သွားနေလို့ အနောင့်အယှက် ဖြစ်ရခြင်းကြောင့် ဖြစ်ကြောင်း ပြောပြသည်။

'ဒီတော့ ခင်ဗျားဘာလုပ်သလဲ'ဟု ဘာဂါက စ၍မေးလိုက်သည်။

"လမ်းတစ်ဖက်က လူတွေကို ခေါ်ပြီး ကားစက်ကို ရပ်လိုက်ဖို့၊ ဒါမှ မဟုတ်ရင် တစ်ခုခုလုပ်ဖို့ ပြောမယ်ကြံပြီး ပြတင်းပေါက်ကို ဖွင့်ပါတယ်"

"ဒီအတိုင်း ပြောမိရဲ့လား"

"ဟင့်အင်း မပြောမိဘူးခင်ဗျ"

"ဘာပြုလို့လဲ"

"အဲဒီအချိန်မှာပဲ သူတို့က ကားစက်ကို ရပ်လိုက်လို့ပါ"

"နောက်တော့ ကားနဲ့ အဲဒီလူတွေကို ခင်ဗျား မြင်ရရောလား"

"ဟုတ်ကဲ့ခင်ဗျ"

"သူတို့ဟာ ဘယ်လောက်ဝေးဝေးမှာလဲ"

"အင်း...ကားရုံကိုသွားတဲ့လမ်းကြားမှာပါ၊ ခုနစ်ဆယ့်ငါးပေလောက်လို့ ဆိုရပါမယ်"

"ဒီလူတွေရဲ့ကိုယ်ပေါ်ကို အလင်းရောင်ကျနေသလား"

"ဒီလိုပါခင်ဗျား၊ ကားရဲ့ ရှေ့မီးလုံးကြီးများကို ထွန်းထားပါတယ်၊ အဲဒီလူပုံသဏ္ဍာန်တွေဟာ လှည့်ပတ်သွားနေတာကို မြင်နိုင်ပါတယ်..."

"သူတို့ဟာ ကားရုံထဲကို ကြည့်နေကြပါတယ်၊ ဒီလိုလေ၊ သူတို့ရဲ့ နောက်ကျောတွေကိုသာ မြင်ရတော့ သူတို့ ဝတ်စားထားပုံကိုပဲ မြင်ရပါတယ်"

"အဲဒီသဏ္ဍာန်တွေရဲ့ ပုံပန်းအနေအထားကို ပြောနိုင်ပါ့မလား"

"ဟုတ်ကဲ့ခင်ဗျ၊ တစ်ယောက်ကတော့ လူစီဘာတန်ပါ၊ ဒီအမှုမှာ တရားခံဖြစ်သူပါ၊ သူမဟာ ကုတ်အင်္ကျီအကွက်ကို ဝတ်ထားပြီး ငှက်မွေး အနီကလေးထိုးထားတဲ့ ဦးထုပ်အနက်ကို ဆောင်းထားပါတယ်..."

"ခပ်ကျုပ်ကျုပ်ဦးထုပ်ဖြစ်ပြီး၊ ယာဘက်ကို ခပ်စောင်းစောင်းကလေး ဆောင်းထားပါတယ်၊ ရဲတွေက ကျွန်တော့်ကို ပြတုန်းက သူမဟာ အဲဒီအဝတ်အစားကိုပဲ ဝတ်ထားပါတယ်"

"နောက်ပြီး တခြားသဏ္ဍာန်တစ်ခုကကော"

ခြေချင်းလိမ်ပြီး ထိပ်ပြောင်ပြောင်ကို လက်ဖြင့် ပွတ်ကာ ဂိုရှင်က



ပြောလိုက်သည်။

"အင်း...ဒီမှာ ဟို...ခင်ဗျားက ကျွန်တော် စဉ်းစားပြီးမှန်းဆရဖို့ အလုပ်တော့ ပေးနေပြီ"

ရယ်သံများနှင့် တစ်ခန်းလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။

ဟာမီလ်တန်ဘာဂါက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ခင်ဗျားမှာ မျက်စိနှစ်လုံး ရှိတာပဲ၊ ခင်ဗျားမြင်တာကို ခင်ဗျား မသိဘူးလား"

ဂိုရှင်သည် ခေါင်းကို တစ်ဖန် ပွတ်ပြန်သည်။

"ဟုတ်တယ်၊ နောက်ပြီးတော့ ကျွန်တော့်မှာ နားရွက်နှစ်ဖက်လည်း ရှိတယ်လေ၊ အဲဒီတော့ အခုကလေးတင် ကြားခဲ့ရတာတွေကိုတော့ ကျွန်တော် သိတာပေါ့"

တရားသူကြီး အော့စ်ဘွန်းပင် ဝင်၍ ရယ်လိုက်သဖြင့် တစ်ရုံးလုံး သိမ့်သိမ့်တုန်သွားသည်။

အားလုံး ငြိမ်သွားသောအခါ...

"ကဲပါလေ၊ ခင်ဗျား မြင်တာကို တတ်နိုင်သလောက် အကောင်းဆုံး ပြောပြစမ်းပါ"ဟု ဟာမီလ်တန်ဘာဂါက စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

"ဒီလိုလေ၊ အရပ်မြင့်မြင့် လူတစ်ယောက်ကို ကျွန်တော် တွေ့ရတယ်၊ သူ့မျက်နှာကိုတော့ မမြင်ရဘူး၊ သူဟာ ထောင်ထောင်မောင်းမောင်းနဲ့ အားကစား သမားပုံပန်းမျိုးပဲ..."

"သူ လှုပ်ရှားပုံအရဆိုရင် ငယ်ရွယ်ပုံရတယ်၊ တကယ် အသက်ငယ် တာတော့ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ပေါ့ပေါ့ပါးပါး လှုပ်ရှားတယ်..."

"သူ ခြေလှမ်းကျဲကျဲလှမ်းတယ်၊ ခြေတံရှည်တယ်၊ နောက်ပြီး မွဲပြာ ရောင် ဦးထုပ်ကို ဆောင်းပြီး သားရေရောင်အပေါ်အင်္ကျီရှည်ကို ဝတ်ထား တယ်"

"သူ့ကို ခင်ဗျား နောက်ထပ် တွေ့ရသေးသလား၊ တွေ့ရင် သူပါပဲ လို့ အတပ်ခွဲနိုင်မလား"

"ခေါင်းကို ပွတ်ပြီး ဆုတ်ဆိုင်းဆိုင်းလုပ်ရင်း...

"ဟင့်အင်း၊ ကျွန်တော် သေသေချာချာ မသိဘူး'ဟု ဂိုရှင်က ပြန်ဖြေ

သည်။

ရုံးခန်းထဲမှလူများ တခစ်ခစ် လုပ်ပြန်၍ တရားသူကြီး အော့စဘွန်းက တူဖြင့် ထု၍ အငြိမ်ခိုင်းလိုက်ရသည်။

"ဒါပေမဲ့ တရားခံမကိုတော့ ခင်ဗျား အတပ်စွဲနိုင်တယ် မဟုတ်လား"

"ကန့်ကွက်ပါတယ်၊ နိမိတ်ပြ အကြံပြုချက်ပါနေတဲ့အပြင် အထောက်အထားမပါတဲ့ အချက်ကို မှန်းဆစေတယ်၊ အချေအတင် ဆွေးနွေးစရာဖြစ်တယ်…"

'နောက်ပြီး သက်သေကို စကားထည့်ရာ၊ သင်ပေးရာ ရောက်ပါတယ်' ဟု မေဆောင်က ပြောလိုက်သည်။

'ကန့်ကွက်ချက်ကို လက်ခံတယ်'ဟု တရားသူကြီးက ပြောလိုက်သည်။

"သူမ ဘယ်လိုဝတ်စားထားတယ်ဆိုတာ ခင်ဗျား သေသေချာချာ သိတယ် မဟုတ်လား'ဟု ဟာမီလ်တန်ဘာဂါက ဆက်မေးသည်။

"ဟုတ်ကဲ့ခင်ဗျ"

"နောက် သူမရဲ့ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ အသက်နဲ့ ယေဘုယျ ကိုယ်ကာယ တည်ဆောက်ပုံကော"

"သိပါတယ်ခင်ဗျ"

"ဒီတရားခံနဲ့ တထေရာတည်းပဲလား"

"ဟုတ်ပါတယ်ခင်ဗျ"

"နောက်ပြီး ဟိုလူဟာ အခု ခင်ဗျားမြင်နေရတဲ့ လူတစ်ယောက်ယောက်ရဲ့ အရပ်အမောင်းနဲ့ တူသလား"

'နိမိတ်ပြ အကြံပေး မေးခွန်းဖြစ်လို့ ကန့်ကွက်ပါတယ်'ဟု မေဆောင်က ဝင်ထောက်သည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

'ကဲ…ဒါဖြင့် သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို ခင်ဗျား ဘယ်လိုဖော်ပြနိုင်မလဲ' ဟု ဘာဂါက မေးသည်။

"မေးပြီး ဖြေပြီးသားဖြစ်လို့ ကန့်ကွက်ပါတယ်"

"ကန့်ကွက်ချက်ကို လက်ခံတယ်"

"ပြန်လှန်မေးခွန်းထုတ်နိုင်ပါပြီ'ဟု ဟာမီလ်တန်ဘာဂါက ပြောလိုက်



သည်။

'အဲဒီလူကို တစ်ဖန် ပြန်တွေ့ရတယ်လို့ ခင်ဗျား ထင်သပေါ့၊ ဟုတ်လား'ဟု မေဆောင်က စ၍ မေးသည်။

"မြင်တယ်လို့ သေသေချာချာ ထင်တာပေါ့ မစ္စတာမေဆောင်၊ ဟုတ်ပါတယ်ခင်ဗျား၊ ရဲကြပ်ကြီးဟိုကမ်း ဖော်ပြပြောဆိုသွားတာနဲ့ တစ်ထပ်တည်းပါပဲ"

"တစ်နည်းဆိုရရင်ဗျာ၊ ဟိုညက ကားရုံမှာ ခင်ဗျား မြင်လိုက်ရတဲ့ သဏ္ဌာန်ဟာ မော်တော်ယာဉ်မောင်းများ ကွန်းထောက်စခန်းက ထွက်လာတာကို ခင်ဗျား မြင်ရတဲ့လူလိုပဲ၊ အရပ်အမောင်းတူ၊ ကိုယ်လုံးကိုယ်ဖန်တူ၊ အဝတ်အစားအရောင်တူနဲ့ လူလား"

"မှန်ပါတယ်"

"ဒါပေမဲ့ ဟိုလူရဲ့မျက်နှာကို ခင်ဗျား မမြင်ခဲ့ရဘူး မဟုတ်လား"

"မမြင်ခဲ့ရပါဘူး ခင်ဗျာ"

"ကားရုံမှာ သူ့ကို မြင်တုန်းက သူ့ရဲ့ နောက်ကျောကိုပဲ ခင်ဗျား မြင်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျား"

"နောက်ပြီး အလုံးအဖန်တူလောက်ရှိပြီး ဟိုအဝတ်အစားမျိုးကို ဝတ်ထားတဲ့ အရပ်မြင့်မြင့် လူတစ်ယောက်ဆိုရင် ဟိုတုန်းက ခင်ဗျား မြင်ခဲ့တဲ့လူနဲ့ အတူတူလောက်ပဲရှိတဲ့ပုံပေါ့နော်"

"အင်း…ကျွန်တော်၊ ဟင့်အင်း…ဒီလိုမထင်ဘူး၊ သူဟာ ကျွန်တော်မြင်တဲ့လူပါပဲလို့ စွပ်စွဲနိုင်မယ်လို့ ထင်တယ်"

"သူ့ကို ခင်ဗျားမြင်ခဲ့တာ သူပါပဲလို့ စွပ်စွဲပြီးပြီ မဟုတ်လား"

"ဘယ်လိုဆိုလိုတာလဲ"

"ဟိုတည်းခိုခန်းက ထွက်ပြေးတဲ့လူဟာ သူပါပဲလို့ ခင်ဗျားက ထောက်ပြခဲ့တယ်လို့ ရဲကြပ်ကြီးရဲ့ ထွက်ဆိုချက်ကို ခင်ဗျားကြားတယ်လေ"

'အင်း…ဟိုမှာတုန်းက ကျွန်တော် မှားခဲ့တယ်လို့ ထင်ပါတယ်'ဟု အိုးတိုးအမ်းတမ်းနှင့် ဝန်ခံသည်။

"ခင်ဗျား မှားခဲ့ပါတယ်လို့ ဘာက အထင်ရောက်စေတာလဲ"

“ဒီလိုလေ ဟိုလူဟာ ဟိုနေရာမှာ တမင်တကာ လူစားထိုးထားတဲ့ တခြားလူတစ်ယောက်ဖြစ်နေပုံ ရလို့ပေါ့လေ”

‘ခင်ဗျား မှားခဲ့ပါတယ်လို့ ဘာက အထင်ရောက်စေတာလဲ’ဟု မဆောင်က ထပ်၍ မေးသည်။

“အမယ်လေးဗျာ၊ မစ္စတာမဆောင်ရယ်၊ ခင်ဗျားမဟုတ်ပါဘူးလို့ ခင်ဗျားက အထောက်အထား ပြခဲ့ပြီးပြီလေ”

“တစ်နည်းဆိုရင်တော့ဗျာ၊ ကားရုံမှာ ခင်ဗျား မြင်ခဲ့ရတဲ့ လူဟာ တခြား ဘယ်သူမှ မဟုတ်ဘဲ ပယ်ရီမဆောင်ပါလို့ ခင်ဗျားကို ကြိုတင် ပြောထားတယ် ဆိုပါတော့၊ ဟုတ်ရဲ့လား”

“ဒါကတော့ဗျာ၊ ဒါဟာ ရဲတွေက ထင်တာပါ”

“ဒါကို ခင်ဗျားကို ပြောထားတယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“နောက်ပြီး ဟိုအခန်းက ထွက်ပြေးလာတဲ့လူကို ခင်ဗျားမြင်ရတော့ ခင်ဗျားက ရဲကြပ်ကြီးဟိုကုမ်းကို ပြောတယ်၊ ‘ဟိုမှာ...ဟိုမှာ သူပဲ’လို့လေ မပြောဘူးလား”

“အင်း...ပြောခဲ့တယ်လို့ထင်တယ်”

“နောက်ပြီး အဲဟိုသဏ္ဌာန်ဟာ ကားရှေ့မီးရောင်ထဲကို ပြေးတာ ခင်ဗျား မြင်ခဲ့တယ်၊ နောက်ပြီး သူပြန်လှည့်ပြီး ပြန်သွားတာကိုလည်း ခင်ဗျား မြင်ခဲ့တယ်ပေါ့နော်”

“ဟုတ်ပါတယ်ခင်ဗျာ”

“လမ်းကြားကလေးကို ဖြတ်ပြီး ခင်ဗျား ကြည့်နေတုန်းက ခင်ဗျား မြင်ခဲ့ရတဲ့ ပုံသဏ္ဌာန်လိုဟာကို ခင်ဗျား ထင်ထင်ရှားရှားမြင်ခဲ့ရတယ်လား”

“ဒါကတော့ ကျွန်တော် တကယ်တော့ ဟိုလျှပ်တစ်ပြက် မီးရှောင်တွေက ကျွန်တော့်မျက်စိတွေထဲကို စူးဝင်တော့ မြင်သမျှတွေဟာ အမည်းတွေလို ချည်းပဲ ထင်ရတယ်၊ ကြည့်ဖို့တောင် ခက်ခဲသလိုပဲ”

“ဒါပေမဲ့ အဲဒီသဏ္ဌာန်ကို ကောင်းကောင်းမြင်ရလို့ သူပါပဲလို့တောင် စွပ်စွဲဖို့ ခင်ဗျား လုပ်ခဲ့တယ် မဟုတ်လား”

“ဒါတော့ ဟုတ်ပါတယ်”



“ဒီတော့ သူပါပဲလို့ စွပ်စွဲပြခဲ့တယ်ပေါ့”

“ဟုတ်တယ်”

“အခုကျတော့ ခင်ဗျားမှားခဲ့တယ်လို့ ခင်ဗျား ထင်တယ်လား”

“အင်း...ကျွန်တော်မှားခဲ့တယ်လို့ ထင်တယ်”

“ဟိုသဏ္ဌာန်ဟာ ကားရုံမှာ ခင်ဗျား မြင်ခဲ့တဲ့လူဖြစ်တယ်လို့ ရဲတွေက ခင်ဗျားကို ပြောထားတဲ့လူ မဟုတ်လို့ပေါ့၊ မှန်ရဲ့လား”

“ဒါကတော့ ကျွန်...ကျွန်တော် ဘယ်လိုပြောရမယ်ဆိုတာတောင် မသိတော့ဘူး မစ္စတာမဆောင်၊ ဒါပေမဲ့ ထောင်ချောက်ထဲ တိုးမိတယ်လို့ ထင်တယ်၊ နောက်...နောက်ပြီး မလှုပ်သာ မလှည့်သာ အမိခံလိုက်ရတာပါပဲ”

တရားသူကြီး အော့စ်ဘွန်းပင်လျှင် ပြုံးလေသည်။

“နောက်ပြီး လမ်းကြားမှာ ခင်ဗျားမြင်တဲ့ အဲဟို အမျိုးသမီးမှာ အဖော် ယောကျ်ားတစ်ယောက်နဲ့လား”

“ဟုတ်တယ်”

“နောက်ပြီး ဟိုယောကျ်ားကို မြင်ရသလိုပဲ၊ အမျိုးသမီးကိုလည်း တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ခင်ဗျားမြင်တယ်လား”

“ဟုတ်ပါတယ် ခင်ဗျား”

“အခြေအနေ တူမှာပဲလား”

“ဟုတ်ပါတယ်ခင်ဗျာ”

“နောက်ပြီး ခင်ဗျားမြင်တဲ့လူဟာ သူပါပဲလို့ မစွပ်စွဲနိုင်ရင် ဟိုအမျိုးသမီး ကိုတော့ ဘယ်လိုလုပ်ပြီး စွပ်စွဲနိုင်သလဲ”

“ဒါကတော့ ဒါကတော့ ကျွန်တော်သာ မမှားခဲ့ရင် ဟိုလူကိုလည်း တကယ်စွပ်စွဲထောက်ပြနိုင်ခဲ့မှာပါပဲ”

“လူတစ်ယောက်ကိုတော့ သူပါပဲလို့ ထောက်ပြခဲ့တယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“အခုတော့ လူမှားနေတယ်လို့ ခင်ဗျား ထင်တာပေါ့”

“ထင်ခဲ့နိုင်ပါတယ်”

“နောက်ပြီး ကားရုံမှာ ယောကျ်ားကို ထင်ထင်ရှားရှား မမြင်ခဲ့နိုင်သလို အမျိုးသမီးကိုလည်း ဟိုယောကျ်ားထက် ပိုပြီး ထင်ထင်ရှားရှား မမြင်ခဲ့နိုင်ဘူး

ပေါ့”

“အင်း၊ ဟုတ်ပါတယ်”

“ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ”

တရားသူကြီး အောစ်ဘွန်းက ဟာမီလ်တန်ဘာဂါကို စောင့်ကြည့်လိုက်ပြီး…

“ကဲ…အံခု ကြားနာတာကို ဆယ်မိနစ်နားမယ်”ဟု ပြောလိုက်သည်။

□

# (၂၆)

တရားသူကြီး အောစ်ဘွန်း ထထွက်သွားသည်နှင့် တစ်ပြိုင်နက် လူစီဘာတန်သည် ပယ်ရီမေဆင်ဘက်သို့ လှည့်ပြီး သူမ၏ လက်အိတ်စွပ်ထားသော လက်ဖြင့် သူမ၏ခါးကို နာနာညှစ်လိုက်သည်။

“မစ္စတာမေဆင်၊ ရှင်ဟာ သိပ်တော်တာပါကလား”

“ဒါဟာ အစပဲရှိသေးတယ် လူစီ၊ ဆရာ့ကို စွပ်စွဲမယ့် သက်သေကို ပုတ်ထုတ်နိုင်ရုံပဲ ရှိသေးတယ်၊ ဒါပေမဲ့ ဟိုနေရာမှာ မင်းမရှိခဲ့ဘူးလို့ ပြနိုင်တဲ့ နည်းလမ်းမရှိရင် မင်းကို တပ်အပ်စွဲထားတာကို မမေ့နဲ့ဦးနော်”

“ဒါတော့ ဟုတ်တာပေါ့”ဟု လူစီက တီးတိုးပြန်ပြောသည်။

“ပြီးတော့ ပစ်တကင်ကို ပစ်သတ်တဲ့ သေနတ်ဟာ အာသာကိုးလ်ဆန်က မင့်ကို ပေးတဲ့ သေနတ်ဖြစ်နေတာဟာက ထင်ရှားနေတယ်၊ နောက်ပြီး အကြောင်းဆိုလာတာက ဟိုလစ္စတာ အသတ်ခံရတယ်၊ သူထားခဲ့တဲ့ အသက်အာမခံအတွက် ဒေါ်လာနှစ်သောင်း မင်းရဖို့လည်း ရှိတယ်”

“ဒါပေမဲ့ ဒီလိုလည်း ကြည့်ပါဦး၊ မစ္စတာမေဆင်ရယ်၊ ကျွန်မက ရော့စ်ကို ချစ်တယ်၊ သူ သေတာဟာ ကျွန်မ အသည်းကွဲရမတတ်ပါပဲ၊ ကျွန်မတို့ လက်ထပ်ကြမလို့လေ…”

“ကျွန်မအတွက်ကတော့ သူဟာ တစ်သက်တာ အားကိုးစရာ၊ ချစ်နှစ်

သက်စရာဖြစ်တဲ့လူ၊ အိုးအိမ်အတည်တကျပေးတဲ့လူ၊ မိန်းမတစ်ယောက်အ အားကိုးနိုင်တဲ့လူ ဖြစ်တယ်ရှင့်"

"ဒါကတော့လေ၊ အသက်အာမခံငွေဒေါ်လာနှစ်သောင်းကို ရနိုင်တဲ့ နည်းလမ်းကို ပြနိုင်ပြီး သူ့ကိုလည်း လက်ထပ်နိုင်မယ့် နည်းလမ်းကိုလည်း ပြတဲ့ အသာကိုးလ်ဆန်နဲ့ မင်းဟာ ချစ်ကြိုက်မနေဘူးဆိုမှသာပေါ့"

"မစ္စတာမေဆင်ရယ်၊ တလွဲချော် မတွေးစမ်းပါနဲ့၊ ဆရာကြီးဟာ ဓော စောစောက သိပ်ကောင်းတယ်၊ အခုတော့ ခရိုင်ရှေ့နေကြီးလိုပဲ ပြောနေပြီပေါ့လေ"

"မင်းဟာ ဘယ်လောက်မှ မသိသေးပါဘူးကွယ်၊ သူဘယ်လိုပြောလာ မယ်ဆိုတာကို စောင့်ကြည့်ပါဦး…

"အလောင်းကို တွေ့ပြီး မင့်လက်ကိုင်အိတ်ထဲမှာ သေနတ်ရှိနေတုန်းက ရဲကို အကြောင်းကြားပါလို့ ကျုပ် ခိုင်းတာကို မင်း ဘာလို့ မလုပ်တယ် ဆိုတာ ခုထက်ထိ မင်း ရှင်းမပြသေးဘူး"

"ဒီမှာ မစ္စတာမေဆင်၊ ဒါကို ကျွန်မ မရှင်းနိုင်ဘူး၊ ရှင်းရှင်းကို ရှင်း မပြနိုင်ဘူး၊ ဒီဇာတ်ကြောင်းကို ဆရာကြီးကိုလည်း ရှင်းမပြနိုင်ဘူး၊ အိုရှင် ဘယ်သူ့ကိုမှလည်း ရှင်းမပြနိုင်ဘူး၊ ရှင်းပြီလား"

"ကောင်းပါပြီတဲ့ဗျာ၊ ကျုပ်ကတော့ အနေသာကြီးပါ၊ မင်းသာ လူ သတ်မှုနဲ့ အမှုပတ်မှာ၊ နောက်ပြီးတော့ နောက်ပိုင်းမှာ ဂျူရီလူကြီးတွေကို ကျေနပ်အောင် ရှင်းမပြနိုင်ရင် လူသတ်မှုနဲ့ ပြစ်ဒဏ်ခံရမှာ"

"ကျွန်မကို လွတ်အောင် မလုပ်နိုင်တော့ဘူးလား"

"ဘာဖြစ်ခဲ့တယ်ဆိုတာကို ကိုယ်မသိရရင်၊ နောက်ပြီး သိရတယ်ထား ပါဦး၊ အဲဒီသိရတဲ့ အကြောင်းအရာကလည်း ကောင်းတဲ့အကြောင်းအရာ မဖြစ်ခဲ့ရင်တော့ မတတ်နိုင်ဘူး"

"တခြားမိန်းမတွေဆိုရင် လူသတ်ပြီး လွတ်သွားကြတာပဲ၊ ရှေ့နေ တွေက…"

"ကျုပ်သိတယ်၊ ဒါပေမဲ့ အခြေအနေက တစ်မျိုးပဲ ကိုးလ်ဆန်က ကြိုးဆွဲဆရာကြီး လုပ်လိုက်တာနဲ့ လူနှစ်ယောက် အသတ်ခံရတာပဲ…"

"အဲဒီအထဲက တစ်ယောက်ကို ပစ်သတ်တဲ့ ခြောက်လုံးပြူးဟာ လူ သတ်မှုတွေ မဖြစ်ခင်ကရော ဖြစ်ပြီးတဲ့ နောက်မှာရော မင့်လက်ထဲမှာ ရှိနေခဲ့



တယ်၊ လူသတ်မှုတွေ ကျူးလွန်စဉ်က မင့်လက်ထဲမှာ မရှိဘူးဆိုတာကို မင်း တော်တော်ကြာအောင်ကို ကြိုးစားပြီး ရှင်းယူရလိမ့်မယ်"

"မစ္စတာမေဆင်ရယ်၊ အာသာကိုးလ်ဆန်ဟာ ရှင် ပြောသလို ကြိုးဆွဲ ဆရာကြီးလုပ်တဲ့လူ မဟုတ်ပါဘူး"

'မဟုတ်ဘူးလား'ဟု မေဆင်က မယုံတယုံနှင့် ပြန်မေးလိုက်ပြီး…

"သူ ဘယ်တော့မှ ဘာမှမလုပ်၊ ဘာမှလည်းမပြော၊ အဲဒါနဲ့ပဲ သူရဲ့ ရိုးသားမှုကို ကျုပ်က ယုံလိုက်ရတော့မယ် ဆိုပါတော့လေ"

"ကျွန်မကို ကူညီ ထောက်မဖို့သာ သူလုပ်နေတာပါ မစ္စတာမေဆင်၊ ဒါကိုတော့ ဆရာကြီးလက်ခံပါ၊ သဘောလည်း ပေါက်ပါ"

မေဆင်က ပြုံးရုံသာ ပြုံးသည်။

"ဆရာကြီးပြောတဲ့ နောက်က ကြိုးဆွဲတာကို လုပ်တယ်ဆိုတဲ့ လူက ဆရာကြီး တစ်ခါမှ တွေ့ဆုံစကား ပြောဆိုဖူးတဲ့ လူမဟုတ်တဲ့ လူတစ်ယောက် ရှင့်"

"ဒါဖြင့် ဘယ်သူလဲ"

"ဝီလ်ဘာတန်လေ"

လက်အိတ်ကို ချွတ်ပြီး ပါးစပ်ကို လက်ဖြင့် ပိတ်ကာ…

"ဟော…ကျွန်မစကားလွန်သွားပါကလား၊ သူသိရင်တော့ ဒေါပွတော့ မှာပဲ"

"ဒါက မင်း မူရာလုပ်တာလား"

"ဘာရှင့်"

"ဟိုနာမည်ကလေး ပါးစပ်ထွက်သွားမိတာလေ"

"မဟုတ်ရပေါင်ရှင်၊ ကျွန်…ကျွန်မ ပြောမိတာ စိတ်မကောင်းပါဘူး"

"မင်းဟာ တကယ်လည်တဲ့ မူရာသည်ကလေးပဲ၊ ကျုပ်ကို ဖမ်းဖို့ အခု ဘာအကွက်ဆင်နေပြန်သလဲ မသိဘူး၊ ဒါပေမဲ့ ကျုပ်ကတော့ အမိခံမှာ မဟုတ်ဘူးနော်"

"ဆရာကြီးကသာ ဘာမှမပြောဘဲ နေရင် ကျွန်မဆီမှာ သေနတ်ရှိတာ ကို ဘယ်တော့မှ သူတို့ ထောက်ပြနိုင်မှာ မဟုတ်ဘူး"

"ဒီလို ဘာကြောင့် မင်းက ထင်ရတာလဲ"

"အာသာကိုးလ်ဆန်က ကျွန်မကို ဒီလိုပဲပြောလို့"

'အလကား စိတ်ကူးယဉ်အရူး'ဟု မေဆင်က စိတ်ဆိုးမာန်ဆိုးနှင့် ရေရွတ်လိုက်သည်။

"သူဟာ လျင်တယ်နော် မစ္စတာမေဆင်၊ သူဟာ သိပ်ပါး သိပ်နပ်တာ"

'ဟုတ်ပါလိမ့်မယ်'ဟု မေဆင်က ရွဲ့၍ ပြောလိုက်သည်။

"နောက်ပြီး သူက ပြောတယ်၊ ကျွန်မဆီမှာ သေနတ်ရှိတယ် ဆိုတာကို ဘယ်သူမှ ခြေရာခံလို့မရအောင် သူလုပ်မယ်တဲ့"

"မင်းဟာ ဟိုလစ္စတာနဲ့ စေ့စပ်ထားတယ်၊ တနင်္လာနေ့ညက အလုပ်ကိစ္စနဲ့ တခြားသွားဖို့ သူစီစဉ်တယ်၊ ဒါကို မင်းသိတယ်..."

"အဲဒါကြောင့် အဲဒီ ညနေပိုင်းမှာ အာသာကိုးလ်ဆန်နဲ့ မင်း လျှောက်လည်တယ်၊ အဲဒီအဖြစ်ကို ကျုပ် မကြိုက်ဘူး၊ ဂျူရီလူကြီးတွေလည်း ကြိုက်မှာ မဟုတ်ဘူး"

"တကယ်ပါ၊ အာသာဟာ ကျွန်မရဲ့ အစ်ကိုတစ်ယောက်လိုပါ"

"အာသာကိုးလ်ဆန်ကို ဟိုလစ္စတာ သိသလား"

"မသိဘူး၊ သူတို့ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မတွေ့ဖူးကြဘူး"

"ဒီအမှုထဲမှာ အာသာပါလာတာကို ကျုပ်မကြိုက်ဘူး"

"ဆရာကြီး စောင့်သာကြည့် သူ..."

"ဟုတ်ရဲ့လား၊ သူက ဘာကိုလုပ်မှာလဲ"

"ဘာမှ မလုပ်ပါဘူး"

မေဆင်သည် လူစီအား စက္ကန့်အနည်းငယ် စိုက်ကြည့်သည်။

"ဟိုသေနတ်ပေါ်မှာ ကျုပ်ရဲ့လက်ဗွေရာ ထင်နေတယ်၊ နောက်ပိုင်းကျရင် မင်းက ရှင်းပြရလိမ့်မယ်"

ကောက်ကျစ်သည့် အပြုံးကလေးကို သူမ၏ ပါးစပ်ထောင့်ကို တွန့်၍ ပြုံးလိုက်သည်။

"အဲဒီကိစ္စအတွက် ဘာလုပ်ရမယ်လို့ ကျွန်မကို အာသာကိုးလ်ဆန်က ပြောထားပါတယ်၊ မပူပါနဲ့၊ ကျွန်မ ကြည့်ရှင်းပါမယ်"

□

# (၂၇)

ရုံးပြန်စသောအခါ မျက်နှာနီမြန်းပြီး စိတ်ဆိုးနေသေးသော်လည်း အနည်းငယ် ပြန်လည်ထိန်းနိုင်ပြီဖြစ်သည့် ဟာမီလ်တန်ဘာဂါက သက်သေခုံသို့ ဝီလ်ဘာတန်ကိုခေါ်ဖို့ ပြောလိုက်သည်။

မေဆင်၏ဘေးတွင် ထိုင်နေသော လူစီဘာတန်သည် အသံကိုအုပ်၍ တိုးတိုးကလေး ပြောလိုက်သည်။

"အလို... အလို... သူမလုပ်ပါစေနဲ့"

မေဆင်သည် ကုလားထိုင်ကို အမှတ်မထင် လှည့်လိုက်ပြီးလျှင် 'ပြုံးစမ်းပါ'ဟု လူစီအား ပြောလိုက်သည်။

သူမ၏ မျက်စိများထဲတွင် ကြောက်ပုံပေါ်နေပြီး နှုတ်ခမ်းများ တုန်နေသည်။

"ပြုံးစမ်း၊ မင့်ကို ဝိုင်းကြည့်နေကြတယ်"

တုန်လှုပ်နေသော အပြုံးတုကလေးဖြင့် သူမ၏နှုတ်ခမ်းများကို တွန့်လိုက်သည်။

ဝီလ်ဘာတန်သည် သပ်ရပ်စွာ ဖြီးလိမ်းဝတ်ဆင်ထားပြီး သူတစ်ပါးကိုသာ အမိန့်ပေးလေ့ရှိပြီး သူက အမိန့်ပေးခံလေ့ မရှိသည့် ကုန်သည်ကြီးတစ်ယောက်ပုံဟန်၊ အများက အလေးထားရသည့် လူတစ်ယောက်၏ပုံစံနှင့်

သက်သေကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

တည်ကြည်ပြီး ပြတ်သားသောလေသံဖြင့် သူ၏အမည် နေရပ်ကို ပြောပြီး ရေနံထွက်ရန် အလားအလာကောင်းသော မြေနေရာများတွင် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အဖြစ် သူ၏အလုပ်အကိုင်ကို ပေးသည်။

ထို့နောက် လူစီအား ပထမအကြိမ်အဖြစ် ဖျတ်ခနဲ စောင်းကြည့်လိုက်သည်။ ထို့နောက် ဟာမိလ်တန်ဘာဂါဘက်သို့ ပြန်လှည့်ပြီးနောက် မေးမည့်မေးခွန်းကို စောင့်လိုက်သည်။

"ခင်ဗျားနာမည်က ဒီအမှုရဲ့ တရားခံမနာမည်နဲ့ တူနေတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော့်နာမည်ကို သူမက ခံယူထားပါတယ်"

"တစ်ချိန်တုန်းက သူနဲ့ လက်ထပ်ဖူးသလား"

"ဟုတ်ပါတယ်ခင်ဗျ"

"ပြီးတော့ ကွာရှင်းကြရောလား"

"ဟုတ်ပါတယ်"

"ဘယ်တုန်းက ကွာရှင်းသလဲ၊ ဒီဂရီအမိန့် အပြီးသတ်ကျပြီလား"

"လွန်ခဲ့တဲ့ ဆယ့်ရှစ်လလောက်ကပါ၊ အခုကျပါပြီ"

"ခင်ဗျား ထောက်ပံ့ကြေးပေးနေရသလား"

"ဟုတ်ကဲ့ခင်ဗျာ"

"ဒီလငါးရက်နေ့ညနေက သူမနဲ့တွေ့သေးသလား"

"ဟုတ်ကဲ့၊ တွေ့ပါတယ်ခင်ဗျာ"

"ဘယ်အချိန်ကလဲ"

"ခြောက်နာရီခွဲလောက်၊ အဲဒါထက် နည်းနည်းလောက် နောက်ကျချင်ကျမယ်"

"ဘယ်မှာ တွေ့ကြတာလဲ"

"ကျွန်တော်က ဘရော့ဒ်ဝေး အားကာကလပ်မှာပါ၊ ကျွန်တော်နဲ့ တွေ့ချင်လို့ သူဖုန်းဆက်ပြီးပြောပါတယ်၊ ညှို့ခန်းထဲမှာ ခဏလောက်တော့ တွေ့မယ်လို့ ကျွန်တော်က ပြန်ပြောပါတယ်၊ ဒါပေမယ့် ဆူဆူပူပူလုပ်ရင်တော့..."

"မေးပြီးလို့ ဖြေပြီးတဲ့မေးခွန်းဖြစ်လို့ ကန့်ကွက်ပါတယ်"ဟု မေဆင်က



ဝင်ပြတ်လိုက်သည်။

"ကောင်းပြီ၊ ဒူမကိုခင်ဗျား ကလပ်ဧည့်ခန်းမှာ တွေ့တယ်ပေါ့"

"ဟုတ်ကဲ့ခင်ဗျား"

"တခြား ဘယ်သူရှိသေးသလဲ"

"လူစီနဲ့ကျွန်တော် နှစ်ယောက်တည်းပါ"

"သူမက ဘာပြောသလဲ"

"ဆိုးဆိုးရွားရွား တစ်ခုခုတော့ ဖြစ်နေပြီ၊ ဒီပြည်နယ်က ထွက်သွားရမယ်တဲ့၊ ထောက်ပံ့ကြေးနဲ့ ပြတ်စဲရေး အပြီးသတ်ရှင်းတဲ့အနေနဲ့ ငွေဒေါ်လာ သောင်းငါးထောင် အပြတ်ပေးပါတဲ့"

"ခင်ဗျားသူ့ကို စရိတ်ထောက်နေရတာပေါ့နော်"

"ဟုတ်ကဲ့ခင်ဗျာ"

"ဘယ်လောက်လဲ"

"တစ်ပတ် ဒေါ်လာနှစ်ရာပါ"

"ဒီပြည်နယ်က ဘာလို့ထွက်သွားစေချင်တယ်ဆိုတာကို သူက ခင်ဗျားကို ပြောပြသလား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဘာပြောလို့တဲ့တုံး"

"သူမရဲ့ ကားရုံထဲမှာ လူတစ်ယောက်သေနေတာကို တွေ့ရတယ်၊ အဲဒီ သေတဲ့လူဟာ သူမရဲ့ ပထမယောကျ်ားပါလို့လည်း နောက်ဆုံးမှာ ဖွင့်ပြောတယ်၊ ဒီအဖြစ်ပေါ်သွားရင် သူမရဲ့ဘဝဟာ ပျက်တော့မှာပဲတဲ့"

"ဒီတော့ သူ့ကိုခင်ဗျားက ဘာပြောသလဲ"

"ဒီလိုလေ၊ တောင်းတဲ့ငွေက ကျွန်တော်ပေးရမယ့်ငွေထက် ပိုနေတော့ မပေးဘဲ ရှောင်ချင်တယ်လေ၊ ဒါကတော့ သဘာဝပဲ မဟုတ်လား...

"ဒီငွေသား ဒေါ်လာသောင်းငါးထောင်ကို ရှာဖို့ဆိုတာ မလွယ်ဘူး၊ နောက်ပြီး ဒီလိုလုပ်ရင် တရားဝင်ဖြစ်နိုင် မဖြစ်နိုင် ရှေ့နေနဲ့လည်း တိုင်ပင်ရဦးမယ်... "

"ပြီးတော့ ငွေတလုံးတခဲတည်း ပေးဖို့ဆိုတဲ့ အကြံကိုလည်း သိပ်မကြိုက်ဘူး၊ ဒါ့အပြင် တောင်းတဲ့ငွေကလည်း များလွန်းတယ်လို့ ကျွန်တော်က

ပြောလိုက်တယ်”

“ဒါဟာ အပြီးသတ်ဖြေဖို့ပဲလို့ သူမက လက်ခံသလား”

“မခံဘူး ခင်ဗျ၊ တစ်ခုခုတော့ ကျွန်တော်က မြန်မြန်လုပ်ပေးရမယ်တဲ့၊ သူမ အခု အဆိုပြုတာအတွက် သန်းခေါင်အထိပဲ အချိန်ပေးမယ်တဲ့၊ သန်းခေါင် မတိုင်မီကလေးမှာ ဖုန်းဆက်မယ်တဲ့…”

“အဲဒီညမှာပဲ လေယာဉ်နဲ့သွားချင်တယ်လို့လည်း ပြောသေးတယ်၊ နောက်ဆုံးကျတော့ ငွေလက်ငင်းပေး ဒေါ်လာတစ်သောင်းအထိ သူလျှော့ချလာတယ်”

“သူ ဖုန်းပြန်ဆက်သေးသလား”

“မဆက်ဘူးခင်ဗျ၊ ကျွန်တော်ကတော့ ရှေ့နေတွေနဲ့ တိုင်ပင်ပြီး သူမ တင်ပြတာကို လက်ခံဖို့ အစီအစဉ်လုပ်ပါတယ်၊ ငွေသား ဒေါ်လာတစ်သောင်းနဲ့ အပြီးသတ် ကျေအေးခွင့်လွှတ်စာကို သူမ လက်မှတ်ထိုးဖို့လည်း အဆင်သင့် လုပ်ထားပါတယ်၊ ဒါပေမယ့် သူ ကျွန်တော်နဲ့ မဆက်သွယ်တော့ပါဘူး”

“သူနဲ့ တွေ့တုန်းက သူ့မှာအဖော်မပါဘူးလား”

“မပါဘူးခင်ဗျ”

“အန်နီတာရော့ဒ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ခင်ဗျားသိသလား”

“တွေ့ဖူးပါတယ်”

“ဒီစကားတွေကို ပြောတုန်းက အန်နီတာဟာ တရားခံမနဲ့ အတူ ရှိသလား”

“မရှိပါဘူးခင်ဗျား၊ တရားခံတစ်ယောက်တည်းပါ”

“ပြန်လည် မေးခွန်းမေးနိုင်ပါပြီ”

ပယ်ရီမေဆင်အား စကားဖြင့် စိန်ခေါ်သည့်အနေဖြင့် ဘာဂါက ပြောလိုက်သည်။

“ခင်ဗျား သူမကို တစ်ပတ်ဒေါ်လာနှစ်ရာ ထောက်ပံ့ကြေး ပေးရတယ် နော်… ဟုတ်စ”ဟု မေဆင်က စ၍ မေးလိုက်သည်။

“ဟုတ်ကဲ့ ခင်ဗျ”

“ဒီလိုအပတ်စဉ် ထောက်ပံ့ကြေး ပေးနေရတဲ့အစား ဒေါ်လာ တစ်သောင်း ငါးထောင်နဲ့ တစ်လုံးတည်းအပြီးသတ် ကျေအေးဖို့ကိစ္စကို ခင်ဗျား သဘော



တူဖို့ လက်တွန့်တယ်လို့ ရုံးတော်က ယုံကြည်စေချင်တာလား”

“ဟာ… ဒီလိုမဟုတ်ပါဘူးဗျာ၊ ကျွန်တော် လက်တွန့်နေပါတယ်လို့ သူမကသာ ထင်စေချင်တာပါ”

“တစ်မျိုးဆိုတော့ ခင်ဗျားဟာ လက်တွန့်နေပါတယ်လို့ သူမကို ခင်ဗျား ပြောတာပေါ့၊ ဟုတ်ရဲ့လား”

“ဒီလိုပဲ သူအထင်ရှိစေချင်ပါတယ်၊ ဟုတ်ပါတယ်”

“ဒါပေမယ့် တကယ်တော့ ဒီလိုပြေလည်အောင်လုပ်ဖို့ ခင်ဗျား စိတ်ထက်သန်တယ်ပေါ့”

“ဒါကတော့ သဘာဝပဲလေ”

“ဒါပေမယ့် အရောင်းအဝယ်သမားကြီးတစ်ယောက် အနေနဲ့ဆိုတော့ ဒီသဘောထားမျိုးကို သူမ မမြင်အောင် ခင်ဗျား ကြိုးစားတယ်ပေါ့”

“ဟုတ်ပါတယ် ခင်ဗျ”

“ဒီတော့ ခင်ဗျား ဒီလိုလုပ်ချင်တယ်၊ မလုပ်ချင်ဘူးဆိုတာကို ခင်ဗျား မဆုံးဖြတ်ရသေးဘူးလို့ သူ့ကိုပြောတယ်လား”

“မှန်ပါတယ်”

“တစ်မျိုးပြောရရင် သူ့ကို ခင်ဗျား ညာလိုက်တာပေါ့”

ဘာတန် မျက်နှာနီသွားသည်။

“ရုံးမင်းခင်ဗျာ၊ ဒါကို ကန့်ကွက်ပါတယ်၊ ဒါဟာ သက်သေကို စော်ကားတဲ့ စကားပါ”ဟု ဘာဂါက ထ၍ပြောလိုက်သည်။

“အို… ဒါဖြင့် ဒီစကားလုံးအစား ပိုပြီးပျော့ပျောင်းတဲ့စကားလုံးကို လိုချင်ရင် ဒီလိုတစ်မျိုးမေးပါမယ်လေ၊ တစ်နည်းဆိုရင် မစ္စတာဘာတန် ခင်ဗျားရဲ့မယားကို ခင်ဗျားက မုသားပြောလိုက်တယ်ပေါ့”

ဘာတန်၏မျက်လုံးများသည် ဒေါသဖြင့် ပြောင်လက်လာသည်။

“ဒါကိုလည်း ကန့်ကွက်ပါတယ်”ဟု ဘာတန်က ပြောပြန်သည်။

“ဟုတ်တယ် မဟုတ်ဘူးလို့ သူဖြေနိုင်တာပဲ”ဟု မေဆင်ကလည်း ပြန်ပြောလိုက်သည်။

မေဆင်အား ဘာတန်က ဒေါသဖြင့် စိုက်ကြည့်သည်။

“မေးခွန်းက ခင်ဗျားရဲ့မယားကို ခင်ဗျား မုသားပြောတယ် မပြောဘူး

ဆိုတာပဲ၊ ဟုတ်ကဲ့လို့ ဖြေချင်ဖြေ၊ မဟုတ်ရင် မဟုတ်ဘူးလို့ ဖြေနိုင်တာပဲ"

"ဘာအကြောင်းလဲ"

"ငွေသားတက်လုံးတည်းပေးဖို့ ခင်ဗျားဆန္ဒရှိတဲ့အကြောင်းလေ"

"ဒါဟာ အရေးမပါဘူးလို့ ထင်ပါတယ်"ဟု ခရိုင်ရှေ့နေကြီးက ဝင်ထောက်သည်။

"ကျုပ်ကတော့ အရေးပါတယ်လို့ ထင်တယ်"ဟု မေဆင်က ပြောလိုက်သည်။

"အင်း… ကျုပ်ကတော့ အရေးမပါဘူးလို့ ထင်တာပဲ"ဟု ဘာဂါက ပြောပြီး ဆက်၍…

"ခုတင်က အကြောင်းပြန့်ပဲ ဖြတ်ပြီး ကန့်ကွက်ချင်ပါတယ်၊ ဒါဟာ ပုံမှန်ပြန်လှန် မေးခွန်းထုတ်ပုံထုတ်နည်းမှ မဟုတ်ဘဲ"ဟု ပြောလိုက်သည်။

"ကန့်ကွက်တာကို ပယ်တယ်"ဟု တရားသူကြီးက ပြောလိုက်သည်။

"သူမကို ခင်ဗျား မုသားပြောလိုက်တယ် မဟုတ်လား"ဟု မေဆင်က ထပ်ကျော့၍ မေးသည်။

"ဟုတ်တယ်"ဟု သက်သေဘာတန်က စိတ်ဆိုးစွာနှင့် အော်ပြီးဖြေသည်။

"ပစ်တကင်ကို ခင်ဗျားသိတာ ဘယ်လောက်ကြာပြီလဲ"

"အင်း… သူ့ကိုတွေ့ဖူးတယ်၊ ဒါပေမယ့် ဘယ်သူရယ်လို့ မသိဘူး၊ ဒါက သူဟာ လူစီနဲ့လက်ထပ်ဖူးတယ်လို့ မထင်လို့ပဲ၊ ဒါကို ကျွန်တော်သိရတော့ ကျွန်တော် တုန်လှုပ်သွားတယ်"

"ဒါပေမယ့် ပစ်တကင်ကိုတော့ တွေ့ဖူးတာပေါ့"

"မစ္စတာအာကျိုင်းရဲ့ ယာဉ်မောင်းအနေနဲ့ သူ့ကိုသိပါတယ်၊ မစ္စတာအာကျိုင်းဟာ ကျွန်တော့်ကလပ်ရဲ့ မင်းဘားတစ်ယောက်ပါ၊ ဒီကလပ်ကို ရေနံလုပ်ငန်းသမား တော်တော်များများ ဝင်ကြပါတယ်"

"ခင်ဗျားက ရေနံရှာတဲ့ဘက်မှာ စိတ်ဝင်စားတယ်၊ မစ္စတာအာကျိုင်း၊ မစ္စတာရော့စ်ပီဟိုလစ္စတာနဲ့ မစ္စတာ ဒပ်ဒလေဂိတ်တို့ကလည်း ဒါမျိုးမှာ စိတ်ဝင်စားတယ်…"

"နောက်ပြီး အားလုံးဟာ ကလပ်တစ်ခုတည်းရဲ့ အဖွဲ့ဝင်မင်းဘားတွေလည်း ဖြစ်တာကြောင့် ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက် မကြာမကြာ



တွေ့ကြမှာပေါ့နော်"

"ဟင့်အင်း… မတွေ့ကြပါဘူး၊ အာကျိုင်း၊ ဟိုလစ္စတာနဲ့ ဂိတ်တို့ဟာ အစုစပ်အစီအစဉ်ရှိတယ်၊ မြေကွက်တစ်ခုမှာ သူတို့ စပ်တူလုပ်ကြတယ်၊ ကျွန်တော်က အထွေထွေအရောင်းအဝယ်ဘက်ကဆိုတော့ ကျွန်တော့်အကျိုးစီးပွားက ပြောင်းပြန်ပါ…"

"ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ သူတို့မသိစေချင်ဘူး၊ သူတို့ ဘာလုပ်နေတယ်ဆိုတာကိုလည်း သူတို့က ကျွန်တော်မသိစေချင်ဘူး…"

"တွေ့ရင် စကားစမြည်ပြောကြတယ်၊ တစ်ခါတစ်ရံ ယေဘုယျ အခြေအနေကို ဆွေးနွေးကြတယ်၊ ဒါပေမယ့် သဘောချင်း တိုက်ဆိုင်မှုက ရှားပါတယ်"

"ပစ်တကင်နဲ့ စကားပြောဖူးသလား"

"ပြောဖူးပါတယ်၊ ဒါပေမယ့် ကိုယ်ရေးကိစ္စကလေးတွေလောက်ပါပဲ"

"တခြား လူသုံးယောက်ရဲ့ လုပ်ငန်းဆောင်တာများအကြောင်းကို ပစ်တကင်က ခင်ဗျားကိုပြောဖို့ ကြိုးစားရင်း ပြောဖူးတာလား"

ဘာဂါ စိတ်ဆိုးစွာဖြင့် ဝင်၍အော်လိုက်သည်။

"ရှုံးမင်းခင်ဗျား၊ ဒါလည်း စော်ကားတဲ့ နောက်မေးခွန်းတစ်ခုပါပဲ၊ ဒါဟာ လုံးဝကိုမလိုအပ်ပါဘူး"

"လိုအပ်တယ်လို့ ပြောစရာအထောက်အထားများရှိသလား မစ္စတာမေဆင်"ဟု တရားသူကြီးက မေးလိုက်သည်။

"မရှိပါဘူး ရှုံးမင်းခင်ဗျာ၊ မြေစမ်းရေမ်းပိုးတဲ့သဘောဖြစ်တဲ့ မေးခွန်းရဲ့ တစ်စိတ်တစ်ပိုင်းပါ"

"ကန့်ကွက်ချက်ကို လက်ခံပါတယ်၊ ဒါပေမယ့် ပစ်တကင်နဲ့ ဘာတွေ ဆွေးနွေးသလဲလို့ မေးနိုင်ပါတယ်"

"ခင်ဗျား ပစ်တကင်နဲ့ ဘာတွေဆွေးနွေးသလဲ၊ သူနဲ့စကားပြောရတဲ့ အကြောင်းက ဘာလဲ"

ဒေါသစိတ် လုံးဝလွှမ်းလျက်နှင့် ဘာတန်က ဖြေလိုက်သည်။

"နေ့ဘက်အတွက် ယာဉ်မောင်းတစ်ယောက်ကို ကျွန်တော်ငှားချင်တယ်၊ အသင်းတစ်ခုရှိတယ်လို့ ကျွန်တော်သိရတယ်၊ အလုပ်သမားရှာဖွေရေးအဖွဲ့လို

ဟာမျိုးပေါ့ဗျာ…"

"အဲဒီအဖွဲ့ဟာ ယာဉ်မောင်းအလုပ်ရှာပေးတာကိုပဲ ဦးစားပေးလုပ်တယ်၊ ပစ်တာကင်ဟာ အာဂျိုင်းရဲ့ ယာဉ်မောင်းမှန်းသိလို့ ဒီအကြောင်း သူ့ကို ကျွန်တော်ကမေးတယ်။

"အဆောက်အအုံရှေ့မှာ စောင့်နေတဲ့ သူ့ကို ကျွန်တော်က သွားတွေ့မိတယ်၊ ဒါနဲ့ ဒီလိုအသင်းအဖွဲ့မျိုးများ သူသိသလားလို့ မေးတယ်"

"သူသိသလား"

"သူသိတယ်၊ ဘယ်နေရာမှာဆိုတာကို သူပြောပြတယ်၊ အဲဒါဟာ ယာဉ်မောင်းအလုပ်သမား ရှာဖွေရေးအဖွဲ့ပဲတဲ့၊ တယ်လီဖုန်းစာအုပ်ထဲမှာလည်း ပါတယ်ထင်တယ်…"

"သူတို့ပုံမှန်အလုပ်က အားရက်၊ နားရက်တွေမှာ နေ့စားအငှား လိုက်ချင်တဲ့ ယာဉ်မောင်းတွေ ပါဝင်ဖွဲ့စည်းထားတာပဲ၊ ဒါ အချင်းချင်း ကူညီရိုင်းပင်းတဲ့သဘောပေါ့"

"သူတို့အလုပ်ကို လှည့်လုပ်ကြတယ်၊ နာရီပိုင်းဖြစ်ဖြစ်၊ နေ့နဲ့ဖြစ်ဖြစ် ဖုန်းဆက်ခေါ်လို့ပဲဖြစ်ဖြစ် အမြဲလိုလို ယာဉ်မောင်းတစ်ယောက်ယောက် ရနိုင်တယ်"

"ပစ်တာကင်က အဲဒီအသင်းဝင်လား"

"ဟုတ်တယ်လို့ သူပြောတယ်၊ ကျွန်တော်မသိဘူး၊ သူပြောတယ် ကြာသပတေးနေ့ဟာ သူ့ရဲ့ပုံမှန်နားရက်တဲ့…"

"ဗုဒ္ဓဟူးနေ့ညနေ ၆ နာရီက 'စ'နားလိုက်တာ သောကြာနေ့ မနက်ကျမှ အလုပ်ပြန်ဝင်ရတယ်တဲ့၊ သူ့နားရက်တွေမှာ ကျွန်တော့်ကားကို သူပဲမောင်းပေးပါမယ်တဲ့…"

"တခြားရက်တွေမှာတော့ အသင်းကနေပြီး ယာဉ်မောင်းတစ်ယောက်လို ရယူနိုင်ပါတယ်လို့ သူကပြောတယ်"

"ဒီအမှုမှာ တရားခံဖြစ်နေတဲ့ ခင်ဗျားရဲ့ ဇနီးဟောင်းအပေါ်မှာ ကြင်နာတွယ်တာမှုကလေးများ မရှိတော့ဘူးလား"

"တစ်နည်းတော့ လူစီကို ကျွန်တော် တော်တော်စွဲလမ်းနှစ်သက်ခဲ့ပါတယ်"

"ဒီတော့ လျှင်တယ်ဆိုတဲ့သဘောနဲ့ အလောင်းရဲ့ဘေးနားမှာ သေနတ်



တစ်လက်ကိုချထားဖို့ သူမကို ခင်ဗျားက အကြံပေးတာပေါ့လေ၊ ဒါမှ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ ထင်ရမှာ၊ ပြီးတော့ သူ့ကို ဘာမှမပြောတော့ဘူး မဟုတ်လား"

"ကျွန်တော် အကြံမပေးပါဘူး၊ ပေးတယ်လို့လည်း ခင်ဗျား အထောက်အထား မပြနိုင်ပါဘူး၊ တရားခံကတော့ ပေးပါတယ်လို့ ပြောချင်ပြောမယ်၊ ဒါပေမယ့် ခင်ဗျားရဲ့စွပ်စွဲချက်ဟာ လုံးဝမှားတယ်၊ နောက်ပြီး ဒါမျိုးကိုလည်း ငြင်းဆိုပါတယ်"

"သူမ တွေ့ဆုံရင်ဆိုင်နေရတဲ့ အကြပ်အတည်းက လွတ်ရာလွတ်ကြောင်း အကြံကလေးများ ပေးစမ်းမကြည့်ဘူးလား"

"လုံးဝမပေးရပါဘူး"

"ဒါနဲ့တောင် သူမကို ခုံမင်နှစ်သက်ပါတယ်လို့ ခင်ဗျားပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါပေမယ့် ဟိုထောက်ပံ့ကြေးကို ငွေတစ်လုံးတည်းပေးပြီး အပြတ်ရှင်းလင်းဖို့ကိစ္စကို လုံးဝ အေးအေးဆေးဆေး လုပ်ရမယ့် ကုန်ရောင်းကုန်ဝယ် အလုပ်လို့ ခင်ဗျား သဘောထားနိုင်တယ်နော်"

"မဟုတ်ပါဘူးဗျာ၊ လူစီအပေါ်မှာ စိတ်ဝင်စားပါတယ်၊ တစ်ခါတည်း ပြန်းပစ်ဖို့ ဟုတ်မဟုတ် သေချာစေချင်လို့ပါ"

မေဆင်က ချိုသာပြေပြစ်စွာ ထပ်၍ပြောသည်။

"ဒါနဲ့တောင် ခင်ဗျားဇနီးဟောင်းအတွက် ခင်ဗျားထားတဲ့ ကြင်နာတွယ်တာမှုတွေ၊ မိတ်ဆွေ သဘော ဆက်ထားမှုတွေ၊ ထောက်ထားတာတွေ၊ တခြားအကြံသမားတွေက ငွေညှစ်မယူနိုင်တာကို မြင်ချင်တဲ့ဆန္ဒတွေဟာ ဒေါ်လာငါးထောင် အမြတ်ထွက်အောင် လှည့်ဖြားပြီး သူမကိုညှစ်ဖို့ ခင်ဗျားကိုယ်တိုင် ကြိုးစားတာကို မကာကွယ်နိုင်ဘူးမဟုတ်လား"

"သူ့ကို လိမ်ညာလှည့်ပတ်ဖို့ အကြံအစည် ကျွန်တော့်မှာ ရှိတယ်လို့ မထင်ပါဘူး"

"ဒီလိုဆိုရင် သူမအကြံပြုတဲ့အတိုင်း ငွေပေးချင်တဲ့ဆန္ဒကို ဘာလို့ ဖုံးထားရတာလဲ"

"ဒါကတော့ဗျာ အကျင့်ပါနေလို့ပါလို့ ကျွန်တော်ထင်ပါတယ်၊ လုပ်ငန်းဆိုင်ရာ မှုတစ်ခုလိုဖြစ်နေလို့ ဆိုကြပါစို့"

"ကဲ . . . ကဲ . . . ဒီမှာ၊ ခင်ဗျားဘာလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ငွေပေးပြီး ကိစ္စပြီးပြတ်အောင်လုပ်ဖို့ စိတ်ထက်သန်တာကို တမင်တကာ ခင်ဗျား ဖုံးထားတယ်"

"ဒီအပြောဟာ အပ်ကြောင်းထပ်နေပါပြီ"ဟု ဟာမီလ်တန်ဘာဂါက ဝင်ပြောလိုက်သည်။

"ဒါကတော့ တရားခံရှေ့နေဟာ ဒီအချက်ကို ဖော်ထုတ်ခွင့်ရှိတယ်လို့ ထင်တယ်၊ ဒါဟာ သက်သေရဲ့ အကြောင်းရင်းခံ စိတ်နေစိတ်ထားကို ညွှန်ပြနေတဲ့အပြင် သူ့ရဲ့အကျင့်စာရိတ္တကိုလည်း ရုံးတော်က ခန့်မှန်းနိုင်စရာ ဖြစ်တယ်"ဟု တရားသူကြီးက ပြောလိုက်သည်။

ဘာတန်က အော်၍ပြောလိုက်သည်။

"ကောင်းပြီ၊ သူ့ကိုကျွန်တော် လုပ်ငန်းသဘော အကျိုးရှိမယ့် အခွင့်အလမ်းကိုမြင်တယ်၊ ဒါကြောင့် ဈေးဆစ်လိုက်တာပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားရဲ့ ချီးမွမ်းလောက်အောင် ပွင့်လင်းမှုအတွက် အထူးပဲ ကျေးဇူးတင်ပါတယ် မစ္စတာဘာတန် . . ."

"ကိုင်း . . . နောက်တစ်ခုရှိသေးတယ်၊ ခင်ဗျားအစစ်ခံသွားတဲ့ အထဲမှာ ကျုပ်နားလည်လိုက်တာက တရားခံဟာ နောက်ဆုံးမှာ အလောင်းဟာ သူမရဲ့ ယောက်ျားပါလို့ ဝန်ခံသွားတယ်လို့ ခင်ဗျားပြောတယ်၊ ဟုတ်လား"

"ကျွန်တော် ဒီလိုပြောမိတယ်လို့ မထင်ဘူး"

"မှတ်တမ်းမှာ ဘာပြောခဲ့တယ်ဆိုတာ မှတ်ထားတာကို ကြည့်ပေးဖို့ ရှေ့ဖတ်စာရေးကြီးကို မေးရမှာပဲ"

ရှေ့ဖတ်စာရေးမှတ်တမ်းကို လိုက်ရှာနေစဉ် နေမထိထိုင်မသာဖြင့် ဆိတ်ငြိမ်နေကြသည်။ ဘာတန်သည် ခုံတွင် နေရာပြောင်းထိုင်လိုက်သည်။

"ဒီမှာတွေ့ပြီ"ဟု ရှေ့ဖတ်စာရေးကြီးက ပြောလိုက်ပြီး မေးခွန်း၏ အဖြေတွင် နောက်ဆုံး၌ အလောင်းဟာ သူမရဲ့ပထမယောက်ျားပါဟု ဖွင့်ပြောကြောင်းဟု ဝီလ်ဘာတန်၏ ထွက်ဆိုချက်ကို ပြန်ဖတ်ပြလိုက်သည်။

"ကျေးဇူးပဲ ရှေ့ဖတ်စာရေးကြီးရေ၊ ကိုင်း . . . အခု ခင်ဗျားကိုမေးမယ် မစ္စတာဘာတန်၊ သူမက နောက်ဆုံးမှာ အလောင်းဟာ သူမရဲ့ ပထမယောက်ျားပါလို့ သူမက ဖွင့်ပြောပါတယ်လို့ ခင်ဗျားထွက်ဆိုတဲ့အခါမှာ ခင်ဗျား ဘာကို ဆိုလိုတာလဲ"



"ဒါတော့ သူ နောက်ဆုံးဖွင့်ပြောတယ် ဆိုတာပဲပေါ့၊ ဒါပါပဲ"

"ပထမကတော့ မပြောဘူးလား"

"မပြောဘူး"

"ခင်ဗျားက မေးတာမြန်းတာတွေ အများကြီး လုပ်ပြီး နောက်မှလား"

"ဟုတ်ကဲ့ . . . ဒီလိုပဲထင်တယ်"

"ဒါကြောင့် အကြောင်းကိစ္စအဝဝကို ခင်ဗျားက ဆွေးနွေးတယ်၊ တစ်ခုခုကို သူမ ဖုံးထားတယ်လို့ ခင်ဗျားသဘောရတယ်၊ ဒီတော့ မေးခွန်းတွေကို ဆက်မေးတယ်၊ ဒီလိုလား"

"ဒီလိုပဲ အောက်မေ့တယ်"

"သူမ ဘာလုပ်ခဲ့တယ်ဆိုတာကို နောက်ဆုံးဖွင့်ပြောစေရဖို့အတွက် တစ်မျိုးမဟုတ်တစ်မျိုး ဆိုသလို ခင်ဗျား ဖိအားပေးခဲ့ရမှာပေါ့"

"အင်း . . . တစ်နည်းတော့ဟုတ်တယ်"

"နောက်ပြီး အမှန်ကို သူမကပြောရင် မကူညီနိုင်ဘူး၊ ဒါမှမဟုတ် ဒီအဓိပ္ပာယ်မျိုးဆောင်တဲ့ဟာမျိုးကို ခင်ဗျားက ပြောတယ်ပေါ့"

"ဟုတ်ကဲ့၊ ဒီလိုပဲထင်တယ်"

"ဒီတော့ သူမက အမှန်ကိုဖွင့်ပြောရောလား၊ နောက်ဆုံးကျတော့လေ"

"ဟုတ်ပါတယ်"

"ဒီတော့ သူမကိုကူညီဖို့ ခင်ဗျားက လုပ်ကရောလား"

"မလုပ်ရပါဘူးဗျာ"

"ဒါပေမယ့် ခင်ဗျား ထွက်ဆိုခဲ့ပြီးပြီလေ၊ သူမက အမှန်ကိုမပြောရင် မကူညီနိုင်ဘူးလို့ ပြောတယ်၊ နောက် ခင်ဗျားက ကူညီဖို့ ကတိပေးတော့မှ သူမက နောက်ဆုံးမှာ အမှန်ကိုဝန်ခံတယ်ဆို . . ."

"ဒါဖြင့် ခင်ဗျား အပေးအယူလုပ်တဲ့ကိစ္စကို ခင်ဗျားက လုပ်ဖို့ ဖျက်ကွက်ခဲ့တယ်လို့ ကျုပ်က ယူဆရတော့မှာလား"

ဘာတန် တွန့်ဆုတ်ဆုတ်လုပ်သည်။ ခြေများကို လိမ်သည်။ ကုပ်ခေါင်း

ဆိုသည့် အနေဖြင့် ဘာဂါကို ကြည့်လိုက်သည်။

"ဘယ့်နှယ်လဲ"ဟု မေဆင်က ထပ်မေးသည်။

"သူမကို ကျွန်တော် မကူညီခဲ့ပါဘူး"

"ဒီလိုဖြစ်ရမယ်လို့ ထင်သားပဲ၊ ဒါပါပဲ မစ္စတာဘာတန်"ဟု မေဆင်က သရော်တော်တော်ပြောလိုက်သည်။

သက်သေခုံမှ ဘာတန်ထွက်လာသည်။ မေဆင်၏စားပွဲဆီသို့ လှည့်သွားသည်။ ရှေ့နေကြီး၏ အေးစက်စက်အကြည့်နှင့် ဆုံမိ၍ စိတ်ထဲတွင်ရှိသည်ကို မျိုသိပ်ပြီး လှည့်ထွက်သွားတော့သည်။

"အာသာကိုးလ်ဆန်ကိုခေါ်လိုက်"ဟု ဘာတန်ကို ဂရုမစိုက်တဲ့ ဘာဂါက ပြောလိုက်သည်။

အာသာကိုးလ်ဆန် သက်သေခုံဆီသို့လာသည်။ ရုံးတော်အခန်းကို အကဲခတ်သည်။ သို့ရာတွင် ခရိုင်ရှေ့နေကြီး၏ မျက်လုံးများနှင့် မေဆင်တို့ လူစီဘာတန်ကို ထိုင်နေသည့် စားပွဲကို မကြည့်မိအောင် သတိထား၍ရှောင်ရင်း မျက်စိလှည့်ကစားလိုက်သည်။

သူ၏အမည်၊ အသက်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာကိုမေးလိုက်သည်။

ဟာမီလ်တန်ဘာဂါက သက်သေခံသေနတ်ကို ထုတ်ပြပြီး မေးလိုက်သည်။

"ဒါဟာ ပွိုင့်သုံးရှစ်ဆမစ်အင်ဝက်ဆင် ခြောက်လုံးပြူး အမှတ် အက်စ်-၆၅၀၈၈ ပဲ၊ အရင်က ဒီသေနတ်ကို မြင်ဖူးပါသလား"

ကိုးလ်ဆန်သည် အိတ်ထဲမှ စာရွက်တစ်ခုကို ထုတ်ယူပြီး ဖတ်လိုက်သည်။ ထို့နောက် ဖြေသည်။

"အဖြေပေးလိုက်ရင် ကျွန်တော့်ကို အမှုနဲ့ အပြစ်ထား စွပ်စွဲနိုင်လေမလားဆိုသည့်အပေါ် အခြေခံလို့ ဒီအမေးကို ဖြေဆိုဖို့ ကျွန်တော်ငြင်းဆိုပါတယ်"

"ဒီသေနတ်ကို ခင်ဗျား ရုပ်ရှင်ခရီမာကင်တိုင်း ကုမ္ပဏီက ဝယ်ခဲ့သလား"

"ခုတင်က အကြောင်းပြဖြင့် ဖြေဆိုဖို့ ငြင်းပါတယ်"

"မှတ်တမ်းစာအုပ်ထဲမှာ ရောစ်ပီဟိုလစ္စတာလို့ ခင်ဗျားရေးထည့်ခဲ့



သလား"

"အကြောင်းပြအတူနဲ့ပဲ မဖြေဆိုနိုင်ပါဘူး"

"ဟတ်ဝဲလ်အယ်လ်ပစ်တကင်ကို ခင်ဗျား သတ်သလား"

"မသတ်ပါဘူး"

"သူ့ကို သိသလား"

"မသိပါဘူး"

"ဒီလ ငါးရက်နေ့က တောင်ပွန်ဒိုလာလမ်း အမှတ် ၇၁၉ ရှိ ကားရုံထဲက ဟတ်ဝဲလ်ပစ်တကင်ရဲ့ အလောင်းဘေးမှာ သေနတ်ကို ခင်ဗျား ထားခဲ့သလား"

"မထားပါဘူး"

"ဒါမှမဟုတ်ရင် တခြားအချိန်မှာကော"

"မထားပါဘူး"

"ဒါပါပဲ"ဟု ဟာမီလ်တန်ဘာဂါက အပြီးသတ်လိုက်သည်။

"ခဏနေပါဦး၊ ပြန်လှန်မေးခွန်းထုတ်စရာလေး ရှိပါသေးတယ်"ဟု မေဆင်က ပြောပြီး ဆက်၍…

"ခင်ဗျားလက်ထဲမှာ ဒီသေနတ် ရှိခဲ့ဖူးသလား"ဟု မေးလိုက်သည်။

"ဒီမေးခွန်းကိုလည်း စောစောက အကြောင်းပြနဲ့ပဲ ဖြေဖို့ ငြင်းဆိုပါတယ်"

"ခင်ဗျားယူတယ်လို့ လူစီဘာတန်မသိဘဲနဲ့များ သေနတ်ကို ခင်ဗျား ယူဖူးသလား"

"ဒါကိုလည်း ခုတင်ကအတိုင်းပဲ ဖြေဖို့ ငြင်းပါတယ်"

"လူစီဘာတန်ရဲ့ အခန်းသော့တစ်ချောင်းများ ခင်ဗျားဆီမှာ ရှိဖူးသလား"

"မရှိဖူးပါဘူးခင်ဗျ"

"ခင်ဗျာ့ကို စာနှစ်စောင်ပြမယ်၊ နှစ်ခုစလုံးကို လက်နှိပ်စက်နဲ့ရိုက်ထားတယ်၊ တစ်စောင်က ဒရိုက်အေဂျင်စီကိုပို့တာ၊ နောက်တစ်စောင်က ကျုပ်ဆီကို ပို့တာ…"

"ပထမစာနဲ့အတူ လူစီရဲ့အခန်းသော့ပါလာတယ်၊ ဒုတိယစာနဲ့ကတော့ သူ့အခန်းထဲက စာရေးစားပွဲသော့ပါလာတယ်၊ ဘယ်စာကိုခင်ဗျားရေးတာလဲ"

"ဘယ်စာကိုမှ မရေးပါဘူး"

"ဒါပါပဲ"ဟု မေဆင်က ပြောလိုက်သည်။

"ဒီလို အရေးကြီးတဲ့အချက်တစ်ခုကို သက်သေက ဖြေဆိုတာ ကျေနပ်ဖို့ မရှိတဲ့အတွက် ခရိုင်ရှေ့နေကြီးရုံးက အခြေအနေကို ရှင်းလင်းဖို့ လိုလိမ့်မယ်လို့ ရုံးတော်က သဘောရတယ်"ဟု တရားသူကြီးအောစ်ဘွန်းက ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ရုံးမင်းကြီးခင်ဗျား၊ ဖြစ်နိုင်တဲ့သဘောကို သတိပြုမိပါတယ်"ဟု ဘာဂါက မသာမယာနှင့် ပြန်ပြောလိုက်သည်။

နောက်ပြီး တခြားဆက်စပ် ပတ်သက်နေသမျှဟာတွေရောပေါ့၊ ဟုတ်လား၊ ကဲ... ကောင်းပြီ၊ နားချိန်မရောက်မီ နောက်ထပ်ခေါ်စရာ သက်သေများ ရှိသေးသလား"

"ရုံးမင်းခင်ဗျား၊ ခွင့်ပြုမယ်ဆိုရင် နားပြီး ပြန်စတဲ့အထိ စောင့်ပါ့မယ်"

"ကောင်းပြီ၊ နေ့လယ်နှစ်နာရီအထိ နားမယ်၊ တရားခံကို မြို့နယ်ရဲမှူးက ဆက်လက်ထိန်းသိမ်းထားဖို့ ရမန်ပေးလိုက်တယ်၊ ဆင့်ခေါ်ထားတဲ့ သက်သေများဟာ နေ့လယ်နှစ်နာရီမှာ ဒီရုံးတော်ကို ပြန်လာရမယ်"

လေ့လာသူများ ရုံးခန်းမှ ထွက်သွားရန် ထကြသည့်အခါတွင် မေဆင်က ပေါလ်ဒရိတ်ကို လက်ယပ်ခေါ်လိုက်ပြီး...

"ပေါလ်ရေ... မင်းနဲ့အတူ နေ့လယ်စာမစားနိုင်ဘူး၊ ထင်တယ်ကွာ"

"ဘာပြုလို့လဲ ပယ်ရီ"

"နှစ်နာရီကြာကြာလောက် ဖုန်းဆက်စရာတွေရှိနေတယ်။ ဒယ်လာကို မင်းပဲခေါ်သွားပြီး အမဲသားကြော် ကျွေးလိုက်ပါကွာ"

"ညာညာတာတာလည်း လုပ်ပါဦးဆရာကြီးရယ်"

"လုပ်ပါတယ်ကွ၊ ဒါပေမယ့် ကိုယ့်ပါးစပ်ထဲရောက်ပြီးသားကို ပြန်လွှတ်မသွားစေချင်လို့ပါကွာ"

□

(၂၈)

နှစ်နာရီတွင် ရုံးပြန်တက်သောအခါ စိုးရိမ်ပုံရနေသော ဟာမိလ်တန်ဘာဂါက လျှောက်ထားလိုက်သည်။

"ရုံးမင်းခင်ဗျား၊ အမှုမှာ ထူးထူးခြားခြား အခြေအနေတစ်ခု ပေါ်ပေါက်လာပါတယ်..."

"ဒီလူသတ်လက်နက်ဟာ အဲဒီအပေါ်မှာ ပယ်ရီမေဆင်ရဲ့ လက်ဗွေရာဆင့်ရှိနေတဲ့အချက်ကြောင့် သူနဲ့ပတ်သက် ဆက်စပ်နိုင်တယ်ဆိုတာရယ်..."

"လူသတ်မှု ကျူးလွန်နိုင်တဲ့ အချိန်လောက်က မစ္စတာမေဆင်ဟာ တရားခံမနဲ့အတူ ကားရုံနားမှာ ရှိနေခဲ့တယ်လို့ အထောက်အထားပြနိုင်လိမ့်မယ်လို့ မျှော်လင့်တဲ့ အချက်ကြောင့် တရားခံနဲ့ ပတ်သက်ဆက်စပ်နိုင်တယ်ဆိုတာရယ်ကို ယုံကြည်လောက်တဲ့ အကြောင်းအချက် ကျွန်တော့်မှာ ရှိပါတယ်..."

"လူကို စွပ်စွဲထောက်ပြတဲ့ အထောက်အထားဟာလည်း ကြံစည်ဖန်တီးကောင်းတဲ့ ဥပဒေကြောင်းဆိုင်ရာ လှည့်ဖြားမှုကြောင့် အလကားဖြစ်သွားရတယ်..."

"ဒါပေမယ့် ဒါဟာ ကြံစည်ဖန်တီးကောင်းတဲ့ ဥပဒေကြောင်းဆိုင်ရာ လှည့်ဖြားမှုတစ်ခုပဲလို့သာ ရုံးတော်က မှတ်ယူဖို့ မေတ္တာရပ်ခံပါတယ်၊ သာမန်

အားဖြင့်တော့ သက်သေဟာ လုံးဝစွပ်စွဲနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်”

တရားသူကြီး အော့စ်ဘွန်းက ပြောလိုက်သည်။

“အင်း… ဒါဟာ တကယ်တော့ စွပ်စွဲချက် အထောက်အထားရဲ့ ချွတ်ယွင်းချက်ပဲ၊ သားရေရောင်ဖျော့ဖျော့ အပေါ်အင်္ကျီရှည်ကိုဝတ်ပြီး မွဲပြာရောင် ဦးထုပ်တစ်လုံးကို ဆောင်းထားတဲ့ အရပ်မြင့်မြင့် လူတစ်ယောက်ကို သက်သေက မြင်တယ်…”

“လူရဲ့မျက်နှာကိုတော့ အဝေးကနေ ရေးရေးမြင်တာကလွဲလို့ အသေအချာမှ မမြင်ရဘဲ၊ လူတော်တော်များများဟာ ဒီလိုအဝတ်အစားမျိုးနဲ့ ဒီအနေအထားမျိုး ရှိနိုင်တာပဲ…”

“အမျိုးသမီးရဲ့ ပုံပန်းကတော့ ဝတ်လေ့ဝတ်ထ မရှိတဲ့ အဝတ်မျိုး ဝတ်ထားတာကို ထောက်ပြနိုင်တာကြောင့် ပိုလို့ ယုံနိုင်စရာရှိတယ်၊ ဒါပေမယ့် ကားရုံနားမှာ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ကို သက်သေဂိုရှင် မြင်တဲ့အချိန်တုန်းက မြို့ထဲမှာ အရောင်ဖျော့ဖျော့ ပေါ့ပေါ့ပါးပါး အပေါ်အင်္ကျီ ရှည်ကို ဝတ်ထားတဲ့ အရပ်မြင့်မြင့်လူတွေ အများကြီးရှိနိုင်တာပဲ”ဟု တရားသူကြီးအော့စ်ဘွန်းက ပြောပြလိုက်သည်။

“ဒါပေမယ့် ရုံးမင်းခင်ဗျား၊ သူ့ရဲ့အမှုသည် ပိုင်ဆိုင်တဲ့ ဟိုသေနတ် အတွင်းမှာ လက်ဗွေရာထင်ကျန်စေနိုင်တဲ့ ပယ်ရီမေဆင်ဆိုတာကတော့ ဒီတစ်ယောက်ပဲရှိနိုင်တာပဲ”ဟု ဘာဂါက စောဒကတက်လိုက်သည်။

“သူ့ရဲ့အမှုသည်ရဲ့ သေနတ် ဖြစ်ပါတယ်လို့မှ ခင်ဗျား အထောက်အထား မပြရသေးဘဲလေ”

“ဒါကိုဝန်ခံပါတယ် ရုံးမင်းခင်ဗျား၊ အမှုဟာ နည်းနည်းရှုပ်ထွေးလာခဲ့တယ်၊ ဒါပေမယ့် ရုံးတော်ကသာ ကျွန်တော်နဲ့ သဘောချင်းတိုက်ဆိုင်မယ် ဆိုရင် စွပ်စွဲပြမယ့်သက်သေ ရှုပ်ထွေးသွားအောင် လုပ်ပစ်တဲ့လှည့်ကွက်ကို ရုံးတော်က အလေးထားလိမ့်မယ်လို့ ထင်ပါတယ်”

တရားသူကြီး အော့စ်ဘွန်းက ပြုံးသည်။

“အထောက်အထားပြလို့ရှိရင် ရုံးတော်က ခင်ဗျားနဲ့ သဘောထားချင်း တူမှာပါပဲ မစ္စတာဘာဂါ”

“ကောင်းပါပြီ၊ သက်သေဆက်ဒီဖီလ်ဖို့ကို ခေါ်ပါမယ်”



ဆက်ဒီဖီလ်ဖို့သည် အသက်လေးဆယ်ကျော်ခါစမျှလောက်ရှိပြီး သားသားနားနား ဝတ်စားထားသည်။ လူစီဘာတန် အခန်းငှားနေသော အခန်းငှားဂေဟာ၏ မန်နေဂျာမဖြစ်သည်။

ကားရုံများကို အခန်းများနှင့်တွဲ၍ ငှားကြောင်း၊ ကားရုံများကို သော့ခတ်ထားကြောင်း၊ အခန်းအမှတ် ၂၀၈ သည်လည်း ကားရုံကိုတွဲ၍ အသုံးပြုပိုင်ခွင့်ရှိကြောင်း၊ အခန်းသော့ပွားနှင့် ကားရုံသော့ပွားကို လူစီဘာတန် ပြောင်းလာကတည်းက သူမ၏လက်သို့ အပ်လိုက်ကြောင်း အစစ်ခံထွက်ဆိုသည်။

“အဲဒီသော့တွေ ဘယ်သူ့ဆီမှာလဲ”

“လူစီဘာတန်ဆီမှာပေါ့”

“သော့တွေကို လက်ခံရကြောင်း ပြေစာ ခင်ဗျားဆီမှာ ရှိသလား”

“ရှိပါတယ်ရှင့်”

“လူစီဘာတန် လက်မှတ်ထိုးထားသလား”

“ဟုတ်ကဲ့ရှင့်”

“ခင်ဗျားရှေ့မှာ ထိုးတာလား”

“ဟုတ်ကဲ့ရှင့်”

“သက်သေခံအဖြစ် သတ်မှတ်စေလိုပါတယ်”ဟု ဟာမီလ်တန်ဘာဂါက ပြောလိုက်သည်။

“ကန့်ကွက်စရာ မရှိပါ”ဟု မေဆင်ကလည်း ပြောလိုက်သည်။

“ပြန်လှန်မေးခွန်းထုတ်ဦးမလား”

“ထုတ်မယ်”

ပြေစာကို မေဆင်ယူကြည့်လိုက်သည်။

“အခန်းအတွက် သော့နှစ်ချောင်း၊ ကားရုံအတွက် သော့နှစ်ချောင်း၊ အဲဒီတော့ လေးချောင်းကို လူစီဘာတန်လက်ကို အပ်လိုက်သလား”

“ဟုတ်ကဲ့”

“ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ”

ဘာဂါ၏ နောက်ထုတ်သည့်သက်သေမှာ ဓာတ်ဆီဆိုင်မှ ဆီထည့်ကော်သမားတစ်ယောက်ဖြစ်သည်။

ငါးရက်နေ့ညနေ ခြောက်နာရီကျော်ကျော်ကလေးလောက်က ဆီဆိုင်သို့

လူစီဘာတန်ကားမောင်းလာကြောင်း…

အညိုရောင်နုနု ချက်ဗလက် ဆီဒန်ဖြစ်ကြောင်း၊ မီးမမှန်၍ အမြဲပင် ဆောင့်ဆောင့်ထွက်ပြီး အင်ဂျင်ကလည်း ဗုန်းဒိုင်းနှင့်မြည်ကြောင်း…

မီးကို သူပြန်ချိန်ပေးလိုက်ကြောင်း၊ သို့သော်လည်း အချိန်ကလည်းမရှိ၊ သင့်တော်သည့် လက်သုံးကိရိယာကလည်း မရှိ၍ စိတ်တိုင်းကျ ဖြစ်သင့်သလောက်ဖြစ်အောင် ပြင်မပေးလိုက်ရကြောင်း ထွက်ဆိုသည်။

"ခြောက်နာရီ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပါ"

"ကားကို ဘယ်သူမောင်းလာသလဲ"

"မစ္စဘာတန်ပါ"

"သူ့ကိုအရင်က ခင်ဗျားမြင်ဖူးသလား"

"ဟုတ်ကဲ့၊ သူ ကျွန်တော့်ဆီက ဓာတ်ဆီမှန်မှန်ဝယ်ပါတယ်"

"မစ္စဘာတန်လို့ ခင်ဗျားပြောတာ ဟိုမစ္စတာမေဆင်နဲ့အတူ ရှေ့နေစားပွဲမှာ ထိုင်နေတဲ့ တရားခံမကို ဆိုလိုတာလား"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါပါပဲ"ဟု ဘာဂါက ပြောလိုက်သည်။

"ဒါပါပဲ"ဟု မေဆင်ကလည်း ပြုံး၍ပြောသည်။

"စတက်ဖင်အာဂျိုင်းကို ခေါ်သွင်းပါ"ဘာဂါက ပြောလိုက်သည်။

နေရပ်လိပ်စာမှာ အမှတ် ၉၃၈၊ အနောက်ကာဆီနိုလမ်း၊ အသက်မှာ ငါးဆယ့်ငါးနှစ်ဟု အာဂျိုင်းက ပြောပြီးနောက် ဟတ်ဝဲလ်အယ်လ်ပစ်တကင်ကို ယာဉ်မောင်းအဖြစ် ငှားခဲ့ကြောင်း၊ သေသည့်နေ့ကလည်း ပစ်တကင်သည် သူ၏အလုပ်သမားအဖြစ်နှင့်ပင် ရှိနေကြောင်း ပြောပြသည်။

"မစ္စတာပစ်တကင်ကို နောက်ဆုံး ခင်ဗျားမြင်တာ ဘယ်တုန်းကလဲ"ဟု ဘာဂါက မေးလိုက်သည်။

"ငါးနာရီသာသာလောက်ကပါ"

"အဲဒီအချိန်က သူဘယ်နေရာမှာလဲ"

"မစ္စတာပယ်ရီမေဆင်ရဲ့ ရုံးရှိရာ အဆောက်အအုံရှေ့မှာပါ၊ ပယ်ရီမေဆင်နဲ့တွေ့ဖို့ ကျွန်တော် စောင့်နေပါတယ်…"

"ဒီညဟာ ဟတ်ဝဲလ်ပစ်တကင်ရဲ့ နားရက်ညပါလားလို့ ဖြန်းခနဲ



ကျွန်တော် သတိရလိုက်တယ်၊ ဒါနဲ့ပဲ သူ့ကိုကျွန်တော် တော်တော်ကို စိတ်ဆိုးနေပေမဲ့ အောက်ဆင်းသွားပြီး ကားယူပြီး အိမ်ကို ပြန်ဖို့ သူ့ကို လွှတ်လိုက်ပါတယ်"

"အဲဒီနောက် ဘာဖြစ်သလဲလို့ ခင်ဗျား သိလား"

"ကျွန်တော် အိမ်ပြန်တော့ အိမ်မှာ ကားကို တွေ့တာပဲ သိပါတယ်"

"ဘယ်အချိန်လဲ"

"ဟို…အဲ…ဆေးရုံမှာ လူနာတစ်ယောက်နဲ့တွေ့ပြီး ညှိစရာရှိတာ ညှိနှိုင်းပြီး အိမ်ပြန်အရောက်မှာ ဖြစ်ပါတယ်"

"အဲဒီလူနာကိစ္စက ကိစ္စမရှိပါဘူးလေ"

'ဒီလိုပါ၊ လူနာကို ငွေပေးပြီး ပြေလည်မှု လုပ်ရအောင် မစ္စတာ ပယ်ရီမေဆင်ရဲ့ အလိမ်ကို ခံလိုက်ရလို့ပါ။ ငွေသောင်းနဲ့ ချီကုန်သွားတယ်'ဟု အာဂျိုင်းက ပြောလိုက်သည်။

"ဒါက အရေးကြီးတာ မဟုတ်ပါဘူးဗျာ၊ မဆိုင်ပါဘူး၊ စိတ်ကို ထိန်းပြီး ဘာဖြစ်ခဲ့တယ်ဆိုတာကိုသာ ပြောစမ်းပါ"

"ဒီလိုပါ၊ ကျွန်တော် အိမ်ပြန်ရောက်တော့ ကိုးနာရီခွဲ ဆယ်နာရီလောက် ရှိပါပြီ၊ ကားက အဲဒီမှာပါ"

"ပြန်လှန် မေးခွန်းထုတ်နိုင်ပါပြီ"

'ကားဟာ အိမ်မှာ ရှိတယ်လို့ ခင်ဗျား ဘယ်လိုလုပ်သိသလဲ မစ္စတာ အာဂျိုင်း'ဟု မေဆင်က မေးသည်။

"ဘယ့်နှယ် ကားဟာ အိမ်မှာပဲ ရှိရမှာပေါ့။ ကားရုံတံခါးက ပိတ်ထားတာပဲ"

"ဒါပေမဲ့ ခင်ဗျားအိမ်ကို ပြန်ရောက်ရင် ရောက်ချင်း ကားကို ရှာ မကြည့်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ရှာမကြည့်ဘူး"

"ဒါနဲ့ နေပါဦး၊ အိမ်ကို ခင်ဗျား ဘယ်လိုလုပ် ပြန်သလဲ"

"ကျွန်တော့်အဖော်က ကားနဲ့ မောင်းပို့တယ်၊ အာမခံကုမ္ပဏီကလူပါ"

"အိမ်ကို ဘယ်အချိန် ပြန်ရောက်သလဲ"

"ကိုးနာရီခွဲ ဆယ်နာရီလောက်"

"နောက် ဘယ်အချိန် အိပ်သလဲ"

"အင်း…ဆယ့်တစ်နာရီလောက်ဆိုပါတော့"

"ဘယ်အချိန်လောက်ကျမှ ကားရုံထဲမှာ ကားကို ရှာမိသလဲ"

"နောက်တစ်နေ့ မနက်စောစော နှစ်နာရီလောက်မှာပါ။ ကျွန်တော်ရဲ့ ယာဉ်မောင်း ဘာဖြစ်တယ်ဆိုတာကို ရဲက ဖုန်းဆက်ပြောတယ်…"

"သူတို့ ကျွန်တော့်ကို နည်းနည်းပါးပါး မေးမြန်းပြီးတော့ သူတို့အိမ်ကို လာခဲ့မယ်လို့ ပြောတယ်၊ ကျွန်တော်က အဝတ်အစား ထဝတ်ပြီး ရဲတွေ ရောက်မယ့် အချိန်လောက်မှာ ကားရုံဆီကို သွားပါတယ်"

"ကားရုံထဲမှာ ကားကို တွေ့ရောလား"

"မှန်ပါတယ်"

"မစ္စတာအာဂျိုင်း၊ ခင်ဗျားက ကျုပ်အပေါ် ရန်ငြိုးထားပုံရတယ်"

"ပြောရရင် ခင်ဗျားဟာ ရန်ငြိုးထားဖို့တောင် တန်တဲ့လူမဟုတ်ဘူးလို့ ထင်တယ်"

"ဘာပြုလို့"

"ကျွန်တော့်ရဲ့ ယာဉ်မောင်းဟာ ယာဉ်တိုက်မှုတစ်ခုခု ဖြစ်ခဲ့တယ်လို့ ယုံကြည်လောက်အောင် ကျွန်တော့်မှာ အကြောင်းရှိတယ်ဆိုတာကို ခင်ဗျားက သိတယ်၊ နှစ်နာရီကြေးကိုပေးပြီး ပြေလည်အောင်လုပ်ဖို့ ကျွန်တော့်ကို ခင်ဗျားက နိုင်းတယ်…"

"ပြီးတော့ ဟုတ်လည်းမဟုတ်ဘူး၊ မစ္စတာမေဆင် ခင်ဗျားကို သတိပေးလိုက်ပါတယ်နော်၊ လိမ်လည်မှုနဲ့ ခင်ဗျားကို တရားစွဲဦးမယ်၊ သိလား။ ပြီးတော့"

"အို…ဒါတော့ ကားမောင်းတာ ခင်ဗျားရဲ့ယာဉ်မောင်းပါလို့ ခင်ဗျားက ထင်တယ်မဟုတ်လား"

"ဒါကတော့ ခမ္ဘတာပဲဗျာ၊ ကျွန်တော်ကိုယ်တိုင် ကားမမောင်းတာတော့ ဟုတ်တယ်၊ ဒါပေမယ့် ကိုယ့်အလုပ်သမားလုပ်တဲ့အတွက် ဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိတာပေါ့"

'ဒါတွေဟာ အမှုနဲ့ဆိုင်လို့လား'ဟု တရားသူကြီးက ဝင်မေးလိုက်သည်။

"ဒါက သက်သေရဲ့ စိတ်သဘောထားနဲ့ ဘက်လိုက်မှုကို ပြတယ်လို့ ထင်ပါတယ်"ဟု မေဆင် ဖြေသည်။



"ဘာပဲဖြစ်ဖြစ် အဆုံးအထိ သွားကြရအောင်ပါ၊ အချက်အလက်တွေ စုံစေချင်ပါတယ်"ဟု ဘာဂါက လက်ချင်းပွတ်ပြီး ပြောလိုက်သည်။

"အချက်အလက်အားလုံး စုံရပါစေမယ်၊ မစ္စတာဘာဂါ"ဟု မေဆင်က ပြောပြီးလျှင် 'ကဲ… မစ္စတာအာဂျိုင်း၊ ခင်ဗျားရဲ့ဘက်က ဇာတ်ကြောင်းကို ပြောစမ်းပါဦး'

"ငါးရက်နေ့ မွန်းလွဲပိုင်း ၃ နာရီပတ်ဝန်းကျင်လောက်မှာ ကျွန်တော့်အိမ်ကို မစ္စတာမေဆင် လာပါတယ်၊ ကျွန်တော်တို့ စကားပြောနေတုန်းမှာ မစ္စတာပစ်တကင်လည်း အနားမှာ ရှိပါတယ်…"

"မစ္စတာမေဆင်က ပြောပါတယ်၊ ကျွန်တော့်ရဲ့ကားဟာ တိုက်ပြီးပြေးတဲ့ ယာဉ်တိုက်မှုမှာ ပါဝင်ပတ်သက်နေတယ်ဆိုတာ အငြင်းပွားစရာ မရှိအောင် အထောက်အထားရှိနေပါတယ်တဲ့…

"အဲဒီယာဉ်တိုက်ရာမှာ သူ့ရဲ့အမှုသည်ဟာ အပြင်းအထန် ဒဏ်ရာရသွားပါတယ်တဲ့၊ ကျွန်တော့်ကားရဲ့ မတ်ဂတ်မှာလည်း ကားတိုက်ထားတဲ့ ဒဏ်ရာတွေ ရှိပါတယ်တဲ့၊ အဲ… ဒီတော့ ကျွန်တော်က သူပြောတာတွေကို မှန်တယ်လို့ အောက်မေ့တာပေါ့"

"ကျုပ်ပြောတာ မှန်တယ်လို့ ဘယ်လိုကြောင့် ခင်ဗျားက အောက်မေ့ရတာလဲ"

"အဲဟိုနေ့က ကျွန်တော့်ရဲ့ယာဉ်မောင်းဟာ ကားပြဿနာတစ်ခု ဖြစ်ခဲ့လို့ပဲ၊ အဲဒါကို ပြေပျောက်သွားအောင် သူကြိုးစားပြီး ကားဟာ လုနိုးခံရပါတယ်လို့ ရဲကိုတိုင်ခဲ့တယ်တဲ့…"

"ကျွန်တော့်ကိုလည်း သူနဲ့အတူ လိုက်လာပြီး ရဲနဲ့ဖြေရှင်းပေးဖို့ ပြောတယ်၊ ကားကို သူ ထားခဲ့ပါတယ်ဆိုတဲ့နေရာကို သူနဲ့အတူ ကျွန်တော် လိုက်သွားပါတယ်…"

"သူဟာ အရက်တွေ သောက်ထားပြီး တစ်ခုခုအတွက် တော်တော်ကြီးကို စိတ်လှုပ်ရှားနေပုံရတယ်၊ ကျွန်တော်ဟာ ယုံလွယ်တဲ့လူ မဟုတ်ပေမယ့် သူဟာ ပြဿနာတစ်ခုခုတော့ ဖြစ်နေပြီ၊ တော်တော်ကြာ ကျွန်တော့်ကိုပါ အမှုပတ်နေမှာလားလို့ ကြောက်တာနဲ့ တော်တော်ကို စိုးရိမ်သွားတယ်…"

"ဒါနဲ့ ကလပ်ကို ကျွန်တော်ပြန်သွားပြီး ဟိုကနေ ရဲကို ဖုန်းဆက်ပြီး ကားအခိုးခံရတယ်လို့ တိုင်လိုက်တယ်၊ တကယ်တော့ ကားဟာ ဘယ်တုန်းကမှ အခိုးမခံရဘူးလို့ ထင်တယ်၊ မြို့လယ်အရောင်းအဝယ် စည်ကားတဲ့ အရပ်မှာ ကားကို ရဲတွေက ပြန်တွေ့တယ်"

"ခင်ဗျားကို ကျုပ်ပြောတဲ့ အပေါ်မှာ မှုတည်ပြီးတော့ ဖင့်ချ်လေကို လိုက်ရှာပြီး ကျုပ်ကွယ်ရာမှာ ငွေပေးပြီး ကျေအေးရရင် ငွေကုန်သက်သာမယ်လို့ ခင်ဗျား ဆုံးဖြတ်တယ်မဟုတ်လား"

"ဒီလိုမျိုး မထင်မိပါဘူးဗျာ"

"ဒါပေမယ့် ခင်ဗျားလုပ်တာက ဒီအတိုင်းပဲမဟုတ်လား"

"လူတစ်ယောက်ဟာ အပြင်းအထန် ထိခိုက်မိပါတယ်လို့ သိတယ်ဆိုရင်ပဲ တစ်ခုခု လုပ်ချင်တာကတော့ ဓမ္မတာပဲလေ၊ အားလုံးကို တော်တော်စိုးရိမ်သွားတယ်..."

"ခင်ဗျာ့ရုံးကို ကျွန်တော်သွားပါတယ်၊ ခင်ဗျားနဲ့တွေ့ဖို့ စောင့်ပါတယ်၊ ခင်ဗျားက အပြင်သွားနေတယ်၊ ခင်ဗျားရဲ့အမှုသည် လူစီဘာတန်ဆီမှာ ခင်ဗျားရောက်နေပုံရတယ်"

"ဒါကို ခင်ဗျားသိလို့လား"

"ဟင့်အင်း... မသိပါဘူး"

"အဲဒီမှာ ကျုပ်ရောက်နေလိမ့်မယ်လို့ ခင်ဗျားမှာ ထင်စရာအကြောင်း အချက်ရှိသလား"

"အင်း... ရဲတွေဆီက ကျွန်တော်ကြားရတယ်၊ ဒါကို ပြန်ရုပ်သိမ်းပါတယ်၊ အဖြေကတော့ ကျွန်တော် မသိဘူးပါပဲ"

"ကောင်းပါပြီ၊ ကျုပ်ရုံးခန်းကို ခင်ဗျားရောက်တယ်၊ ကျုပ်အပြင်သွားတယ်လို့ သိရတယ်"

"ဟုတ်ပါတယ်"

"အဲဒီတုန်းက ခင်ဗျားရဲ့ယာဉ်မောင်းဟာ ဘယ်မှာလဲ"

"ခင်ဗျားရဲ့ ရုံးရှိတဲ့ အဆောက်အအုံရှေ့က ကျွန်တော့်ရဲ့ ဖြူကားထဲမှာ ထိုင်ပြီး စောင့်နေတယ်"

"ဟိုမှာ ကားရပ်ဖို့နေရာကို ခင်ဗျား တွေ့တာပေါ့"



"ကျွန်တော့်ရဲ့ ယာဉ်မောင်းက တွေ့တာပေါ့၊ အဆောက်အအုံ အဝင်ဝမှာ ကျွန်တော့်ကို သူထားပစ်ခဲ့တယ်..."

"အဆောက်အအုံအနီးမှာ ယာဉ်ရပ်ဖို့ နေရာတွေ့တဲ့အထိ အဆောက်အအုံတန်းတစ်ကွက်ကို လှည့်ပတ်မောင်းဖို့ သူ့ကို ကျွန်တော်က ပြောပါတယ်၊ သူဟာ ချက်ချင်းဆိုသလိုပဲ ကားရပ်ဖို့ နေရာတစ်ခု တွေ့ပါတယ်"

"ဒီတော့ ခင်ဗျားက ကျုပ်ကို စောင့်နေရောလား"

"ဟုတ်ပါတယ် ခင်ဗျ၊ ခြောက်နာရီလောက်မှာ အာမခံကလူဆီကို ဖုန်းဆက်ပြီး နစ်နာကြေးကို ခင်ဗျားနဲ့ ပြေလည်အောင်လုပ်ဖို့ သူ့ကို ပြောပြီးတဲ့အထိပါပဲ... "

"အာမခံကုမ္ပဏီကို အကြောင်းကြားမထားရင် ကျွန်တော့်ဘက်က ဂရုမစိုက်ရာ ကျမှာပဲလို့ ရုတ်ခြည်း သတိရသွားတယ်လေ"

"ဒီတော့ အာမခံက လူက ကျုပ်ကွယ်ရာမှာ သွားပြီး ပြေလည်အောင် လုပ်ရင် ပိုပြီး ငွေကုန်သက်သာမယ်လို့ ပြောတယ်ပေါ့"

"ညှိုဆောင်မှာပဲ စောင့်နေပါ၊ သူလာခဲ့ပါမယ်၊ သူနဲ့ မတွေ့ရခင် ဘယ်နည်းနဲ့မှ ခင်ဗျားနဲ့ မဆွေးနွေးပါနဲ့ဦးလို့ အာမခံကလူက ပြောပါတယ်၊ သူရောက်လာပြီးတဲ့နောက် ကိစ္စတစ်ခုလုံးကို သူ့လက်ထဲ လွှဲအပ်လိုက်ပါတယ်"

"ဒါပေမယ့် ဆေးရုံက ကျုပ်ရဲ့အမှုသည်ဆီကို သွားပြီး ကျုပ် နောက်ကွယ်မှာ ငွေပေးပြီး ပြေလည်မှုကိုတော့ တကယ်လုပ်ခဲ့တယ် မဟုတ်လား"

"ခင်ဗျားရဲ့ နောက်ကွယ်မှာဆိုတာက ခင်ဗျား ဘယ်လိုဆိုလိုတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး၊ ခင်ဗျာ့ရုံးခန်းမှာ ခင်ဗျားမှ မရှိတာ၊ ခင်ဗျားနဲ့ ဆက်သွယ်ဖို့ တကယ်ကြိုးစားခဲ့ပါတယ်..."

"လင်္ကာမကလေးနဲ့ လျှောက်ပွေနေတဲ့ ရှေ့နေတစ်ယောက် သူ့ရုံးခန်းကို ပြန်ရောက်တဲ့အထိ တစ်နေ့လုံးတော့ ကျွန်တော်က မစောင့်နိုင်ဘူးခင်ဗျ၊ ကျွန်တော့်ရဲ့ အချိန်က အဖိုးတန်ပါဘိသနဲ့"

"ကောင်းပြီလေ၊ ဟိုကျေအေးမှု လုပ်တဲ့အခါမှာ အာမခံကုမ္ပဏီက ပေးတဲ့ ငွေအပြင် ခင်ဗျားပိုင်ငွေကို ထပ်ပေးသေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ပေးတယ်"

"ဘာလို့ ပေးရတာလဲ"

"အာမခံကုမ္ပဏီက ပေးတာထက် သူငယ်ကလေးဟာ ငွေကိုပိုပြီး လိုအပ်လိမ့်ဦးမယ်လို့ ထင်လို့ပဲ၊ ကျွန်တော်ဟာ သူတစ်ပါးရဲ့ ကောင်းကျိုး ကိုချည်း လုပ်တတ်တဲ့လူတစ်ယောက် စစ်စစ် မဟုတ်ပေမယ့် လူငယ်ကလေး တစ်ယောက် ဝေဒနာခံစားရတဲ့ အပေါ်မှာတော့ သိပ်မတွန့်တိုတတ်ပါဘူး"

"တော်တော်ကို မြင့်မြတ်တဲ့ စိတ်ကူးယဉ်သဘောထားတွေပါလား၊ ဒါပေမယ့် ကားတိုက်မှုမှာ ခင်ဗျားကား ပါဝင်ပတ်သက်နေတယ်လို့ ကျုပ်က ပြောတဲ့အပေါ်မှာတည်ပြီးတော့ ခင်ဗျားဟာ ပေးဖို့ တာဝန်ရှိတယ်လို့ အာမခံက လူကို ပြောရုံသာမကဘဲ ခင်ဗျားအိတ်ထဲကပါ ထပ်ပေးရတာပါလို့ ရုံးတော်က သဘောပေါက်စေချင်တာလား"

"ဒီမှာ၊ ခင်ဗျားဟာလေ၊ ဂုဏ်သရေရှိတဲ့ ရှေ့နေကြီးတစ်ယောက်လို့ ကျွန်တော်ထင်ခဲ့တယ်၊ အခုတော့ တလွဲဖြစ်နေတာကို သိရတယ်၊ ခင်ဗျားမှာ အထောက်အထား ရှိပါတယ်လို့ ပြောတဲ့အချိန်တုန်းကတော့ အင်း . . . ခင်ဗျားမှာ တကယ်ရှိတယ်လို့ ထင်ခဲ့တယ်"

မေဆင်ပြုံး၍ ပြောလိုက်သည်။

"အလွန့်အလွန်ကို မြင့်မြတ်ပြီး ကိုယ့်ဘက်က ကိုယ်ဖြောင့်မတ်လှတဲ့ မစ္စတာ အာကျိုင်းပါလား . . ."

"ဒါပေမယ့် ကျုပ်ဟာ ရန်ငြိုးထားဖို့တောင် တန်တဲ့လူ မဟုတ်ဘူးလို့ ခင်ဗျား ပြောခဲ့ပါလျက်နဲ့ ခင်ဗျားရဲ့ ယာဉ်မောင်းဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေထဲမှာ ခင်ဗျား ရောထွေးမပါအောင်ဆိုပြီး ကလပ်က တံခါးစောင့်ဆီကို သွားပြီးတော့ လာဘ်ထိုးတယ် . . ."

"ပြီးတော့ မွန်းလွဲတစ်ပိုင်းလုံးမှာ ကလပ်ကနေပြီး ဘယ်ကိုမှ ခင်ဗျား မသွားပါဘူးလို့ နှုတ်ပြောနိုင်းခဲ့တယ်လေဗျာ"

"ဒီလို မဟုတ်ပါဘူး"

"တံခါးစောင့်ကို ပိုက်ဆံတော့ ပေးခဲ့တယ် မဟုတ်လား"

"ဆုချတာပါဗျာ၊ ဒါပါပဲ"

"ဘယ်လောက်လဲ"

"ဒါက ဘာမှအရာရောက်တာ မဟုတ်ပါဘူး"

"ဘယ်လောက် ပေးရသလဲ"



'ရုံးမင်းခင်ဗျာ၊ ကန့်ကွက်ပါတယ်၊ ဒီလူဟာ တမင်တကာ ဒုက္ခ ရောက်အောင် အလုပ်ခံနေရတာပါ'ဟု ဘာဂါက ထခုန်ပြီး ပြောလိုက်သည်။

'ကန့်ကွက်တာကို ငြင်းပယ်တယ်'ဟု တရားသူကြီးက ပြောလိုက် သည်။

'ဘယ်လောက်ပေးရသလဲ'ဟု မေဆင်က ထပ်၍ မေးသည်။

"အင်း . . . ငါးဒေါ်လာပေးမိတယ်လို့ ထင်တယ်၊ ဒါပေမယ့် ကျွန်တော် နည်းနည်းလည်း သောက်ထားတယ်၊ မှောင်ကလည်း မှောင်နေတယ်၊ နောက်ပြီး ပိုပေးခဲ့ချင်လည်း ပေးခဲ့မိမယ်"

"ဒေါ်လာ တစ်ရာလား"

"ဒီလောက်ပဲထင်တယ်"

"မှားပြီး ပေးတာလား"

"မှားပြီးပေးတာပါ"

"သုံးရက်နေ့ညက ကားကို ခင်ဗျားမမောင်းခဲ့ဘူးဆိုတာကို ခင်ဗျား သိတယ်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒီတော့ ဟိုတုန်းက ကားကို မောင်းပိုင်ခွင့်ရှိတဲ့လူဟာ ခင်ဗျားရဲ့ ယာဉ်မောင်းပဲ ဖြစ်ရမယ်လို့ ခင်ဗျားသိတယ်ပေါ့"

"ဒါတော့ ကားအခိုးခံရတာလည်း ဖြစ်နိုင်တာပဲ"

"ဒီလိုဆိုရင် ယာဉ်တိုက်မှုအတွက် ခင်ဗျားမှာ တာဝန်မရှိရဘူးပေါ့၊ အဲဒါ . . . မစ္စတာအာကျိုင်း၊ ခင်ဗျားလည်း အရောင်းအဝယ်သမား တစ်ယောက်ပဲ"

"ခင်ဗျား ဘာလိုချင်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ အဖြစ်က ခင်ဗျားပြန်သွားပြီးတဲ့နောက် ယာဉ်မောင်းကို ကျွန်တော်က အစ်အောက် ထားတော့ သူ မနေသာတော့ဘဲ ကားကို သူမောင်းပါတယ်၊ တိုက်ပြေးတဲ့ ယာဉ်တိုက်မှုမှာ သူပါဝင်ပတ်သက်နေပါတယ်လို့ တစ်ခါတည်း ဖွင့်အန်တော့ တာပဲ၊ ကားအခိုးခံရတယ်လို့ ပြောတာဟာ တာဝန်ကို ရှောင်ချင်လို့ပါလို့လည်း ပြန်ခံတယ်"

'ဟုတ်လိုက်လေဗျာ၊ ကျုပ်ပြောတာဟာ မှားပါတယ်လို့ အခုကော ပြောချင်သေးသလား'ဟု မေဆင်က ထောက်မေးလိုက်သည်။

"ကျွန်တော့်ကားဟာ တိုက်ပြေးတဲ့ ယာဉ်တိုက်မှုမှာပါဝင်ပတ်သက်နေတယ်လို့ ခင်ဗျား ပြောတာကို ဆိုလိုတာလား"

"ခင်ဗျားကြိုက်သလိုပဲ ထားပါတော့လေ"

"ခင်ဗျားပြောတာ လုံးဝမှားတယ်၊ ဟိုသူငယ်ကလေးကို တိုက်သွားတဲ့ကားကို မောင်းတာက ကက်ဖီးဆိုတဲ့ လူဗျ"

"ဒါနဲ့နေပါဦး၊ ခင်ဗျားနဲ့ အာမခံကလူဟာ ဟို မစ္စတာဖင့်ချ်လေဆီကို သွားပြီး ခင်ဗျားပေးထားတဲ့ငွေကို ပြန်ပေးရင်ပေး၊ မပေးရင် လိမ်ညာပြီးငွေတောင်းမှုနဲ့ တရားစွဲမယ်လို့ ခြိမ်းခြောက်တယ်ဆို... ဟုတ်လား"

"ဒါက ဥပဒေအရပဲဖြစ်ဖြစ် တခြားနည်းနဲ့ပဲဖြစ်ဖြစ် ငွေကို သူမရထိုက်ဘူးဆိုတာ သွားရှင်းပြတာပါ"

"သူက ဘာပြောသလဲ"

"သူ့သဘောနဲ့သူ လာပေးတာ ပြန်မတောင်းနိုင်ဘူး၊ ဒါကြောင့် ငွေကို ပြန်မပေးနဲ့၊ အာမခံက လူတွေကိုလည်း လူလည်မလုပ်အောင် ဆုံးမလိုက်ဦးမယ်လို့ ခင်ဗျားက ပြောထားတယ်လို့ ပြောတယ်"

တရားသူကြီး အော့စ်ဘွန်းက ပြုံးသည်။

'မှန်လိုက်လေ၊ ကိုင်း...သူ တကယ်ပါဝင်ပတ်သက်မှုမရှိဘဲနဲ့ တိုက်ပြေးတဲ့ ယာဉ်တိုက်မှုမှာ သူပါဝင်ပတ်သက်နေပါတယ်လို့ မစ္စတာ ပစ်တကင်က ဘာကြောင့်ပြောရတယ်လို့ ခင်ဗျားထင်သလဲ မစ္စတာ အာကျိုင်း'ဟု မေဆင်က မေးလိုက်ပြန်သည်။

"မသိဘူးလေ၊ သိရင် ကောင်းမှာပဲ၊ ဒါကို အဖြေရှာဖို့ ကျွန်တော် အပြန်ပြန်အလှန်လှန် စဉ်းစားတယ်၊ ဒါပေမယ့် စဉ်းစားလို့ကို မရဘူး..."

"ခု ပုံတော့ သူဟာ ငွေညှစ်ချင်တဲ့ လူတစ်ယောက်လို ဖြစ်နေတယ်၊ သူ့ရဲ့ လိမ်ကောက်တဲ့ စိတ်ထဲမှာ အကြောင်းတစ်ခုခုတော့ မလွဲမသွေရှိရမယ်"

"တိုက်ပြီးပြေးတဲ့ ယာဉ်တိုက်မှုမှာ သူပါဝင်နေပါတယ်လို့ ဝန်ခံထားတာတောင်မှ ညဘက်အနားယူစေဖို့ သူ့ကို ခင်ဗျားက ညှာတာခဲ့သေးတယ်လား"

"ဒါကတော့ ဒီလိုပါ၊ သူ့ရဲ့နားရက်ဖြစ်တဲ့ ညတွေနေ့တွေမှာ ကျွန်တော့်ယာဉ်မောင်းဟာ အပိုဝင်ငွေရှာတယ်ဆိုတာ ကျွန်တော်သိတယ်..."

"သူဟာ သူတို့ရဲ့ ယာဉ်မောင်းများ အသင်းဝင်တစ်ဦးဖြစ်တဲ့ အကြောင်း



ရက်အားများမှာ သူတို့အလုပ်လုပ်တဲ့အကြောင်း သူက ပြောပြထားတယ်..."

"အငှားလိုက်ဖို့ အသေအချာ ပြောဆိုထားပြီးသား ရှိနေကြလေတော့ အသင်းကို အချိန်မီရောက်သွားစေချင်တယ်လေ၊ ကျွန်တော်ကိုယ်တိုင်ကလည်း အရောင်းအဝယ်သမား မဟုတ်လား..."

"ချိန်းတဲ့အချိန်မှာ ရောက်မလာတဲ့ ယာဉ်မောင်းကို စောင့်ရတာ ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော်သိတယ်၊ ပစ်တကင်ကိုလွှတ်တာက သူ့အတွက် ထောက်ထားပြီး လွှတ်တာမဟုတ်ဘူး၊ သူတို့အသင်းကို ထောက်ထားလို့ပါ"

"ကဲ... ဒါဖြင့် မစ္စတာအာကျိုင်း၊ ဒီအတိုင်း တကယ်ဖြစ်ခဲ့ပါတယ်လို့ ခင်ဗျား စိတ်ကူးများ ရမိခဲ့ဖူးသလား"

"ဘာကို ဆိုလိုတာလဲ"

"ပစ်တကင်မှာ တာဝန်ယူထားတာ တစ်ခုခုရှိနေပြီဆိုတာလေ၊ ငါးရက်နေ့ ညနေစောင်းမှာ သူ့အလုပ် လုပ်ပေးဖို့ လူတစ်ယောက်ယောက် ရှိနေမယ်..."

"ခင်ဗျားရဲ့ကားကို သူကိုယ်တိုင် အိမ်ပြန် မောင်းပို့ရမယ့်အစား တခြားတစ်ယောက်ကို အပ့်နိုင်းမယ်၊ နောက် သူလုပ်ပေးပါမယ်လို့ အာမခံထားတဲ့ အလုပ်ကို လုပ်ပေးဖို့ သူချက်ချင်းသွားမယ်"

အာကျိုင်းက ငြိမ်စဉ်းစားပြီး...

"အဲဒီလိုဖြစ်နိုင်တယ်"

"ပစ်တကင်ရဲ့ နားရက်တွေမှာ သူတို့အသင်းက ယာဉ်မောင်းတစ်ယောက်ယောက်ကို ခင်ဗျား ငှားရတာများ ကြုံဖူးသလား"

"ကြုံကြုံဖန်ဖန်၊ ဒီလိုလုပ်ချင်ရင် ပစ်တကင်ကိုပဲ အချိန်ပိုလုပ်ခပေးပြီး ခိုင်းထားလိုက်မှာပေါ့"

"ဒီမှာ မစ္စတာအာကျိုင်း၊ ခင်ဗျားကို လူနာမည် ဆယ့်ငါးခုပါတဲ့ စာရင်းတစ်ခု ကျုပ်ပေးမယ်၊ အဲဒီအထဲမှာ ခင်ဗျားသိတဲ့လူများ ပါမလားလို့ ကြည့်ပေးစမ်းပါ"

'အို... ဒါက ဘာလုပ်ဖို့လဲ'ဟု ဟာမီလ်တန်ဘာဂါက ဝင်၍ ဟန့်တိုက်သည်။

'ဒါက ဒီလိုလေ၊ ပစ်တကင်ဟာ တိုက်ပြီးပြေးတဲ့ ယာဉ်တိုက်မှုမှာ သူတကယ်မပါဝင်ပါဘဲနဲ့ ပါဝင်ပတ်သက်နေပါတယ်လို့ ပြောရတဲ့ အကြောင်း

ပေါ်ချင်ပေါ်လာနိုင်လို့ပါ’ဟု မေဆင်က ပြန်ပြောလိုက်သည်။

‘အို… ကောင်းပါပြီလေ၊ ကျုပ်ကတော့ ဘာအကြောင်းအချက်မှလည်း မမြင်ဘူး ရှုံးမင်းခင်ဗျား၊ ဒီပြန်လှန်မေးခွန်းထုတ်တာဟာ ဘယ်အကျိုးမှလည်း မရောက်ဘူး၊ ရေမြင်ရာရမ်းပြီး ငါးမျှားနေသလိုသာ ဖြစ်နေတယ်’ဟု ဘာဂါ… ထပ်မံတင်ပြသည်။

‘ဒါပေမယ့် ရေက ငါးရှိနိုင်မယ့် အလားအလာရှိတဲ့ရေဗျ၊ မကြာ မကြာ ငါးတွက်တာကလေးများတောင် မစ္စတာမေဆင် ရနေပြီလို့ ထင်တယ်’ဟု တရားသူကြီးက ပြုံး၍ ပြောလိုက်သည်။

အာဂျိုင်းသည် မျက်နှာအနေအထားကို ပြင်လိုက်ပြီး လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာရင်းကိုကြည့်ကာ ခေါင်းကုတ်လိုက်သည်။

‘စာရင်းထဲက အမည်တွေကို စစ်ကြည့်ဖို့ မိနစ်အနည်းငယ်တော့ လိုလိမ့်မယ် မစ္စတာမေဆင်’ဟု အာဂျိုင်းက ပြောလိုက်သည်။

တရားသူကြီးက ဝင်၍ အဆုံးအဖြတ်ပေးလိုက်သည်။

“ကောင်းပြီ၊ ရုံးတော်ကို ဆယ့်ငါးမိနစ် နားပေးမယ်။ အဲဒီအချိန်မှာ စာရင်းကို စစ်ကြည့်နိုင်တယ်…”

“ဒီမှာ မစ္စတာဘာဂါ၊ သူစစ်ပြီးတဲ့နောက်မှ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်သေနဲ့ ဆွေးနွေးပါ”

တရားသူကြီး အော့စ်ဘွန်းသည် ထိုသို့ပြောပြီးနောက် ထ၍ သူ့… အခန်းထဲသို့ ဝင်သွားသည်။

မေဆင်သည်လည်း ထ၍ရပ်ကာ ကိုယ်လက်ဆန့်ပြီး အမှတ်တမဲ့ သဘောမျိုး အထူးပေါ်လွင်အောင် လုပ်၍ သမ်းလိုက်သည်။

ထို့နောက် ရဲအုပ်ကြီးထရက် ထိုင်နေရာသို့သွားကာ…

‘ဒီထောင့်နား ခဏလောက်လာရင် မကောင်းဘူးလား ရဲအုပ်ကြီး’ဟု ခေါ်လိုက်သည်။

ထရက်က ခေါင်းညိတ်ပြီးနောက် နှစ်ယောက်သား ရုံးခန်းထောင့် တစ်နေရာသို့ သွားကြသည်။

“ဟိုကုမ်းကိုခင်ဗျား ပြန်လှန်မေးခွန်းထုတ်လိုက်တဲ့အတွက် ကျေးဇူး တင်ပါတယ် မစ္စတာမေဆင်…”



“ကျွန်တော် လက်လွှတ်လိုက်ရပြီးတဲ့နောက်မှာ ဂိုရှင်က ခင်ဗျားကို သူမြင်ခဲ့တဲ့လူပါပဲလို့ ထိုးပြပြီး စွပ်စွဲနိုင်တဲ့ ခင်ဗျားရှိတဲ့နေရာကို ချေရာခံ လိုက်ခဲ့ပုံကို သူက လိုက်ကြွားနေခဲ့တယ်လေ…”

“အခုတော့ သူ့လေသံ နည်းနည်းပြောင်းသွားတော့မယ်၊ ခင်ဗျား နားလည်ထားဖို့က ခင်ဗျားကို ကျွန်တော် တရားဝင်ပြောနေတာ မဟုတ်ဘူး၊ ပုဂ္ဂိုလ်ချင်း ခင်မင်မှုအရ ပြောနေတာနော် မေဆင်”

“နားလည်ပါတယ်၊ ကျုပ်ကလည်း ပုဂ္ဂိုလ်ချင်း ခင်မင်မှုသဘောနဲ့ ပြောရဦးမယ်၊ ကားကလေး ဘာကလေးများ လျှောက်စီးရရင် မကောင်း ဘူးလားထရက်”

“ဘယ်ကိုလဲ”

“မြို့စွန်က လူနေရပ်ကွက်တစ်ခုကိုလေ”

“အချိန်ရမယ် ထင်လို့လား”

“အချိန် အများကြီးရှိတယ်လို့ ထင်တယ်”

“ဆယ့်ငါးမိနစ်နဲ့ မြို့စွန်ထွက်ပြီးနောက် ဒီကို အချိန်မီ ပြန်လာ နိုင်ဘူးထင်တယ်၊ ဖြစ်ပါ့မလား”

“အာဂျိုင်းဟာ ဟိုစာရင်းကိုကြည့်လိုက်ရင် ဒီထက်အချိန်ပိုယူရ… လိုလိမ့်မယ်လို့ ထင်တယ်၊ သူ့… ဟိုမှာ ဘာဂါလာနေတယ်”

သူ့ မလိုမုန်းထားသူတစ်ယောက်နှင့် လုပ်ငန်းသဘောအရ ဆွေးနွေးရန် မလွှဲသာမရှောင်သာ၍သာ လာရသည့်ပုံ ဟန်ကြီးတစ်ခွဲသားနှင့် ဟာမီလ်တန် ဘာဂါ လျှောက်လာသည်။

‘ဟို သက်သေတွေရဲ့ စာရင်းက ဘယ်လောက်တောင် အရေးကြီးလို့လဲ မေဆင်’ဟု ဘာဂါက မေးလိုက်သည်။

“တော်တော့်ကို အရေးကြီးပါတယ်”

“အာဂျိုင်းဟာ သူ့ရဲ့အစုရှယ်ယာဝင်တွေစာရင်းကို စစ်ဆေးမကြည့် ရဘဲနဲ့ ခင်ဗျားပေးတဲ့စာရင်းကို စစ်ဆေးကြည့်လို့ မရဘူး။ သူဟာ နာမည်တွေကို သိပ်မမှတ်မိဘူးလို့ ပြောတယ်…”

“ဒါပေမယ့် ဒီလူအားလုံးနီးနီးဟာ သူ့ရဲ့ကုမ္ပဏီတွေထဲက ကုမ္ပဏီ တစ်ခုရဲ့အစုရှယ်ယာဝင်တွေလို့ သူထင်တယ်တဲ့၊ အဲဒီစာရင်းအဖြေကို လိုချင်ရင်

မနက်ဖြန်မနက်အထိ အမှုကို ရွှေ့ဆိုင်းရလိမ့်မယ်"

"ကျုပ်အတွက်တော့ ဖြစ်ပါတယ်"

"ကျုပ်အတွက်ကတော့ မဖြစ်ဘူး"ဟု ဘာဂါက ပြောသည်။

"ဒီမှာ မစ္စတာဘာဂါ၊ ဟိုစာရင်းနဲ့ပတ်သက်ပြီး အဖြေကိုတော့ ကျုပ်ရမှဖြစ်မယ်"

ဘာဂါ အတော်ကြာကြာ ဆုတ်ဆိုင်းဆိုင်း လုပ်နေပြီးမှ...

"ဒီလိုဆိုလည်း ကောင်းပြီလေ၊ ခင်ဗျားရဲ့ သဘောတူချက်အရ အမှုကို နက်ဖြန်မနက်အထိ ရွှေ့လိုက်မယ်"

"တရားသူကြီးကိုတော့ ခင်ဗျားပဲ ရှင်းပြလိုက်ပါတော့နော်"

"ကောင်းပါပြီ"ဟု ပြောပြီး ဘာဂါသည် ချာခနဲ လှည့်လိုက်သည်။

"ကဲ... သွားဖို့ အဆင်သင့်ပဲလား ရဲအုပ်ကြီး၊ ခင်ဗျာ့ကားနဲ့ သွားရင် ကောင်းမယ်ထင်တယ်"

"ဟေး... ဆရာကြီး၊ ခင်ဗျား ဘာလုပ်နေတယ် ဆိုတာ ခင်ဗျား သိရဲ့လား"

"ထင်တာပဲ"

□

(၂၉)

မေဆင် ညွှန်ပြသည့် လမ်းကြားကလေး၏ အဝင်ဝဆီသို့ ထရိတ်တာ ကားကို နှောက်ဆုတ်လိုက်သည်။

"ဒီက နေပြီးတော့ ဟိုအိမ်ကို ကျုပ်တို့ မြင်နိုင်တယ်"ဟု မေဆင်က ပြောလိုက်သည်။

"ခင်ဗျာ့ဥစ္စာက ဘာသဘောလဲဗျ"

"ဟိုလစ္စတာဟာ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"နောက်ပြီး သူရက်တော်တော်ကြာနေဖို့ ရည်ရွယ်တယ်"

"မှန်တယ်"

"ကားနဲ့သူ့အလောင်းကို ခင်ဗျားတို့ တွေ့ရတုန်းက၊ ခင်ဗျားတို့ မတွေးမိတဲ့ တော်တော် ထင်ထင်ပေါ်ပေါ်ကြီးဖြစ်တဲ့ အရာတစ်ခု ရှိတယ်"

"ဘာကိုပြောတာလဲ"

"ဝန်စည်စလယ်လေ၊ လူတစ်ယောက်ဟာ ခရီးဝေးထွက်တယ် ဆိုရင် သူနဲ့အတူ ဝန်စည်စလယ်ပါရမှာပေါ့"

"ဟုတ်တယ်ဗျို့"

"ပြီးတော့ အလောင်းဟာ ထူးထူးဆန်းဆန်း အနေအထား ဖြစ်နေတယ်၊ အဲဒီအနေအထားက ဘာကို ပြသလဲ… ရဲအုပ်ကြီး"

"တစ်ခုပဲ ရှိတယ်၊ အလောင်းကို ကားနောက်ဘက် ပစ္စည်းထည့်တဲ့ အခန်းကလေးထဲမှာ ထိုးကြိတ်ထည့်လာခဲ့ရမယ်"

"ဟုတ်လိုက်လေ၊ ဒါဖြင့် ဟိုလစ္စတာရဲ့ ကားနောက်ခန်းထဲမှာလား"

"ဖြစ်နိုင်တယ်"

"ယောဟိုမှာ အာကျိုင်းလာနေပြီ၊ ကားကို တော်တော်မြန်မြန် မောင်းလာနေတယ် မဟုတ်လား ရဲအုပ်ကြီး"

"သူ့စိတ်ထဲမှာ လုပ်စရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေလို့ ဖြစ်မှာပေါ့၊ အမှုစစ်တာက သူ့ရဲ့လုပ်ငန်းအစီအစဉ်တွေကို ပျက်စေတယ်နဲ့ တူတယ်"

မေဆင်က ကိုယ်ကိုဆန့်၍ သမ်းလိုက်ပြီး…

'ထင်တာပဲ'ဟု ပြောလိုက်သည်။

"ကဲ… အခု ကျွန်တော်တို့ ဘာလုပ်ရမလဲ"

"ထိုင်စောင့်ရုံပဲလေ၊ ခင်ဗျားရဲ့ ဝါယာလက်စက် ဖွင့်ထားသလား"

"ဟုတ်ကဲ့"

"အလုပ်ကောင်းကောင်း လုပ်မလုပ် သေချာအောင် စစ်ကြည့် စမ်းဗျာ၊ ရဲဌာနချုပ်ကို ဆက်ပြီး အချိန်မေးကြည့်စမ်းပါ"

"ခင်ဗျား ဘာတွေ လုပ်နိုင်းနေတာလဲ မေဆင်၊ ဘာသဘောလဲ"

"ဪ… ခင်ဗျားကို ဘာမပြော ညာမပြောနဲ့ ခေါ်လာခဲ့မိတာကို မြန်းခနဲ တွေးမိလို့ပါ၊ ဘာဂါက လိုက်ရှာချင်ရှာနေမှာ၊ လူကို စွပ်စွဲထောက်ပြတဲ့ ကိစ္စကြီး ပျက်ပြားသွားတဲ့ အလုပ်ကမျာ:…"

"တကယ်ပါဗျာ၊ ကောင်းလိုက်တဲ့ ဖြစ်ခြင်း၊ ပြောရမှာ မရှက်ပါဘူး မေဆင်၊ ကျွန်တော်လေ ထခုန်ပြီး လက်ခုပ်လက်ဝါးတောင် တီးလိုက်ချင်တာ…"

"ပုဂ္ဂိုလ်ချင်း သဘောပြောတာနော်၊ နားလည်ထားပါ၊ တရားဝင် အလုပ်သဘော ပြောတာမဟုတ်ဘူး"

ထရက်သည် ဝါယာလက် စက်ကို ဖွင့်ပြီး ရဲဌာနချုပ်နှင့်ဆက်သွယ်လိုက်သည်။ ထို့နောက် ထိုင်ခုံနောက်မှီကို မှီကာ ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်။



"ဒီမှာ မေဆင်၊ ကျွန်တော်တို့ ဘယ်သောက် အဖွဲ့ကို စောင့်နေတာလဲ၊ အာကျိုင်းနဲ့ခင်ဗျား တွေ့ချင်ရင် သွားတွေ့လိုက်ပါလားဗျ"

"မှတ်တမ်းတွေကို သူရှာဖွေစုဆောင်းနေတာ ဆိုရင် ဆက်လုပ်ပါစေလေ၊ သူ… ယော ထွက်လာပြီ"

လက်တစ်ဖက်က လက်ဆွဲအိတ်ကို ကိုင်ပြီး တခြားတစ်ဖက်က ခရီးဆောင် သေတ္တာကိုဆွဲကာ အာကျိုင်းသည် အိမ်ရှေ့တံခါးပေါက်မှ ပြေးသလောက် နီးနီး ခြေလှမ်းဖြင့် ထွက်လာသည်။ အိတ်များကို ကားထဲ အတင်းထိုးသိပ်ထည့်ပြီး ကားစက်ကို နှိုးလိုက်သည်။

"ကဲ… ရဲအုပ်ကြီး၊ သူနဲ့ကပ်လိုက်ပါ၊ နောက်ပြီး အချက်ပေး ဥဩကိုဖွင့်ဗျာ၊ ကျုပ်တို့တော့ တစ်ပွဲတစ်လမ်း နွှဲရလိမ့်မယ်ထင်တယ်"

"ဥဩ မှုတ်ရမယ်လား၊ သူက ဘာတွေလုပ်ခဲ့လို့လဲ"

"သူ့နောက်ကိုသာ လိုက်ပါ၊ သူ ဘာလုပ်မယ် ဆိုတာကို တွေ့ရပါလိမ့်မယ်၊ အနည်းဆုံး ကားအရမ်းမောင်းမှုနဲ့တော့ သူ့ကို ဖမ်းနိုင်တာပဲ"

"သွားစမ်းပါ၊ ကျွန်တော်က ယာဉ်ထိန်းရဲမှ မဟုတ်တာ"

"ဒီပွဲကို ဆက်နွှဲမလား၊ လက်လွှတ်မလား"

ထရက်သည် မေဆင်အား စိန်းစိန်း ကြည့်လိုက်သည်။

"ကောင်းပြီ ဆက်လုပ်မယ်"

"ဒါဖြင့် မောင်းတော့"

ထရက်သည် ကားကြီးကို စက်နှိုးပြီးလျှင် အာကျိုင်း၏နောက်သို့ မောင်းလိုက်သည်။

ခဏမျှကြာသောအခါ ထရက်သည် ကားရှိန်ကို မြှင့်လိုက်သည်။

'ဟိုငနဲက တကယ်ကို အမြန်မောင်းနေပါလား'ဟု အာမေဋိတ်သံ ပြုလိုက်သည်။

"ဒီနေရာမှာ ကားအမြန်နှုန်း ကန့်သတ်ချက်က ဘယ်လောက်လဲ"

"သုံးဆယ့်ငါးမိုင်၊ ဟာ… သူ ငါးဆယ်ကျော်တောင် မောင်းနေပါကလား၊ သူ ဒါလောက်မြန်မြန် မမောင်းသင့်ဘူး"

"ဥဩသံပေးလေ"

"ဟာဗျာ၊ ကျွန်တော်တို့ တော်တော်ကြာ သူနဲ့သားချင်းယှဉ်မိမှာ

ပဲဟာ... နောက်"

'ဥဩသံပေးပါ'ဟု စိတ်မရှည်စွာဖြင့် ပြောပြီးလျှင် မေဆင်သည် ဥဩခလုတ်ကို ဖွင့်လိုက်ရာ ဥဩသံ တဝေါဝေါ မြည်သွားသည်။

ထရက်က ဥဩခလုတ်ကို ခြေဖြင့်ကန်၍ ပိတ်လိုက်သည်။

"အကျိုးနည်းမှုပဲ၊ မလုပ်ပါနဲ့ဗျ၊ ကျွန်တော်..."

အံ့အားသင့်ပြီး ကြောက်သည့်အကြည့်နှင့် အာဂျိုင်းက နောက်သို့ ကြည့်လိုက်ရာ သူ၏နောက်မှ ရဲကားလိုက်လာသည်ကို သူတွေ့ရသဖြင့် စက်တုန်ဖွင့်၍ တအားမောင်းတော့သည်။

'ခင်ဗျား ဘယ်လိုသဘောရသလဲ'ဟု ထရက်ကပြောပြီး...

"ဟာ... ဘယ်လိုလဲ သောက်ရူးပဲ၊ သူ... နိုးမပဲ၊ သူထွက်ပြေးဖို့ လုပ်နေတာကိုဗျ... မေဆင်"

"သိပ်ဟုတ်တာပေါ့၊ သူပြေးဖို့ ကြိုးစားတာပဲ၊ ကဲ...ဘယ်လိုလုပ်မလဲ"

'ကျွန်တော်လုပ်ပြပါမယ်'ဟု ထရက်က ခပ်ကြမ်းကြမ်း ပြောပြီးလျှင် အချက်ပေးဥဩကို ဖွင့်လိုက်သည်။

ဝဲဘက်သို့ ရုတ်တရက် အာဂျိုင်း ကွေ့ချလိုက်ရာ ထောင့်ချိုးကွေ့တွင် ကားဘီးချော်ပြီး မှောက်လုမတတ်ဖြစ်သွားသည်။

"ကိုင်ထားဗျို့ မေဆင်၊ ခင်ဗျား ခရီးကြမ်းသွားရတော့မယ်"

ကားကို ဂီယာပြောင်းပြီး ခြေတော်ဆီလီဗာကို နင်းချကာ ကားဘီးချော်သံ တကျွီကျွီနှင့် ကွေ့ချလိုက်ပြီးနောက် ထရက်သည် ကားကို လမ်းမပေါ်သို့ ပြန်ဖြောင့်လိုက်သည်။

'ဟို မှောင်နိုမိုးထုတ်တဲ့ ခေတ်ဟောင်းတုန်းက ဒါကို တပ်ထားတာလေ'ဟု ထရက်က ကြွားလိုက်သည်။

'ဟော့... နောက်တစ်ခါ သူ ကွေ့လိမ့်ဦးမယ်'ဟု မေဆင်က သတိပေးလိုက်သည်။

"သူမလုပ်နိုင်အောင် ကျွန်တော်တို့ လုပ်လိုက်မယ်၊ တော်တဲ့ရဲသားတစ်ယောက်ဟာ သူ့ထက်တော့ အများကြီး မြန်မြန်ကွေ့နိုင်ပါသေးတယ်၊ ဦးထုပ်ကို ကိုင်ထားဗျို့ မေဆင်၊ ကဲ...ကွေ့ပြီ"

ကားကို နောက်တစ်ချီ ထရက်ကွေ့လိုက်ရာ အဝေးပြေး လမ်းမကြီးပေါ်တွင် တာယာအနက်ရာကြီးများပင် ထင်သွားသည်။



"အခု သူ တည့်တည့်သွားလိမ့်မယ်လို့ ထင်တယ်၊ သေနတ်ကို အဆင်သင့်လုပ်ထားထရက်၊ သူကတော့ သူ့သေကိုယ်သေ အလွတ်ပြေးချင်ပြေးမှာ"

"နေပါဦး၊ ဘာကနေ လွတ်အောင် သူထွက်ပြေးနေတာလဲဟင်"

'ဟတ်ဝဲလ်အယ်လ် ပစ်တကင်ကို သတ်တဲ့အမှု၊ နောက်ပြီး ရှေ့စ်ပီဟို လစ္စတာကို သတ်တဲ့အမှုကလေ'ဟု စီးကရက်တစ်လိပ်ကို မီးညှိရင်း မေဆင်က ပြောလိုက်သည်။

ထရက်သည် ဝါယာလက်စက်ကို ဖွင့်လိုက်သည်။

"ဌာနချုပ်ကို ခေါ်နေပါတယ်၊ ရဲအုပ်ကြီး ထရက်ပါ၊ ကားနံပါတ် ၄၂ ရှေ့က ဖြူဆီဒန် ကားအနက်ထဲက လူသတ်မှုနဲ့ မသင်္ကာသူတစ်ယောက် ကို လိုက်နေတယ်..."

"သူ့ကားနံပါတ်က ၉ ဝိုင် ၆၃၇၀ ဟစ်ခမန်ရိပ်သာလမ်းရဲ့ မြောက်၊ ရှစ်ဆယ့်ကိုးနဲ့ လမ်းကိုးဆယ်အကြားမှာ၊ ရနိုင်သမျှ ရဲတပ်ဖွဲ့ကားတွေကို အကူလွှတ်ပါ၊ ကျွန်တော် အချက်ပေးဥဩကို ဖွင့်ထားတယ်"

ထရက်သည် သေနတ်အိတ်ထဲမှ သေနတ်ကို အလွယ်ထုတ်၍ ရအောင်လုပ်ပြီး 'ခင်ဗျားမှာ သေနတ်ပါသလား မေဆင်'ဟု မေးလိုက်သည်။

"ကျုပ်က ဥပဒေကို လေးစားတဲ့ နိုင်ငံသားတစ်ယောက်ပါဗျ"

"ကျွန်တော့်ရဲ့ တွဲဖက်အနေနဲ့ ခင်ဗျားကို အာဏာလွှဲအပ်တယ်ဗျာ၊ ကားရဲ့ ဟိုအခန်းလေးထဲမှာ သေနတ်တစ်လက်ရှိတယ်၊ ယူပါ၊ ဒီငနဲ ဟုတ်တယ်လို့ ခင်ဗျား အတပ်သိလို့လား"

"သိလို့ပေါ့၊ မဟုတ်ရင် ဘယ်အချိန်ကုန်ခံနေပါ့မလဲ၊ ဒါပေမယ့် အခု သူ စပြီး ထွက်ပြေးတဲ့အထိတော့ မသေချာခဲ့သေးဘူး၊ သူ့ကို ခြေနဲ့ နင်းပြီး ခြေသလိုလုပ်ခဲ့ရတယ်၊ ဒီတော့မှပဲ ပေါ်လာတော့တယ်"

'အခုတော့ သူ ဒီအတိုင်း လုပ်နေပြီပေါ့၊ ကျွန်တော်တို့ တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းနဲ့ မောင်းနေတယ်နော်'ဟု လက်ကိုင်ဘီးကို နာနာ ဆုပ်ရင်း ထရက်က ပြောလိုက်သည်။

"မကြာခင် သူ လွတ်သွားတော့မှာပဲ"

"ကျွန်တော်တို့ရဲ့ ဥဩသံက သူ့အတွက် လမ်းရှင်းပေးရာ ကျနေတာပဲ၊

ဒါပေမယ့် ဝိတ်လိုက်ရင်လည်း တစ်ယောက်ယောက်ကို ဝင်တိုက်ပြီး ကျွန်တော်တို့အားလုံး သေကုန်မှာ”

“ဥညြသ်ပေးသာပေးထားပါ ရဲအုပ်ကြီး၊ အနေးနဲ့အမြန်ဆိုသလို သူ့ကို ကျုပ်တို့ မိတော့မှာပါ၊ အခု ပြေးတာဟာ သူ့ရဲ့ နောက်ဆုံးလုပ်ရပ်ပါပဲ။ သူ... ပေး... သတိထား”

ကားတစ်စီးသည် လမ်းဆုံတစ်ခုမှ ဖြန်းခနဲ ထွက်လာသည်။ ဥညြသ်ကို ကြားသည်။

လမ်းမကြီးပေါ်တွင် အာဂျိုင်း၏ကားနှင့် ထရက်၏ကားများ တရကြမ်းမောင်းလာကြသည်ကို မြင်သည်။ လမ်းဘေးသို့ ဆွဲကပ်ရန် ကြိုးစားလိုက်သည်။

အာဂျိုင်းသည် မတိုက်မိအောင် ကားကို ဆွဲရှောင်လိုက်သည်။ သူ၏ကား ချော်ထွက်သွားသည်။ ကြောက်မက်ဖွယ်ကောင်းလောက်အောင် လူးလိမ့်သွားသည်။

ထို့နောက် လုံးဝ တစ်ပတ်လည်ပြီးလျှင် ဘီးနှစ်လုံးသာ လမ်းနှင့် ထိပြေးပြီး လမ်းကိုဖြတ်၍ တာရိုးကိုကျော်ကာ ပက်လက်လန်သွားတော့သည်။

ရဲအုပ်ကြီး ထရက်သည် ကားဘာရိတ်ကို အတင်းနင်းဖမ်းလိုက်သည်။

ထားပျက်ထဲမှ အာဂျိုင်းထွက်လာလေမည်လားဟု မေဆင် စောကြည့်နေသည်။ ထို့နောက်...

‘သွားပြီထင်တယ် ရဲအုပ်ကြီးရေ၊ ခင်ဗျား အာကာလွှဲပေးထားတဲ့ တွဲဖက်ရဲအုပ်အလုပ်ကို ကျုပ်လုပ်စရာမလိုတော့ဘူးထင်တယ်’ဟု ပြောရင်း မေဆင်သည် သေနတ်ကို ရှိမြဲနေရာသို့ ပြန်ထားလိုက်သည်။

□

(၃၀)

ပယ်ရီမေဆင်၏ သီးသန့်ရုံးတွင် မေဆင်သည် လှုပ်ကုလားထိုင်ကို ရှေ့တိုးနောက်ငင် လှုပ်ရင်း သက်သောင့်သက်သာ ထိုင်နေသည်။ ဒယ်လာစထရီသည် စာရေးစားပွဲ၏ အစွန်း၌ထိုင်ကာ လက်ချောင်းချင်းယှက်၍ လက်နှစ်ဖက်ဖြင့် ဒူးတစ်ဖက်ကို ကိုင်ထားသည်။

အမှုသည်ထိုင်သော ကုလားထိုင်ကြီး၌ ပေါလ်ဒရိတ်သည် သူထိုင်နေကျအတိုင်း လက်တန်းတစ်ဖက်တွင် ခြေနှစ်ချောင်းတင်၊ ကျန်တစ်ဖက်တွင် ကျောမှီ၍ ကန့်လန့်ဖြတ် ထိုင်နေသည်။

‘လူသတ်သမားဟာ ဘယ်သူလဲဆိုတာကို တစ်လျှောက်လုံး ခင်ဗျားသိနေခဲ့တယ်ပေါ့လေ’ဟု ဒရိတ်က စကားစလိုက်သည်။

“ဘယ်သိပါ့မလဲကွာ၊ ဒါပေမယ့် ဖင့်ချ်လေကို တိုက်တာ အာဂျိုင်းရဲ့ကား မဟုတ်ဘူးလို့ သိတာနဲ့ တစ်ပြိုင်နက် သူ့တာဝန် မဟုတ်ပါဘဲနဲ့ အာဂျိုင်းဟာ ဘာလို့ လျော်ကြေးသဘောနဲ့ ငွေတွေကို ပေးပါလိမ့်မလဲလို့ အံ့ဩမိတယ်...”

“သူ ဘယ်နေရာမှာ ရှိပါတယ်ဆိုတဲ့ အထောက်အထား အလီဘိုင်ရအောင် လုပ်တာများလားလို့ သံသယဖြစ်လာတယ်”

“အခုတော့ ရှင်းပြီပေါ့လေ၊ ဒါပေမဲ့ ဘယ်လိုက ဘယ်လိုစပြီး ခင်ဗျား သိပါလိမ့်မလဲဆိုတာကို အစကတော့ ကျွန်တော် တွေးလို့မရခဲ့ ဘူးဗျာ”

"ဒီလို ပေါလ်ရဲ့၊ စာတ်ကြောင်းကို ပြန်ပြောင်းလို့ စာတ်အိမ်ဖွဲ့ ရရင် အာကျိုင်း၊ ဟိုလစ္စတာနဲ့ ဂိတ်တို့ဟာ ရေနံလုပ်ငန်းမှာ အစုစပ်သမားတွေ ဖြစ်တယ်..."

"ဟိုလစ္စတာက ငွေအရင်းအနှီးအများစုကို ထည့်ဝင်ပြီးတော့ အမြတ်အစွန်းကိုလည်း များများခွဲဝေယူတယ်၊ အာကျိုင်းနဲ့ ဂိတ်တို့က စပြီး ဟိုလစ္စတာကို တစ်ပတ်ရိုက်လာတယ်..."

"ဒါကို ဟိုလစ္စတာက လက်ပူးလက်ကြပ်ပဲ မိသလား၊ ဒါမှမဟုတ်ရင် ရိပ်မိသွားသလားဆိုတာတော့ မသိဘူး..."

"အဲ... ဒါပေမယ့် လဆန်းသုံးရက် တနင်္လာနေ့မှာ ဆန်တာဒဲလ်ဘားရာက သူ့အိမ်မှာ အစည်းအဝေးလုပ်ဖို့ ဟိုနှစ်ယောက်ကို ဟိုလစ္စတာက ခေါ်တယ်၊ အာကျိုင်းနဲ့ ဂိတ်တို့က စိတ်မပါ့တပါနဲ့ ဟိုကို ကားနဲ့သွားကြတယ်"

"သူတို့ကို ပစ်တကင်က ကားမောင်းပို့တာလား"

'မဟုတ်ဘူးကွ၊ အဲဒီအချိန်က ပစ်တကင်ဟာ ဆန်ဖရန်စစ္စကိုမှာ ရှိနေခဲ့တယ်'ဟု မေဆင်က ပြုံး၍ ပြန်ပြောသည်။

"ကျွန်တော် သဘော မပေါက်ဘူး"

"ဂိတ်နဲ့အာကျိုင်းဟာ အလွဲသုံးစားမှုနဲ့ ထောင်ကိုရောက်နိုင်တဲ့ အခက်အခဲမျိုးမှာ ရောက်နေကြတယ်၊ ဟိုလစ္စတာက သူတို့အပေါ်မှာ အရေးယူဖို့ လုပ်တယ်..."

"ဒါကို ဂိတ်က သိတယ်၊ အာကျိုင်းကတော့ မသက်သာရုံပဲရှိတယ်၊ ဂိတ်ကတော့ ဖြောင့် ရင်ဆိုင်ရတော့မယ့်အချိန်ကို ရောက်တဲ့အခါမှာ အခွင့်ကလေးများ နည်းနည်းသာရင် ဖြစ်တဲ့နည်းနဲ့ ကိုယ်လွတ်ရုန်းဖို့ ဆုံးဖြတ်ထားပြီးပြီ..."

"ဒါကြောင့် ဟိုနိုလူလူကိုသွားဖို့ လေယာဉ်လက်မှတ်ကို သူ့နာမည်နဲ့ ဝယ်ထားတယ်၊ နောက်တော့ သူ့အမည်ကိုခံပြီး ပထမခရီးတစ်ထောက်အနေနဲ့ သွားဖို့ ပစ်တကင်ကို လက်မှတ်ပေးလိုက်တယ်..."

"အဲဒါက အရေးပေါ်ရင် အသုံးပြုဖို့ ဂိတ်အတွက် အလီဘိုင် ဖြစ်သွားတယ်၊ နောက်ပြီး လိုတဲ့အခါ အသင့်ရအောင်ဆိုပြီး ပွိုင့်လေးငါး မောင်းပြန်သေနတ်တစ်လက်ကို သူ့ကိုယ်မှာ ဆောင်ထားတယ်..."

"သူထင်သလိုပဲ အခြေအနေက ဆိုးလာတော့တာပဲ၊ သူတို့ကို ဟိုလစ္စ



တာက ရာဇသံပေးလိုက်တယ်၊ နှစ်ယောက်လုံးမှာရှိသမျှ ငွေတစ်ပြားမကျန် ပေးရမယ်ဆိုတဲ့ သဘောပေါ့..."

"အဲဒီမှာတင် မြန်မြန်ဆုံးဖြတ်ချက်ချဖို့ ဖြစ်လာတော့တာပဲ၊ ဂိတ်က သူ့သေနတ်ကို အသုံးချလိုက်တယ်..."

"အာကျိုင်းဟာလဲ စိတ်နောက်မတတ် ဖြစ်သွားတယ်၊ ဟိုလစ္စတာကို သတ်ရရင် သူဘာလုပ်မယ်ဆိုတာကို ဂိတ်က အားလုံး အဆင်သင့် ပြင်ဆင်ထားပြီးသား..."

"အာကျိုင်းကို သူဆွဲသွင်းတယ်၊ ဂိတ်ရဲ့ကားနောက်က ပစ္စည်းထည့်တဲ့ အုံထဲက မိုးကာရွက်ထည်စကို ယူလာပြီး အလောင်းကို ထုပ်တယ်..."

"အိမ်ဆောင်ပေါက်ကနေ အလောင်းကို သယ်ထုတ်ပြီး ဟိုလစ္စတာရဲ့ ကားနောက် ပစ္စည်းထည့်တဲ့ အုံထဲကို ထည့်တယ်..."

"နောက် အာကျိုင်းရဲ့ကားနဲ့ ဟိုလစ္စတာရဲ့ကားကို ချောက်ကမ်းပါးလမ်းအတိုင်း သူတို့မောင်းလာကြတယ်၊ ဂိတ်က သူ့ရဲ့ အလီဘိုင်အကြမ်းဖျင်းကို အာကျိုင်းကို ပြောပြတယ်..."

"သူ့မှာတော့ အလီဘိုင်မရှိ ဖြစ်နေတာကို အာကျိုင်းက သတိပြုမိတယ်၊ ဒီတော့ သူ့ရဲ့ကလပ်ကို အမြန်ပြန်သွားပြီး ကားကို လူခိုးခံရတယ်လို့တိုင်ဖို့ ဂိတ်က အာကျိုင်းကို အကြံပေးတယ်..."

"ဒါမှ ကုန်းတက်လမ်းမှာ သူတို့ကို တွေ့တဲ့လူရှိခဲ့ရင် အကာအကွယ် ရမယ်မဟုတ်လား၊ အဲဒီနောက် ဟိုလစ္စတာရဲ့ လက်ပတ်နာရီက ငါးနာရီနဲ့ ငါးမိနစ်ပြနေချိန်မှာ နာရီကို သူတို့ ထုခွဲတယ်..."

"ကားထဲက နာရီကိုတော့ ခြောက်နာရီ နှစ်ဆယ့်တစ်မိနစ်ပြတဲ့ အချိန်မှာ ထုခွဲလိုက်တယ်၊ နောက် သူတို့ အာကျိုင်းရဲ့ကားကို ရပ်ထား ခဲ့ပြီး ဟိုလစ္စတာရဲ့ကားနဲ့ ကုန်းတက်လမ်းကို မောင်းတက်သွားတယ်..."

"ပြန်လှည့်ဖို့ ကျယ်တဲ့နေရာကိုရောက်တော့ ကုန်းစောင်းကနေပြီး အလောင်းကို လှိမ့်ချလိုက်တယ်၊ အောက်ဆင်းပြီး အလောင်းကို မြေကြီးနဲ့ ဖုံးတယ်..."

"နောက်ပြီးမှ ကုန်းကမ်းပါး စောက်စောက် နေရာကနေပြီး ဟိုလစ္စတာရဲ့ကားကို တွန်းချလိုက်ပြီး ဆန်တာဒဲလ်ဘားရာကို ပြန်လစ်ကြတယ်..."

"သူ့အလီဘိုင် အကောင်အထည်ပေါ်အောင် ဂိတ်က ဟိုလစ္စတာ ယောင်ဆောင်ပြီး ဆန်ဖရန်စစ္စကို လေဆိပ်မှာရှိတဲ့ ဂိတ်အတုဆီကို ဟိုလစ္စတာရဲ့ဖုန်းကနေပြီး စကားပြောတယ်..."

"ပစ်တကင်က လေဆိပ်ကနေပြီး ဂိတ်အနေနဲ့ ပြန်ဖြေတယ်၊ စကားပြောတယ်၊ ဒါက ဂိတ်ရဲ့ အလီဘိုင် တည်မြဲသွားရော..."

"ဟိုလစ္စတာ သေနတ်ပစ်ခံရတုန်းက သေးငယ်ပေမယ့် အဖိုးတန်လှတဲ့ အရှေ့တိုင်းဖြစ် ကော်ဇော မွေးရှည်ပေါ်ကို ခန္ဓာကိုယ်ကြီးဟာ လဲကျသွားတယ်၊ လူသတ်သမားနှစ်ယောက်က ကော်ဇောကို ဆေးကြောပြီး ပြန်ထားဖို့ အချိန်မရခဲ့ဘူး...

"ဒါနဲ့ နောက်တစ်နေ့ အိမ်ဖော်မကြီး အလုပ်လာရင် သွေးစသွေးနတွေကို မတွေ့စေရအောင်ဆိုပြီး ကော်ဇောကို ဖယ်ပစ်လိုက်ကြတယ်၊ ဟိုလစ္စတာ ခရီးထွက်မယ်ဆိုတာကို အိမ်ဖော်မကြီးသိတယ်..."

"ဒါကြောင့် သူ့ကို အိမ်မှာ မတွေ့ရတာဟာ သူမအတွက် ဘာမှ မဆန်းဘူး၊ ဒါပေမဲ့ ကော်ဇော ဘယ်ရောက်သွားပါလိမ့်မလဲလို့တော့ တွေးမိတယ်၊ ကော်ဇောကို လူစီဘာတန် အခန်းမှာထားဖို့ ပေးမယ်လို့ ဟိုလွန်ခဲ့တဲ့ တစ်ရက်က ဟိုလစ္စတာက ပြောဖူးတယ်..."

"ဒါနဲ့ပဲ ကော်ဇောကို ဟိုလစ္စတာက ပေးသလားလို့ လူစီကို အိမ်ဖော်မကြီးက ဆက်မေးတယ်၊ လူစီကလည်း စိတ်ဆိုးဆိုးနဲ့ ဟုတ်တယ်လို့ ပြန်ပြောလိုက်တယ်..."

"ဟိုလစ္စတာရဲ့အလောင်းကို မတွေ့ခင်အထိတော့ အိမ်ဖော်မကြီးက ထူးထူးထွေထွေ ဘာမှမစဉ်းစားမိခဲ့ဘူး..."

"အာဂျိုင်း ဒီကို ပြန်ပြေးလာတယ်၊ ပစ်တကင်က လေယာဉ်နဲ့ ပြန်လာတယ်၊ ဆန်ဖရန်စစ္စကိုကို ဂိတ်သွားပြီး သူ့ဖို့ ပစ်တကင် ထားခဲ့တဲ့ လေယာဉ်လက်မှတ်နဲ့ ဟိုနိုလူလူကို သူဆက်သွားတယ်...

"သူ ဒီလို အလီဘိုင်ရအောင် လုပ်ပေးတဲ့အတွက် ငွေများများ မရလို့ ပစ်တကင်က မကျေနပ်ဘူး၊ ဒီအချိန်က စပြီး ဖြစ်ရပ်မှန်ကို ရှာဖို့နဲ့ ငွေညှစ်ဖို့ သူစပြီးလုပ်တယ်၊ ဒီတော့ ပစ်တကင်ကို ရှင်းပစ်ဖို့ အာဂျိုင်းက ဆုံးဖြတ်လိုက်တယ်..."



"ကလပ်ကို သွားပြီး သူ့ကားကို လူခိုးခံရပါတယ်လို့ အာဂျိုင်းက လုပ်ဇာတ်ခင်းတယ်၊ နောက်ပြီး အလီဘိုင် ရအောင် လာဘ်ထိုးတယ်၊ သူ စိတ်နည်းနည်း ငြိမ်သွားတဲ့အခါကျတော့ ဒီလိုလုပ်တာလည်း သိပ်နိုင်လုံ တဲ့ အလီဘိုင် မရသေးဘူးလို့ သူတွေးမိလာတယ်..."

"နောက်တော့ ဘလိတ်သတင်းစာထဲက တို့ရဲ့ကြော်ငြာကို သူသွားတွေ့တယ်၊ တိုက်ပြီးပြေးတာ သူပါပဲလို့ ဟန်ဆောင်ပြီး ငွေကုန်ခံပြီး အလီဘိုင် ခိုင်ခိုင်လုံလုံရအောင် သူလုပ်တယ်၊ ဒီမှာလည်း သူကတော့ ငွေနည်းနည်းသာကုန်ပြီး အာမခံကုမ္ပဏီက များများကျခံရအောင် လုပ်တယ်..."

"ဟိုလစ္စတာရဲ့အလောင်းက အကျီအိတ်တွေထဲမှာ လိုက်ရှာတော့ လူစီဘာတန်ရဲ့ အခန်းနဲ့ ကားရုံ သော့ပွားတွေကို အာဂျိုင်း သွားတွေ့တယ်၊ ဟိုလစ္စတာနဲ့ လူစီဘာတန်တို့ လက်ထပ်ကြမယ်ဆိုတဲ့ ကိစ္စနဲ့ သူတို့လုပ်ရပ်တွေကို သူအားလုံးသိထားပုံရတယ်..."

"ဘလိတ်သတင်းစာထဲက မင်းရဲ့ကြော်ငြာကို အာဂျိုင်းတွေ့တော့ တိုက်ပြီးပြေးတဲ့ ယာဉ်မောင်းဟန်ဆောင်ပြီး နစ်နာကြေးကို အာမခံကုမ္ပဏီက ငွေအကုန်အကျခံစေပြီး အလီဘိုင် ကောင်းကောင်းကို အရဝယ်ယူတယ်..."

"သုံးရက်နေ့ညနေ ငါးနာရီက ဟစ်ခမန်ရိုပ်သာလမ်းနဲ့ တမီဆီလိုလမ်းဆုံမှာ သူရောက်နေခဲ့တယ်ဆိုရင် လူသတ်မှုဖြစ်စဉ်က ဆန်တာအဲလ်ဘားရာမှာ သူမရှိနိုင်ဘူးဆိုတာ ရှင်းနေတာပဲမဟုတ်လား..."

"အဲဒီနောက်ပိုင်း တစ်ချိန်လုံးမှာ အလီဘိုင် ကောင်းကောင်းကို သူရထားတယ်ဆိုတာကို မှတ်ထားနော်၊ အဲဒီလိုဖြစ်အောင်လည်း သူ လုပ်တယ်၊ သုံးရက်နေ့ညနေ လေးနာရီခွဲမှာ ဟိုလစ္စတာရဲ့ အိမ်ဖော်မဟာ သူ့အိမ်ကိုပြန်တယ်..."

"ဟိုလစ္စတာဟာ အဲဒီအချိန်တုန်းက အသက်ရှင်လျက် ရှိနေတုန်းနော်–ဟုတ်လား၊ အစည်းအဝေးကလေး ခဏလုပ်မယ်၊ နောက်တော့ အလုပ်ကိစ္စနဲ့ ခရီးထွက်မယ်လို့ အိမ်ဖော်မကို သူပြောထားတယ်..."

"အာဂျိုင်းဟာ သွေးအေးအေး၊ ပါးပါးနပ်နပ်နဲ့ ပစ်တကင်ကို သတ်တယ်၊ လူစီရဲ့အခန်းသော့ကို မင်းဆီကို စာနဲ့ပို့တယ်..."

"ဒီလိုပို့ရင် တစ်ယောက်ယောက်ဟာတော့ သူနဲ့လာတွေ့မှာပဲလို့ သူ

တစ်ထစ်ချတွက်တယ်…”

“သူ့ကားမှာ ယာဘက်နောက် မတ်ဂတ်ကို အသစ်လဲတပ်နိုင်းတယ်၊ နောက်ဘီးတစ်လုံးကိုလည်း အသစ်လဲထားတယ်…”

“တိုက်မိထားပုံဖြစ်အောင် မတ်ဂတ်ကို ထုရိုက်ပြီးတော့ ပြန်ပြီး ဆေးမှုတ်ထားတယ်၊ နောက်တော့ ပစ်တကင်ကို သတ်ရာမှာလည်း အလီဘိုင် ခိုင်ခိုင်ရဖို့ သူ့အစီအစဉ်လုပ်ထားတယ်”

‘ဟုတ်တယ်လေ၊ လူသတ်မှုဖြစ်ချိန်က ဆရာကြီးရဲ့ ရုံးခန်းမှာ သူထိုင်စောင့်နေတာပဲဟာ၊ အလီဘိုင်ရှိတာပေါ့’ဟု ဒရိုက်က ဝင်ပြော လိုက်သည်။

“ငါးရက်နေ့ တစ်ချိန်ချိန်မှာ အလုပ်သမားရှာဖွေရေးဌာနကို သွားတယ်၊ ယာဉ်မောင်းတစ်ယောက် ငှားတယ်…”

“သူ့ကို ကိုယ့်ရုံးမှာ လာကြိုဖို့အတွက် ငါးနာရီမထိုးခင်ကလေးမှာ အလုပ်စဝင်ဖို့ အဲဒီယာဉ်မောင်းကို မှာတယ်၊ သူ့ရဲ့ယာဉ်မောင်းဟာ ဒက်ထရွိုက်မြို့ကို ဘတ်စ်ကားနဲ့သွားပြီး ကားသစ်တစ်စင်းကို ယူလာဖို့နဲ့ မက္ကဆီကိုမှာ ဆုံကြဖို့ရှိတယ်လို့ ပြောပြထားတယ်…”

“ဒီနည်းနဲ့ဆိုတော့ ပစ်တကင်သေတာကို နောက်ငှားတဲ့ ယာဉ်မောင်းက သတင်းစာထဲမှာ ဖတ်မိမှာ မဟုတ်ဘူး…

“အာဂျိုင်းက တကယ်လည်တာ၊ ယာဉ်မောင်းဦးထုပ်ကို ဆောင်းပြီး အပေါ်အင်္ကျီရှည်ကို ဝတ်ထားတဲ့ လူတစ်ယောက်ဟာ ကားထဲ ယာဉ်မောင်းနေရာမှာ ထိုင်နေရင် မြင်တဲ့လူတွေက အဲဒီယာဉ်မောင်းကို ပစ်တကင်လို့ပဲ ထင်ကြမယ်မဟုတ်လား၊ ပစ်တကင်ကို မသိတဲ့လူတွေအဖို့ ပြောတာပါ…

“ပစ်တကင်က အာဂျိုင်းနဲ့ ဆက်ဆံပြုမူပုံအရဆိုရင် ဟိုလစ္စတာ အသတ်မခံရခင်ကတည်းက ပစ်တကင်က အာဂျိုင်းဆီက ငွေညှစ်နေခဲ့ တယ်နဲ့တူတယ်…”

“ဘာပဲဖြစ်ဖြစ်လေ၊ ဂိတ်ရဲ့ အလီဘိုင်ရရေးကို လုပ်ရတဲ့အပေါ်မှာ သက်သေမကောင်းဖြစ်လာတော့ အာဂျိုင်းလည်းပဲ ပါလေသလားလို့ ပစ်တကင် သံသယဖြစ်တယ်…”

“ပစ်တကင်ရဲ့အကြောင်းကို အာဂျိုင်း စုံစမ်းတယ်၊ ပစ်တကင်ဟာ လူစီရဲ့ ပထမယောကျ်ားဖြစ်တာတို့၊ သူမဟာ ဟိုလစ္စတာနဲ့ လက်ထပ်ဖို့ စီစဉ်



နေတာနဲ့ မွန်းလွဲနှစ်နာရီနဲ့ ငါးနာရီကြားမှာ အပြင်ကို လူစီထွက်သွားနေတတ်တာကို သူတွေ့ရတယ်…”

“လူစီရဲ့ အခန်းသော့ကိုလည်းရရော ပစ်တကင်ကိုသတ်ဖို့ သူစီစဉ်နေတော့တာပဲ၊ သတင်းစာထဲမှာ ကိုယ့်ရဲ့ကြော်ငြာကိုလည်း တွေ့တယ်ဆိုရင်ပဲ တစ်သက်တာ သေချာပြီဟဲ့လို့ သူသဘောရလိုက်တယ်…”

“လူစီရဲ့အခန်းထဲမှာ လိုက်ဖွေတယ်၊ နောက်စာရေးစားပွဲထဲမှာ သေနတ်တစ်လက်ကိုလည်း တွေ့လိုက်ရော သူဖြစ်ချင်တဲ့အတိုင်း တစ်ချက်တည်းဖြစ်သွားတော့တာပဲ…”

“လူစီရဲ့ကားရုံကိုလိုက်လာအောင် ပစ်တကင်ကို လှည့်ခေါ်တယ်၊ ဒီမှာ စိတ်ဝင်စားစရာတစ်ခုက လူစီဘယ်မှာနေတယ် ဆိုတာကို ပစ်တကင် မသိတဲ့ဟာပဲ…”

“သူတို့တောင် ဂွန်ဒိုလာလမ်း၊ အမှတ်(၇၁၉)က ကားရုံကို သွားတဲ့အခါမှာ ပစ်တကင်အဖို့ ဘာမှထူးခြားမှုမရှိဘူးပေါ့…”

“လူစီကို ပစ်တကင်တွေ့တယ်၊ မြို့ထဲတစ်နေရာရာမှာနေတာကို သိတယ်။ ဒီတော့ ရှာကြည့်တယ်၊ ဒါပေမယ့် သူမရဲ့လိပ်စာကိုတော့ သူမသိရှာဘူး”

“အကြောင်း အမျိုးမျိုးပြပြီးတော့ လူစီရဲ့ကားစက်ကို မီးမမှန်အောင် ပစ်တကင်ကို အာဂျိုင်းက အလုပ်ခိုင်းတယ်၊ အာသာကိုးလ်ဆန်ဟာ ကားကဝါယာကြိုးတွေကို အသစ်လဲတပ်နေတယ်ဆိုတာကို သူသိထား ရတော့ ပိုပြီးဖြစ်နိုင်သွားတာပေါ့…”

“ပစ်တကင်– ဟိုလစ္စတာ၊ လူစီတို့နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို တော်တော်ကြာကြာကပဲ သူစုဆောင်းနေတယ်ဆိုတာကိုလည်း မှတ်ထားနော်၊ အာဂျိုင်းအတွက် အင်မတန်ပိုရိတဲ့ ဆင်ကွက်ကလေးတစ်ခုပေါ့…”

“ကားကဆောင့်ထွက်ပြီး မီးခိုးပိုက်က ဗုန်းဒိုင်းလုပ်တဲ့အထိ သူစောင့်နေလိုက်တယ်၊ ဒါမှ သေနတ်ပစ်သံဟာ နောက်တစ်ခါ ဗုန်းဒိုင်းမြည်တဲ့ စက်သံပဲလို့ ကြားရတဲ့လူတွေအတွက် ထင်ရပြီး ထူးခြားမှုမရှိ ဖြစ်မှာကိုး…”

“သေနတ်နဲ့ အလွယ်ကလေး ပစ်လိုက်တယ်၊ သေနတ်ကို အိတ်ထဲပြန်ထည့်ပြီး လူစီရဲ့ကားကို လမ်းတစ်ဖက်ကို မောင်းသွားပြီး လမ်းဘေးမှာ ရပ်ထားလိုက်တယ်၊ ကားထဲမှာ သော့တန်းလန်းထားပစ်ခဲ့တယ်…”

"သေနတ်ထဲကို ကျည်တောင့်အသစ်လဲပြီး ဖြည့်ထည့်တယ်။ နောက် လူစီရဲ့အခန်းကို တက်သွားပြီး စာရေးစားပွဲထဲမှာ သေနတ်ကို ထားလိုက်တယ်..."

"အဲဒီလိုလုပ်ပြီးနောက် သူ့ကားကို မောင်းသွားပြီး ယာဉ်မောင်းအသစ်ကို ခေါ်တယ်၊ ဒယ်လာရောက်လာတဲ့အချိန်မှာ ကိုယ်ရုံးခန်းရှေ့မှာ သူထိုင်စောင့်နေတယ်..."

"ယာဉ်မောင်းက ကားကို လှည့်ပတ်မောင်းပြီး ကားရပ်ဖို့နေရာ ရှာတာတို့၊ နောက်ပြီး နေရာကို တွေ့သွားတာတို့ကို ဆေးလိပ်ရောင်းကောင်တာက လူမြင်အောင် တမင်တကာလုပ်တယ်..."

"နောက်ပြီး သူကံကောင်းတာတစ်ခုက ဒယ်လာစထရီဟာ ကားကိုလည်း တွေ့တယ်၊ ယာဉ်မောင်းကိုလည်း မြင်တယ်..."

"ညှိခန်းဆောင်ထဲမှာ သူနေရဲသလောက် ကိုယ့်ကိုစောင့်နေ လိုက်တယ်၊ အာမခံကုမ္ပဏီက လူဆီကို သူဖုန်းဆက်တယ်၊ ကိုယ်နဲ့ဘာမှ ဆက်ဆံမှုမလုပ်နဲ့ဦးလို့ ဟိုကလည်း ချက်ချင်းပဲ ညွှန်ကြားလိုက်တယ်..."

"အာမခံကုမ္ပဏီကလူလာပြီး အာဂျိုင်းကိုခေါ်တယ်၊ ဟိုလူကို အာဂျိုင်းက အဖြစ်အပျက်တစ်ခုကို ပြောပြတယ်၊ ဟိုလူ မျက်လုံးပြူးသွားပြီး သူတို့ကုမ္ပဏီက ကုန်ကျစရိတ် တချို့တစ်ဝက်ကို ကျခံပါမယ်လို့ပြောပြီးတော့ ဖင့်ချ်လေဆီကို သွားကြတယ်"

'လူစီရဲ့အိပ်ခန်းကို ဆရာ ပထမသွားတုန်းက စားပွဲသော့ခတ်ထားတာကို ဆရာသိသွားတယ်လို့ အာဂျိုင်းက ဘယ်လိုလုပ် သိသလဲ'ဟု ဒရိတ်က မေးလိုက်သည်။

"အခန်းကို စောင့်ကြည့်နိုင်တဲ့ နေရာမှာ သူရှိနေရမှာပေါ့၊ ကိုယ်ဝင်သွားတာကို သူမြင်တယ်..."

"ကိုယ်လည်း ပြန်သွား လူစီကလည်း အပြင်ထွက်သွားတော့ စားပွဲသော့ခတ်ထားတာကို သူတွေ့တာပေါ့၊ ကိုယ်က လိုက်မရှာတော့ ကားနံပါတ်ကို မှတ်စုထဲမှာရေးပြီး ထောင်ကွက်လုပ်ထားတာကို ကိုယ်ရ မသွားဘူးဆိုတာ သူ သိတာပေါ့..."

"ဒီတော့ လူတစ်ယောက်ကိုလွှတ်ပြီး စားပွဲသော့ကို ကိုယ့်ဆီကို ပို့



လိုက်တယ်"

"ကိုယ်ပြန်တာနဲ့ တစ်ပြိုင်နက် လူစီက အပြင်ထွက်သွားတော့ ဘာပြောရမယ် ဘာညာဆိုပြီး လူစီကို အာသာကိုးလ်ဆန်က သင်ပေးတယ်၊ ကိုယ်က သူမကို ထောင်ချောက်ဆင်တာ ဖြစ်နိုင်တယ်လို့ လူစီကထင်တယ်၊ သိလား..."

"နောက်ပြီး သူမထွက်သွားတာကို အာဂျိုင်းက မြင်တာနဲ့ အာသာကိုးလ်ဆန်ကို သူမ သွားတွေ့မှာပဲလို့ သေချာသွားတော့ သိန်းထီပေါက် သလို ဖြစ်သွားတယ်၊ လိုရမည်ရသဘောနဲ့ အာဂျိုင်းဟာ အလျှင်ကတည်းက စားပွဲရဲ့ သော့တူလုပ်ထားတယ်..."

"စာတစ်စောင်ကို လက်နှိပ်စက်နဲ့ ခပ်မြန်မြန် သူရိုက်ပြီးတော့ သော့ကို ပါထည့်ပြီး ကိုယ့်ဆီကို ပို့လိုက်တာပဲ..."

"အာဂျိုင်းမှာ အစီအစဉ်တစ်ခုရှိတယ်၊ ဒါကလည်း တော်တော်ပိုင် တယ်၊ သတင်းစာထဲက တို့များကြော်ငြာကသာ ငွေလိုချင်တဲ့ ကောင်မလေး ကာလော့တာဘွန်းကို ဆွဲဆောင်ဖို့ မဖြစ်ခဲ့ရင် ကက်ဖီးဆိုတာ ပေါ်လာမှာ မဟုတ်ဘူး၊ မပေါ်လာရင် အာဂျိုင်းကို ဘယ်လိုမှ မသင်္ကာဖြစ်ခဲ့မှာ မဟုတ်ဘူး..."

"သေသေချာချာ တွေးလိုက်တော့ မသင်္ကာစရာအကောင်းဆုံးအကြောင်းကိုလည်း ကြည့်ပါဦး၊ ငါးရက်နေ့ ညနေကို အာဂျိုင်းနဲ့ကိုယ် သွားတွေ့တော့ ကားကို သူမောင်းတဲ့ပုံမျိုး ထင်အောင် လုပ်တယ်..."

"အဖြစ်ရှိတဲ့ အထောက်အထား အားလုံးကို ပြတယ်၊ ဖင့်ချ်လေကို သွားတွေ့တဲ့အချိန်ကလည်း မှန်နေတယ်..."

"ဒါပေမယ့် တကယ်တိုက်ပြီး ထွက်ပြေးတဲ့ ယာဉ်မောင်းအမှန်ကိုလည်း တို့တွေ့သွားပြီလို့လည်း 'သူသိရော၊ သူ့ရဲ့ယာဉ်မောင်းအပေါ်ကို ပုံချပြီး အပြစ်တင်တော့တာပဲ"

"ဘယ်လောက်မှ စိတ်မချ အားမကိုးရတဲ့ အခြေအနေမှာ သူရောက်နေတယ်ဆိုတာ သူသဘောပေါက်လာတယ်၊ ဒါနဲ့ ပစ်တကင်ကို စိတ်ကူးပေါ်ရာ လုပ်ဇာတ်တွေပြောပြီး သူ့ကိုယ်သူ အလွတ်ရုန်းတော့တာပဲ"

'ဒါပေမယ့် ဒီလိုဆိုရင် သူ့မှာ အကာအကွယ်မဲ့ ဖြစ်မနေဘူးလား'ဟု ဒရိတ်က ဝင်မေးပြန်သည်။

"ဖြစ်တာပေါ့၊ ဒါပေမယ့် တခြားလုပ်နိုင်တဲ့လမ်းမှ မရှိတော့ဘဲဟာ..."

"ပျောက်သွားတယ်လို့ ထင်တဲ့ ကော်ဇောဟာ လှူစီကိုပေးလိုက်တယ် ဆိုတာကို ဟိုလစ္စတာရဲ့အိမ်ဖော် သိသွားတယ်ဆိုရင်ပဲ အာဂျိုင်းဟာ တော်တော် နေသာထိုင်သာ ရှိသွားတယ်..."

"ဟိုလစ္စတာရဲ့ကားကို မတော်တဆသာ သွားမတွေ့ရင် လပေါင်း တော်တော်များများ ကြာအောင်တောင် တွေ့မှာမဟုတ်ဘူး၊ နောက်ပြီး ကားကို မတွေ့ခဲ့ရင် အလောင်းကိုလည်း တွေ့မှာမဟုတ်ဘူး..."

"ပစ်တကင် သေရမှာ ကောင်းတဲ့ကံက သူ့ဘက်ကလိုက်နေပေမယ့် ဟိုလစ္စတာ သေတာမှာတော့ အာဂျိုင်းအတွက် ကံမကောင်း ဖြစ်နေတယ်"

"မင်းတို့ သိထားဖို့က ဒီလိုလေ၊ ဝီလ်ဘာတန်နဲ့ ငွေရေးကြေးရေး ရှင်းမပြီးမချင်း ရဲကို လှူစီက အကြောင်းမကြားချင်ဘူး..."

"သူမကို ဝီလ်က အတွင်းကျကျ စစ်မေးလို့ အကြောင်းစုံကို သိရ တော့ ကိုယ့်ဟာကိုယ် သတ်သေတဲ့ပုံဖြစ်အောင် သေနတ်ကို အလောင်းနားမှာ ဝစ်ထားဖို့ သူက အကြံပေးတယ်..."

"အာသာကိုးလ်ဆန်ကလည်း လိုလိုချင်ချင်ပဲ သေနတ်က နံပါတ်တွေကို ကျောက်စက်ကလေးနဲ့စားပြီး ဖျက်ပစ်ပေးတယ်..."

"သူမရဲ့ အရင်ယောကျ်ားရဲ့အလောင်းကို လှူစီတွေ့တော့ တစ်ယောက် ယောက်က သူမရဲ့သေနတ်ကို ယူပြီး ပစ်သတ်တယ်လို့ သက်သေမကောင်းဖြစ်တယ်၊ သူမ အပြင်သွားနေတုန်းမှာ သူမရဲ့စားပွဲထဲကို မွှေနှောက်ထားတာကို သူမက တွေ့သွားလို့လည်း ဖြစ်နိုင်တယ်..."

"သေနတ်ထဲက ကျည်တောင့်တွေကို ကိုယ်က ထုတ်ပစ်ခဲ့တယ်၊ သူ တို့က ပြန်ထည့်ပြီး တစ်ချက်ပစ်တယ်၊ နောက် ကားရုံထဲမှာ ပစ်ထည့်ထားလိုက် တယ်"

'ဟိုလစ္စတာကို သတ်ရာမှာ သူတို့ တော်တော်ခြေမြန်လက်မြန် လုပ်ရ မယ်နော်'ဟု ဒရိတ်က မေးပြန်သည်။

"သေချာတာပေါ့၊ လိုအပ်ရင် လစ်ပြေးဖို့ ဂိတ်က ကြိုတင်ပြီး အစီအစဉ် လုပ်ထားတာပဲ၊ ဟိုလစ္စတာရဲ့အိမ်ကို ငါးနာရီထိုးဖို့ မိနစ်နှစ်ဆယ်အလိုမှာ သူရောက်သွားတယ်..."



"ဟိုလစ္စတာက ဘွင်းဘွင်းနဲ့ ဒေါသကြီးတယ်၊ ဂိတ်က သွေးအေး အေးနဲ့ မြွေပွေးလို ဆိုးတယ်..."

"ဟိုလစ္စတာကိုသတ်ပြီး မိနစ်အနည်းငယ် အတွင်းမှာ ရှက်ထည်နဲ့ ပတ်တယ်၊ အဲဒါပြီးတော့ ကျန်တာကို လုပ်ဖို့က သိပ်မခက်တော့ဘူး..."

"အာဂျိုင်းဟာ ဒီကို ခုနစ်နာရီမှာ ပြန်ရောက်တယ်၊ ကျန်တဲ့ ညပိုင်း တစ်ချိန်လုံးအတွက် အလီဘိုင်ရအောင် လုပ်တယ်"

'အာဂျိုင်း ပွင့်အန်ထွက်လာအောင် ဆရာဘယ်လိုလုပ်လိုက်သလဲ၊ အဲဒါတစ်ခုကို ကျွန်တော်တွေးလို့ကို မရဘူး'ဟု ဒရိတ်က မေးပြန်သည်။

"သူ့လက်ထဲကို ဟိုနာမည်တွေနဲ့ စာရင်းကို ထည့်လိုက်တုန်းကပေါ့၊ အဲဒါဟာ လွယ်ပြီး သေချာတဲ့ဟာလေ..."

"မွန်းတည့်ချိန် တစ်ဝိုက်လောက်မှာ အလုပ်ရှာဖွေရေးဌာနကို ကိုယ် ဖုန်းဆက်ပြီး ဒီလ လေးရက်နဲ့ ငါးရက်နေ့တွေမှာ အငှားလိုက်သွားတဲ့ ယာဉ် မောင်းတွေရဲ့ နာမည်တွေကို တောင်းလိုက်တယ်...

"နာမည် ဆယ့်ငါးခုလောက်ရတယ်၊ အဲဒီထဲမှာ ဘဏ္ဍာစိုးနဲ့ အထွေထွေ တောက်တိုမည်ရ အလုပ်အတွက် လူတွေလည်းပါတယ်၊ အဲဒီနာမည်တွေ စာရင်းကို အာဂျိုင်းလက်ကို ထုတ်ပေးလိုက်တယ်..."

"ယာဉ်မောင်းအဖြစ်နဲ့ သူငှားခဲ့ပြီး အဲဒီတုန်းက ဒက်ထရွိုက်မြို့ကို အုတ်စ်ကားနဲ့ သွားနေပြီဖြစ်တဲ့ လူရဲ့နာမည်ကို သူတွေ့ရမယ်၊ အဲဒါဟာ သူ့ငယ်ထိပ် မြွေပေါက်တာပဲ၊ ကိုယ်သိနေပြီဆိုတာကို သူ သိသွားတယ်"

'ဒက်ထရွိုက်ကိစ္စကို ကျွန်တော့်ဆရာကြီးက ဘယ်လိုများလုပ်ပြီး သိ လိုက်ရတာလဲ'ဟု ဒရိတ်က ဝင်မေးပြန်သည်။

"အဲဒီ အချိန်ကတော့ မသိသေးပါဘူး၊ စိတ်မှန်းပဲရှိသေးတယ်၊ ကားထဲက အာဂျိုင်းကို ဆွဲထုတ်၊ ဆေးရုံကိုပို့၊ သေတမ်းစစ်ချက်ယူပြီးတဲ့ နောက် ထရက် စာရင်းကို စစ်ဆေးကြည့်တယ်..."

"အဲဒီအထဲမှာ လူတစ်ယောက်ရဲ့ နာမည်ကို သူသွားတွေ့တယ်၊ အဲဒီ လူက သူ့အခန်းကို အိမ်ရှင်လက် ပြန်အပ်ပြီး သူအလုပ်တစ်ခုရတယ်..."

"ဒက်ထရွိုက်မြို့ကို သွားပြီး ကားအသစ်တစ်ခုကို မက္ကဆီကို မောင်း သွားရမယ်၊ ဟိုမှာ သူ့ရဲ့အလုပ်ရှင်နဲ့ ဆုံရမယ်လို့ အိမ်ရှင်ကို ပြောသွားတယ်..."

"အဲဒီလူက အလုပ်ရဘာအတွက် ဝမ်းသာအားရဖြစ်ပြီး အလုပ်ရှင်အသစ်ဟာ အာဂျိုင်းဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုတောင် ပြောသွားသေးသတဲ့"

'ကဲ...ကောင်းပါပြီ၊ အမှုကတော့ ကောင်းပါရဲ့၊ ရှေ့နေခက ဘယ်က ရမှာလဲ'ဟု ဒယ်လာစထရီက ဝင်မေးလိုက်သည်။

'ရမယ်လို့တော့ မထင်ဘူးကွယ်၊ ရှေ့နေတစ်ယောက်ဟာ တစ်ခါတစ်ခါ သူ့လက်ထဲကို အမှုတစ်ခု ထိုးရောက်လာတတ်တယ်၊ အခုဟာကတော့ အရှုံးအမြတ် စာရင်းထဲမှာ ထည့်လိုက်ရမယ့်ဟာပဲ'ဟု မေဆင်က ပြုံးပြီး ပြန်ပြောလိုက်သည်။

'နောင်ကို သေနတ်ပေါ်မှာ လက်ဗွေ မကျန်ခဲ့ပါစေနဲ့လို့ ဆရာ့ကို ကျွန်တော်က ပညာပေးရမှာပဲ'ဟု ဒရိတ်က ပြောလိုက်သည်။

"နောက်ပြီးတော့လည်း မိန်းကလေးတွေရဲ့ အခန်းနဲ့ ဝေးဝေးရှောင်နေပါ"လို့ ဒယ်လာစထရီက ဖြည့်စွက်ပြီး ပြောလိုက်သည်။

မေဆင်ပြုံးပြီး သူတို့အား ပြောလိုက်သည်။

"အောင်မယ်လေး၊ နောက်လည်း မသွားနိုင်တော့ပါဘူးဗျာ၊ အခန်းသော့တွေ ကိုယ့်ဆီမှာ မရှိတော့ပါဘူး၊ မင်းတို့ အတွေ့သားပဲ၊ ရဲအုပ်ကြီး လက်ကို သေသေချာချာ လွှဲအပ်လိုက်ပြီးပြီလေ"

'ဟုတ်ပါတယ်တဲ့ဗျာ၊ ဒါပေမယ့် ဟိုသော့တွေကို ထရက်က ဘာများ လုပ်ပစ်လိုက်ပါလိမ့်'ဟု ဒရိတ်က ပြောပြန်သည်။

'ဒါပေါ့လေ၊ ဆရာ့မှာ ဖြေဖျောက်စရာတော့ တစ်ခုရှိပါသေးတယ်၊ လင်ဆက်များတဲ့ လူစီကလေးနဲ့ နှစ်ယောက်တည်း တွတ်တွတ်ထိုးပြီး မနက်စာ တစ်နပ်စားလိုက်ရတာလေ'ဟု ဒယ်လာက ထပ်၍ ရိလိုက် ပြန်သည်။

"လင်ဆက်တော့ များပါရဲ့၊ ဒါပေမယ့် သတိတော့ရှိတယ်ဗျ"

'မေဆင်ကော သတိမှ ရှိပါလေစ'ဟု ဒရိတ်က ဒယ်လာစထရီအား မျက်စိမှိတ်ပြပြီး ပြောလိုက်ပြန်သည်။

'ကျွန်မတော့ မထင်ပေါင်'ဟု ဒယ်လာက ထေ့လိုက်ပြန်သည်။

မေဆင်ပြုံးပြီး ပြောလိုက်ပြန်သည်။

"ကဲ... မင်းတို့နှစ်ယောက် မထင်ကြနဲ့၊ မင်းတို့သိထားဖို့က လူသတ်မှုကိစ္စမှာ ငွေမရလိုက်ပေမယ့် ဖင့်ချ်လေ ကိစ္စမှာတော့ အတော်ကြီး အမြတ်ထွက်လိုက်ပါတယ်ကွ"



"အဲဒါမှမရရင် ဆရာကြီးတော့ သေဖို့သာကောင်းတော့တယ်ဗျာ၊ ခင်ဗျား စိန်ခေါ်နေတဲ့ အချက်ရဲ့ အရင်းအမြစ်အစစ်ကို သူရိပ်မိသွားတော့ တရားသူကြီး အောစ်ဘွန်းရဲ့ မျက်နှာကို ကြည့်ရတာ ကျွန်တော်ဖြင့် ရယ်ချင်လိုက်တာဗျာ..."

"အထူးသဖြင့်ပေါ့ဗျာ၊ အာမခံကလူတွေ လူလည်မလုပ်နိုင်အောင် ဆုံးမလိုက်ရဦးမယ်လို့ ခင်ဗျားကပြောတယ်ဆိုပြီး ဖင့်ချ်လေက ပြန်ပြောတာကို အာဂျိုင်းက ပြောပြတုန်းကလေ"ဟု ဒရိတ်က ချီးမွမ်းလိုက်သည်။

"ဒါနဲ့... မေ့နေလိုက်တာပေါ့လေ၊ ကိုယ်ရုံးခန်းဘက်ကို လျှောက်လာတုန်းက မင့်အတွင်းရေးမှူးမလေးနဲ့ တွေ့တယ်..."

"ကိုယ့်အခန်းထဲမှာ မင်းရှိနေရင် ပြောလိုက်ပါတဲ့၊ အီမာရီအမှုအတွက် မင့်အမှုသည်က အကျိုးအကြောင်းသိချင်နေပါတယ်တဲ့"

'ဘုရားရေ... အဲဒီအီမာရီကိစ္စ မေ့နေပါကလား၊ ကဲ... ခင်ဗျားကြီး မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့ဦးနော်'ဟု ပြောပြောဆိုဆို ဒရိတ်သည် ကုလားထိုင်မှ ထခုန်ပြီး ထွက်သွားတော့သည်။

ဖြည်းညင်းစွာ တံခါးပိတ်သွားသည်ကို မေဆင်ကြည့်နေလိုက်သည်။

'ဆရာက တကယ့်ကို သူ့တင်ပါးကို မီးမြှိုက်လိုက်တာကိုး'ဟု ဒယ်လာစထရီက ပြောလိုက်သည်။

မေဆင် ခေါင်းညိတ်သည်။

"ထောင်ချောက်ထဲကနေ အပေါက်ကျဉ်းကလေးထဲက ထိုးထွက်နိုင်ခဲ့တဲ့အတွက် ကျင်းပတဲ့အနေနဲ့ ဂုဏ်ပြုညစာစားပွဲကလေးများ လုပ်ရမလားလို့ စဉ်းစားမိလို့ပါ ဒယ်လာရယ်"

ဒယ်လာစထရီသည် မေဆင်အား ဣန္ဒြေကြီးတစ်ခွဲသားဖြင့် မျက်စောင်းထိုးလိုက်သည်။

"ဒါနဲ့များ ဆရာရယ်၊ ပေါလ်ဒရိတ်ကို ဘာလို့များ ပထုတ်လိုက်ရတာလဲလို့"

"သွားလေရာမှာ အထိန်းတော်ကြီးပါဖို့ မလိုဘူးထင်လို့ပေါ့ကွယ့်"

'စိတ်ဝင်စားစရာကောင်းမယ့်ပုံပဲ'ဟု ဒယ်လာစထရီက ပြန်ပြောလိုက်လေသည်။

အားလ်,စတင်လေဂါ့ဒနာ

ဘာသာပြန်သူ – မောင်ဝံသ

| | | |
|---|---|---|
| ၁။ | မိုးတွေရွာမှဖြင့်လျှင်ကွယ် | တက္ကသိုလ်ဘုန်းနိုင် |
| ၂။ | နွယ်ဦးမွန်မို့ ချစ်တွင့်တင်သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၃။ | တန်ဆူးလေနှင့် လျှောတော့သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၄။ | တိမ်ညိုအလွင့် လအမြင့် | တက္ကသိုလ်ဘုန်းနိုင် |
| ၅။ | ခပ်သိမ်းကလျာရွှေဖွယ်သာတည့် | တက္ကသိုလ်ဘုန်းနိုင် |
| ၆။ | ပညာရဲ့သဘော | တက္ကသိုလ်ဘုန်းနိုင် |
| ၇။ | ဘုန်းနိုင့်အတွေး ဘုန်းနိုင့်အမြင် | တက္ကသိုလ်ဘုန်းနိုင် |
| ၈။ | ပင်နီရာအိုးပွင့်ပြီး ဟားဝီးလ်တို့ဖုံလာချိန် | တက္ကသိုလ်ဘုန်းနိုင် |
| ၉။ | အမြင့်သို့ အာရုံညွှန့်တက်ခြင်း(သို့)ကဗျာ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၀။ | ဝသန်လေချိန်မှန်ကူး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၁။ | မိုးညအိပ်မက်မြူ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၂။ | နှင်းငွေတစ်ထောင့် မိုးတစ်မှောင့် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၃။ | မောင့်ဘဝညအလားကွယ် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၄။ | မျက်ရည်လောကများ၏ ဟိုမှာဘက် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၅။ | နွေကန္တာဦး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၆။ | လွမ်းတေးကို သူပင်သီရော့မည် | ကလောင်စုံ (အမှတ်တရ တက္ကသိုလ်ဘုန်းနိုင်) |
| ၁၇။ | ချစ်သူ့အိမ်အမိုးနောက်မှာ လပျောက်ခဲ့ခြင်း | တက္ကသိုလ်ဘုန်းနိုင် |
| ၁၈။ | ကမ္ဘာ့ယဉ်ကျေးမှု အနာဂတ်ခရီး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၉။ | လွမ်းတေးမဆုံးစေနှင့် စောသခင် | တက္ကသိုလ်ဘုန်းနိုင် |
| ၂၀။ | ရှားလော့ဟုမ်း၏ စွန့်စားခန်းအသစ်များ | မောင်ထွန်းသူ |
| ၂၁။ | ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖိုများ | မောင်ထွန်းသူ |
| ၂၂။ | ရှားလော့ဟုမ်း၏ နောက်ဆုံးနှစ်များ | မောင်ထွန်းသူ |
| ၂၃။ | ဝံပုလွေများနှင့် ကခုန်သူ | မောင်ထွန်းသူ |
| ၂၄။ | ချစ်မျက်ရည်ဘယ်ခါစဲလေလိမ့် | မောင်ထွန်းသူ |
| ၂၅။ | သတ္တိသွေး | မောင်ထွန်းသူ |
| ၂၆။ | ကောလိပ်ဂျင် | ဇဝန |
| ၂၇။ | ဒိုးဝမ်းကီး | ဇဝန |
| ၂၈။ | ဤရွှေပ | ဇဝန |
| ၂၉။ | ဘုန့် ဘောက် | ဇဝန |
| ၃၀။ | ကားထဲက မိန်းကလေး | ဇဝန |
| ၃၁။ | တို့ကျောင်းသား | ဇဝန |
| ၃၂။ | ဇမ္ဗူတာလူ | ဇဝန |
| ၃၃။ | သားရွှေစင် | ဇဝန |
| ၃၄။ | ကျွန်တော့်လင် | ဇဝန |
| ၃၅။ | ဇဝနပုံပြင် | ဇဝန |
| ၃၆။ | ဘယ်တော့် | ဇဝန |
| ၃၇။ | ချစ်နှောင်းသက်လယ် | ဇဝန |
| ၃၈။ | ယဉ်မင်းဝိုက် | ခင်နှင်းယု |
| ၃၉။ | ကြာတော့၌ ရွာသောမိုး | ခင်နှင်းယု |
| ၄၀။ | ကုသိုလ်ကြမ္မာမဓိပါခဲ့ | ခင်နှင်းယု |
| ၄၁။ | ချစ်လှချည်ရဲ့ | ခင်နှင်းယု |
| ၄၂။ | ဦးဆောက်ပန်း | ခင်နှင်းယု |
| ၄၃။ | ရေချိုတွင်း | ခင်နှင်းယု |
| ၄၄။ | ရန်အောင်ရတနာ | သော်တာဆွေ |
| ၄၅။ | သည်မောင့်လက်သ ဒေါင်ဒေါင်လန် | သော်တာဆွေ |
| ၄၆။ | အီလျှဒ်နဲ့ ဩဒေဿ | နိုင်ဇော် |
| ၄၇။ | ကဲ့ကော်လေးပွင့် ဝတ္ထုတိုများ | မင်းလူ၊ နိုင်ဇော်၊ မောင်ညိုမြ၊ဆောင်းဝင်းလတ် |
| ၄၈။ | ကြယ်စင်ငါးပွင့် စီဒီရွှမ် | ဂျူး၊ မင်းလူ၊ နိုင်ဇော်၊ နုကျော်၊ သန်းမြင့်အောင် |
| ၄၉။ | စက္ကန့်လှုပ်ခတ်နှင့်ရွှမဝမဂ္ဂဇင်းဝတ္ထုရှည်များ | ဆောင်းဝင်းလတ် |
| ၅၀။ | ရွှေစင်နှင်းဆီ အက်ဆေးများ | တတ်ထိုး |
| ၅၁။ | လွင်တီးခေါင်တစ္ဆေနှင့် သိပ္ပံဝတ္ထုတိုများ | ကျော်စွာထက် |
| ၅၂။ | ဣဋ္ဌာရုံ . . . အနိဋ္ဌာရုံ. . . သဒ္ဒါရုံ | ဆောင်းဝင်းလတ်၊ဇူးကျော်၊ သန်းမြင့်အောင် |
| ၅၃။ | ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ | မောင်ညိုမြ |
| ၅၄။ | ပြည်သူ့အတွက် မြန်မာစကားပြေ | မောင်ခင်မင် (ဓနုဖြူ) |
| ၅၅။ | မြန်မာဘာသာစကား ပညာရှင်များနှင့် ဘာသာစကားအမြင် | မောင်ခင်မင် (ဓနုဖြူ) |
| ၅၆။ | ရွှေသွေးမျက်ရှုပုံပြင်များ | မောင်ခေတ်ထွန်း |
| ၅၇။ | မောင်နွေဦးနှင့် မဖူးဝေ | လယ်တွင်းသားစောချစ် |
| ၅၈။ | ပန်းပေါက်ပွဲ | လယ်တွင်းသားစောချစ် |
| ၅၉။ | စုံထောက်ဆရာဝန် (၁) (၂) | လင်းယုန်မောင်မောင် |
| ၆၀။ | အမေရိကန်ခရီးသည် | ဒေါက်တာဇော်သန်း |
| ၆၁။ | သေရွာပြန် | နိုလ်ဒအားမောင် |
| ၆၂။ | သုံးရောင်ခြယ် တစ္ဆေသင်္ဘော | တက္ကသိုလ်နန္ဒမိတ် |
| ၆၃။ | ရွှေ | မောင်မြင့်ကြွယ် |